www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC

## ဆုပြည့်စုံထွန်းစာပေ

အမှတ်–၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၃၈၁၃၆၆၅၊ ၀၁–၃၈၆၈၁၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်ရိုက် ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကဗျာလောက

No.116, January, 2017


[illegible]င်းခိုင် (မကွေး)
[illegible] ၆

[illegible]မကွေး နေရာအာ
[illegible] ၃၁

[illegible]ဟိဂ်ရစည် (စဉ့်ကိုင်)
[illegible] ၆၁

[illegible]င်းမောင်ကျော်
[illegible] ၇၆

[illegible]ငြိမ်းမြင့် (အောင်လံ)
[illegible] ၉၅

[illegible]သစ်
[illegible] ရှုရာတစ်ဖွဲ့ ၁၁၇

[illegible]အသင်ဇာသက်ဝေ
[illegible] နှင်းဆီပန်းကစ်ပွင့် ၁၃၅

[illegible]ခင်လေးအောင် (သန်လျင်)
[illegible] ၁၅၆

[illegible]ရွှေဒေဝီ
[illegible] ၁၆၈

[illegible]ခင်ညွန့် (လှည်းကူး)
[illegible] ၁၈၆

[illegible]လင်းသစ်
[illegible] ၂၀၇

[illegible]သုန်းသိမ်းသူ
[illegible] ၂၁၈


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက


ယ်ဒီတာချုပ်
(Quality)

ာဝန်ခံအယ်ဒီတာ
(၀၉ ၃၁၁၁၆၉၉၉)

ပ်ချုပ်မှုအယ်ဒီတာ

ယ်ဒီတာအဖွဲ့

ုတ်ဝေသူ
(ဆုပြည့်စုံထွန်းစာပေ)(၀၀၅၆၁)
၅၁၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
တားမြို့နယ်၊ ရန်ကုန်မြို့။

ာ့င်းသရုပ်ဖော်
ဝင်းသိန်း၊ မြတ်မင်းယာန်၊ အောင်နိုင်လတ်၊
တောင်ဥ စိုးမြင့်လေး၊
(အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊
ဆမ္မန်လင်း၊ ပေါ်ဘာ၊ ပိုင်းဖော်။

ဒီဇိုင်း

ပုံနှိပ်သူ
မြိုးဝေလျှံပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ကွန်ပျူတာနှင့် ဖလင်
Quality

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၁၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၃၈၃၆၆၄၊ ၀၁ ၃၈၆၈၃၃

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း
သန်းထက်ဇင်၊ ကောင်းကောင်း၊ မြမြညင်း
မြတ်နှင်းသွယ်၊ စုဝေလွင်၊ အိဖြူ၊ မီမီဇင်၊

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်


# အယ်ဒီတာ့စကား

ဂမ္ဘီရလောကမဂ္ဂဇင်းကို စာဖတ်သူများထံမှောက် အရောက်ပို့ဆောင်ခဲ့သည်မှာ အမှတ်(၁၁၆) သို့အောင်မြင်စွာရောက်ရှိခဲ့ပေပြီ။ နှစ်အားဖြင့် (၁၀) နှစ်နီးပါးရှိပေပြီ။ အခက်အခဲများ၊ လုပ်ရားရုန်းကန်မှုများက မည်သည့်နေရာမဆို ရှိနေဆဲပင်။ မဆုတ်မနစ် ကြိုးပမ်းမှုကြောင့်သာ ယခုကဲ့သို့ အကြိမ် (၁၁၆) သို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပေသည်။

မည်သို့ဆိုစေ စာဖတ်သူ နည်းပါးလာရခြင်းက မဂ္ဂဇင်းများ၏ ရပ်တည်မှုကို အခက်အခဲဖြစ်စေသည်မှာ အမှန်ဖြစ်သည်။ သို့သော် မဂ္ဂဇင်းများက စာဖတ်သူအပေါ် စေတနာမေတ္တာဖြင့် တုံ့ပြန်ရင်း မဂ္ဂဇင်းများ ရပ်တည်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းခြင်းကပင် ဝါသနာ၊ စေတနာ၊ အနစ်နာ မည်မျှကြီးမားကြောင်း ဖော်ပြနေပေသည်။

ဂမ္ဘီရလောကမဂ္ဂဇင်းသည် စာဖတ်ပရိသတ်အတွက် ခေတ်နှင့်လျော်ညီစွာ ဗဟုသုတ၊ ရသစုံလင် ပေစွမ်းနိုင်သည့် မဂ္ဂဇင်းတစ်စောင် ဖြစ်ကြောင်းကို ရဲရဲဝံ့ဝံ့စွာစကားဆိုပါရစေ။

ချို့ယွင်းချက်၊ အားနည်းချက်များကို ခွင့်လွှတ်နားလည်ပေးပါရန်နှင့် စာဖတ်သူအပေါင်း ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေဟု နှစ်သစ်မင်္ဂလာတွင် ဆုမွန်ကောင်းတောင်းရင်း ...

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ကရွေညိုအစ်ဝ နှင့်
# အသေခေါ်စေခိုင်းနေသော
# မသမင်းရုပ်



"ဝုန်း"

"ဂွမ်း – ချလွမ်း"

"ဟဲ့ – ဘာဖြစ်တာလဲ၊ လျှောင်လှုပ်တာ လား မသိဘူး"

"မသိဘူး – အမေ၊ အိမ်ရှေ့မှာ တစ် ယောက်ယောက် ရှိနေသလိုပဲ"

"ဟဲ့ – မင်းမင်း – ထစမ်း – ထစမ်း"

ညသန်းခေါင်အချိန်ကြီးတွင် ဒေါ်မြ ရီတို့ မိသားစုမှာ ထိတ်လန့်စရာ အသံ များကြောင့်အိမ်ထဲရှိလူအားလုံးသည် တစ်ယောက်တစ်ပေါက် ပြောဆိုရင်း နိုးလာကြလေသည်။

အငယ်ဆုံးသားဖြစ်သော မင်းမင်း သည် မျက်လုံးကိုပွတ်၍ ထထိုင်ပြီး –

"ဘာလဲ – အမေ ဘာဖြစ် လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ရှေ့က အသံကြားလိုက်လို့မီး တွေဖွင့်စမ်း၊ သူခိုးတွေ ဘာတွေများရှိနေမလားလို့"

ထိုစဉ်သားအကြီးကောင်ဖြစ်သော ထွန်းဝေသည် အခန်းထဲမှ ထွက်လာပြီး အိမ်ရှေ့မီးကိုဖွင့်ရင်း အာလေးလျှာလေး သံဖြင့် ...

"တစ်အိမ်လုံး ဆူညံနေတာပဲ၊ ဘာတွေဖြစ်နေကြတာလဲ"

ဟု ဆိုကာ ရေအိုးစင်မှ ရေခပ်သောက်နေလေသည်၊ ဒေါ်မြရီနှင့်အတူ သမီးအလတ်မဖြစ်သော လှလှရီနှင့် မင်းမင်းတို့ ရောက်လာကြလေသည်၊

ဒေါ်မြရီက ထွန်းဝေအား ကြည့်၍ ...

"ဪ - အရက်သမားက ရေဘူးလေးအနားထားပြီး အိမ်မှပေါ့၊ ထ - ထ - ပြီး သောက်နေရတော့ ပင်ပန်းတာပေါ့"

ဒေါ်မြရီ၏ ငေါ့တော့တော့စကားကြောင့် ထွန်းဝေမှာ ပါးစပ်ပိတ်သွားလေ၏၊ မိသားစုလေးယောက် အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်ရင်း အတူရှိနေရာ ဒေါ်မြရီ ၁ ဧည့်ခန်းအတွင်းသို့ နေရာအနှံ့ မျက်လုံး ဝေ့ကြည့်ကာ ...

"စောစောကအသံတွေကြားရတာ တစ်ခုခု ကျကွဲသွားသလိုကြားရတာ၊ အခု ဘာဖြစ်လို့ ဘာမှမတွေ့ရတာလဲ"

ဧည့်ခန်းထဲတွင်စက်ချုပ်ခုံလေးတစ်လုံး ရှိလေသည်၊ မိသားစုအိမ်တွင်းလုပ်ငန်းဖြစ်သော ဒေါ်လှရီ အထည်အလှချုပ် စက်ဆိုင်သည် တစ်မြို့လုံး သိကြသော အထည်ချုပ်ဆိုင်ပင် ဖြစ်၏၊

အလုပ်သင် ကောင်မလေး သုံးယောက်ကတော့ ညနေဘက် အလုပ်သိမ်းလျှင်ပြန်သွားကြလေသည်၊ ဒေါ်မြရီ၏ သားအကြီး ထွန်းဝေသည် မတွေးကောလိပ်မှ ဘွဲ့ရပြီး၍ အစိုးရဝန်ထမ်း အလုပ်ကိုမလုပ်ဘဲ လေလွင့် သောက်စားနေသောကြောင့် ဦးလေးဖြစ်သူ ဒေါ်မြရီ၏မောင် ဦးသက်တင်က မတွေးနှင့် ဆင်ဖြူကျွန်းမောင်းရန် လိုင်းကားတစ်စီး ဝယ်ပေးထားလေသည်၊

အလတ်မဖြစ်သော လှလှရီကတော့ ဆယ်တန်းဖြေသည့်နှစ်မှာပင် ဖခင်ကြီး ဆုံးပါးသွားလေသောကြောင့် စီးပွားရေးအဆင်မပြေသော အိမ်၏ အခြေအနေကို နားလည်သလို မိခင် မုဆိုးမကြီးကိုလည်း အကူအညီပေးရန်

အတွက် ကျောင်းမှထွက်ကာ စက်ချုပ်လုပ်ငန်းတွင်ဝင်ရောက်လုပ်ကိုင်နေခြင်း ဖြစ်သည်၊

အငယ်ဆုံးသား မင်းမင်းကတော့ နှစ်တန်းတက်နေသည်၊ ဒေါ်မြရီ၏ မိသားစုသည် အေးချမ်းပျော်ရွှင်စွာဖြင့် အတိုရှိုးရှင်းစွာဖြတ်သန်းကြလေသော ကြောင့် စိတ်ညစ်စရာ စိတ်ဆင်းရဲစရာ မရှိကြပေ၊

တစ်ခုပဲ ပြောစရာရှိသည်၊ ထွန်းဝေ အရက်သမား ဖြစ်လာသောကြောင့် အနည်းငယ်သောက်တတ်စားတတ်နေ သည်မို့ ဒေါ်မြရီမှာ သားအကြီးအတွက် ပူနေရသည်၊

ထွန်းဝေက ဒေါ်မြရီအား မဝံ့မရဲ ကြည့်၍ခေါင်းကုတ်ကာ ...

"အမေတို့က ဘာတွေရှာနေတာလဲ"

"အစ်ကိုကြီးကလည်း ဒီလောက် ဆူညံနေတာတောင် မသိဘူးလား၊ မကြားဘူးလား"

လှလှရီ၏ စကားကြောင့် ထွန်းဝေသည် မျက်မှောင်ကြုတ်၍ ...

"ငါ ဘာသံမှ မကြားရပါဘူး၊ နင်တို့ ဘာ ဘာတွေကြားလို့လဲ"

"ညီမလေးလည်း သေချာတော့ မပြောတတ်ဘူး၊ အိမ်ကြီးက လှုပ်သွားတာ၊ ကြောက်စရာကြီး၊ ငလျင်လှုပ်တာလား၊ ဒါမှမဟုတ် အိမ်အပေါ်ကို တစ်ယောက်ယောက် ခုန်တက်လိုက်တာလား၊ အဲ - အဲ - အဲဒီလိုမျိုး ဖြစ်သွားတာ နောက်ပြီး ..."

"နောက်ပြီး - ဘာဖြစ်လဲ"

"ဟို - တစ်ခုခု ကျပြီးကွဲတဲ့အသံမျိုး ကြားလိုက်ရတာ"

"အလကား အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောနေတာ"

ဒေါ်မြရီသည် ထွန်းဝေအား ခေါင်းကို ပုတ်လိုက်ပြီး ...

"ဟဲ့ - နင် ဘာသိလို့လဲ၊ အိမ်က တကယ်လှုပ်သွားတာဟဲ့"

"အမေကလည်း အိမ်က လှုပ်တယ်ဆိုရင် ငလျင်ရှိရမှာပေါ့၊ အခု တစ်ရပ်ကွက်လုံး အိပ်မောကျနေတာ အမေ မမြင်ဘူးလား"

"အဲဒါဆို ပစ္စည်းတွေ ကျကွဲတာကရော"

"ဘယ်မှာလဲ - အကွဲ၊ အမေတို့ဘာ ရှာတွေ့လဲ၊ ဘာမှ ကျပြီးမကွဲဘူး၊ ဘာမှ လည်း မရှိဘူး၊ အမေတို့ စိတ်ထင်နေတာ"

www.burmeseclassic.com

ထွန်းဝေ၏ စကားကြောင့် ဒေါ်မြရီမှာ ဘာပြန်ပြောရမှန်း မသိတော့ပေ။ သူပြောတာလည်း ဟုတ်နေ၏။ မိမိတို့တစ်အိမ်တည်းသာဖြစ်နေတာ၊ ဒေါးပတ်ဝန်းကျင်မှာတော့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

ဒေါ်မြရီက ...

"ကဲ - ကဲ - သမီးနဲ့ အငယ်ကောင် အခန်းထဲပြန်ဝင်ကြ၊ အစောကြီးရှိသေးတယ်၊ တရေးတမော အိပ်လိုက်ကြဦး"

ဟု ဆိုကာ ဒေါ်မြရီသည် အခန်းထဲသို့ဝင်သွားလေသည်။ လှလှရီလည်းဝင်သွားပြီးနောက် အငယ်ကောင်က ထွန်းဝေအား လေသံတိုးတိုးဖြင့် ...

"အိမ်ထဲမှာ သရဲရှိတယ်ဗျ၊ ကိုကြီး မယုံရင် ကြည့်နေ"

ဟု ဆိုကာ ပြတင်းပေါက်ရှိရာသို့ မေးငေါ့ပြပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။ ထွန်းဝေလည်း ပြတင်းပေါက်ရှိရာသို့ ယောင်၍ကြည့်နေရင်း စိတ်ထဲတွင်မသိုးမသန့်ခံစားလာရသလို ရှိလာ၍ပြတင်းတံခါးကို ထ၍ပိတ်လိုက်ပြီး ...

"အင်း - ငါတော့ မျက်စိက ကြောင်နေပြီ၊ ကြောက်တတ်ပါတယ်ဆိုမှ တိုကောင်ကလည်း အခန်းထဲဝင်မည့်ဟာ တန်းတန်းမတ်မတ်ဝင်မသွားဘဲ ဘာတွေ ပြောသွားမှန်းမသိဘူး၊ အတော်



ထွန်းဝေသည် သရဲမ၏ မျက်နှာအား
သေချာတွေ့လိုက်ရသောကြောင့်
လုံးဝပင် မထိန်းနိုင်တော့ဘဲ ဖြစ်သွားရ၏
တွေ့လိုက်ရသော သရဲမ၏ မျက်နှာမှာ
မျက်ဆန်အနက်မပါဘဲ အဖြူရောင်
မျက်ဆန်ကြီးနှင့်ဖြစ်သည်။ သွားများမှာလည်း
အင်မတန်ကြီးမား၍ မည်းညစ်နေသည်။
ပိုဆိုးသည်က လုံးဝနှာခေါင်းမပါဘဲ
ရှိနေခြင်းပင် ...



ဆော်တဲ့ကောင်၊ ဟူး - ငါလည်း အိပ်မှပါ၊ တော်ရင် ကားပေါ်မှာ ငိုက်နေရင် ဒုက္ခ"

ဟု တွေးနေရင်း ထွန်းဝေသည် အခန်းထဲသို့ ဝင်သွားလေတော့သည်။ ဆောင်းရာသီအကုန်ဆိုပေမယ့် ညဥ့်နက်လာလေ၊ အေးစိမ့်လာလေ ဖြစ်သည်၊ နေ့ပူ၍ ညချမ်းသော ကာလပင်ဖြစ်ပေသည်၊ လေကလေးကလည်း တဖြူးဖြူးနှင့် ရှိနေ၍ ထွန်းဝေသည် အနွေးသော တံခါးများကိုလည်း လိုက်လံ၍ပိတ်လိုက်သည်။

ထို့နောက် ထွန်းဝေလည်း အခန်းထဲသို့ဝင်သွားလေတော့သည်။ တိုင်ကပ်နာရီအသံက တချပ်ချပ်ဖြင့် မြည်နေသည်မှာတိတ်ဆိတ်သောညတွင်မှန်မှန်လေး ကြားနေရသည်တကား ...

❋

နံနက်မိုးလင်းသည်နှင့် ထွန်းဝေသည် ကားဂိတ်သို့ ရောက်၍ ဂိတ်ထိုးထားပြီးဖြစ်နေ၏။ ရှစ်နာရီမှသာ မိမိကားက အလှည့်ကျ ထွက်ရမည်ဖြစ်သည်။ အချိန်အနည်းငယ်စောသေးသည်ဖြစ်၍ သူ၏ကားစပယ်ယာများနှင့်အတူ လက်ဖက်ရည်သောက်နေကြသည်။

ထိုစဉ် ဦးခင်ဝင်းဆိုသော ကားသမားရောက်လာပြီး ထွန်းဝေအားပြုံး၍ ဝိုင်းထဲသို့ ဝင်ထိုင်ရင်း ...

"ဘယ်လိုလဲ - ထွန်းကြီး၊ ငါ ဓ... လိုက်တဲ့ဟာ အဆင်ပြေရဲ့လား"

"ဘာကို ပြောရမှာလဲ - ဦးလေး"

ဦးခင်ဝင်းက ခေါင်းကို လက်ဝါးဖြင့် ပုတ်၍ ...

"ဟ - မင်း တော်တော်မေ့တတ်... ကောင်ပဲကွ"

"ဪ - ဪ - သိပြီ - သိပြီ ဆောရီး ဦးလေးရေ၊ မေ့သွားလို့ - တဲ ဟဲ"

စပယ်ယာအောင်ကြီးက ...

"ဆရာတို့ ဘာတွေ ပြောနေ... တာလဲ၊ ပုံစံတွေက လျှို့လျှို့ဝှက်ဝှက် မသင်္ကာစရာ ကောင်းတယ်နော်"

ဦးခင်ဝင်းသည် အောင်ကြီးအ... ကုပ်ပိုးကို (လည်ကုပ်) ခပ်ဖွဖွလေး ... လိုက်ပြီး ...

"မင်းနဲ့ ဘာဆိုင်လဲ၊ အသာနေ... လူကြီးတွေကိစ္စ နေရာတကာ သိချင်... တယ်"

အောင်ကြီးက ပြုံး၍ ...



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးတို့ မပြောလည်း ကားသမားလောကအကြောင်း သိပြီးသားပါ ဗျာ"

"မင်းက ဘာသိတာတုံး"

"ဟဲ-ဟဲ-ကားသမားလောကမှာ အပေါ်ဆုံးက မိန်းမနဲ့ အရက်ပဲလေ၊ ဒီတော့ အရက်သောက်တဲ့ကိစ္စ ဖြစ်ရင်ဖြစ်၊ အဲမှမဟုတ်ရင်တော့ ဗိုမကိစ္စ၊ လိင်ကိစ္စ မဟုတ်မဟတ်တွေပေါ့ ဦးလေးရာ မဟုတ်ဘူးလား"

ဦးခင်ဝင်းသည် အောင်ကြီးကို ကြည့်၍ သဘောကျစွာ ရယ်မောလိုက်ပြီး ...

"အင်း-မင်းတောင် တော်တော် အရွယ်ရောက်လာပြီပဲ၊ ထားပါတော့ကွာ"

"ထားလို့မရသေးဘူး-ဦးလေးရ"

"ဟေ-ဘာဖြစ်လို့လဲကွ-အောင်ကြီးရ"

"ကျွန်တော်က ဦးလေးတို့ထက် တောင်ပိုပြီးနံ့စပ်သေးတယ်၊ ဦးလေးတို့ သုံးဘူးသေးတဲ့ဆေးတောင်ကျွန်တော် က သုံးပြီးပြီ၊ ဟာ-သိပ်မိုက်တာ လုံးဝ ...က်သွားမယ်"

"ဗုဒ္ဓေါ-ဒီကောင်တော့အခုမှ(၁၅) နှစ်လောက်ပဲရှိဦးမယ်၊ အစော်ကိုဖွင့် စီးနေတာပါလား၊ ကဲ-တော်-တော်-မင်းပြောတဲ့ကိစ္စနဲ့ ငါတို့ပြောနေတဲ့ကိစ္စ အကြောင်းအရာက ဘာမှမဆိုင်ဘူးကွ"

အောင်ကြီးက ခေါင်းကို ကုတ်၍ မရှိုမရှဉ်မျက်နှာဖြင့် ထွန်းဝေအား ပြုံးပြကာ ...

"ဟဲ-ဟဲ-ကျွန်တော်ကအာစရိတို့ ဟိုအကြောင်းတွေ ပြောတယ်မှတ်လို့ နောက်ပေါ်တဲ့ဆေးက ပိုကောင်းတယ်လို့ ပြောတာပါ၊ စေတနာနဲ့ ..."

"ဟေ့ကောင်-တော်တော့၊ သွား-ငါတို့အလှည့် ရောက်နေပြီ၊ ကားပေါ်မှာ ခရီးသည်တွေကိုကြည့်ပြီး နေရာစီစဉ်တော့"

ထိုကဲ့သို့ထွန်းဝေက စကားဖြတ်၍ နိုင်းလိုက်တော့မှ အောင်ကြီးလည်း လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားလေတော့သည်၊

ကားဂိတ်မှ လိုင်းကားများကို တစ်နာရီခွဲတစ်စီး လွှတ်ပေးလေသည်၊ ထွန်းဝေတို့ကားထွက်ရန် နာရီဝက်မျှသာ လိုတော့သည်ဖြစ်၍ ခရီးသည်များကို စ၍ တင်နေပြီဖြစ်သည်၊



ဦးခင်ဝင်းသည် ရေနွေးငုံ့သောက် ...

"မင်း-တစ်ခုခုထူးရင် ငါ့ကိုလည်း ...ပြောဦးနော်"

"အင်းပါ-စိတ်ချပါ-ဦးလေးရ၊ ...ကျွန်တော် ပြောမှာပါ"

"အေး-အေး-ဒါဖြင့် လည်း ပြီး ...ငါလည်း အခုထိတော့ ဘာမှမထူး ...သေးပါဘူး၊ ပုံမှန် ပါပဲ"

"ဦးလေးနဲ့ ကျွန်တော် အတူပဲစခဲ့ ...၊ ထူးခြားရင်လည်း နှစ်ယောက် ...အတူတူ သိရမယ် ထင်တယ်ဗျ"

နှစ်ယောက်သားစကားစပြတ်သွား ...အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာပင် ...နေပါသည်၊

❋

တကယ်တော့လွန်ခဲ့သော သုံးရက် ...က ဦးခင်ဝင်းနှင့် ထွန်းဝေတို့သည် လူ ...ဦးအား ကားအော်ဒါလိုက်ပို့ခဲ့ရလေသည်၊ ထိုလူနှင့်အတူ ဦးခင်ဝင်းရောက် ...ပြီး အိမ်ထောင်ပရိဘောဂပစ္စည်း ...များကိုထိုလူ၏ရွာသို့ပို့ပေးခဲ့ကြခြင်းဖြစ် ...၏၊ ထိုလူ၏ ရွာမှာ စကုမြို့နှင့် ခွနစ်မိုင်၊ ...မိုင်ခန့်ဝေး၏၊ ကားက ဂိတ်သိမ်းချိန် ဖြစ်၏၊ အော်ဒါငှားသူကလည်း နေဝင်စ အချိန်တွင် အရေးပေါ်ငှားရမ်းလေသောကြောင့် ထွန်းဝေနှင့် ဦးခင်ဝင်းတို့သည် ညတွင်းချင်းဆိုသလို လိုက်ပို့လိုက်ကြလေသည်၊ ထိုသူ၏ရွာသို့ညကိုးနာရီခန့်တွင် ရောက်သွားကြပြီး၊ ကားငှားသူမှ တောဓလေ့ အစားအစာများဖြင့် ညစ်ကျွေးမွေးရင်း အပြန်တွင်လာဘ်ပွင့်ပီယ အဆောင်ဟုပြောကာ မိန်းမအရုပ်ကလေးများ တစ်ရုပ်စီ ပေးလိုက်လေသည်၊

အရုပ်ကလေးများ၏အရွယ်အစားမှာလက်တစ်ညှိုးခန့်လောက်သာရှိလေ၏၊ နှုတ်ခမ်းကိုတင်းတင်းစေ့၍ဆံပင်တို့ ဖားလျားချထားသော လက်နစ်ဖက်တို့ ပိုက်ထားသောပုံဖြစ်သည်၊

ရွာကြီးက ကျယ်ဝန်း၍ ရေနံဆီမီးခွက်အရောင်များမှာ မှိတ်တုတ် မှိတ်တုတ် ရှိနေ၏၊ ခွေးဟောင်သံများနှင့် သွားလာလှုပ်ရှားသံများကလည်း ကြားနေမြင်နေရ၏၊

ထိုနေ့က အိမ်ကို မည်သို့ ရောက်သွားမှန်းပင် မသိလိုက်ပါ၊ ဦးခင်ဝင်းနှင့် ထွန်းဝေတို့သည်လမ်းတွင်ခဏခဏ ...၍ ဘီယာဆိုင်တွေတိုင်း ဝင်၍ ...



www.burmeseclassic.com

www.burmeseclassic.com

စားနေကြသောကြောင့်အတော်ပင်မူးခဲ့ကြပေသည်၊

ထိုနေ့က အမှုမဲ့ အမှတ်မဲ့ သတိမထားဘဲအရေးမကြီးဟန်ဖြင့်ရွာနာမည်ကိုသာ မေးခဲ့ပြီးကားငှားသူအားနာမည်မမေးခဲ့ရ၍စိတ်ထဲတွင်မတင်မကျရှိနေသည့်အတွေးတွေဖြင့် မျောနေစဉ်...

တပည့်ကျော် အောင်ကြီး၏အသံက စူးခနဲ ထွက်ပေါ်လာသည်၊

"အာစရိ - သွားမယ်လေ၊ အားလုံးအဆင်သင့်ဖြစ်နေပြီ"

"ဩော် - အေး - အေး"

ဟု ဆိုကာ လက်ဖက်ရည်ဖိုးရှင်း၍ကားဆီသို့ ထွက်လာခဲ့လေသည်၊ ထို့နောက်ကားကိုဂိတ်ထဲမှစတင်၍မောင်းထွက်လာခဲ့လေတော့၏၊

"ဆင်ဖြူကျွန်း - ဆင်ဖြူကျွန်း"

အောင်ကြီး၏ အသံက ကျယ်လောင်စွာထွက်ပေါ်နေဆဲပင်ဖြစ်သည်၊ ဤသို့ဖြင့် တစ်နေ့တာအတွက် အလုပ်ကိုစခဲ့ပြန်ပေတော့သည်၊

❋

ညနေ အလုပ်သိမ်းကတည်းက ထွန်းဝေနှင့်အောင်ကြီးတို့သည်ကားရေဆေးခြင်းနှင့် သန့်ရှင်းရေးများ လုပ်ကိုင်နေကြလေသည်၊ အချိန်ကား တဖြည်းဖြည်းနှင့် ကုန်ဆုံးလာပြီး မီးထွန်းချိန်သို့ရောက်လာခဲ့သည်၊

ထွန်းဝေက အောင်ကြီးအား...

"အောင်ကြီးရေ - ရှေ့မှန်တွေနဲ့ဘက်မှန်တွေသာ သေချာပြောင်အောင်သုတ်လိုက်တော့ကွာ၊ အချိန်က မရှိတော့ဘူး၊ ဒါပြီးရင် မင်းပြန်လို့ရပြီ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ - အာစရိ"

ဒေါ်မြရီသည် အိမ်ရှေ့သို့ ထွက်လာပြီး...

"သားရေ - ထမင်းစားတော့မလားပြင်လိုက်မယ်"

"ခဏနေ ပြီးတော့မယ်၊ အမေ ရေချိုးပြီးမှပဲ စားမယ်"

"အေး - အေး - ဒါဆို ရင် အမေထမင်းပွဲပြင်ပြီး အုပ်ဆောင်းနဲ့ အုပ်ထားလိုက်မယ်၊ အမေတို့အပြန်ကိုနည်းနည်းနောက်ကျမယ်နော်"

"အမေတို့က ဘယ်သွားမှာလဲ"

"တောင်ဘက် မွှာရုံကို တရားနာသွားမှာ၊ မင်းညီမလည်း လိုက်မယ်ဆိုတော့ အငယ်ကောင်ကို ဂရုစိုက်လိုက်ဦး"

"ဩော် - ဟုတ် ကဲ့ - အမေ - ...ဆယ် - သွားသွား"

ဒေါ်မြရီသည် အိမ်ထဲသို့ ဝင်သွား...ထမင်းပွဲပြင်ထားလိုက်ပြီးလှလှရီနှင့်အတူတရားပွဲသို့ထွက်သွားလေသည်၊

ခဏကြာတော့ ည (၈)နာရီ ထိုး...သွားပြီဖြစ်၍ အောင်ကြီးလည်းမရှိတော့...၊ ထွန်းဝေအား နှုတ်ဆက်၍ပြန်သွား...ပြီဖြစ်သည်၊

အိမ်ထဲတွင်အငယ်ကောင်မင်းမင်း၏ စာကျက်သံက တစ်ချက် တစ်ချက်ထွက်ပေါ်လာ၏၊ ထွန်းဝေသည် ရေကိုအငြိမ်ပင်ချိုးလိုက်သည်၊ မီးဖို၏ အရှေ့ဘက်တွင်ရေချိုးကန်နှင့်အဝီစိတွင်းရှိပြီးမီးဖိုချောင်၏ နောက်ကျောဘက်တွင်အိမ်သာရှိ၏၊ အုတ်ခင်း ပျဉ်ထောင် ပျဉ်ကာ တစ်ထပ်အိမ်ဖြစ်၍ ကျယ်ဝန်းကာအားလုံး တစ်ဆက်တည်းဖြစ်လေသည်၊

ထွန်းဝေသည်ရေချိုးပြီး၍အခန်းထဲဝင်ပြီးအဝတ်အစားလဲနေစဉ်မီးဖိုချောင်းဘက် ထမင်းစားခန်းဆီမှ အသံများထွက်ပေါ်လာလေသည်၊

"ဂလုံ - ဝှလန်"

"ချွမ်း - ခလွမ်း"

"ဝုန်း - ဖျောင်း - ဖျောင်း"

ကြောက်ခမန်းလိလိမှု ကိုင်ပေါက်ရိုက်ချိုးဖျက်ဆီးနေသံများမှာ ဆူညံလို့နေ၏၊ ထွန်းဝေသည် အခန်းထဲမှ ထွက်လာရင်း...

"အငယ်ကောင်ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီကောင်တော့ - ဟင်း"

ထွန်းဝေသည်ပြောရင်းဆိုရင်းစည်ခန်းသို့ ရောက်လာသောအခါ အံ့အားသင့်သွားကာ မျက်လုံးပြူးသွားရလေသည်၊ အဘယ်ကြောင့်ဆိုသော်စည်ခန်းထဲတွင် စာအုပ်ကိုကိုင်၍ ပြူးကြောင်ကြောင်ဖြင့်ထွန်းဝေအားကြည့်နေသောညီဖြစ်သူမင်းမင်းအားတွေ့လိုက်ရသောကြောင့် ဖြစ်သည်၊

ထွန်းဝေသည် မျက်စိမျက်နှာပျက်သွားကာ နံရံတွင် ချိတ်ထားသော ဓားကြီးတောင်ဓားရှည်ကို ဆွဲဖြုတ်ယူလိုက်ပြီး မင်းမင်းအား တိတ်တိတ်နေရင် ...ဟန်လက်ဟန်ဖြင့် သတိပေးလိုက်...မီးဖိုချောင်ဘက်သို့ တရွေ့ရွေ့ဖြင့် ...ကပ်လိုက်၏၊ ထို့နောက် အသာ...အပြင်ဘက်မှချောင်း၍ကြည့်လိုက်...သည်၊

"ဟင် - ဘုရား - ဘုရား - ဘုရားဒါ - ဒါ - ဘာကြီးပါလိမ့်"





www.burmeseclassic.com

www.burmeseclassic.com

ထွန်းဝေသည် ကြောက်လွန်း၍ ဒူး တွေပင် မခိုင်ချင်တော့ပေ။ တွေ့လိုက် ရသော မြင်ကွင်းကြောင့် တစ်ကိုယ်လုံး နှင့် ခြေဖဝါးလက်ဖဝါးတို့တွင် ချွေးစေး များ ထွက်နေပြီး အားအင်ကုန်ခန်းသွား သလို ခံစားလိုက်ရလေသည်။ မီးဖိုထဲ တွင်ကား ထမင်းအိုး ဟင်းအိုးများအား အဖုံးဖွင့်၍ မိမိအား ကျောပေး၍ စား သောက်နေသော ဆံပင်ဖားလျားချထား သော မိန်းမတစ်ဦးအား တွေ့လိုက်သော ကြောင့် ဖြစ်၏။

ထွန်းဝေသည် ဓားကို ကျစ်ကျစ်ပါ အောင် ဆုပ်ကိုင်ရင်း စိတ်ထဲမှ ...

"ဒါ - ဒါ - လူ လား၊ သရဲ လား။ တကယ်လို့ လူဆိုရင် သူခိုးဖြစ်နိုင်တယ်။ လူမဟုတ်ဘဲ သ - သရဲဆိုရင် ဒုက္ခပဲ"

စိတ်ထဲတွင် ဒွိဟဖြစ်နေ၍ ထွန်းဝေ သည် နောက်ထပ်တစ်ကြိမ် အခန်းထဲသို့ ချောင်းကြည့်လိုက်ပြန်သည်။

"ဟိုက် - ပြေးဟ - နင့်အမေလွှား - သရဲမပါလား"

ဟု နှုတ်မှ ရေရွတ်၍ မင်းမင်း၏ လက်သို့ဆွဲ၍ အိမ်ပေါ်မှ ပြေး၍ဆင်းလာ ခဲ့လေတော့သည်။

"လာဟေ့ - ညီလေး"

"ဗုန်း"

"ဒုန်း - ဒုန်း"

ထွန်းဝေသည် သရဲမ၏ မျက်နှာ အား သေချာတွေ့လိုက်ရသောကြောင့် လုံးဝပင် မထိန်းနိုင်တော့ဘဲ ဖြစ်သွား ရ၏။ တွေ့လိုက်ရသော သရဲမ၏ မျက်နှာ မှာ မျက်ဆန်အနက်မပါဘဲ အဖြူရောင် မျက်ဆန်ကြီးနှင့်ဖြစ်သည်။ သွားများမှာ လည်း အင်မတန်ကြီးမား၍ မည်းညစ် နေသည်။ ပိုဆိုးသည်က လုံးဝနှာခေါင်း မပါဘဲ ရှိနေခြင်းပင်။

ထွန်းဝေသည် မင်းမင်းအား လက် ဆွဲ၍တောင်မှော်ရုံရှိ တရားပွဲသို့ဦးတည် ၍ ပြေးလာခဲ့လေသည်။ နောက်သို့ ပြန် လှည့်ကြည့်သော် လိုက်လာသည်ကို မတွေ့ရ၍ အနည်းငယ်တော့ စိတ်အေး မိသည်။

ညီအစ်ကိုနှစ်ယောက်၊ ဓမ္မာရုံရှိ တရားပွဲသို့ရောက်အောင် တရားပွဲက မပြီးသေးပေ။ သို့ဖြင့် ထွန်းဝေလည်း ဓမ္မာရုံ၏ရှေ့တွင်ရှိသော မီးတိုင်အောက် တွင်ထိုင်၍ သူ၏မိခင်ကြီးအား စောင့်နေ လေတော့သည်။

ထွန်းဝေက ညီဖြစ်သူ မင်းမင်းအား ကြည့်၍ ...

"ညီလေး - မကြောက်နဲ့နော်။ အစ်ကို ကြီး ရှိတယ်"

ပြောမည့်သာ ပြောနေတာ ထွန်းဝေ ၏ လက်ဖဝါးတွင် ချွေးများ စိုရွှဲနေသလို ခန္ဓာကိုယ်ကလည်း အကြောက်လွန်၍ တုန်နေဆဲပင် ဖြစ်သည်။

မင်းမင်းက ထွန်းဝေ၏ နဖူးမှ ချွေး များကို သုတ်ပေးရင်း ...

"သားက မကြောက်ပါဘူး။ အစ်ကို ကြီးရော အဆင်ပြေလား"

ညီငယ်လေး၏ စကားကြောင့် ထွန်း ဝေမှာ ရှက်စိတ်များပါ တဖွားဖွား ဖြစ်ပေါ် လာပြန်သည်။ မိမိက အကြီးဖြစ်နေပြီး ဒီလောက်အထိ ရုပ်ပျက်ဆင်းပျက် ဖြစ် နေရခြင်းကြောင့် ရှက်မိသွားခြင်း ဖြစ် သည်။

ထွန်းဝေက အားတင်း၍ပြုံးပြလိုက် ပြီး ...

"အေး - အေး - အစ်ကိုကြီးလည်း အဆင်ပြေပါတယ်။ အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့ကွာ"

ထွန်းဝေက ထိုသို့ ဆိုပြီးနောက် စိတ်ထဲမှ ...

"ဘယ်လိုကြောင့် ဒီသရဲမက ငါတို့ အိမ်ထဲကို ရောက်နေတာပါလိမ့်။ ထူး တော့ ထူးဆန်းတယ်"

ဟု တွေးနေ၏။ သူ တွေးနေတုန်းမှာ ပင် တရားပွဲပြီးသွား၍ တရားနာပရိသတ် များ ထွက်လာကြလေတော့သည်။

ထွန်းဝေက သူ၏ မိခင်အား ဘယ် လို ပြောရမလဲဟု စဉ်းစားနေ၏။ တွေ့ သမျှ မြင်သမျှကို အမှန်အတိုင်း ပြော တော့ ရော ယုံကြည်ပါမလားဟု တွေးနေ မိ၏။

ထိုစဉ် ဒေါ်မြရီတို့ သားအမိ ရောက် လာပြီး ...

"အမယ် - ငါ့သားတွေက အမေတို့ လာကြိုကြတာပေါ့"

ဘာပြောရမှန်းမသိဖြစ်နေသော ထွန်းဝေက အလိုက်သိပင် ရောယောင် ၍ ...

"အင်း - အမေတို့ကို စောင့်နေတာ"

အပြန်တွင် သားမိဘတွေ တိတ် ဆိတ်စွာပင် ပြန်လာခဲ့ကြသည်။ အိမ်ရှေ့ ရောက်သောအခါ ထွန်းဝေသည် အိမ် အတွင်းသို့ မဝံ့မရဲဖြင့် လှမ်းကြည့်လိုက် ၏။ ဘာမှတော့ ထူးထူးခြားခြား မတွေ့ တော့ပေ။





www.burmeseclassic.com

www.burmeseclassic.com

"ဟောတော့ - ဒီကလေးတွေ အပြင်ကို သွားမယ်ဆိုရင် အိမ်တံခါးကို သော့ပိတ်ပြီးမှ သွားတာ၊ လာတာ မဟုတ်ဘူး။ ခက်တော့တာပဲ"

ဒေါ်မြရီ၏ တတွတ်တွတ် ပြောဆိုနေသော စကားကိုအရေးမစိုက်နိုင်သေးပဲ ထွန်းဝေသည် အိမ်ထဲသို့ လှည့်ပတ်၍ ကြည့်နေမိပြန်သည်။ မိမိ တွေ့လိုက်ရသော သရဲမသည် မီးဖိုထဲတွင် ရှိနေသေးလားဆိုသည်ကို သိချင်နေမိသည်။

ထွန်းဝေက လှလှရီအား ...

"အငယ်မ - ငါ့ကို ထမင်းခူးပေးဦး။ ငါထမင်းမစားရသေးဘူး"

လှလှရီသည် မီးဖိုထဲသို့ ဝင်သွားတာ ထမင်းပွဲကို ပြင်လိုက်သည့် ဒေါ်မြရီက သမီးဖြစ်သူအား ကူညီပေးရန် မီးဖိုထဲသို့ လိုက်ပါလာရင်း ...

"ဒီတောင် ထမင်းမစားရသေးဘူးသာ ပြောတာ ထမင်းဟင်းတွေက ပွစိတက်ပြီး ဗြလရမ်းထနေတာပဲ"

"ဟုတ်ပ - အမေ့သားက အရက်သောက်ပြီး သူ့ဟာသူ ထမင်းစားပြီးမှန်းမသိ၊ မစားရသေးမှန်းမသိ ဟင်းတွေက ဖြင့် ဘာမှတောင် မရှိတော့ဘူး"

"ညည်းကလည်းအေ လျှာရှည်လိုက်တာ။ သူ ဆာလို့နေမှာပေါ့။ ဟင်းမရှိတော့ရင်လည်း ဆန်အိုးထဲမှာကြက်ဥရှိတယ်။ ကြော်ပေးလိုက်"

ဒေါ်မြရီ၏ စကားကြောင့် လှလှရီသည်ကြက်ဥကြော်ရန်အတွက် ဆန်အိုးကို ဖွင့်လိုက်ရာ ...

"ဟင် - အမေ့"

ဒေါ်မြရီက လှလှရီအား လှမ်းကြည့်ရင်း ...

"ဘာဖြစ်ရပြန်တာလဲ"

"အမေ့ကြက်ဥတွေက အခွံတွေပဲ ရှိတော့တယ်။ ဒီမှာကြည့်ပါဦး"

"ဟိုကောင် - အရက်နဲ့ မြည်းလိုက်တာ နေမှာပေါ့"

ဒေါ်မြရီ၏ စကားကြောင့် ထွန်းဝေမှာ ဘာပြောရမှန်းမသိအောင် ဖြစ်နေရသည်။ မိမိမှာ ဒီနေ့ည လုံးဝ အရက်သောက်ထားခြင်းမရှိ၍ သရဲအခြောက်ခံရသည်ကို အတတ်သိပါသော်လည်း အိမ်က မိသားစုကို ပြောပြချင်လည်း ယုံကြည်ကြမည် မဟုတ်ပေ။ ထိုညက ထမင်းကိုဖြစ်သလိုပင် စားလိုက်ပြီးအိပ်ရာသို့ ဝင်ခဲ့လေတော့သည်။

❋



နံနက်ရောက်တော့ ဂိတ်တွင်ဦးခင်ဝင်းနဲ့ တွေ့ပြီးညက မိမိကြုံတွေ့ရသော အဖြစ်အပျက်ကို ပြောပြလိုက်သည်။

ဦးခင်ဝင်းက မျက်နှာပျက်ကာ ...

"မင်းမြင်ရတာ သေချာရဲ့လား ထွန်းဆရာ"

"သေချာပါတယ် - ဦးလေးရဲ့ မိန်းမမှ မိန်းမသရဲချ။ ဆံပင်ဖားလျားကြီးနဲ့ ကျွန်တော် သေချာမြင်တွေ့ရတာ ဟို - ဟို - အရုပ်မနဲ့များ သက်ဆိုင်နေမလား ဦးလေး"

ဦးခင်ဝင်းက စဉ်းစားရင်း ...

"ငါတို့တော့ ကိုယ် နားမလည်တဲ့ လောကနဲ့ သွားပြီးပတ်သက်မိပြီ ထင်တယ်။ ထွန်းဝေရာ ..."

ဦးခင်ဝင်း၏စကားကြောင့်ထွန်းဝေသည် အထိတ်တလန့် ဖြစ်သွားကာ ...

"မဟုတ်မှလွဲရော ဦးလေးလည်း တစ်ခုခုတော့ တွေ့ပြီထင်တယ်"

ဦးခင်ဝင်းက ခေါင်းညိတ်၍ ...

"အေး - ဟုတ်တယ်၊ ညတုန်းက ငါလည်း သရဲအခြောက်ခံရတယ်ကွ"

"ဘယ်မှာခြောက်တာလဲ၊ အိမ်မှာပဲလား - ဦးလေး"

"အင်း - အိမ်မှာတော့ အိမ်မှာပဲကွ၊ ဒါပေမဲ့ အိမ်အနောက်ဘက် မြဲထောင့်က အိမ်သာနားမှာ လာခြောက်တာ"

"ဘယ်လိုပုံစံမျိုး ခြောက်တာလဲ ဟင်"

"ငါ ညက (၁၂)နာရီလောက်မှာ အိမ်သာတက်ချင်လာတာနဲ့ မြဲထောင့်က အိမ်သာကို သွားပြီးထိုင်နေတုန်း အပုပ်နံ့တွေ တအားနံလာပြီး အပြင်ဘက်မှာ လမ်းလျှောက်နေသံ ကြားရတယ်ကွ။ ဒါနဲ့ ငါလည်း ဘယ်သူလဲလို့ မေးတော့အပြင်ဘက်က "ရှင်ခေါ်လာတဲ့ သူပေါ့"လို့ပြန်ပြောတယ်၊ ငါလည်းတော်တော်လေးကိုလန့်သွားပြီးဘုရားစာတွေ ရွတ်ပြီး အိမ်ထဲသို့ ပြေးခဲ့ရတယ်"

"အဲဒါဆိုရင်တော့ သေချာပြီ။ ဟို - အရုပ်တွေကြောင့် အခုလို ဖြစ်နေရတာ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ - ဦးလေး"

"ဘာလုပ်ရမလဲကွ၊ ဒီဟာတွေက ကိုယ့်အတွက် ကောင်းကျိုးမှမပေးတာ။ ကိုယ့်ဆီမှာထားမနေနဲ့တော့၊ ငါကတော့ အခုမနက် ဘဲ အစောကြီးထပြီး အဲဒီ အရုပ်ကို မြစ်ထဲကို မျှောလိုက်ပြီ၊ မင်းလည်း အမြန်ဆုံးသာ လွှင့်ပစ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

ထွန်းဝေသည် သက်ပြင်းချကာ ...

"အဲဒီလိုလုပ်လို့ ပြီးသွားရင်တော့ ကောင်းပါတယ်လေ - ခက်တာက"

တစ်ပိုင်းတစ်စဖြင့် ရပ်သွားသော ထွန်းဝေ၏ စကားကြောင့် ဦးခင်ဝင်းက ထွန်းဝေအား ...

"မင်းက ဘာတွေ ခက်နေတာလဲ ကွ။ မက်မောစရာ မရှိပါဘူးကွာ၊ လူမှာ အန္တရာယ်မဖြစ်ဖို့သာ အဓိကပါ၊ မြစ်ထဲ ကိုသာ လွှင့်ပစ်လိုက်ပါ"

"မဟုတ်ဘူး - ဦးလေးရဲ့ကျွန်တော် ကဒီအရုပ်ကို မက်မောလို့မဟုတ်ပါဘူး။ ဒီ - ဟို - အရုပ်က ပျောက်သွားလို့ပါ"

"ဟေ"

ဦးခင်ဝင်းမှာ အံ့သြစွာဖြင့် ထွန်းဝေ အားကြည့်ကာ ...

"မင်းနယ်ကွာ - မဟုတ်သေးပါဘူး။ သေချာလည်း ရှာစမ်းပါဦးဟ"

"ရှာတယ် - ဦးလေးရ၊ အဲဒီအရုပ် လေးကို ကျွန်တော့် ပိုက်ဆံအိတ်ထဲ ထည့်ပြီးသိမ်းထားတာ အခုမရှိတော့ ဘူး"

"အထားမှားတာလည်း ဖြစ်နေပါဦး မယ်ကွာ၊ သေချာလည်း စဉ်းစားပါဦး"

ထွန်းဝေက စဉ်းစားဟန်ဖြင့် ...

"အထားတော့ မမှားဘူးလို့ ထင် တာပဲ၊ အိမ်ကျမှ အခန်းထဲမှ ထပ်ရှာ ကြည့်လိုက်ဦးမယ်"

ထိုနေ့ကထွန်းဝေသည်တစ်နေ့လုံး ပင် အရက်မသောက်ဘဲ ကောင်းမွန်စွာ ဖြင့် ကားမောင်းလေသည်။ အံ့သြစရာ ကောင်းလှသည်မှာ ဘယ်တုံးကမှ ခရီး သည် အပြည့် မရဘူးသော ကားမှာ အသွားရော၊အပြန်ရောကြပ်ညှပ်နေ၏။ စပယ်ယာအောင်ကြီးမှာ လက်မလည် အောင်ပင် ရှိနေသည်။ အမြဲတမ်းလို စီး နေကျခရီးသည်ရော၊ ခရီးသည်အသစ် မိန်းမပျိုလေးများရော ထွန်းဝေအား ပြုံး ရွှင်စွာ နှုတ်ဆက်ကြ၊ နောက်ပြောင်ကြ ဖြင့် ကားတစ်စီးလုံး စည်ကားနေ၏။

မိန်းမပျိုလေးများမှာ သူမတို့တွင် ပါလာသော စားစရာများကို ထွန်းဝေတို့ အား စေတနာရက်ရောစွာ ပေးကမ်း ကျွေးမွေးကြလေသည်။ ဆရာတပည့် နှစ်ယောက်မှာ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးအောင် မျက်နှာပွင့် လာဘ်ပွင့် နေကြသည်။ လျှောက်တောသို့ရောက် တော့ ကားနား၍ ထမင်းစားကြလေ သည်။

ထမင်းစားရင်း အောင်ကြီးက ...

"အာစရိ - ဒီနေ့တော့ ခါတိုင်းနဲ့ကို ...ဘူး။ ခရီးသည်ကလည်း အပြည့်၊ ...န်တွေကလည်း အပြည့်၊ ကျွန်တော့် ...ထဲ ပျော်လိုက်တာ မပြောပါနဲ့တော့၊ ...း - တီး"

"အဓိက ကတော့ ခရီးသည်တွေ ...က အမြဲတမ်းလိုက်နေကျ၊ ပစ်တိုင်း ...ောင်ကုန်စုံဆိုင်အားကောင်မလေးနဲ့ ...ဆင်ပြေနေလို့ ပျော်တာမဟုတ်လား ...ကွ"

"ဟီး - ဟီး - အာစရိကလည်းပွင့်ဖြူ ...ရှင် သူတို့ ဆိုင်ရှေ့မှာ ခဏရပ်ပေးဦး ...။ ဝင်ပြီး နှုတ်ဆက်ချင်လို့"

ထွန်းဝေက အောင်ကြီးအား ကြည့် ...

"ရှုပ်ပါ့ကွာ"

ဤသို့ဖြင့် တစ်နေ့တာအတွက် ...လာလှုပ်ရှားရင်း အချိန်တို့သည် ...ဆုံးမှန်းမသိကုန်ဆုံးသွားပြန်သည်။ ...အတိုင်းပင် ထွန်းဝေတို့ ကားသိမ်း ...ညနေ (၅) နာရီကျော်ပင်ဖြစ်သည်။ ...အိမ်ပြန်ရောက်သည်နှင့် ဆရာ ...ည့်နှစ်ယောက် ကားအတွင်းအပြင် ...ရှင်းရေးလုပ်ကြ၏။

ည (၇) နာရီကျော်သွားသည်နှင့် ...ပြီးစီး၍ အောင်ကြီးအား နေ့စား အလုပ်သမားခ ရှင်းပေးကာ ပြန်လွှတ် လိုက်သည်။ ထွန်းဝေလည်း ရေမိုးချိုး ကာ ထမင်းစားပြီးနောက် ဧည့်ခန်းတွင် ရှိသော ထိုင်ခုံတွင်ထိုင်၍ စာအုပ်တစ် အုပ်ကိုယူ၍ဖတ်နေလိုက်၏။ ဒေါ်မြရီနှင့် ညီမလေးက အကျီလက်ချုပ်လိုက်နေ သည်၊ အငယ်ကောင် မင်းမင်းက သူ၏ အစ်မဖြစ်သော လှလှရီ၏ နံဘေးတွင် ထိုင်ရင်း စာကျက်နေသည်။

တဖြည်းဖြည်း ညဥ့်နက်လာပြီ၍ အိမ်သားများသည် အိပ်ခန်းထဲသို့ ဝင် သွားကြလေရာ အိမ်ရှေ့ဧည့်ခန်းတွင် ထွန်းဝေတစ်ယောက်တည်းသာ စာအုပ် ဖတ်ရင်းကျန်ခဲ့လေသည်။ ထိုစဉ် အိမ်ရှေ့ မှ ...

"ပွမ် - ပွမ်"

ကားဟွန်းသံ ထွက်ပေါ်လာ၍ထွန်း ဝေသည်စာအုပ်ကိုပိတ်၍အသာနားစွင့် နေလိုက်သည်၊

"ပွမ် - ပွမ်"

ထပ်မံ၍ထွက်ပေါ်လာသောကား ဟွန်းတီးသံကြောင့် အိပ်ခန်းအတွင်းမှ ဒေါ်မြရီထွက်လာပြီး ...

"သားရေ - အိမ်ရှေ့မှာဘယ်သူတွေ များ ကားပေါ်တက်ဆော်နေကြလည်း မသိဘူး။ အချိန်က မနည်းတော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

ဟွန်းသံကြောင့် ပတ်ဝန်းကျင်ကို အားနာရတယ်၊ သွားကြည့်လိုက်ဦး"

"ဟုတ်ကဲ့ - အမေ ကျွန်တော် သွားကြည့်လိုက်ပါမယ်"

ထွန်းဝေက ဓာတ်မီးကိုယူ၍ အိမ်ရှေ့တွင် ရပ်ထားသော ကားဆီသို့ ထွက်လာခဲ့လေသည်၊ ကားက ကြီးလွန်း၍ ထွန်းဝေတို့အိမ်ဝိုင်းထဲသို့ ထားလို့မရပေ၊ ရပ်ကွက်က အေးချမ်းသလို လမ်းတွေကလည်း ကျယ်ဝန်း၍ ကားကို အိမ်ရှေ့ရှိ လမ်းပေါ်တွင်သာ ထားရလေ၏၊

ထွန်းဝေသည် ကားကို လက်နှိပ်ဓာတ်မီးဖြင့် ပတ်၍ ထိုးကြည့်ရင်း နှုတ်မှ...

"တံခါးတွေလည်းသေချာပိတ်ထားတာပဲ၊ ပွင့်လည်း မပွင့်ဘူး"

ဟု ရေရွတ်၏ ဘာမှ ထူးခြားတာမတွေ့၍ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်၊ အိမ်တံခါးနား ရောက်ခါနီးတွင် ကားဆီမှ...

"ပွမ် - ပွမ်"

ရုတ်တရက်ဆိုသလို ကားဟွန်းသံက ထွက်ပေါ်လာပြန်သည်၊ အိမ်ထဲမှ ဒေါ်မြရီက လှမ်း၍အော်ပြန်သည်၊

"ဟဲ့ - ထွန်းဝေ ဘယ်သူ ဟွန်းတီးနေလဲဆိုတာ သွားကြည့်စမ်းပါဆို၊ ဘာလုပ်နေတာလဲ"

ထွန်းဝေက...

"ဟုတ် - ဟုတ်ကဲ့ - ဟုတ်ကဲ့"

ထွန်းဝေလည်း နောက်တစ်ကြိမ် ကားဆီသို့ လျှောက်လာခဲ့ပြန်သည်၊

"တောက် - အောင်ကြီး မပြန်သေးဘဲ ဘာလုပ်နေတာလဲ မသိဘူး"

ဟုမြည်တွန်လျက် ကားအတွင်းသို့ အား အပြင်မှနေ၍ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သည့်အထဲတွင် လူရိပ်လို ရွေ့လျားနေသည်ကို တွေ့လိုက်ရ၍ ပြောရန် ဟန်ပြင်လိုက်စဉ် သတိဝင်လာကာ...

"မဟုတ်သေးပါဘူး၊ သော့က အိမ်ထဲက စားပွဲခုံပေါ်မှာ တင်ထားခဲ့တာပဲ သော့မရှိဘဲနဲ့ ကားတံခါးလည်း ဖွင့်မရဘူး၊ စက်လည်းနှိုးမရသလို ဟွန်းလည်း ဘယ်တီးလို့ ရပါ့မလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ထိုစဉ် ထွန်းဝေ၏ နောက်မှ...

"အာစရိ - ဘာလုပ်စရာရှိလို့လဲ"

ရုတ်တရက် နောက်မှရောက်လာသော အောင်ကြီး၏အသံကြောင့် ထွန်းဝေ မျက်လုံးပြူးသွားရတာ...

"တင် - အောင်ကြီး၊ မင်းကဘယ်လို ရောက်လာတာလဲ"

အောင်ကြီးမှာ ထွန်းဝေတို့နှင့် တစ်ရပ်ကွက်ထဲ အတူနေဖြစ်ပြီး ထွန်းဝေတို့၏ အောင်ဘက်လမ်းတွင်း နေထိုင်သူဖြစ်လေသည်၊

အောင်ကြီးက...

"အာစရိက ဟွန်းတီးခေါ်လို့ လာတာလေ၊ ညဘက် အော်ဒါသွားမယ် ထင်လို့ အမြန်ထလာရတာ"

အောင်ကြီး၏ စကားကြောင့် ထွန်းဝေ ထိတ်လန့်သွားလေသည်၊ အောင်ကြီးသာ ဒီမှာ ဒါဆို ကားထဲက ဘယ်သူလဲ ဟု တွေးရင်းထိတ်လန့်တုန်လှုပ်လာလေ၏၊

သို့သော် ဒီကိစ္စကို ဧကတော့ ထိန်းထားမှ ဖြစ်သည်၊ မိမိကားမှာ ဒီလိုမျိုး ခြောက်လှန့်မှုတွေဖြစ်လာတာ အပြင်သို့ပေါက်ကြားပါက အလုပ်မှ ထိခိုက်နိုင်သလို ကားပြန်ရောင်းသည့်အခါမျိုးတွင် အတော်အခက်ဖြစ်သွားနိုင်သည်၊

"ဘာမှ မဟုတ်ပါဘူးကွာ၊ ငါ ကားဟွန်းမြည်နေတာ၊ မင်းပြန်တော့ - မနက်မှ စောစောထလာခဲ့ ကြားလား"

"ဟုတ်ကဲ့ - အာစရိ၊ ဒါဆိုကျွန်တော် ပြန်တော့မယ်"

အောင်ကြီးပြန်သွားသည်နှင့် ထွန်းဝေလည်းအိမ်ထဲသို့ဝင်လာခဲ့လေသည်၊ ဒေါ်မြရီသည် အိပ်ခန်းဝမှ လှမ်းပြောလေသည်၊

"ကားဟွန်းက ဘယ်သူလုပ်နေတာလဲ တွေ့ခဲ့လား"

"ဟုတ်ကဲ့ - ကားဟွန်းက"

"ပွမ် - ပွမ်"

ရုတ်တရက် ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် ထွန်းဝေမှာ မျက်နှာပျက်သွားပြီး...

"ကားဟွန်းက မနက်ကျမှပဲ ပြန်လုပ်ရတော့မယ်၊ ခလုတ်ညှိနေတာ... အမေ အိပ်တော့လေ၊ အချိန်မရှိတော့ဘူး"

ဒေါ်မြရီသည် ဘာမှမပြောတော့ဘဲ အိမ်ခန်းထဲသို့ဝင်သွားလေတော့သည်၊ ထွန်းဝေကတော့ စိတ်မောလူမောဖြင့် အိပ်ရာထဲသို့ ဝင်ခဲ့လေတော့သည်၊

တစ်ညလုံးပင် နာရီဝက် တစ်ခါလောက် ဟွန်းသံက အမျိုးစုံထွက်နေ၏၊ ထွန်းဝေသည် နားနှစ်ဖက်ကို ခေါင်းအုံးဖြင့် ပိတ်၍ စိတ်ထဲမှ ဘုရားစာရွတ်နေလိုက်သည်၊ ကားထဲမှ သရဲကလည်း ဖွဲ





www.burmeseclassic.com

www.burmeseclassic.com

တောင်းနေသည်၊ ကားဟွန်းကို စိပ်စိပ်တီးလိုက်၊ ကျဲကျဲတီးလိုက်ဖြင့် တီးနေ၏။

နောက်နေ့တော့ အလုပ်သိမ်း၍ အိမ်ရောက်လျှင်ကားဟွန်းကိုဖြုတ်ထားမည်ဟု တွေးနေလိုက်ပါတော့သည်။

❋

ဖြစ်ကြောင်းကုန်စင်ကို ဦးခင်ဝင်းအားပြောပြသောအခါဦးခင်ဝင်းက မယုံကြည်နိုင်စွာ ကြည့်၍ ...

"မင်းတော်တော် ပေါ့ဆတဲ့ကောင်ပဲ၊ ဟိုအရုပ်ကို လွှင့်ပစ်လိုက်ပါဆိုတာ ဘာလို့ မပစ်တာလဲ၊ ခက်တဲ့ကောင်ပဲ"

ထွန်းဝေအား အပြစ်တင်နေသော ဦးခင်ဝင်းမှာ အင်မတန် ထိတ်လန့်တုန်လှုပ်နေ၏။

ဦးခင်ဝင်းကပင် ဆက်၍ ...

"မင်း အဲဒီအရုပ်ကလေး ရှာမတွေ့လို့ကတော့ မင်းတို့ မိသားစု ဒုက္ခတွေ့ရတော့မယ်"

ထွန်းဝေက အံ့အားသင့်စွာဖြင့် ...

"အဲဒီ လောက် တောင် ပဲ လား - ဦးလေးရာ"

"မယုံလို့ မရဘူး ထွန်းဝေ၊ မင်းတို့ငါတို့ ဘာမှနားမလည်ဘဲ ထင်ရာတွေလုပ်ခဲ့မိတာ မမြင်နိုင်တဲ့ အန္တရာယ်တွေအိမ်ပေါ် တင်ခေါ်မိလာတယ်၊ အချိန်မီအခါမီ ရှင်းထုတ်ပစ်မှ အန္တရာယ်ကင်းမှာကွ"

"ကျွန်တော် သိပါတယ်ဗျာ၊ ဒါကြောင့်လည်းကားပေါ်မှာပရိတ်ရေတွေနဲ့ရောပရိတ်သဲတွေနဲ့ရောပက်ထားတာပေါ့၊ အိမ်မှာတော့နောက်နှစ်ရက်လောက်ဆိုရင် ဘုန်းကြီးတွေပင့်ပြီး အန္တရာယ်ကင်း ပရိတ်တရားနာ လုပ်လိုက်မယ်လို့ စဉ်းစားထားတယ်"

ဦးခင်ဝင်းက စိတ်ပျက်စွာဖြင့် ...

"အဲဒီလိုလုပ်လို့မရဘူးကွ ထွန်းဝေရ၊ မင်းဆီက အရုပ်မကို ရှာပြီး ရေထဲကို မျှောလိုက်မှရမှာ၊ အဲဒီအရုပ်ရှိနေသမျှ အဲဒီမကောင်းတဲ့ ဝိညာဉ်တွေ၊ မိစ္ဆာတွေက မိုတွယ်နေမှာ၊ မင်းကို ပြောရဦးမယ် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါအိပ်မက်မက်တာ နှစ်ခါရှိပြီ၊ ငါ့အရုပ်က မြစ်ထဲမျှောလိုက်ပေမယ့် မင်းအရုပ်က ရှိနေတော့ သူတို့ချင်း ဆက်သွယ်ပြီးသွားလို့လာလို့ရတယ်ကွ၊ သူတို့မှီခိုလို့ရမယ့်ခန္ဓာကိုယ်ထဲကို ဝင်ဖို့ စောင့်လာတာ၊ အနှစ်ငါးရာရှိပြီလို့ ပြောတယ်၊ ဒီတစ်ခါ တပေါင်းကွယ်ရင် သူတို့ ပြောင်းလို့ရမယ့် သူနဲ့နေရာလဲတော့မယ်တဲ့"

ထွန်းဝေ ခေါင်းကုတ်၍စိတ်ညစ်စွာဖြင့် ...

"ကျွန်တော်တော့ ရှုးချင်တော့တာပဲ - ဦးလေးရာ"

"မင်း ရှုးချင်လည်းနောက်မှရှူး၊ အခုလောလောဆယ် အရုပ် ဘယ်မှာလဲ၊ အဲဒီအရုပ်ကိုသာ ငါ့ကို ထုတ်ပေး"

ထွန်းဝေက စိတ်မသက်မသာဟန်ဖြင့် ...

"မရှိလို့ပေါ့ - ဦးလေးရ"

"ဟ - မရှိလို့ မရဘူးလေ၊ ဒီဟာကို အမြန်လွှင့်ပစ်မှ အစုဖြစ်ပျက်တာတွေ ရပ်တန့်သွားမှာကွ၊ ထွန်းဝေရ၊ ပေး - အရုပ်"

"အဲဒီအရုပ်ကိုကျွန်တော်လည်းရှာနေတာပဲ၊ ဘယ်ကဘယ်လိုပျောက်သွားမှန်းမသိဘူး၊ ရှာလို့ကိုမတွေ့ဘူးဦးလေးရယ်"

"တိုယ်ကျိုးတော့ နည်းကုန်ပါပြီကွာ"

နှစ်ယောက်သား စိတ်ညစ်စွာဖြင့် ဘာမှမပြောဖြစ်ကြတော့ပဲ ခဏတော့ ငြိမ်သွားကြလေသည်၊

ခဏကြာတော့ ဦးခင်ဝင်းက ...

"ဘာပဲဖြစ်ဖြစ် မင်း အဲဒီအရုပ်ကို တွေ့အောင်ရှာမှ ဖြစ်မယ်"

"ဟုတ်ကဲ့ပါ - ဦးလေး ကျွန်တော် ရှာမှာပါ"

ဦးခင်ဝင်းသည် ထိုင်ရာမှ ထကာ၊

"ဒီနေ့ကစပြီး မင်းကားကို ဂိတ်ထဲမှာပဲ ထားတော့"

"ဟုတ်ကဲ့"

"နောက်ပြီးကားထဲမှာပရိတ်တရားတွေကို တစ်ညလုံးသာ ဖွင့်ထား ကြားလား"

"ဟုတ်ကဲ့ - ဦးလေးစိတ်ချပါ"

ဦးခင်ဝင်းလည်း စကားအဆုံးတွင် ထွက်သွားလေရာထွန်းဝေတစ်ယောက်သာ စဉ်းစားရင်း ကျန်ခဲ့လေသည်၊ ဒီနေ့ညကိုတော့ ကားထဲတွင် တရားခွေဖွင့်၍ အောင်ကြီးနှင့်အတူ တစ်ညလုံး စောင့်မည်ဟု တွေးလိုက်သည်၊

မကောင်းဆိုးဝါးအားမည်သို့မည်ပုံ ရှင်းထုတ်ရမည်ကို နားမလည်နိုင်သလို ပိုက်ဆံအိတ်ထဲတွင် ထည့်ထားသော အရုပ်ကလေး ပျောက်သွားပုံမှာလည်း ဆန်းကြယ်လှပေသည်၊

တစ်ဖန်ထိုအရုပ်မကအသက်ဝင်၍ မိမိနှင့်ပတ်သက်သောသူများကိုခြောက်လှန့်နေသည်ကို တွေ့ရ၍ စိုးရိမ်သည်၊





www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် အောင်ကြီး ရောက်လာပြီး၊

"အာစရိ - သွားကြစို့ - လူစုံနေပြီ"

"ဪ - အေး - အေး - သွားတာ ပေါ့"

ဟု ဆိုကာ လက်ဖက်ရည်ဖိုးရှင်းကာ ထွက်လာခဲ့လေတော့သည်၊ ထိုနေ့ကလည်း အခါတိုင်းနေ့များလိုပင် ထွန်းဝေတို့၏ကားသည် ခရီးသည်ရော၊ ကုန်ပစ္စည်းရော အပြည့်ပင် ဖြစ်၏။

မိန်းကလေးများ၏အပြုံးနှင့်စကားချိုချိုလေးတွေက ထွန်းဝေနှင့် အောင်ကြီးတို့အတွက် ပီတိဖြစ်စေခဲ့ပြန်သည်၊ နေ့လယ်ဘက် အလုပ်လုပ်ရာတွင် ထူးခြားစွာ အဆင်ပြေနေသလောက် ညဘက်ရောက်တိုင်း မကောင်းဆိုးဝါး၏ နှောင့်ယှက်ကိုခံနေရမည်ဆိုလျှင် ထွန်းဝေတို့နှစ်ယောက်ပျော်ရွှင်နိုင်မည်မထင်ပါ။

အောင်ကြီးကတော့ လူငယ်ဖြစ်၍ ညရောက်၍ အနည်းငယ်မှောင်လာသည်နှင့် အလည်အပတ်ထွက်လေတော့သည်၊

ကားပေါ်တွင်ထွန်းဝေတစ်ယောက်တည်းသာ တရားခွေဖွင့်ရင်းကျန်နေခဲ့ခြင်း ဖြစ်သည်၊ မကောင်းဆိုးဝါးမကလည်း ထွန်းဝေအား ခြောက်မြဲတိုင်းခြောက်နေလေ၏။

တစ်နေ့သောအခါ...

ဒေါ်မြရီနှင့် လှလှရီတို့ သားအမိနှစ်ယောက်မှာ တစ္ဆေမ၏ ခြောက်လှန့်မှုကိုခံနေရသည်ကို နှစ်ယောက်သား ဖွင့်ဟတိုင်ပင်၍ နေကြ၏။

တစ္ဆေမခြောက်သည်ဆိုရာတွင် ကြောက်လန့်ဖွယ်ရာတော့မဟုတ်၊ အိမ်မှာ အလှစိုက်ထားသော ပန်းပင်များ ဘုရားအိုးတွင် ထိုးစိုက်ပူဇော်ထားသော ပန်းများ အချိန်အခါမဟုတ်ဘဲ ညှိုးနွမ်းနေခြင်း ဖြစ်၏။

ဒေါ်မြရီသည် သူမ၏ အိမ်ဝိုင်းအတွင်းကို သတိပြုမိသွားလေသည်၊ လမ်းဘက်အိမ်ရှေ့က သရက်ပင်နှင့်အိမ်ဝိုင်းထဲတွင်ရှိသော အလှစိုက်ထားသည့် သီးပင်စားပင်ပန်းပင်တို့မှာ တစ်နေ့တစ်ခြား ခြောက်သွေ့၍သေဆုံးနေသည်ကို တွေ့လိုက်ရ၏။

နေ့ရာသီတွင် ရွက်ခြောက်ကြွေသော ပင်အိုတို့တောင် ရွက်နုအသစ်တို့ ပြန်လည်ထွက်ပေါ်လာလေသည်၊ ထွန်းတို့၏အိမ်ဝန်းအတွင်းမှာသာ သစ်ပင်သမျှတို့သည် အံ့ အားသင့် စရာကောင်းလောက်အောင် သေဆုံးနေကြဖြစ်သည်ကို ဒေါ်မြရီတစ်ယောက်ကြည့်၍ အံ့ဩမဆုံးအောင် ရှိနေ၏။

အိမ်ရှေ့တွင် အလှစိုက်ထားသော အိုးများကိုကြည့်၍ ဒေါ်မြရီသည် ရှိအား...

"အိမ်ထဲမှာရှိတဲ့ ပန်းတွေရော ခြံထဲသစ်ပင်တွေရော ဘယ်လိုများဖြစ်လို့ ဘက်မြန်မြန်ကြီး ခြောက်သွေ့သွားလည်း ထူးဆန်းမနေဘူးလားဆီး"

လှလှရီက ခေါင်းကုတ်၍...

"ဟုတ်တယ် - အမေ၊ မနက်လည်း သမီးဈေးက ဝယ်လာခဲ့တဲ့ စိမ်းပန်းတွေ ဘုရားပန်းလဲဖို့ ရေနံကြဲမှာစိမ်ထားတာ သွားကြည့်တော့ တုန်လုံး အရွက်တွေရော၊ အရိုးတွေ ွေးပြီးပုပ်နေတယ်"

"အင်း - ရာသီဥတုပဲ မကောင်းတာ ဒါမှမဟုတ် လူတွေကလည်းဓာတု တွေ သုံးနေကြလို့လား မသိဘူး။ ဘာတော့ ပျက်နေပါပြီ"

လှလှရီသည် မိခင်အား မဝံ့မရဲဖြင့် ကြည့်ကာ လေသံတိုးတိုးဖြင့်...

"အမေ - သမီး အမေ့ကို ပြောစရာ ရှိတယ်"

ဒေါ်မြရီက စောင်းငဲ့ကြည့်ကြည့် လိုက်ပြီး...

"ဘာပြောမှာလဲ - ပြောလေ"

ဟုပြောကာ အိမ်ထဲဝင်မည်အပြုတွင် လှလှရီက မိခင်၏ လက်ကို ဆွဲ၍ အိမ်ရှေ့ရှိ ဒါန်းလွှဲပေါ်သို့ ခေါ်လာခဲ့လေသည်၊ ဒေါ်မြရီမှာ ဘာမှန်းမသိဘဲ ကန်လန့်ကန့်လန့်ဖြင့် ပါလာ၏။

ထို့နောက် လှလှရီက စကားကို သိုင်းဝိုင်းမနေတော့ဘဲ...

"အမေ - ကျုပ် ညညဆို မိန်းမတစ်ယောက်က ကျုပ်အိပ်မက်ထဲကို လာပြီးနင်တို့ကိုလည်း ငါ ကူညီနေတာ ငါ့ကိုလည်း နင်တို့ပြန်ပြီးကူညီရမယ်၊ ငါတို့က မိသားစုတွေ ဖြစ်နေပြီဆိုပြီး လာလာပြောတယ်၊ လေးငါးရက်ရှိနေပြီ ကျုပ် - ကျုပ် ကြောက်လာပြီတော့"

လှလှရီ၏စကားကြောင့်ဒေါ်မြရီမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်၊ သမီးဖြစ်သူ၏ စကားအရ မိမိတို့အိမ်





www.burmeseclassic.com

www.burmeseclassic.com

တွင် တစ်ခုခုဖြစ်နေသည်မှာ သေချာနေပေပြီ၊ သူမလည်း အိပ်မက်ထဲတွင် ဆံပင်ဖားလျားချထားသော မိန်းကလေးတစ်ယောက်က အိမ်ရှေ့တွင်ရပ်၍ မိမိအား ပြုံး၍ရပ်ကြည့်သွားသည်ကို ခဏခဏ မကြာမကြာဆိုသလို မက်နေခဲ့သည်၊

လှလှရီအား ကြောက်ရွံ့မည်စိုး သဖြင့် မပြောပြဘဲ ထိန်ချန်ထားလိုက်ပြီး ဒေါ်မြရီသည်...

"သမီးက ညအိပ်ရင် ဘုရားဝတ်ပြုပြီး အိပ်လေ"

"သမီးဘုရားရှိခိုးပါတယ်၊ တစ်ရက်မှ မပျက်ခဲ့ပါဘူး"

"တီဗီဇာတ်လမ်းတွေလည်း သိပ်မကြည့်နဲ့တော့၊ အဲဒီဇာတ်လမ်းတွေက စိတ်ကူးယဉ်ပြီး လျှောက်ရိုက်ပြထားတာ စိတ်ကို ထင်ယောင်ထင်မှား ဖြစ်စေတယ်"

"အဲဒါနဲ့တော့ မဆိုင်ပါဘူး - အမေရယ်"

"ဟဲ့ - ဆိုင်တာပေါ့"

ထိုစဉ်...

"ရှမ်း"

"အမလေး..."

အိမ်ထဲမှ စက်ချုပ်သင်တန်းသူလေး တစ်ယောက်၏ အော်သံကို ကြား... လိုက်ရ၍ ဒေါ်မြရီတို့ သားအမိသည် အိ... ပေါ်သို့ ပြေးတက်သွားကြ၏၊

အိမ်ပေါ်သို့ရောက်သော် လှလှ... က...

"ဘာဖြစ်တာလဲ - မူမူ ဘာဖြစ်... လဲ"

"ဟို - ဟို"

မူမူဆိုသော ကောင်မလေး... အထည်စများ ထည့်ထားသော စက္ကူဘူး... ကို လက်ညှိုးထိုးပြလေသည်၊ လှလှရီ... စက္ကူဘူးကို ဖွင့်လိုက်လေသည်၊

"အမေ့"

ရုတ်တရက်လန့်သွားသော သမီး... ဖြစ်သူအား တွဲ၍ ဒေါ်မြရီသည် စက္ကူဘူး... ထဲသို့ ငုံ့၍ကြည့်လိုက်၏၊

"ဟင် - ကြွက်သေတွေ အများကြီး... ပါလား၊ ဒီအဝတ်စပုံးထဲကို ဘယ်လိုများ... ရောက်နေတာလဲ"

မူမူက မျက်လုံးလေးအဝိုင်းသား... ဖြင့် ခေါင်းခါလေသည်၊

ဒေါ်မြရီသည် အခြေအနေကို ပြန်... ထိန်း၍...

"ဘေးအိမ်တွေက ကြွက်ဆေးချ... ရင်လည်း ဆေးမိတဲ့ တချို့ကြွက်တွေက... ...လိုပဲ ရောက်ရာနေရာမှာ အစုလိုက် ...သေတတ်တာပဲ၊ ဘာမှကြောက်မနေနဲ့၊ ...နောက်ဘက်ကတွင်းပေါင်းထဲကို ...သွန်ပစ်လိုက်"

ထိုနေ့က ကြွက်သေများ တွေ့ရပြီး ...တ်ရက်များတွင် အိမ်မှာရှိသော ပိုး ...များသည် နေရာအနှံ့အပြားတွင် ...သေဆုံးနေကြသည်ကို ထပ်မံ၍ တွေ့ရ ...သည်၊ ထူးခြားဆန်းကြယ်မှုများ ...ကြာခဏ ကြုံတွေ့နေရသောကြောင့် ...မြရီတစ်ယောက် တစ်ခုခုလုပ်ရန် ဆုံး ...ဖြတ်လိုက်လေတော့သည်၊

✻

ဒီနေ့ ထွန်းဝေတို့ကားသည် စက် ...ပိုင်းဆိုင်ရာ ချို့ယွင်းနေ၍ အလုပ်ကျ ...တ်ခါနီးကျမှ ဝပ်ရှော့သို့ ပို့လိုက်လေ ...သည်၊

သို့ဖြင့် ထွန်းဝေသည်လည်း အိမ်သို့ ...လာခဲ့လေ၏၊ အိမ်သို့ ရောက်သော် ...ဒေါ်မြရီက ထီးဆောင်း၍ ထွက်လာ ...ပြီး...

"ဒီနေ့ ကားမထွက်ဘူးလား - ...သား"

"ဟုတ်ကဲ့ - ကားက ဘာဖြစ်မှန်း မသိဘူး၊ ဝပ်ရှော့ကို ပို့လိုက်ရတယ်၊ အမေက ဒါ ဘယ်ကိုသွားမလို့လဲ"

"ဟဲ့ - မင်းမသိဘူးလား"

"ဘာကိုသိရမှာလဲ - အမေရ"

"အုန်းပင်စုရပ်ကွက်ထဲက ဦးခင်ဝင်း ဆုံးသွားပြီလေ၊ အဲဒါ နာရေးသွား မေးမလို့ အချင်းချင်းတွေဆိုတော့ မသွားလို့ ဘယ်ကောင်းပါ့မလဲ"

"ဟာ - ဦးခင်ဝင်းဆုံးသွားပြီ၊ ဘုရား ဘုရား - ဘုရား - အဲဒါ ဟုတ်ရောဟုတ်ရဲ့ လား - အမေရယ်၊ အမေ့ကို ဘယ်သူ ပြောလဲ"

"ဩော် - ဟုတ်ပါတယ်ဆိုမှ၊ တဲ - ကဲ - သွားမယ်"

ဟုဆိုကာ ဒေါ်မြရီသည် ထီးဆောင်း၍ ခပ်သုတ်သုတ်ပင် ထွက်သွားလေ တော့သည်၊

ထွန်းဝေသည် သူ၏ အိပ်ခန်းထဲသို့ ဝင်လာပြီး ခုတင်ပေါ်တွင် လှဲနေလိုက်ပြီး မျက်နှာကြက်အမိုးကို ကြည့်ကာ —

"ဝါနဲ့ ဦးခင်ဝင်း ပြီးခဲ့တဲ့ နှစ်ရက်တုန်းက လက်ဖက်ရည်ဆိုင်မှာ ဆုံဖြစ်ကြသေး တယ်၊ အကောင်းကြီးပါ၊ အခု သေပြီဆို တော့ ဘာရောဂါလဲ၊ ဘာဖြစ်တာလဲ"

ဟု တွေးနေ၏၊





www.burmeseclassic.com

www.burmeseclassic.com

"ဟိုကိစ္စနဲ့များ သက်ဆိုင်နေမလား။ ဟူး - ဒီအတိုင်းတော့ မဟုတ်သေးဘူး။ သေချာအောင် သူ့အိမ်သွားပြီး စုံစမ်းရမယ်"

ထွန်းဝေသည် ထိုသို့တွေးလိုက်ပြီး အကျီအဝတ်အစား ထလဲကာ အိမ်ထဲမှ ထွက်လာခဲ့လေတော့သည်။

အကယ်၍သာဦးခင်ဝင်း၏သေဆုံးမှုမှာတစ္ဆေမများနှင့်သက်ဆိုင်နေပါလျှင် သိပ်မကြာခင်အချိန်တွင် မိမိအလှည့်ရောက်သွားနိုင်သည်။ ဒါဆိုမိမိ ဘာလုပ်ရမည်နည်း။ တွေးရင်း တွေးရှိုင်း ရင်ထဲတွင် မောလာ၏။

ဦးခင်ဝင်းတို့ အိမ်ရှေ့ရောက်တော့ နာရေးလာမေးသူများဖြင့် ပြည့်နှက်၍နေပါသည်။ ထွန်းဝေသည် အလောင်းပြင်ထားရာနေရာသို့ တိုးကပ်၍ လှမ်းကြည့်လိုက်သည်။

မှန်ပါသည်။ ဦးခင်ဝင်းတစ်ယောက် လက်သီးနှစ်ဖက်ကို ဆုပ်၍သေဆုံးနေပုံမှာ မသေဆုံးမီ ရန်ဖြစ်၍ ထိုးကြိတ်သတ်ပုတ်ထားသည်ဟု ထင်စရာပင်။ ထွန်းဝေကြည့်နေစဉ်မှာပင် ဦးခင်ဝင်း၏ မျက်လုံးနှစ်လုံးကပွင့်လာပြီး ထွန်းဝေအား ကြည့်နေသည်ကို တွေ့လိုက်လေသည်။

ထွန်းဝေလန့်၍ နောက်ကို ဆုတ် လိုက်တော့ မိမိ အမြင်မှားနေသည်ကို သိလိုက်ရသည်။ ဦးခင်ဝင်း၏ ရု အလောင်းသည်ပကတိငြိမ်သက်လျှ ရှိနေပါသည်။

(၇)ရက်မြောက်ရက်လည်တော ထွန်းဝေသည် ဦးခင်ဝင်း၏အိမ်သို့ သွာ ပြီးမိသားစုအားအားပေးစကားပြောရင်း ဦးခင်ဝင်း၏ ဇနီးဒေါ်မျိုးမျိုးအား ...

"ဦးလေးက ဘာရောဂါနဲ့ ဆုံးတာ လဲ - အန်တီ"

"နလုံးရောဂါနဲ့လို့ ပြောတာပဲ"

"အရင်တုန်းက သူ့မှာ နလုံးရော မရှိပါဘူး။ ရှိတယ်လို့လည်း ကျွန်တော် တော့ မကြားမိခဲ့ဘူး"

"ဟုတ်တယ် - အန်တီတို့ လည်း မကြားဖူးခဲ့ဘူး။ ဒါပေမဲ့ - ဆရာဝန် ကတော့ သူဟာ နလုံးရပ်သွားပြီး သေ တာတဲ့။ ရုတ်တရက်ဖြစ်ပြီး ရုတ်တရက် သေသွားတာ နေမှာပေါ့ကွယ်"

"သူ သေတော့ ဘယ်နေရာ ဘယ် အချိန်လောက်မှာ သေသွားတာလဲ - အန်တီ"

"သေသွားတာကတော့ ည တစ် နာရီလောက်ပဲကွဲ့။ အိမ်ထဲက အိုက်တယ် ဆိုပြီး အိမ်ရှေ့ခြံထဲက ပက်လက် ကုလားထိုင်မှာ ထွက်ထိုင်ရင်း သေသွား တာ။ ဘာမှတောင်ပြင်ဆင်ချိန်ရလိုက်ပုံ မပေါ်ဘူး။ နလုံးက ရုတ်တရက် ဖောက် သွားတာနေမှာပေါ့"

ဒီလောက်ဆို သိသင့်သလောက် သိရပြီဖြစ်၍ ထွန်းဝေသည် နှုတ်ဆက်၍ ပြန်လာခဲ့လေသည်။ ဦးခင်ဝင်း သေဆုံး ခြင်းမှာ သာမန်ရိုးရိုး သေဆုံးခြင်းမဖြစ် ဘဲ တစ်စုံတစ်ခုကြောင့်အကြောက်လွန် ပြီး နလုံးသွေးရပ်သွားခြင်း ဖြစ်နိုင်၏။

ထွန်းဝေသည် ဦးခင်ဝင်း သတိပေး နေသည့်ကြားမှ ဘာမှမဖြစ်နိုင်ဘူးထင် ၍ ခပ်ပေါ့ပေါ့ပင်နေခဲ့မိသည်။ ယခုတော့ တစ်ယောက်မှာ အသက်ဆုံးရှုံးသွားရ လေပြီ။

မိစ္ဆာမကို အထင်သေး၍ ဂရုမစိုက် ခဲ့မိသောကြောင့် အခြေအနေက ဆိုးဝါး နေခြင်းကို အခုတော့ သတိပြုမိသွား တော့၏။ အိမ်ရောက်တော့ ထွန်းဝေ သည် အဝတ်အစားနှစ်စုံ သုံးစုံခန့်ထည့် ၍ ခရီးထွက်ရန် ပြင်လေတော့သည်။

ဒေါ်မြရီက ထွန်းဝေအား ကြည့်၍ ...

"သား ခရီးထွက်မလို့လားကွဲ့"

"ဟုတ်တယ် - အမေ၊ ကားပြင်နေ တုန်း သား သူငယ်ချင်းဆီကို နှစ်ရက်၊ သုံးရက်လောက် သွားလည်မလို့"

"အေးလေ - သားလည်း အားနေ တာပဲ။ သွားချင်ရင် သွားပေါ့၊ ဒါပေမဲ့ - ကျန်းမာရေးတော့ ဂရုစိုက်၊ မင်း ကြည့် ရတာ တစ်နေ့တစ်နေ့ပိုပြီးပိန်လာတယ်။ အရက်တွေ ဘာတွေ လျှော့ပါကွယ်"

"စိတ်ချပါ - အမေရယ်၊ ကျွန်တော် အရက်မသောက်တော့ပါဘူး"

မိခင်အား စိတ်မပူရန် ပြောဆိုပြီး နောက် ထွန်းဝေသည် ခရီးထွက်ခဲ့လေ တော့သည်။ ထွန်းဝေ ခရီးထွက်လာ သည်မှာ အခြားဒေသသို့ မဟုတ်ဘဲ ကြိုင်းတောင်သို့ ထွက်လာခဲ့ခြင်း ဖြစ် သည်။ ထိုကြိုင်းတောင်တွင် ဘုန်းကြီး ကျောင်းပေါင်း နှစ်ဆယ်ကျော်ခန့် ရှိလေ သည်။

တချို့က ထိုတောင်သည် ဝိဇ္ဇာတို့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့ သွားလာရာ ဒေသမွေတောင်ဟု တင်စားကြလေ၏။ မိမိအတွက် သေရမည်ဆိုလျှင်လည်း ဒီလိုနေရာမျိုးတွင် သေတော့မည်ဟု ဆုံး ဖြတ်၍ ထွက်လာခဲ့ခြင်း ဖြစ်ပေတော့ သည်။

❋





www.burmeseclassic.com

www.burmeseclassic.com

ကြိုင်းတောင်တောင်ခြေအဝင်တွင် ထွန်းဝေနှင့်သိသော ဦးသံလုံးအား တွေ့ရလေသည်။ ဦးသံလုံးမှာ ကျောင်းအတွက် ဈေးပစ္စည်းများဝယ်ရင်းဖြင့် ထွန်းဝေနှင့် ခင်မင်နေကြခြင်း ဖြစ်လေသည်။ ဘုန်းကြီးကျောင်း၏ဝေယျာဝစ္စကိုလည်းလုပ်ကိုင်ပေးရသော ဦးသံလုံးသည် ကျောင်းအောက် မီးဖိုထဲ၌သာ နေထိုင်လေသည်။

ဦးသံလုံးက ထွန်းဝေအား ...

"လာပေ့ - မောင်ထွန်းဝေ၊ ဒီတစ်ခါတော့ ငါ တောင်ကြီးက တစ်ရာယ်ပဲ အလည်လာတာပဲကွ၊ ဟိုအရင်တုန်းကတော့ မအားလို့ပါ။ မအားလို့ပါနဲ့ အခုမှပဲ ရောက်လာတော့တယ်"

ဦးသံလုံးက စရီးဦးကြို ဆိုရင်း သူ၏ အခန်းလေးထဲသို့ ဦးဆောင်၍ ခေါ်သွားလေသည်။

"ထိုင်ကွာ - ငါ ရေနွေးကျိုလိုက်ဦးမယ်"

"ကျွန်တော့်အတွက် ဆိုရင်တော့ မလုပ်ပါနဲ့ဗျာ၊ နေပါစေ"

ဦးသံလုံးသည် ထွန်းဝေ၏ အနားတွင် ဝင်ထိုင်ရင်း ...

"ကဲ - မင်း ဘာလုပ်ချင်တာလဲ၊ ငါ ဘာအကူအညီပေးရမလဲပြော"

ခြောက်လနှင့်တကြားဖြင့် အသံကုန်အော်ဟစ်နေသည့် ထွန်းဝေအား မီးခိုးငွေ့များက အတင်းဆွဲခေါ်နေ၏။ အတွေရောက်နေသော ထွန်းဝေအား တယ်မည့်သူမရှိပေ။ ထိုစဉ် ဒေါ်မြရီနှင့် လှလှရီတို့ မောင်နှမသည် ထွန်းဝေအား ပြုံး၍ ကြည့်နေကြလေရာ ထွန်းဝေသည် အားကိုးတကြီးဖြင့် မိခင်ကြီးအား ...





"ကျွန်တော် - ကိုရင်ကြီး ဝတ်ချင်တယ် ဦးလေး"

"ဟေ - မင်းဟာက အဆန်းပါလား ကွ၊ ဘာလဲ - ရည်းစားက ထားခဲ့လို့လား"

"မဟုတ်ပါဘူးဗျာ - ကျွန်တော် စိတ်ညစ်လွန်းလို့ပါ"

"ဟား - ဟား - ဘာစိတ်ညစ်စရာပဲ ရှိရှိ ကြိုင်းတောင်ကို ရောက်လာပြီး ဆရာဒီက သံလုံးနဲ့တွေ့ရင် ပျော်သွားစေရမယ်၊ ဒီမယ်ကွဲ့ - မောင်ထွန်းဝေရဲ့ မင်းမှာ ကောင်းဆိုးဝါးစီးနေပြီကွ၊ နားလည်လား"

"ဗျာ - ကျွန် - ကျွန်တော့်မှာ ကောင်းဆိုးဝါး ကပ်နေတယ်လို့ ဆိုလိုတာလား - ဦးလေး"

"အေး - ဟုတ်တယ်၊ မင်းရဲ့မျက်နှာမှာ ကောင်းဆိုးဝါးရဲ့အရိပ်အငွေ့တွေ တွေ့နေရတယ်"

ထွန်းဝေသည် ဘာမှပြန်မပြောဘဲ ငြိမ်၍ နားထောင်နေ၏။

ဦးသံလုံးက ...

"မင်း ဘာမှမပူပါနဲ့၊ အခု အချိန်မီသေးတယ်"

"ဦးလေးက ကူညီမှာလား"

"ငါကတော့ ကူညီမှာပါ။ ဒါပေမဲ့ - အရေးကြီးတာက"

"ဘာလိုတာလဲ - ဦးလေး၊ လိုတာရှိရင် ပြောပါ"

"ပစ္စည်းကို အရင်တွေ့အောင်ရှာမှ ဖြစ်မယ်ကွ - မောင်ထွန်းဝေရ"

ထွန်းဝေသည် စိတ်ဓာတ်ကျသွားသည့်အလား ခေါင်းငိုက်စိုက်ကျသွားကာ ...

"ကျွန်တော်လည်း အဲဒီအရုပ်ကိုရှာနေတာပဲ၊ ဒါပေမဲ့ - လုံးဝမတွေ့ဘူး ဖြစ်နေတယ် ဦးလေး"

ဦးသံလုံးသည် ကျောက်သင်ပုန်းသေးသေးလေးကို ဟိုခြစ်လိုက် ဒီခြစ်လိုက် လုပ်နေသည်။ ခဏကြာတော့ ...

ဦးသံလုံးသည် ကျောက်သင်ပုန်းကို ဘေးသို့ချထားလိုက်ပြီး ကွမ်းအစ်ကိုဆွဲယူ၍ ကွမ်းယာရင်း ...

"ငါ - ဒီလောကထဲကိုဝင်ပြီး လေ့လာခဲ့တာ မင်းတစ်သက်လောက်တော့ ရှိပြီပေါ့ကွာ"

ထွန်းဝေသည် နားမလည်ဟန်ဖြင့် ...

"ကျွန်တော့်ကို နားလည်အောင် ပြောပြပါ - ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com

ဦးသံလုံးသည် ကွမ်းယာကို ဝါးနေရင်း…

"ဒီလိုကွဲ့ - ငါ ငယ်ငယ်တုန်းက အတော်ကို စိတ်မြန်လက်မြန်ရှိတာ ငါတို့ရဲ့ဘုန်းကြီးက ဆေးဝါးဗေဒင် မန္တန် အင်္ဂါရုပ်ဖတ် ခြေရာကောက် အစရှိတဲ့ လောကီပညာတွေကို ငါ့ကို သင်ပေးခဲ့တာ ငယ်ရွယ်တဲ့ အချိန်တုန်းကတော့ အရပ်တကာ နယ်တကာကို လှည့်လည်သွားလာပြီး ပညာစွမ်းတွေပြခဲ့တာပေါ့၊ အင်း - အခုတော့ အသက်ကလေးက ရလာတော့ အေးအေးချမ်းချမ်းပဲ နေချင်တော့တာ"

ထွန်းဝေက…

"ကျွန်တော်ဟာ မကောင်းဆိုးဝါးနဲ့ ဝတ်သက်ဆက်နွှယ်နေတယ် ဆိုတာ ဦးလေး ဘယ်လိုများ သိတာလဲဟင်"

"ငါတို့က နှစ်တွေ အများကြီး လေ့ကျင့်ခဲ့ရတာ မင်း အနေအထားကို လူချင်းစကားပြောကြည့်လိုက်တာနဲ့ သိနေပြီးသားပဲ၊ ကဲ - မင်းကို ငါတစ်ခုမေးမယ်၊ မင်း မှန်မှန်ဖြေ"

"ဟုတ်ကဲ့ - မေးပါ"

"မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဟို - ဟို"

"ဘာဖြစ်လဲ - ရဲရဲပြောစမ်းပါ ကြောက်စရာ မလိုပါဘူး"

"အဲဒီမကောင်းဆိုးဝါးတစ္ဆေညီမကြောင့် ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက် သေသွားခဲ့ပြီ၊ ဒီတစ်ခါ ကျွန်တော့်အလှည့်ရောက်တော့မယ်ထင်လို့ ကြောက်တာနဲ့…"

"တစ္ဆေကြောက်တာနဲ့ပဲ ဘုန်းကြီးဝတ်ဖို့ စဉ်းစားမိတာပေါ့၊ ဟုတ်စ၊ ဟား - ဟား - ဟား"

ဦးသံလုံးမှာ သဘောကျစွာ ရယ်မောနေသည်၊ ထွန်းဝေလည်း ဘာပြန်ပြောရမှန်းမသိတော့၍ ခေါင်းငုံ့နေ၏။

ဦးသံလုံးက…

"ဒါက - လွယ်ပါတယ်ကွာ၊ အဲဒီ အရုပ်ကို သူ့နေရာသူ ပြန်ထားလိုက်ရင် ပြီးသွားပြီ၊ ဘာခက်တာမှတ်လို့"

"ခက်တာက အရုပ်ပျောက်နေတာပဲ ဦးလေး၊ ရှာလို့မတွေ့ဘူး"

"မပျောက်ပါဘူး၊ အရုပ်မတွေ့ နှင့် ရုပ်လုံး မင်းရဲ့ကားထဲက အံဝှက်ထဲမှာ ရှိပါတယ်၊ ဘာမှပူမနေနဲ့၊ အဲဒီဟာတွေ မင်း မိသားစုကို လုံးဝအန္တရာယ် မပေးစေရဘူး"

ဦးသံလုံး၏စကားကြောင့်အင်အားများပြန်လည်ပြည့်လာသလိုခံစားလိုက်ရလေတော့သည်။

❋

ထွန်းဝေနှင့်ဦးသံလုံးတို့သည် ကားမြင်ရုံသို့ ရောက်လာသည်နှင့် ကားဝပ်ရှော့ ဆရာက…

"ဟ - မောင်ထွန်းဝေ မင်း ရောက်လာတာနဲ့အတော်ပဲ၊ မင်းကားကို ကာရိန်းနဲ့ဖြစ်ဖြစ်၊ တခြားကားနဲ့ဖြစ်ဖြစ် ဆွဲသွားပါတော့ကွာ"

ထွန်းဝေက နားမလည်ချင်ယောင်ဆောင်၍…

"ဘာဖြစ်လို့လဲ - အစ်ကိုရ"

"ဘာဖြစ်ရမှာလဲကွာ၊ မင်း ကား ရောက်တဲ့နေ့ကစပြီး ကောင်းကောင်းတို့ မအိပ်ရဘူး၊ အဲဒီကားထဲမှာ တစ်ခုခုတော့ ရှိတယ်ကွ"

အလုပ်သမားကောင်လေး တစ်ယောက်တလည်း…

"ကျွန်တော်တို့လည်းအဲဒီကားနားတို့ မကပ်ရဲဘူး၊ အနားကပ်သွားတာနဲ့ အမှုပ်နံ့တွေတအားနံ့ပြီးအသံတွေကြားကြားနေရတယ်"

ထွန်းဝေက ဦးသံလုံးအား ကြည့်လိုက်သည်၊ ဦးသံလုံးကာဘာမျှပြောမနေတော့ဘဲ ကားပေါ်သို့ တက်သွားလေတော့သည်၊

ထွန်းဝေလည်း နောက်မှကပ်၍ လိုက်သွားလေသည်၊ ဦးသံလုံးက ထွန်းဝေအား…

"မင်းရဲ့ကားထဲမှာရှိတဲ့အံဝှက်တွေ မှန်သမျှ အကုန်ဖွင့်ရှာပေတော့ကွာ၊ ငါ ထိုင်စောင့်နေမယ်"

ဟု ဆိုလေသည်၊ ထို့နောက် ထွန်းဝေလည်း ကားအနှံ့သို့ ရှာဖွေရာ ရှေ့အခန်း (ရှ်)ဘုတ်ရှိ အံဝှက်အတွင်းမှ ပျောက်ဆုံးနေသော အရုပ်ကလေးကို တွေ့သွားလေတော့သည်၊

"ဟာ - တွေ့ပြီ"

အားရဝမ်းသာဖြင့် ထွန်းဝေ အော်လိုက်လေသည်၊ ထို့နောက်အရုပ်မလေးကို ဦးသံလုံးအား ပေးလိုက်လေသည်၊

ဦးသံလုံးကရင်းအရုပ်ကလေးအား ငွေကြုတ်ကလေးထဲသို့ ထည့်၍ သိမ်းလိုက်ပြီး ထွန်းဝေအား…

"ကဲ - ဒီနေ့ပဲ အဲဒီကို သွားရအောင် ဒီကိစ္စကို မြန်မြန်အဆုံးသတ်မှ ကောင်းမယ်ကွ"

"ဘယ်ကို ပြောတာလဲ - ဦးလေး"





www.burmeseclassic.com

www.burmeseclassic.com

"ဟဲကောင်လေးရေ မင်းဒီအရပ်တွေ ရလာတဲ့ရွာကို သွားကြမယ်လို့ ပြောနေတာ"

"ဪ - သိပြီ - သိပြီ၊ သွားတာကတော့ ဟုတ်ပြီ၊ အခုက နေ့တစ်ဝက်ကျိုးနေပြီဆိုတော့ ဒီနေ့တော့ အချိန်မရှိဘူး ဦးလေး၊ မနက်ဖြန်မှပဲ စောစောထသွားကြတာပေါ့"

"တော်တော်ဝေးလို့လားကွ"

"ဝေးတာတော့ မဝေးပါဘူး၊ ဒါပေမဲ့ လမ်းပမ်းဆက်သွယ်ရေးက နည်းနည်းခက်တယ် ဦးလေးရဲ့၊ ဒါကြောင့် မနက်ကျမှပဲ ဆိုင်ကယ်ငှားပြီး သွားကြတာပေါ့"

ဦးသံလုံးက စဉ်းစားသလို လုပ်ပြီးမှ ခေါင်းညိတ်ကာ ...

ထွန်းဝေတို့သည် နံနက်စာ စားပြီးကတည်းက ဆိုင်ကယ်တစ်စီးကိုငှားပြီး နှစ်ယောက်အတူ ထွက်လာခဲ့ရာ ညနေ (၅)နာရီခန့် လောက်တွင် ကူရွာသို့ ရောက်လာကြလေသည်၊ ရွာ၏ အပြင်ဘက်တွင် လမ်းဘေးရေအိုးစင်နှင့် ဇရပ်တစ်ဆောင်ကိုတွေ့၍ ထွန်းဝေက ဆိုင်ကယ်ကို ရပ်၍ ...

"ရေသောက်ရင်း ခဏတော့ နားမှဖြစ်မယ်၊ ဦးလေးဆိုင်ကယ်က အင်ဂျင်ပူနေပြီ၊ ဆယ်မိနစ်လောက်နားရင် ရပါတယ်"

ဦးသံလုံးက ဆိုင်ကယ်ပေါ်မှ ဆင်း၍ ...

"ရောက်လုပြီလားကွ"

ဟု မေးလေသည်၊

"ရှေ့နားက ရွာပဲ ဦးလေး၊ မိနစ်နှစ်ဆယ်လောက် မောင်းလိုက်ရင် ရောက်ပါပြီ"

"ဪ - အေးအေး၊ နေ့မဝင်ခင် ရောက်မယ်ထင်ထားတာ ငါ ထင်တာ မှန်သားပဲကွ"

ထွန်းဝေနှင့် ဦးသံလုံးတို့သည် ရေသောက်ပြီးနောက် ဇရပ်ပေါ်၌ နားနေကြလေသည်၊

"ရွာက တော်တော်ကျယ်တာ ဦးလေးရဲ့၊ နောက်ပြီး ညဘက်ကြီး ရောက်သွားတာဆိုတော့ ဟိုအိမ်ကို မှတ်မိပါဦးမလားတောင် မသိဘူး"

"ကိစ္စမရှိပါဘူးကွာ၊ ရွာဆိုတာမျိုးက မြို့နဲ့ မတူဘူးကွ၊ ဘယ်လောက်ပဲ ကျယ်ကျယ် တစ်ယောက်ကို မေးလိုက်ရင် တစ်ရွာလုံးကို သိရတယ်"

ထွန်းဝေက စဉ်းစားနေပြီ ဦးသံလုံးအား ...



"ဟိုကျရင် ရွာကလူတွေနဲ့ စကားများစရာတော့ မလုပ်ပါနဲ့နော်၊ တော်ကြာ ဒိုင်းအရိုက်ခံနေရလို့ ပြေးပေါက်မရှိ ဖြစ်နေဦးမယ်"

ထွန်းဝေ၏စကားကြောင့် ဦးသံလုံးမှာ အားရစွာရယ်မောနေပြီး ...

"အမလေး - ထွန်းဝေရယ်၊ စိတ်ချ ဒါ - ငါကတော့ စပြီးပြဿနာမရှာပါဘူး၊ အဲ - သူတို့က ရှာရင်လည်း ငါ ကြည့်ရှင်းတတ်ပါတယ်"

စကားအဆုံးတွင် နှစ်ယောက်သား ခရီးဆက်၍ ထွက်ခဲ့ကြပြန်၏၊ ဤသို့ဖြင့် ထွန်းဝေတို့သည် အင်မတန်မှပင် ဆိုးဝါးလှသော လမ်းဆိုးကြီးထဲတွင် ဖုန်အထောင်းထောင်းနှင့် ခက်ခဲပင်ပန်းစွာ သွားလာနေရလေသည်၊ ထိုလမ်းမှာ အသုံးပြုခြင်း နည်းပါးသည်ဖြစ်၍ ရွာစဉ်ရွာဆက်ပြတ်သလို လူသွားလူလာလည်း မရှိပေ၊

နာရီဝက်ခန့်ကြာသော် ဦးသံလုံးက ဆိုင်ကယ်အနောက်မှနေ၍ ထွန်းဝေအား လက်တို့၍ ...

"မောင်ထွန်းဝေရေ - တို့တော့ လမ်းမှားနေပြီကွ၊ ခဏရပ်ဦး ..."

ဦးသံလုံးစကားကြောင့် ထွန်းဝေသည် ဆိုင်ကယ်ကို ရပ်လိုက်၏၊ ထို့နောက် ဘေးပတ်ဝန်းကျင်ကို အကဲခတ်၍ ...

"ဟုတ်လောက်တယ် - ဦးလေး အရင်တစ်ခါ လာတုန်းက ဒီနားက သစ် ... ငုတ်တိုတွေ၊ မီးလောင်ပြင်တွေနဲ့ ဘုရား ... ပျက်တွေ မရှိဘူးဗျ"

"နေကလည်း ဝင်သွားပြီကွ၊ ခဏ ... နားရအောင်ကွာ၊ ပြီးမှ တို့တစ်တွေ ... ဘယ်နားမှာ လမ်းမှားသွားလဲဆိုတာ ... စဉ်းစားရအောင်"

နှစ်ယောက်သား လမ်းဘေးရှိ သစ် ... ပင်ရိပ်အောက်တွင် ထိုင်လိုက်ကြ၏၊ ဤ ... တွင် ...

"ခလောက်လောက် - ဂလောက် ... လောက်"

"ချလွင် - ချလွင်"

မျက်နှာချင်းဆိုင်မှ နွားလှည်းတစ် ... စီး မောင်းလာသည်ကို မထင်မရှားတွေ့ ... လိုက်ရလေသည်၊

ထွန်းဝေက ထ၍ ...

"ဦးလေး ဟိုမှာ လှည်းတစ်စီး လာ ... နေတာတွေ့ရပြီ၊ ကျွန်တော် မေးလိုက် ... ဦးမယ်"

ထွန်းဝေသည် အနားသို့ ရောက် ... လာသော လှည်းဆီသို့ ကြည့်လိုက် ... သည်၊ လှည်းပေါ်တွင် အသားမည်း ...

www.burmeseclassic.com

ခေါင်းတုံးပြောင်နေသော လူကြီးတစ်ယောက်အား ခါတ်မီးရောင်ဖြင့် တွေ့လိုက်ရလေသည်။

"ဗျို့ - ဦးလေးကြီး၊ မရက် ရာကို ဘယ်လိုသွားရမလဲ ခင်ဗျာ၊ မျက်စိလည်နေလို့ ကူညီပါဦး"

ထိုအခါ လှည်းပေါ်မှ လူကြီးက အသံညြသြကြီးဖြင့် ...

"ဒီအတိုင်း တည့်တည့်ဆက်သွား ရှေ့နားမှာ တယ်ပင်ကြီးရှိတယ်၊ အဲဒီကျရင် ဘယ်ဘက်ထဲချိုးဝင်လိုက်၊ ရောက်ပြီ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ခင်ဗျား"

လမ်းသိရပြီဖြစ်၍ ထွန်းဝေသည် ဦးသံလုံးအား ...

"ကဲ - ဦးလေးရေ၊ လမ်းကတော့ ချပြီ၊ ဒါပေမဲ့ ဆိုင်ကယ်ကတော့ စီးလို့ရမှာမဟုတ်ဘူး။ တွန်းပြီး သွားရလိမ့်မယ်"

"အေးလေ - သွားကြတာပေါ့"

ဤသို့ဖြင့် ထွန်းဝေတို့နှစ်ယောက်သည် ဆိုင်ကယ်ကိုတွန်း၍လှည်းသမားကြီးညွှန်လိုက်သော လမ်းအတိုင်းဆက်၍ထွက်ခဲ့ကြပြန်လေသည်။

အတော်ခပ်လှမ်းလှမ်းမှ ခွေးအူသံ၊ နွားအော်သံများကို ကြားလိုက်ရ၍ ရွာအခြေနားသို့ရောက်လာပြီမှန်း သိလိုက်ရ၏။ ဦးသံလုံးသည် ထွန်းဝေအား ...

"မောင်ထွန်းဝေ - ရော့ - ရော့ - ဒါလေး ဆွဲထားစမ်း"

"ဘာကြီးလဲ - ဦးလေး"

"အန္တရာယ်ကင်းအဆောင်လက်ဖွဲ့ပါ"

တွေ့ပါပြီ - ရွာကြီးမှ အကြီးကြီးပင်ဖြစ်သည်၊ အိမ်ခြေတော်တော်များသည်ကို ခန့်မှန်းကြည့်မိသည်၊ ထွန်းဝေတို့ရွာထဲသို့ဝင်လိုက်သည်နှင့် လူတွေက မနစ်မြို့သလို မျက်လုံးတွေက စူးစူးရဲရဲဖြင့် ကြည့်ကြလေသည်၊

လူတွေ၏ အပြုအမူတွေက ထူးဆန်း၍ ထွန်းဝေ လန့်နေမိသည်။

*

ညအမှောင်ကပို၍နက်လာသည်နှင့်အမျှ ထွန်းဝေမှာလည်း ကြောက်ရွံ့လာ၏။ တွေ့သမျှသောလူတွေကလည်း ထွန်းဝေတို့အား ရန်လိုသော အပြုအမူများရှိနေ၍မိမိတို့တွေ့လိုသော သူ့ကိုရှာဖို့ခက်ခဲနေ၏။

ထွန်းဝေက ရွာလယ်ဇရပ်ကလေးအားတွေ့သည်နှင့်အားရဝမ်းသာစွာဖြင့် ဦးသံလုံးအား ...

"တွေ့ပြီ - ဦးလေး၊ ဒီဇရပ်ရဲ့အနောက်ဘက်က ဟိုပျဉ်ထောင်အိမ်ကြီးပဲ၊ မီးရောင်တော့ တွေ့နေရပြီ၊ အိမ်ရှင်တွေ မအိပ်လောက်သေးဘူး"

"မင်းဟာ သေချာလား"

"သေချာပါတယ် - ဦးလေးရဲ့၊ နာမည်တိုသာ မမေးမိလို့ မသိတာ၊ ကျန်တာကတော့ မှတ်မိပါတယ်"

ထို့နောက် ထွန်းဝေက အိမ်ရှေ့တွင်ရပ်လိုက်ပြီး ...

"အိမ်ရှင်တို့ - အိမ်ရှင်တို့"

ဟု အသံပြုလိုက်သည်နှင့် အိမ်အတွင်းမှ နေ၍ ...

"ဘယ်သူတွေလဲ - သွားကြ - သွားကြ ဒို့နေရာက မြန်မြန်ထွက်သွားကြ၊ မြန်မြန်သွားကြ"

အလွန်ပင်ဆိုးဝါး၍စူးရှသောအသံကြီးဖြင့်အော်ကာ အိမ်တံခါးများမှာ ဂျိုင်းဂျိုင်းပင် ပိတ်သွားကြလေသည်။

"ဖျောင်း - ဖျောင်း"

"ဝေါ - ဝေါ"

တစ်ဆက်တည်းမှာပင်ရုတ်တရက် လေပြင်းများတိုက်ခတ်လာလေတော့သည်၊ တစ်ရွာလုံး ဆူညံ၍ ပွက်လောရိုက်နေတော့၏။

"အူး ..."

"ဟီး - ဟီး - ဟီး - ဟီး"

"သွားကြ - သွားကြ"

"လူတွေ - လူတွေ - အသေသတ်ကြ တစ်ယောက်မှ မလွတ်စေနဲ့"

ကြောက်ခမန်းလိလိအသံနက်ကြီးများဖြင့် အော်ဟစ်၍အမိန့်ပေးနေသည်မှာ နလုံးသွေးပျက်မတတ်ပင်၊

ထွန်းဝေသည် တဆတ်ဆတ်တုန်နေရင်း ...

"ဦးလေး - ဘာတွေဖြစ်နေတာလဲ၊ တစ်ရွာလုံး မှောင်အတိကျပြီး ဘာမှလည်းမမြင်ရပါလား၊ ဓားပြတွေဝင်လာတာလား"

"ဘာမှ တွေးမနေနဲ့တော့၊ ရောက်တဲ့နေရာမှာပဲ ထိုင်လိုက်၊ မျက်လုံးကို မှိတ်ထား"

ထွန်းဝေလည်းဦးသံလုံးပြောသည့်အတိုင်း နေလိုက်၏။ နားထဲတွင် ပြေး





www.burmeseclassic.com

www.burmeseclassic.com

လွှားအော်ဟစ်နေသံများမှာ ကြားနေရဆဲဖြစ်သည်။

"နမောတဿ ...."

ဦးသံလုံး၏ နှုတ်မှ တရားစာရွတ်သံမှာ စတင်၍ ထွက်ပေါ်လာပြီး တစ်စတစ်စဖြင့် ရှင်းလင်းပြတ်သားစွာ ထွက်ပေါ်နေ၏။

အချိန်ကြာလာသည်နှင့်အမျှ ထွန်းဝေသည် မျက်ခွံများလေးလံပြီး အိပ်ချင်လာသည်။ နှုတ်မှ တတ်သမျှ၊ ရသမျှ ဘုရားရှိခိုးစာကို ရွတ်နေရင်း ငိုက်ခနဲကျသွားကာ ဘာမျှမသိတော့ပေ။

အိပ်မက်ထဲတွင် ဆံပင်ရှည်နှင့် မိန်းမပျိုလေးနှစ်ယောက်သည် အဝတ်ဆင်တူဝတ်၍ ထွန်းဝေအား ပြုံး၍ကြည့်နေကြပြီးလက်ပြနှုတ်ဆက်နေ၏။ မိန်းမပျိုတစ်ယောက်က ...

"ရှင်တို့က လက်မခံတော့လည်း ဘယ်တတ်နိုင်မှာလဲလေ။ ကျွန်မတို့ကတော့ နောက်ထပ်နေရာသစ်ကို ရှာရမှာပေါ့။ ရှင် ကံကောင်းသွားတယ်မှတ်ပါ။ ဟင်း - ဟင်း"

စကားဆုံးသည်နှင့် သူမတို့နှစ်ယောက်မှာ တဖြည်းဖြည်း မှေးမှိန်၍ ပျောက်ကွယ်သွားလေတော့သည်။

ထွန်းဝေကြည့်နေဆဲမှာပင် မီးနီးလုံးကြီးများသည် အရာအားလုံးကို ဖုံးလွှမ်းသွားလေရာ ထွန်းဝေ၏ခန္ဓာကိုယ်မှာ မီးခိုးငွေ့များနှင့်အတူ လေထဲ၌ လွင့်မျော၍ နေလေတော့သည်။

ထွန်းဝေ၏ ကြောက်စိတ်မှာ အထွတ်အထိပ်သို့ ရောက်သွားကာ —

"ကယ်ကြပါဦး - ကယ်ကြပါဦး"

ကြောက်လန့်တကြားဖြင့် အသံကုန် အော်ဟစ်နေသည့် ထွန်းဝေအား မီးခိုးငွေ့များက အတင်းဆွဲခေါ်နေ၏။

ဒုက္ခရောက်နေသော ထွန်းဝေအား ကယ်မည့်သူမရှိပေ။ ထိုစဉ် ဒေါ်မြရီနှင့် လှလှရီတို့ မောင်နှမသည် ထွန်းဝေအား ပြုံး၍ကြည့်နေကြလေရာ ထွန်းဝေသည် အားကိုးတကြီးဖြင့် မိခင်ကြီးအား ...

"အမေ - အမေ - ကျွန်တော့် ကို ကယ်ပါဦး။ ကျွန်တော် ကြောက်တယ် ကျွန်တော် ကြောက်တယ်။ အမေ - အမေ"

ရုတ်တရက် အေးစက်နေသော လက်ကြီးတစ်ဖက်က ထွန်းဝေအား လာ၍ဆွဲလေရာ ...

"အား - အမလေး၊ လုပ်ကြပါဦး။ သေတော့မှာပဲ၊ လွှတ် - လွှတ် - ကျုပ် မလိုက်ဘူး။ ကျုပ် - မလိုက်ဘူး။ မခေါ်နဲ့ မခေါ်နဲ့ - အား"

"ထွန်းဝေ - ထွန်းဝေ - ဟေ့ကောင် သ - ထ - မိုးလင်းနေပြီကွ။ ပြန်ရအောင်"

ဦးသံလုံးသည် ထွန်းဝေအား သူ၏ လက်ကြီးဖြင့် ပုတ်၍ နှိုးလိုက်သောကြောင့် လန့်၍ နိုးလာခဲ့လေသည်။

"ဟင် - ဒါ - ဒါ"

"အေးလေ - ဒါက ညတုန်းက ငါတို့ နေတဲ့ မရှုက်ဆိုတဲ့ ရွာကြီးပေါ့"

"ဟုတ်ရဲ့လား - ဦးလေးရယ်"

ထွန်းဝေသည် အံ့သြခြင်းများစွာဖြင့် ဘေးပတ်ဝန်းကျင်ကို ကြည့်နေမိသည်။ ယခုမိမိတို့ရောက်သောနေရာမှာ လူမနေတော့သည့် ရွာပျက်ဟောင်းကြီး၏ တွင်းပြင်ကြီးထဲတွင် ဖြစ်သည်။

"ကဲ - မေးစရာရှိရင်လည်းနောက်မှမေး။ အခုတော့ ငါတို့ ဒီနေရာကနေ အမြန်ဆုံးသွားကြရအောင်။ နေထွက်တာနဲ့ ပူတော့တာပဲ"

❋

စားပွဲခုံပေါ်သို့ ရေနွေးဗန်းချရင်း ဒေါ်မြရီက ...

"ရေနွေးလေး သုံးဆောင်ပါဦးရှင် အခုလို ကူညီတဲ့အတွက် တကယ် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကျွန်မ မိသားစုရဲ့အသက်ကို ကယ်တင်ပေး တာပါပဲ"

ဦးသံလုံးသည် ရေနွေးသောက် ရင်း ဒေါ်မြရီ၏မိသားစုကိုတစ်ဦးချင်း ကြည့်လိုက်ပြီး ...

"ရပါတယ်ဗျာ - အခုလို ဘယ်သူ ဘာမှမဖြစ်တာပဲ ကံကောင်းလှပါတယ် တကယ်တော့ သူတို့က လူကိုအန္တရာယ် ပေးရုံသက်သက် မဟုတ်ဘူး"

အားလုံးက ငြိမ်၍နားထောင်နေ ၏။ ဦးသံလုံးကပင် ဆက်၍ ...

"ပျက်သွားတဲ့ သူတို့ရဲ့ရွာကို ပြန် တည်ဆောက်ချင်ကြတာ"

လှလှရီက လေသံတိုးတိုးဖြင့် —

"သူတို့က ဘာတွေလဲ - ဘဘ၊ သ တွေလား၊ ဥစ္စာစောင့်တွေလား"

"သရဲလည်းမဟုတ်ဘူး။ ဥစ္စာစော လည်း မဟုတ်ဘူး။ သူတို့တွေက ဝ လောကနဲ့ ဝိညာဉ်ကြားက မတော် ဆိုးဝါး ရွာသူမတွေ"

"အဲဒီလိုလောကသားတွေ ရှိ ဆိုတာ ဒီတစ်ခါပဲ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ထွန်းဝေ၏စကားကြောင့်ဦးသံလုံး က…

"ဒီလိုလောကသားတွေဟာ အစုမှ မဟုတ်ဘူး ဘုရားရှင်လက်ထက်တော် တတည်းကရှိနေကြတာ။စိတ်အယူတွေ လွဲမှားပြီးအကုသိုလ်တွေများတဲ့လူတွေ ဟာ ပရလောကနဲ့ ဝိညာဉ်တွေကြားကို ရောက် သွားကြပြီး တရားသံ လည်း မကြားရ၊ ဘုရားရှင်လည်း မဖူးမြော်ရ၊ ကုသိုလ်ရှင်တွေရဲ့အမျှဝေသံတွေကို ကြားရဖို့ဆိုတာဝေးလို့ ဘယ်တော့မှ မကျွတ်မလွတ်တဲ့ ဒုက္ခဝဋ်ကြွေးတွေကို အမြဲတမ်း ခံစားနေကြရမှာကွဲ့"

ထွန်းဝေသည် ခေါင်းကို ညိတ်၍…

"အော် - မကောင်းတဲ့ အကုသိုလ် စိတ်ဟာ တကယ်ပဲ ကြောက်စရာ ကောင်းပါလား။ ဒါဆိုရင်တော့ အဲဒီရွာ က မကောင်းဆိုးဝါးမတွေဟာ ဘယ် တော့များမှ ကျွတ်မှာလဲ - ဦးလေးရယ်"

ဦးသံလုံးက လက်ကာပြ၍…

"မဟုတ်သေးဘူးကွ - မောင်ထွန်း ဝေရဲ၊အဲဒီမကောင်းဆိုးဝါးတွေက မရုက် ရွာက မဟုတ်ဘူး။ သူတို့က သစ်သပ် တွဲ့"

"ဗျာ - သူတို့က အဲဒီရွာက မဟုတ် ဘူးပေါ့"

"အေး - တကယ်ဆို အဲဒီမရုက်ရွာ လေးဟာလည်း မကောင်းဆိုးဝါးတွေရဲ့ စနက်ကြောင့် ပျက်စီးသွားခဲ့ရတာပဲ"

"ဩော် - ဒီလိုကိုး"

ထွန်းဝေသည် အစုမှ သဘော ပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ် ဖြင့် ရှိနေ၏။ ဒါတောင် မိမိမှာ ဘုမသိ ဘမသိဖြင့် မစဉ်းစားမဆင်ခြင်ဘဲ ထင် ရာတွေလုပ်ခဲ့မိ၍မိတ်ဆွေတစ်ယောက် ဆုံးရှုံးခဲ့ရလေသည်။

အခုတော့ အရာအားလုံး ပြီးဆုံး သွားပေပြီ။ အိမ်ဝိုင်းထဲတွင်လည်း သစ် ပင်ပန်းမန်များပြန်လည်၍ရှင်သန်ပေါက် ဖွားလာခဲ့လေရာ စိမ်းစိုတောက်ပနေပါ တော့သည်။

❋

မကွေးမြို့မှ အနောက်တည့်တည့် သို့ ပတောင်းလမ်းအတိုင်း သွားလျှင် ရောင်းတံတားနှင့် လေးမိုင်ခန့်ဝေး၏။ စကုမြို့ဘက်မှ သွားမည်ဆိုပါက ခုနစ်မိုင် ကျော်ခန့်ဝေးမည် ထင်ပါသည်။ လျှော်

…တောရွာကို မြောင်းပေါင်အတိုင်း …ခိုင်ခန့်သွားပြီး ထိုရွာမှတစ်ဆင့်မန် …ရွာကိုသွား၍ ရွာ၏ ရွာလယ်လမ်းမှ …ဘာဖြတ်ထွက်ပြီးသွားပါက ထိုမရုက် …သော ရွာဟောင်းပျက်ကလေးကို …နိုင်မည် ဖြစ်ပေသည်။

ယခုအချိန်ထိပင် ထိုရွာ၏ နေရာ …တွင်လူနေအိမ်ကလေးများတဲငယ် …များဖြင့် နေထိုင်သော သူများ ရှိနေ …သေးသည်။

ရွာကလေးမှာ အခြားသောရွာများ … ဆက်သွယ်၍ ရောင်းဝယ်ဖောက် …ခြင်း၊ ကုန်သွယ်သွားလာမှု နည်းပါး … တစ်ရွာလုံး စီးပွားရေးကျဆင်းနေ …လဝသ ဆိုးရွားစွာဖောက်ပြန်ခြင်း …ကြောင့် တစ်အိမ်ပြီးတစ်အိမ် စွန့်ခွာ …ခြင်းကို ခံရကာ ခြောက်ကပ်လာခဲ့ …သည်။

…ဘာကြောင့်မှန်းမသိပေမဲ့ အနီး …ဝန်းကျင်မှ ရွာတွေသည် စည်ပင် …ပြောသလောက် မရုက်ရွာလေးမှာ …ည်ဖြည်းဖြင့်ပျက်စီးလာခဲ့သလိုရွာ … ဖူတွေလည်း ရောဂါအမျိုးမျိုး…၍ …ကြေပျက်စီးကုန်ကြ၏။

မမြင်နိုင်သော ကံကြမ္မာက ဆိုးဝါး စွာပင် ရွာလေးအား ဖျက်စီးလိုက်လေ သည်။ မ.ဆ.လ ခေတ်ဖြစ်၍ လူတွေက အသိဉာဏ်မဲ့ မညာမဲ့ စဉ်းစားတွေးခေါ် နိုင်မှု နည်းပါးသော ဒေသတွေဖြစ်၍ ပျက်စီးမှုက လျင်မြန်စွာ ဖြစ်ပွားခဲ့လေ သည်။

ထွန်းဝေတို့ မိသားစုသည် ထိုကိစ္စ ဖြစ်ပွားပြီး သုံးနှစ်အကြာတွင် သူတို့၏ နေရပ်မှ ပြောင်းရွှေ့သွားကြသည်။ ထွန်း ဝေကတော့ တစ်ခါတစ်ရံတွင် ကြိုင်း တောင် ဘုရားပွဲသို့ တစ်နှစ်တစ်ခေါက် ရောက်ရောက်လာတတ်သည်ကို တွေ့ ရသေးသည်။

ဦးသံလုံးသည်လည်း အနောက် ရိုးမထဲသို့ တရားစခန်းဝင်သွားသည်ဟု သိရပြီး သေသည်လား၊ ရှင်သည်လား မသိရတော့ပါ။ တကယ်ဆိုလျှင်လောက ၌ ကိုယ်လိုသူလို လောကသားတွေဟာ ရောက်နေသော ဘဝတွေမှာ ရှင်သန်မှု အမျိုးမျိုးဖြင့် သွားလာလှုပ်ရှားနေကြရ သည်။

ထို အထဲ တွင် အယူ လွဲ မှားပြီး အကုသိုလ်စိတ်များသော သူများမှာ





www.burmeseclassic.com

www.burmeseclassic.com

သံသရာအဆက်ဆက် ဘဝအဆက်ဆက်တွင် ဗုဒ္ဓဘုရားရှင်ကိုလည်း မဖူးတွေ့ရ၊ ဘုရားရှင်၏ သာသနာတော်နှင့်လည်းမကြုံရဘဲဘဝအဆက်ဆက်တွ
ကြီးစွာသော ဒုက္ခဆင်းရဲခြင်းတို့ဖြင့်သ
ကျင်လည်နေကြရပေတော့သည်၊

သဇ္ဈေ အနိစ္စ သင်္ခါရ...

ဝင်းခိုင် (မကွေ

- မိမိလမ်းလျှောက်နေစဉ် ခွေးမစင်ပုံကိုနင်းမိပါက ငွေကြေးကိစ္စ အောင်မြင်မည်။
- မိမိ ကြွေးသွားတောင်းစဉ် လမ်း၌ သစ်ကိုင်းကျိုးကျလျှင် ကြွေးဆုံးတတ်ရုံသာမက မိမိအသက်ကိုပင် ဒုက္ခပေးတတ်သည်။
- မိမိအား အရှေ့မက မဖွယ်မရာပြသလျှင် ထိပေါက်တတ်သည်။
- ခေါင်းရင်းအိမ်က ယောကျ်ားသေပြီး ခြေရင်းအိမ်က မိန်းမသေလျှင် အလယ်အိမ်က ထိပေါက်တတ်သည်။




# မနုကျည်းငှက်နှင့် သက်ငပြား

မကွေးနေရာဇာ

www.burmeseclassic.com

www.burmeseclassic.com

မကွေးနေရာဇာ



# မန်ကျည်းငုတ်တိုနှင့် သရဲငပြူး

သုံးဆယ့်တစ်ဘုံ ပုထုဇဉ်တို့ ကျင်လည်လာခဲ့ကျ၍ ပါရမီကျင့်စဉ်တော်များ တရားဉာဏ်ရှင်ကိုယ်၌မြင်၍ ပါရမီအဟုန်နိဗ္ဗာန်သို့ ဝင်ရောက်ရှိ အေးငြိမ်းသွားကြရသလို အမိုက်တရားများနှင့် မိုက်မှားကြကာကံကြမ္မာမပြတ် သံသရာမှာ လည်ပတ်ကြ၍ အတ္တဆန်သော စွဲလမ်းမှုတို့ဖြင့် ကိုယ်တိုင်အပြုအမူတွေက မှား၍ ဘယ်သူမှမကယ်နိုင်တော့ဘဲ ငါတည်းဟူသော ဆန္ဒ မာနနှင့်အတူ ငါပိုင်သည်၊ ငါဆိုင်သည်။ ငါ့ပစ္စည်း ငါ့ဥစ္စာတွေနှင့် ငါ့ရွှေတွေ ငါ့ငွေတွေ အစွဲအလမ်း ကြီးစွာနှင့်ပင် တဏှာနွံအိုင်ကြီးထဲ သံသရာတရားများမေ့လျော့ကာနောင် ရစရာအိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဆိုက် ရောက်၍ ဘဝတွေ ပြောင်းတဲ့အခါ တော့ဒါန၊ သီလ၊ ဘာဝနာတို့နည်းပါး ဖြင့် အယူတွေတိမ်းပါးကာ အစိမ်းသ တစ္ဆေပြိတ္တာမကျွတ်နိုင်မလွတ်နိုင်တော ဘဲနှင့် လူ့ဘဝက သူပိုင်ခဲ့တဲ့လယ်တော

၏ကန်သင်းဆုံက မန်ကျည်းပင်ငုတ်တိုကြီးမှာ သရဲဘဝနှင့် နေထိုင်ရတာလေး တင်ပြလိုက်ပါသည်။

❋

အဖြစ်တွေကတော့ နှစ်ပေါင်း အတော်ကြာခဲ့ပြီလို့ပင် ဆိုပါတော့။ လေင်းမြို့နယ်၏အနောက်ဘက် သုံးမိုင် ကျော်ကျော်တွင် တမာတောရွာကလေး ရှိသည်။ ထိုဒေသတို့တွင် လယ်ယာများ ဆိုကိုသာ လုပ်ကိုင်သူတွေကများသည် ဆိုဆိုပါတော့။ ထိုသို့လယ်ယာ လုပ်ကိုင် သူတွေထဲတွင် ဦးပြူး၊ ဒေါ်မယ်လိုဆိုရင် တော့တမာတောရွာကလေးတွင်အချမ်း သာဆုံးလို့ လူသိများသည်။ လယ်ဧက သုံးဆယ် လုပ်ကိုင်နိုင်အောင် နှစ်ဖက် မိဘတွေဆီက အမွေရသလို ဦးပြူးတို့ လင်မယားကလည်း ကုပ်ကုပ်စပ် နှမြော တွန့်တိုသလို သူတို့ ရဲ့ပစ္စည်းမှ သူတို့ ပစ္စည်းဆိုသလို ထိန်းသိမ်းစောင့်ရှောက် ပြီး တစ်နှစ်ထက်တစ်နှစ် ပို၍ချမ်းသာ ချမယ်ဆိုတဲ့ လောဘဆန္ဒတွေကြောင့် ကျယ်ဝန်းလှတဲ့ခြံဝိုင်းကြီးထဲမှာ စပါးကျီ အန်းလျားကြီးကို ဆောက်ပြီးတော့ သယ်က ထွက်တဲ့စပါးများ၊ စပါးပေး အတိုးကရတဲ့စပါးများထည့်၍သိုလှောင် ပြီး ထားနိုင်တာကြောင့် တစ်နှစ်ထက် တစ်နှစ် ချမ်းသာလာတော့သည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးက ခန့်ညား သလို ရှေးက အိမ်ကြီးမို့ ရေနံဝနေတာ ကြောင့်အိမ်ကြီးကိုကြည့်လိုက်ရင်တော့ မည်းမည်းကြီးဖြစ်နေတော့သည်။ အိမ်ခြံ ဝိုင်းကြီးကို ကျယ်ဝန်းတာကြောင့် ဆီး ဆူးခက်တွေ အထပ်ထပ်ကာရံထား သလို အတွင်းမှာလည်း အလွန်ကိုက် တတ်တဲ့ ခွေးဆိုးများ မွေးထားပြီး နေ့ ဘက်တွင် သံ ကြိုးနှင့်ပင် ချည်နှောင် ထားရအောင် ဆိုးဆိုးဝါးဝါးကိုက်တတ် တဲ့ခွေးတွေမွေးထားသည်။ ထိုဦးပြူးတို့ အိမ်ကိုတော့ အကြောင်းမရှိကြပါက ဘယ်သူမှ အဝင် အထွက်မရှိကြတော့။ ဦးပြူးတူတွေတူမတွေကညဘက်ဆိုရင် လာရောက်အိပ်ကြတာတွေကြောင့် ည ဆိုရင်တော့လူများသလို၊နေ့ဆိုရင်တော့ တိတ်ဆိတ်နေသည်။

တမာတောရွာသည် အိမ်ခြေ ရှစ် ဆယ်ကျော် ရှိတာကြောင့် ရွာက လယ် သမားတို့သည်အကြောင်းကြောင်းတွေ ကြောင့်စပါးကို အတိုးနှင့်ယူကြ၍ငွေကို လည်း အတိုးဖြင့်ချေးယူကြသည်။

သည်လိုချေးယူကြတော့ ကိုပြူးတို့ ခွင်ပဲလေ၊အကြိုက်ပေါ့။ ယူလိုသူလာတ



www.burmeseclassic.com

www.burmeseclassic.com

သာယူ၊ တလင်းပြင်မှ စပါးနယ်ပြီးပြီဆို ရင်တော့ သူက လက်မတွန့်ကြေးပဲ၊ မှန်မှန်မပေးသူကတော့ နောက်မလာနဲ့တော့၊ ချေးယူသူဟာ အာမခံထားသူ ရှိရင်တော့ သူ့စပါးကျီထဲက စပါးလိုသလောက်ယူ၊ နယ်မြေကျေးရွာပေါက်ဈေးပဲ ဆိုပါတော့၊

ကျေးရွာလယ်သမားတွေကတော့ အသီးအနှံတွေ ကိုယ့်လယ်က ဘယ်လောက် စပါးထွက်တယ်ဆိုတာကို သိနေတော့အတိုင်းအဆတွေ သိနေတော့ စပါးမပေါ်ခင် သုံးချင် ဝယ်ချင်ကြတာကြောင့် စပါးဆယ်တောင်းယူရင် သုံးတောင်းတိုးဆိုတော့ ကြိုတင်စားကြရအောင်၊ ကြိုတ်ခွဲလို့ရအောင် စပါးတောင်းတိုးယူပြီးတော့ စပါးရိတ် စပါးနယ်ပြီးရင်တော့ ဦးပြူးဆီက ယူထားတဲ့ စပါးကြွေးကို ပြန်ပြီးဆပ်ကြသည်၊

ဦးပြူးက သားသမီးမရှိ လင်မယားနှစ်ယောက်ထဲသာရှိ၍ တူတွေ၊ တူမတွေ လယ်သူရင်းငှားတို့ဖြင့် လယ်လုပ်သည်၊ ယာနှမ်း စိုက်ပျိုးသည်၊ ယာခင်းထဲမှာ သနပ်ခါးပင်များ စိုက်ပျိုးထားပြီးတော့ သနပ်ခါးပင် လာဝယ်တဲ့ ကုန်သည်တွေ တို့ ရောင်းချသည်၊

ဦးပြူးက သူ့ရဲ့လယ်စပ်မှာ ငါးကန်တူးဖော်ထားပြီးတော့ ငါးပါမွေးထားနိုင်တာကြောင့် အဖက်ဖက်က ဝင်ငွေတွေ ရနေတော့သည်၊

ဦးပြူးက ရွာမှာ အသက်ကြီးရှယ်ဟာလည်း တစ်ဦးအပါအဝင် ဖြစ်ပေမဲ့ ကုသိုလ်ရေးတို့မှာတော့ ဘာမှပါဝင်မှုလုပ်တာကများသည်၊ သူနှင့် အသက်တမ်းတူတွေက ရွာထိပ်က ဘုရားကြီးမှာ ညစဉ် ဘုရားဝတ်တက် ကြသော်လည်း ဦးပြူးက ဦးပြူးရဲ့အိမ် အလုပ်တွေ ရှုပ်တာတွေအကြောင်းပြပြီး သူက ဘုရားဝတ်တက်ကိုမလိုက်တော့ဘဲ နေသည်၊ ကုသိုလ်ရေး နည်းပါသည် ဆိုပါတော့၊

ဦးပြူးအလုပ်ကတော့ညစဉ်စာရင်းစာအုပ်နှင့် တူတွေ၊ တူမတွေနှင့်ပင် ဘယ်သူ့ဆီက ဘယ်နေ့ ဘယ်လောက်ရမယ်၊ ဘယ်က ငွေဝင်မယ်၊ ဘယ်နေ့မှာ ဘယ်သူ စပါး ဘယ်နှစ်တောင်း ချေးယူတယ်ဆိုတာကို စာရင်းစာအုပ်ထဲမှာ ဦးပြူးက စာဖြင့် သေချာရေးမှတ်ထားလို့ သေချာအောင် ကိုယ်တိုင်ရေးထား လက်မှတ်ထိုးခိုင်းထားသည်။

ဦးပြူးက သူတို့မှာသားသမီးမထွန်းကားတာကြောင့် သူ့ညီမက မွေးထားတဲ့ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားကလေးနှစ်ယောက်တို့ကို ခေါ်ယူမွေးစား



ပြီး စလင်းမြို့အထက်တန်းကျောင်း ထားပေးထားတာကြောင့် အဖက် ကလူမှုရေးနယ်မယ်စီးပွားရေးနယ် ယ် လာဘ်မြင်သလို ဆွေမျိုးတွေ များ တွေကြောင့် သူ့ရဲ့ရပ်ရွာစီးပွားရေး မှာအနှောင့်အယှက် မရှိခဲ့ပေ၊ သူက ည်း ဆွေမျိုးတွေကို ခိုင်းလည်း ခိုင်း လိုပေးတာ ကြွေးတာတွေရှိတော့ လုပ်သမားတွေက မှန်မှန်လုပ်ကိုင် ကြသည်၊

နှောင်ကာလကြာလာသော် ဦးပြူး တော့ယခင်ကလိုမဟုတ်တော့ဘဲနှင့် အသက်က မြောက်ဆယ်ကျော်လာတာ ကြောင့် ရောဂါက ထူပြောလာခဲ့ရသလို တစ်နေ့တခြားပန်းနာရင်ကျပ်ရောဂါတ စွဲကပ်လာတာကြောင့် ကောင်းနိုးရာရာ ဆေးဝါးများလည်း မကယ်နိုင်တော့ဘဲ နှင့် ...

ကိုပြူးချောင်းဆိုးတာက တဟွတ်ဟွတ် နှင့်ပင် ချောင်းတစ်ခါဆိုးရင် အကြိမ်ပေါင်းများစွာ အသံတွေပျောက်အောင် ချောင်းဆိုးပြီးတော့ ခါးကုန်းနေရအောင် ခံနေရကာ ဟောဟဲဟောဟဲနဲ့ အမောဆို့နေပြန်သေးတော့သည်၊

တမာတောရွာက လူတွေဟာ ညအခါ မြို့ထဲကအပြန်မှာ လယ်တွင်းထဲက နွေအခါ ဖြတ်အပြန်မှာ မနက်ဖျည်းငုတ်တို လယ်ကွက်နားရောက်လာကြတဲ့အခါ မကောင်းတဲ့ နံ့အသက် ပုပ်ဟော်နံ့လာတတ်သလို လူတွေရဲ့ မနီးမဝေးက မြူးမြူးကြီး အရပ်ရှည်ကြီးနဲ့ ခပ်လှမ်းလှမ်းနောက်က လိုက်လာတတ်တာကြောင့် ...





www.burmeseclassic.com

www.burmeseclassic.com

ကိုပြူးတစ်ယောက်ရောဂါစွဲကပ်ပြီး (၂)နှစ်လောက်အကြာမှာတော့ချောင်းဆိုး၊ပန်းနာရင်ကျပ်ရောဂါနှင့်ပင်အေးမြတဲ့ဆောင်းလာရာသီမှာမအေးနိုင်မချမ်းနိုင်တော့ဘဲနှင့် ချောင်းတွေ တဟွတ်ဟွတ်ဆိုးရင်း အသက်ပါသွားခဲ့တော့သည်။

❋

ခုတော့ကိုပြူးတစ်ယောက်ဟာသူ ရှာဖွေထားခဲ့တဲ့ပစ္စည်းတွေ၊ပိုက်ဆံတွေ လယ်ယာမြေတွေဟာ ဘာတစ်ခုမှ ယူမသွားနိုင်တော့ပဲ ဝေဒနာဖိစီးပြီးတော့ လျှာထွက်၊ မျက်လုံးကြီးပြူးပြီးတော့ မျက်နှာကြီးက ဖူးရောင်ကာ အရုပ်ဆိုးအကျည်းတန်လှစွာနှင့် လူ့လောကကြီးကို ဝေဒနာနဲ့ နှုတ်ဆက်သေဆုံးသွားရခြင်းပင်။

ကိုပြူးတစ်ယောက် မရုံးမိက လောဘရမ္မက်တွေကြောင့် မောက်မာစွာ ပြောဆိုဆက်ဆံမှုတွေကြောင့် ဆွေမျိုး မိတ်သင်္ဂဟများက အဖက်လုပ် မဆက်ဆံတော့ဘဲနှင့်နေထိုင်လာခဲ့တာကြောင့် ဦးပြူးရဲ့အသုဘမှာ တူနှင့် တူမ

တို့က ဦးစီးပြီးတော့ ဆွေမျိုးညီကိုတို့ သာ လိုက်ပြီး အသုဘကို ပို့ကြသော် လည်း ကျန်ရှိတဲ့သူတွေကတော့ ဦးပြူး ဆက်ဆံရေးတွေ ကြောင့် သေတာ တောင် လိုက်ပို့သူမရှိ တော့။ တော သူဌေး ဦးပြူးဟာ ပစ္စည်း ဥစ္စာတွေ ချမ်း သာပေမယ့် သေဆုံးလို့သွားတဲ့အခါမှာ တော့ ခါးဝတ်ထားတဲ့ ပုဆိုးအစုတ်သာ သူ့မှာ ပါသွားတော့သည်။

"ဦးပြူး မိန်းမ ဒေါ်မယ်ဟာ ဦးပြူး အရင် (၂)နှစ်လောက်ကပင် သေဆုံး သွားခဲ့ပေရာ သားသမီးတွေလည်း မရှိ တာကြောင့် ဦးပြူးဇနီး ဒေါ်မယ်တို့ဟာ ရှိတဲ့ပစ္စည်းတွေကို မလှူရက် မစားရက် နှင့် နှစ်ယောက်စလုံး သေဆုံးသွားတဲ့ အခါမှာတော့ သူတို့ရှိတဲ့ပစ္စည်းတွေ ဆွေ မျိုးညီကိုမောင်နှမတွေက အမွေအဖြစ် ဝေခြမ်းယူလိုက်ကြတော့သည်။ ဦးပြူး တို့ လင်မယားအတွက်တော့ ဆွေမျိုး တွေက အလှူလုပ် အမျှအတန်းတွေ ဝေပေးမယ့်သူမရှိ။ ကျန်ခဲ့တဲ့ပစ္စည်း တော့ ဝေမျှယူလိုက်ခြင်းဖြစ်သည်။

ဦးပြူးမသေခင်က ဆွေမျိုးတွေနှင့် စကားမပြောချင်ဘူးဆိုတဲ့ ဦးပြူး တစ် ယောက် တမာတောရွာကလူတွေနဲ့

စကားမပြောချင်ဘူးဆိုတဲ့ ဦးပြူးတစ်ယောက်ဟာ သူ့မှာ ရှိတဲ့ပစ္စည်းတွေ၊ လယ်တွေ၊ယာတွေ၊ငွေတွေ၊ရွှေတွေက တော့ နိုင်တော့ဘဲနှင့် မစားရက် မသောက်ရက်မလှူရက်မကာမ်းရက်နှင့် အခါရတာရေးများက ဝါးမျိုခြင်းတို့ကို ခံရတဲ့အခါမှာတော့ သူ့မှာရှိခဲ့တဲ့ပစ္စည်း တွေဟာ ဘာတစ်ခုမှယူမသွားနိုင်တော့ ဘဲနှင့်သာ သေဆုံးခဲ့ရတော့သည်။

ဦးပြူး ရှိခဲ့စဉ်က သူ ခေါ်ကျွေးမွေး ထားတဲ့ တူမနှစ်ယောက်၊ တူက နှစ် ယောက်တို့က သူ ပိုင်ဆိုင်ခဲ့တဲ့ အိမ်ကြီး နှင့် လယ်ယာတွေကို ခွဲဝေယူလုပ်ကိုင် နေကြတော့သည်။

ငါးနှစ်လောက် အကြာမှာတော့ ယခင်ကဦးပြူးလယ်ကွက်၏ဘေးတော စပ်က မန်ကျည်းငုတ်တိုမှ သရဲမီးထွန်း ထယ်လို့ တမာတောရွာတွင် သတင်း ထွက်နေ၏။ တစ်ဆင့်စကား တစ်ဆင့် နားတို့ဖြင့် ရွာနှင့်မလှမ်းမကမ်း လှမ်းမြင် တွေ့နေတဲ့မန်ကျည်းပင်ငုတ်တိုအနီးက ယခင်က ဦးပြူးလုပ်ကိုင်ခဲ့တဲ့ လယ်၊ ခု တော့အနီးအနားကလယ်ကွက်အားလုံး တို့ဟာမောင်လှဟန်ကပိုင်ဆိုင်လုပ်ကိုင် နေလျက် ရှိသည်။ နွေအခါ မြို့ဈေးက ပြန်လာကြသူတွေဟာ ချုံတောစပ်က

မန်ကျည်းငုတ်တိုအနား ရောက်ကျရင် ဆိုးဝါးမကောင်းတဲ့အပုပ်နံ့တွေ ရကြ တာကြောင့် ဈေးကပြန်ရင် ဖြတ်လမ်း လယ်ကွက်ထဲကဖြတ်ပြန်လာခဲ့ကြတာ ကြောင့် သည်အနားရောက်ရင် အနံ့ဆိုး များ မရှုရှိုက်ကြရအောင် ခပ်မြန်မြန် လျှောက်လှမ်းကြသည်။ သည်မန်ကျည်း ငုတ်တိုကြီးက ညအခါမကြာမကြာ သရဲ မီးထွန်းတာကိုတောရွာဆိုတော့မိုးမှောင် ကျတဲ့ညတွေမှာ တစ်ခါတလေမှာ တမာ တောရွာ မြင်နေရတယ်လို့ ပြောကြ သည်။

ဦးပြူးခေါ်ယူမွေးစားထားတဲ့ မောင် လှဟန်က ခွဲဝေယူကြစဉ်က အမွေရရှိ ပြီးမောင်လှဟန်သည်မန်ကျည်းငုတ်တို ကြီးနားက လယ်ကွက်တွေကို လုပ်ကိုင် လာခဲ့ရာ ဘာမှ သည်တောစပ်မှာ မတွေ့ ရခဲ့သော်လည်း မောင်လှဟန်က လယ် ထွန်ရင်း ထမင်းစားတဲ့အခါ ပိုတဲ့ထမင်း ကျန် ဟင်းကျန် တို့ကို နောက် သလို ပြောင်သလိုနှင့်ပင် ရော့ဟော့ - ဘာ ကောင်ညာကောင် သည်မန်ကျည်းငုတ် တိုမှာရှိရင် စားဆိုပြီးတော့ သူ စားထား ပြီးတော့ စွန့်ပစ်လေ့ရှိခဲ့သည်။

သည်နောက်တော့ မောင်လှ တစ်ယောက်လယ်ကွက်ထဲကနံ့သင်



www.burmeseclassic.com

www.burmeseclassic.com

ဆုံမှာ လယ်တဲလေးထိုးထားပြီးတော့ လယ်ထွန်နားတဲ့အခါ နွားကျောင်းထားပြီးတော့ နေ့လယ်နေ့ခင်း တစ်ရေးအိပ်နေကျဆိုတော့ သည်နေ့လည်း လယ်ထွန် အနားယူတဲ့ အခါမှာ နေ့လယ်နေ့ခင်း နေပူတာတွေကြောင့် တစ်ရေးလယ်တဲပေါ်မှာ မောမောနှင့် တရေးအိပ်လိုက်တော့သည်။

"မောင်လှဟန် အိပ်ရာထက်တွင် အိပ်မောကျနေပြီး တစ္ဆေဦးပြူးသည် လယ်ကွက်ဘေးနားက မန်ကျည်းငုတ်တိုကြီးမှာ တစ္ဆေဘဝနဲ့ နေရရှာသည်။ မောင်လှဟန် - ဦးကြီးပြူးမှာအငတ်ငတ် အပြတ်ပြတ်နှင့် သည်မန်ကျည်းငုတ်တိုမှာနေရတာငါးနှစ်ကျော်လာခဲ့ပြီ။ အဲ့တာကြောင့် ဘကြီးပြူးကို မင်း ထမင်းစားတိုင်း နည်းနည်းပါးပါးလောက် ကျွေးခဲ့ပါကွာလို့ အိပ်မက်လိုလို၊ တကယ်လိုလိုဖြစ်နေချိန်မှာတစောင်းအိပ်နေတဲ့မောင်လှဟန်ရဲ့တင်ပါးကို ဖျတ်ခနဲ ပုတ်လိုက်သလိုဖြစ်သွားတာကြောင့်မောင်လှဟန်က အိပ်မက်လိုလိုအသံကြားနေရသလိုလို ဘကြီးပြူးကသည်မန်ကျည်းငုတ်တိုမှာ တစ္ဆေဖြစ်နေ ရသတဲ့။ ထမင်းစားတဲ့အခါလည်း နည်းနည်းပါးပါး ကျွေးခဲ့ပါ ပြောဆိုပြီး နေ့လယ်နေ့ခင်း မကြောက်ပေမဲ့ တောစပ်မှာရှိတဲ့ မန်ကျည်းပင်ငုတ်တိုကြီးကို လှမ်းကြည့် မိလိုက်သည်။

မောင်လှဟန်နှစ်စဉ်လယ်လုပ်ကိုင်လာခဲ့သလိုသည်နှစ်လည်းစပါးအထွက်ကောင်းအောင် ထွန်ယက်ထားတာကြောင့် မနေ့က တစ်နေ့လုံး နောက်နေ့နံနက်စောစောမှာ ကောက်စိုက်လယ်သူမတွေနဲ့ ချိန်းထားတာကြောင့် မောင်လှဟန်တစ်ယောက် ထွန်ရေးပြင်ထားတဲ့ လယ်တမန်းပြင်တွေကို နောက်နေ့မှာ ကောက်စိုက်သမတွေ အဆင်သင့်စိုက်ပျိုးပေးနိုင်အောင် တစ်ရက်ကြိုတင်ပြီးတော့ အသင့်ပျိုးနုတ်ထားတဲ့ ပျိုးဆုပ်တွေကို စိုက်ပျိုးရန် အသင့်ဖြစ်နေတဲ့ လယ်ကွက်တွေကို နုတ်ထားတဲ့ ပျိုးဆုပ်များကို ဝါးလုံးပေါ် တန်းစီတင်ထားပြီးတော့ ပခုံးနှင့် ထမ်းယူပြီး လယ်ကွက်တွေထဲ လိုက်ပစ်ထားလိုက်သည်။

သည်နေ့ နံနက်စောစောက စတင်၍မန်ကျည်းငုတ်တိုအနီးက လယ်ကွက်တွေကို ကောက်စိုက်ကြရန်အတွက် တမာတောရွာက ကောက်စိုက်သမများ အယောက်နှစ်ဆယ်တို့သည် မောင်လှဟန်ရဲ့လယ်ထဲမှာ နံနက်ခြောက်နာရီခွဲလောက်မှာ အားလုံးရောက်ရှိနေကြရာ မောင်လှဟန်က ကောက်ညှင်းငချိတ်ပေါင်းတို့ကို တောင်းတစ်တောင်းထဲမှာ ငပျောရွက်ခင်းထည့်ပြီး အားလုံးကောက်စိုက်သူမတွေ ရှေ့ကို ချကျွေးလိုက်လေသည်။ နမ်းထောင်းနှင့်ငချိတ်ပေါင်းတို့ကို ကောက်စိုက်ကြမည့် ကောက်စိုက်သူမတို့ဟာ တပျော်တပါး တဟားဟား ရယ်မောပျော်ရွှင်စွာ စားသောက်ကြပြီးတော့ အယောက်နှစ်ဆယ်ရှိတဲ့ ကောက်စိုက်သမများတို့သည်လယ်ကွက်ထဲက တမန်းပြင်ထက်မှာ ကောက်ပင်စိုက်နေကြရင်းဖြင့် ရယ်စရာပြောသူကပြော၊ သီချင်းဆိုသူကဆို၊ တဝါးဝါး တဟားဟားနှင့် ကောက်စိုက်သမတို့သည် ပင်ပန်းရမှန်းပင်မသိပျော်ရွှင်ကောင်းလှသည်။

တပျော်တပါးနှင့်ကောက်စိုက်သူမများတို့သည် နှစ်ယောက်စိုက်လယ်ကွက် သုံးကွက်စိုက်အပြီးမှာတော့ ခေတ္တခဏ အနားယူကြလို့ လယ်ကန်သင်းပေါ်မှာ အမောဖြေသူကဖြေ၊ ရေသောက် သူကသောက်၊ ဆေးလိပ်သောက် သူကသောက် ကွမ်းစားသူကစား ပျော်ရွှင်စရာတွေ ပြောသူကပြော၊ လယ်တောတစ်ခွင်မှာတော့ ရယ်မောသံတွေက လက်ပံပင်မှာ ဆက်ရက်ငှက်တွေမြည်ကြသလို ဆူညံပျော်ရွှင်နေကြသလို လယ်ကန်သင်းအဆုံမှာ ထိုင်နေကြတဲ့ ထဲက ကောက်စိုက်သမတစ်ယောက်ဖြစ်သူ အသက် (၂၅) နှစ်လောက်ရှိတဲ့ အမျိုးမလှမေတစ်ယောက်ဟာ အများနှင့်အတူတူ ထိုင်အနားယူရင်းကပင် တဟားဟား ရယ်ပြီးတော့ ကိုယ်ကို ဘယ်ညာယိမ်းပြီးတော့ ဆံပင်ဖားလျား လက်ကားယားနှင့် တဟီးဟီး အသံပြုတုန်ခါလာကာ ဘာမှုကပ်မှန်းမသိ ပူးလာတော့သည်။

အယောက်နှစ်ဆယ်လောက်ရှိတဲ့ ကောက်စိုက်သမတွေဝိုင်းအုံပြီးအသက်ကြီးသူ ဒေါ်မြမေက မလှမေရဲ့ခေါင်းက ဆံပင်ကိုစည်းနှောင်ထားပြီးတော့ ဘဲ - ခုလိုဝင်ပူးတာက သရဲလား၊ တစ္ဆေလား စုန်းလား၊ နတ်လား ဘာလဲဆိုတာ ပြော သိမှာဖြစ်တာကြောင့် ပြောသာပြော တို့ ကောက်စိုက်သမတွေ ကောက်စိုက် ကြတာ အပြောများ အဆိုများတွေ ရှိ သလား။ ဘာအနှောင့်အယှက်တွေ ရှိ သလဲ။ ပွင့်ပွင့်လင်းလင်းပြော၊ ဖြေဆည် ပေးနိုင်တာကို ပေးမယ်၊ တင်စရာ ရှိတာကိုတင်ပေးမယ်ပြော၊ ဒေါ်မြမေ စိတ် မရှည်ဟန်နှင့် မေးလိုက်ချိန် မှာ တော့ ...





www.burmeseclassic.com

www.burmeseclassic.com

မလှမေက လက်သီးနှစ်ဖက်ဆုပ် ခြေဆင်းထိုင်ပြီး ခြေထောက်နှစ်ဖက်က မြေကြီးကို တဒုန်းဒုန်းဆောင့်ရင်း ကိုယ်ကို ဘယ်ညာယိမ်းပြီးတော့ ...

"ဟော့ - အားလုံးသိအောင်ပြောချင်လို့ ငါလာတာဟော့၊ ငါ့ပစ္စည်းတွေ၊ ငါ့ရွှေတွေ၊ အိမ်တွေ၊ ငါ့လယ်တွေ၊ ငါကျွေးထားတဲ့ ဟာတွေက အကုန်ယူခဲ့ကြပြီးတော့ ငါ့ကိုကျတော့ ပစ်ပယ်ထားခဲ့ကြတယ်။ ငါသည်းခံလာတာ ကြာပြီဟော့၊ ငါ ဘယ်သူဆိုတာ နင်တို့ သိဖို့မလိုဘူး၊ လှဟန်သိတယ်၊ လှဟန်ပြောထားတယ်၊ ငါ ဘယ်သူဆိုတာ နင်တို့ သိတယ်ဟော့၊ လှဟန် - ငါ့ကို ကျွေးပါဦးဟ၊ ငါ သရဲကြီးပါ၊ ကျွေးကြပါဦးဟ ..."

အနားမှာ မတ်တတ်ရပ် နားထောင်နေတဲ့ မောင်လှဟန်က ခင်ဗျား သရဲကြီးဆိုရင်တော့ ကျုပ်က ကျွတ်လွတ်အောင် နေ့လပေါက်ရင်တော့ အလှူပြုလုပ်ပေးမယ်၊ အခု ကောက်စိုက်ပျက်မှာစိုးလို့ ခင်ဗျားသွားတော့ဟု ပြောလိုက်လေသည်။

အသက်လေးဆယ်လောက်ရှိတဲ့ ဒေါ်မြမေက ရေတစ်ခွက် ခပ်ယူပြီးတော့ သမ္ဗုဒ္ဓေ ဂါထာတော်၊ ဣတိပိ သော ဂါထာတော်များ ရေမှာမန်းပြီးတော့ ရေမန်းများကို ကောက်စိုက်သမ မလှမေရဲ့ ခေါင်းကို လောင်းချခြင်း၊ ရေမန်းများ တိုက်ပေးခြင်းများကြောင့် ဝင်ပူးကပ်နေတဲ့ တစ္ဆေကြီးဟာ ချက်ချင်းပင် ထွက်သွားတာကြောင့် တစ္ဆေပူးနေတဲ့ မလှမေဟာ မျက်လုံးကြီးအကြောင်သားနှင့် လူတကာကို မျက်နှာတွေစုံအောင် လိုက်ကြည့်နေပြီး အစ်မမြမေ ကျုပ်ကို ကယ်ပါဦး၊ ကျုပ် ဘာဖြစ်မှန်းမသိလို့ပါ၊ ခေါင်းထဲမှာ ခုန တုန်းက မူးနောက်နောက်ကြီး ဖြစ်သွားတယ်၊ ကျုပ်က ကြောက်လို့ပါ - အသားတောင် တုန်နေတယ်ဟု ပြောသည်။

"ဘာမှမဖြစ်တော့ဘူး မလှမေ၊ ခုန တုန်းက ညီမကို တစ္ဆေပူးနေတာ၊ နဲ့ ဘာမှ ကြောက်ဖို့မလိုတော့ဘူး၊ အားလုံးလည်း အမှောင်ပြေသွားကြပြီပဲ၊ ကဲ - တို့ ဆက်လက်ပြီးတော့ ကောက်စိုက်ကြတော့ မယ်၊ လာကြဟော့ - ဟိုဘက်က လယ်ကွင်းမှာ စိုက်ကြမယ်"

မောင်လှဟန်ကတော့ သရဲဖြစ်နေသူဟာ အမေ့ အစ်ကိုကြီး ဦးပြုံးဆိုတာကို သိနေတော့သည်။ ဦးကြီးပြုံးဟာ သူ့ ပစ္စည်း၊ သူ့ဥစ္စာတွေကို စွဲလမ်းပြီးတော့ သည်လယ်တောအ မန်ကျည်းငုတ်တို ကြီးမှာ သရဲဘဝနဲ့ နေရတာဆိုတာကို အခု ငါးနှစ်ကျော်မှ သိရတာကြောင့်

နှောင့်အယှက်တွေ ပေးမှာကိုတော့ ောင်လှဟန်တစ်ယောက် စိုးရိမ်နေ တော့သည်။

✻

တမာတောရွာက လူတွေဟာ ည ခါ မြို့ထဲကအပြန် လယ်ကွင်းထဲက အပြန်မှာ မန်ကျည်းငုတ်တို လယ် တ် နားရောက် လာကြတဲ့ အခါ ောင်းတဲ့ အနံ့အသက် ပုပ်စော်နံလာ တ်သလို လူတွေရဲ့ မနီးမဝေးက ဖြူဖြူ း အရပ်ရှည်ကြီးနဲ့ ခပ်လှမ်းလှမ်း ောက်က လိုက်လာတတ်တာကြောင့် အခါ တမာတောရွာကို သည်ဖြတ် ်က တစ်ယောက်တည်း ဖြတ်မလာ ကြတော့၊ မန်ကျည်းငုတ်တိုကြီးမှာ ော့ မြင်ကြရပေမဲ့ တကယ့်ကို တစ္ဆေ ရှိနေတယ်ဆိုတာကို တစ်ရွာလုံးက နေကြသည်။

တမာတောရွာက လူတွေက မန် ည်းငုတ်တိုကြီးမှာ တစ္ဆေပြူးရှိနေ း ညအခါ မြို့ကနေပြီးတော့ ရွာကို ်လမ်းက ပြန်ချင်ကြတာ၊ တစ် ာက်တည်း မပြန်ရဲကြတော့တာ ကြောင့် ရွာက ကိုမိုးညိုဆိုသူက မန် ကျည်းငုတ်တိုပိုင်ရှင် လယ်ပိုင်ရှင်မောင်လှဟန်ကို တိုင်ပင်ရတော့သည်။

"ဗျို့ - ကိုလှဟန်၊ ခဏလောက် တွေ့ချင်လို့ပါဗျာ"

"ဗျို့ - ရှိတယ်ဗျို့၊ ခြံထဲသာ ဝင်လာခဲ့ပါ၊ ဩော် - ကိုမိုးညိုပါလားဗျာ၊ အကြောင်းကိစ္စတွေ ထူးသလား၊ လာ - ထိုင် ရေနွေးသောက်၊ ဆေးလိပ် သောက်"

"ကိုလှဟန်ရယ် - ခင်ဗျားတို့ ကျွန်တော်တို့က တစ်ရွာတည်းနေ တစ်ရေတည်းသောက်ကြတဲ့ ညီကိုတွေဆိုလည်း မမှားကြဖို့ ကိုလှဟန် သဘောတူမယ်ဆိုရင်လည်းပေါ့ဗျာ၊ တိုင်ပင်စရာလေးတစ်ခုရှိလို့ ကျွန်တော် လာခဲ့တာပါ"

"ကိုမိုးညိုရေ - ခင်ဗျားတို့၊ ကျုပ်တို့ဆိုတာ ရွာမှာ အတူတူလက်တွဲလုပ်ကိုင်ရမဲ့သူတွေပါ၊ အကျိုးအကြောင်းလေးကို ပြောသာ ပြောပြပါဗျာ၊ ကောင်းတယ်ထင်ရင်လည်း အတူတူပဲ လက်တွဲကြတာပေါ့ဗျာနော်၊ ပြောသာပြောပါ"

"သည်လို - ကိုလှဟန်ရေ၊ အကြောင်းကတော့ဗျာ ကိုလှဟန်ရဲ့ ဦးလေးဦးပြုံးကိစ္စလေးပြောပြချင်လို့ပါ၊ ဆွေမျိုးအရင်းကြီးဆိုတော့ စိတ်ဆိုးမှာ





www.burmeseclassic.com

www.burmeseclassic.com

စိုးလို့ပါဗျား၊ ကျုပ်တို့ တမာတောရွာက ရွာသူရွာသားတွေ နေ့ကျရင် ဖြတ်လမ်း ကနီးတော့ ခင်ဗျားတို့၊ ကျုပ်တို့လယ်ထဲ က ဖြတ်ပြန်ဖြတ် သွားကြရာမှာ မန်ကျည်းငုတ်တိုက သရဲဖြစ်နေတဲ့ သူလည်းကျွတ်လွတ်သွားရအောင်ပေါ့ဗျာ။ ကောင်းမှုကုသိုလ်လေးများ လုပ်ပေးကြရင်ကောင်းမလားလို့လာတိုင်ပင်တာပါ။ တကယ်တော့ သူ့ကို ကျွန်တော်တို့က မနေနိုင်အောင်ရန်ရှာတာမဟုတ်ပါဘူး။ သူဒီဘဝကကောင်းရာကိုရောက်စေချင်လို့၊ အဲဒါ ခင်ဗျားနဲ့ လာတိုင်ပင်တာပါ။ ကြောက်စရာ လန့်စရာလေး ကင်းသွားတာပေါ့”

“ကောင်းလိုက်တဲ့ အစီအစဉ်တွေပါလား – ကိုမိုးညိုရာ၊ ကျွန်တော့်ဆွေမျိုးအတွက် ကောင်းတဲ့ကုသိုလ်တွေ လုပ်ပေးမှာပဲ၊ ကုန်ကျငွေတို့ကို ကျွန်တော် အကုန်အကျခံပါမယ်၊ ကိုမိုးညိုတို့ရဲ့အစီအစဉ်ကိုသာ ပြောပါ”

“ဒီလိုစကားတွေကြားရတော့ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့် အတွေးကတော့ ပထမလုပ်မဲ့အစီအစဉ်ပေါ့ဗျာ၊ ကျွန်တော်တို့က မန်ကျည်းငုတ်တိုမှာ ဆရာနဲ့ သူ့ကို နင်ထုတ်မယ်၊ နောက်ပြီးတော့ ဘုန်းတော်ကြီး ငါးပါး ပင့်ပြီးတော့

တရားအန္တရာယ်ကင်းတွေ နာယူ[…] မယ်၊ နောက်ဆုံး ဆောင်ရွက်ချက်[…] အဲဒီမန်ကျည်းငုတ်ကြီးကို ဖြာကျ[…] အောင် မီးရှို့ပစ်လိုက်ကြမယ်ဗျာ၊ […] များလည်းလယ်လုပ်ကိုင်ရတာတွေ[…] အန္တရာယ်ကင်းကင်းနဲ့လယ်လုပ်နိုင်[…] ထင်တယ်”

သိပ်ကောင်းတဲ့ အစီအစဉ်[…] ကိုမိုးညိုရာ၊ ခင်ဗျား ဘယ်တော့လော[…] လုပ်မယ်စိတ်ကူးထားသလဲ၊ ကုန်ကျ[…] အားလုံး ကျွန်တော့်သာ ပြောပါ၊

“ကိုလှဟန်ရေ – ခြောက်ခြော[…] သွေ့သွေ့ လယ်တောဆိုတော့ တပေ[…] လလောက်ဆိုရင် ကောင်းမလားလို့[…] ရွာက လူကြီးတွေလည်း တရားနာဖ[…] ပြီး ပယောဂဆရာကိုဘညွန့်ကိုလည်[…] ပင့်ဖိတ်ပြီးတော့မန်ကျည်းငုတ်တိုက[…] သင့်ရာနေရာ အပြောင်းနိုင်းလိုက်[…] ပေါ့ဗျာ၊

❋

တစ်နေ့တွင်တော့ဦးပြုံးတုမဖြစ်[…] မလှမြင့် ညက အိပ်မက်သည် အ[…] ကိုပင်ကြောက်စရာကောင်းအောင်[…] သည်၊ အိပ်မက်ထဲတွင် ဦးကြီးတော်[…] တဲ့ ဦးပြုံးက အရပ်ကြီးကမြင့်မားသ[…]



[…]နွားကိုယ်ကြီးက ဝဖိုင့်ဖိုင့်ကြီး အမွေးနီ[…]တွေက တစ်ကိုယ်လုံးပေါက်လို့၊ မျက်လုံး[…]က ပြူးပြီး ဆံပင်ရှည် ဖားလျားချထားပြီး […]ဒုတ္ထမတို့က ဦးလေးကို မေ့ထားကြတာ […]ကြီး ဦး ဘာမှ ရှာစားလို့မရဘူး၊ မစားရ[…]တာကများတယ်၊ သတိရတဲ့အခါလယ် […]သားက မန်ကျည်းငုတ်တိုမှာ စားစရာ […]ကျွေးပါဟု အိပ်မက်တွေ မက်တာ […]ကြောင့် ဈေးက ပြန်တဲ့အခါ ဖြတ်လမ်း […]ယ်ကွင်းက ပြန်လာတဲ့အခါမှာပော့ […]ည့်တောင် မကြည့်ရဲတော့ပေ၊

မန်ကျည်းငုတ်တိုကြီးက ရွာအရှေ့[…]တ် လယ်ကွင်းနားက ချုံတောစပ်မှာ […]နေသည်၊ ဦးပြုံးမသေခင်က မန်ကျည်း[…]ပင်ကြီးကို ပိုင်းဖြတ်ပြီးတော့ ထင်းအဖြစ် […]ပိုင်းပိုင်းဖြတ်သုံးခဲ့တာကြောင့် သုံးပေ […]နဲ့ လုံးပတ်စာရှိကြီးမားတဲ့ မန်ကျည်း[…]ငုတ်တိုကြီးဟာ ရွာမှာတော့ သရဲရှိ[…]ယ်ဆိုပြီးတော့ ထင်းမခုတ်ရဲကြပေ၊ […]ည်အတိုင်း ငုတ်တိုကြီးအဖြစ် ရှိနေ[…]တာဖြစ်သည်၊

ကိုမိုးညိုနဲ့ မောင်လှဟန်တို့ နှစ်[…]ယောက်တိုင်ပင်ကြကာ တပေါင်းလထဲ […]ရောက်လာတာကြောင့် ပယောဂဆရာ[…]ဆရာကြီးကိုဘညွန့်ကိုပင့်ဖိတ်ပြီးတော့ […]တော့ရွာတော်ရှင်ကိုလည်း ကန်

တော့ပွဲနှင့် တောင်းပန်ကန်တော့ပြီး ညနေစောင်းမှာတော့ ပင့်ဖိတ်ထားတဲ့ ရွာကလူကြီးများနှင့်တကွမန်ကျည်းငုတ်တိုကြီးအောက်မှာ ဆရာကိုဘညွန့်၊ သူ့ရဲ့ ပယောဂဆရာ အတတ်ပညာများနှင့် “သရဲငပြုံး – နင်နေတဲ့ နေရာက ရောက်အောင်ခုချက်ချင်းလာခဲ့စေ” ဆိုကာဂါထာများ မန်းမှုတ်ခေါ်လိုက်တာကြောင့် –

အားလုံး ရပ်ကြည့်နေကြတဲ့လူအုပ်ထဲက သရဲဖြစ်နေသည့် ဦးပြုံးရဲ့တူ လှဟန်သည် အားခနဲအော်လိုက်ပြီးတော့ မြက်တောထဲကို ဗုန်းခနဲ တစောင်းပစ်လှဲချလိုက်ကာ လက်တွေခါယမ်း ခေါင်းတွေတုန်လှုပ်ပြီးတော့ပော့ – ငါ့ကို ဘာလုပ်ကြတာလဲ၊ ငါဘာသာ ငါ မန်ကျည်းငုတ်တိုမှာနေတာ၊ ငါ သရဲငပြုံးဆိုတာ ငါပဲပေါ့” ဟု အူး – အူး – အူး – အော်နေတာကြောင့် ပယောဂဆရာကြီး ကိုဘညွန့်က အသင့်ရှိနေတဲ့ဖန်ခွက်ထဲက ရေမန်းနှင့် တစ်ကိုယ်လုံး တောက်လိုက်ရာ သရဲပူးကပ်နေတဲ့ မောင်လှဟန်က ပတ်လက်လှန်ပြီးတော့ တစ်ကိုယ်လုံးတုန်ခါနေစဉ်မှာ အနားမှာရှိနေတဲ့ မိုးညို၊ ချစ်ပန်း၊ ကျော်ထူး၊ သန်းလှ၊ သောင်းတင်၊ ဖိုစုတို့က မောင်လှဟန်ကို ပွေ့ထူကိုင်ထားဖက်ထားကြစဉ် …၊



www.burmeseclassic.com

www.burmeseclassic.com

ပယောဂဆရာကြီး ကိုဘညွှန့်က ဆေးများကို ဖန်ခွက်ထဲ ရေမန်းနှင့် ဖျော်လိုက်ပြီးတော သရဲပြေးပူးနေတဲ့ မောင်လှဟန်ရဲ့ခေါင်းကို ရေမန်းနှင့် တောက်လိုက်ရာ...

"အောင်မလေး - ပူလို့ပါ - ပူလို့ပါ၊ သေပါပြီ - ကြောက်ပါပြီ - ကြောက်ပါပြီ၊ အား - အား - အူး - အူး - သရဲ ပြေး ကြောက်ပါပြီ ပူလွန်းလို့ပါ၊ မလုပ်ကြပါနဲ့တော"

ပယောဂဆရာကြီး ကိုဘညွှန့်က...

"ပြေးသရဲ၊ နင်ကြောက်ရှင် ပူရင်တော့ သည်က မန်ကျည်းငုတ်တို့က သည်ည နောက်ဆုံးပဲ၊ သည်မန်ကျည်းငုတ်တိုမှာ မနေရဘူး၊ သည်မန်ကျည်းငုတ်တိုမှာ ဆက်နေရင်တော့ ပြေး နင့်ကို ဆေးမီးနဲ့ တိုက်မယ်၊ နင် နေထိုင်ဖို့ရာကို ရွာတော် ရှင် နတ်နန်းမှာ နင် တောင်းပြီးပြောင်းတော့" ဟု လက်က ဆေးရည်နှင့် တောက်လိုက်ရာ...

"အောင်မလေး - ပူလို့ပါ၊ ပူလွန်းလို့ပါ၊ သရဲပူးကပ်နေတဲ့ မောင်လှဟန် လယ်တွက်ပိုင်ရှင် မန်ကျည်းငုတ်ပိုင်ရှင်ဟာ မြေမှာ လှူးလိမ့်ပြီးတော့ ပြောင်းပါ့မယ်၊ ကျုပ် ပြောင်းပေးပါ့မယ်၊ ပူလို့ပါ ပူလွန်းလို့ပါ၊ ကျုပ် ပြောင်းပါ့မယ်၊ ကျုပ် မနေတော့ပါဘူး၊ ကျုပ် ကတိပေးပါတယ်၊ မနေတော့ပါဘူး၊ ကြောက်ပါပြီ မန်ကျည်းငုတ်တိုမှာ မနေတော့ပါဘူး၊ ဝေးရာသွားပါတော့မယ်၊ ကျုပ် ကြောက်ပါတယ် - ကြောက်ပါတယ် - တအားအော်ပြောနေလေတော့သည်။

"ကဲ - ဒါဆိုရင်တော့ မင်းကတိနဲ့ မင်း သည်တစ်ညပဲနေ၊ မနက်မိုးလင်းတာနဲ့ သည်မန်ကျည်းငုတ်တိုမှာ မနေရတော့ဘူး၊ ပြေး ငါ့အမိန့်နားထောင်၊ နားမထောင်ရင်တော့ ဆေးမီးတိုက်မယ်၊ ပြေး ဒီသစ်ငုတ်ကပြောင်း၊ မင်းဟာ ဒီတမာတောရွာက ပြေးဆိုတာကို လူတိုင်းက သိနေကြတယ်၊ ညှာတာတဲ့ အနေနဲ့ မင်း သည်ညစားဖို့အတွက် မန်ကျည်းငုတ်ပေါ်မှာ ထင်ထားခဲ့မယ်၊ အမဲသား၊ ဝက်သား၊ ကြက်သား၊ ဆိတ်သား အားလုံးစားပြီးတော့ ဝေးရာကို သွားတော့၊ နီးနီးမှာ မနေရဘူး၊ သွားရမယ်၊ သရဲပြေးသည် ရွာကလူတွေကိုလည်း ကလေးလူကြီး မူးအောင်ဝေအောင် မလုပ်-မလုပ်နဲ့၊ ငါ့အမိန့်ငါဆရာအမိန့်၊ ဘုရားအမိန့်၊ တရားအမိန့် သံဃာတော်အမိန့် တည်စေ၊ သည်တစ်ညတော့ မိုးလင်းတာနှင့် သည်မန်ကျည်းငုတ်က ဝေးရာပြောင်း၊ ရွာနှင့်ဝေးရာကို ပြောင်း၊



ပယောဂဆရာ ကိုဘညွှန့်က မန်ကျည်းငုတ်က ပြောင်းဖို့အမိန့်ပေးလိုက်ပြီး တုန်တုန်ယင်ယင်နှင့် ဖြစ်နေတဲ့ မောင်လှဟန်ကိုရေမန်းတစ်ခွက်တိုက်လိုက်တာကြောင့် ခြေဆင်းထိုင်နေတဲ့ မောင်လှဟန်တစ်ယောက် လူအုပ်မှ မတ်တတ်ထရပ်လိုက်တော့သည်။

ထို့နောက် တမာတောရွာက ယောကျာ်း၊ မိန်းမ အယောက်သုံးဆယ်လောက်တို့သည် လယ်ကွင်းပြင်ကြီးထဲက ပြတ်ပြီးတော့ ကိုယ့်အိမ်ကို အသီးသီး ပြန်ကြတော့သည်။

ည နှစ်ချက်ထိုးအချိန်လောက်အရောက်မှာတော့ မန်ကျည်းငုတ်တိုရှိတဲ့နေရာဆီက မီးလုံးကြီးများ ဆောက်တည်ရာမရ ဟိုပြေးသည်ပြေး ဖြစ်နေသလို မီးလုံးကြီးများမှာ မီးဖွားဖွားနှင့် ဓာရဲရဲ၊ ညမှောင်မှောင်မည်းမည်းထဲမှာ မီးလုံးကြီးတွေ တက်ဆင်းနေတာ အတော်ကြာအောင် တွေ့လိုက်ကြရတော့လေသည်။

နံနက်မိုးလင်းတဲ့အခါမှာတော့ ရွာသားများသည် စုပေါင်းကာပင့်ထားတဲ့ သံဃာတော်များနှင့် ဖိတ်ကြားထားသော ကျေးရွာက လူကြီးများတို့ဖြင့် ကျေးရွာနယ်နိမိတ်တွင်းမှာရှိတဲ့ မကျွတ်မလွတ်သေးတဲ့ သရဲတစ္ဆေပြိတ္တာများကို တရားနာဖိတ်ကြားပြီး အမျှအတန်း ဝေပေးလိုက်တော့သည်။

မေတ္တာမြဲ၍ လှံ့ပါစေ...

မကွေးနေရာဇာ

- မိမိ ခရီးသွားလာနေစဉ် မိန်းမချင်း ရန်ဖြစ်သည်ကိုတွေ့ပါက သွားရသောကိစ္စများ မအောင်မြင်တတ်ပါ။
- မိမိအား အရှုံးမဲက မဗွယ်မရာပြသလျှင် ထီပေါက်တတ်သည်။
- ခေါင်းရင်းအိမ်က ယောကျ်ားသေပြီး ခြေရင်းအိမ်က မိန်းမသေလျှင် အလယ်အိမ်က ထီပေါက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ပဟိုရ်ရဲစည် (စဥ့်ကိုင်)

# ငှက်မုဆိုးနှင့် လင်းယုန်တစ္ဆေ

၁၉၈၀ - ခု နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းပိတ်ခါစအချိန် ဖြစ်သည်။ ထိုနေ့က ကျွန်တော်နှင့် ကိုသက်ဦးတို့နှစ်ယောက် နံနက်လက်ဖက်ရည်သောက်ပြီး ငှက်ပစ်ထွက်လာသော အချိန်မှာ နံနက် ၈ နာရီသာသာမျှသာ ရှိသေး၏။ ကျွန်တော်တို့နှစ်ယောက်သည် ကိုသက်ဦးရဲ့ Humber စက်ဘီးကြီးကို နှစ်ယောက်အတူစီးကာ ဇီးတောမြောင်းမကြီးရဲ့မြောင်းပေါင်တစ်လျှောက် တစ်ယောက်လျှင် လေသေနတ်တစ်လက်စီလွယ်ပြီးငှက်ပစ်ထွက်လာခဲ့ကြပါသည်။

ကျွန်တော်က လက်စွဲတော်တရုတ်နီဘေးဆွဲ One Special လေသေနတ်ကြီးကို ကျောမှာလွယ်ရင်း စက်ဘီးနင်းလာခဲ့ပြီး ကိုသက်ဦးကတော့ သူ့ရဲ့ တရုတ်နီအောက်ဆွဲ One Special လေထိုးသေနတ်ကို ပေါင်ပေါ်မှာတင်ရင်း စက်ဘီးနောက်ခုံမှာ ထိုင်လိုက်လာခဲ့ပါသည်။ ကျွန်တော်၏ ဘေးဆွဲလေသေနတ်ကြီးမှာရှေးမူအတိုင်းစပရိန်အားဖြင့်ပစ်ရသော သေနတ်ဖြစ်ပြီးကိုသက်ဦး၏ အောက်ဆွဲလေသေနတ်ကြီးမှာ စပရိန်ပေါ်ရှိဘဲ လေအိုးတစ်လုံးနှင့် လေထိုးပါရှိသာပါရှိပြီး လေအားဖြင့်ပစ်ရသော လေသေနတ်ဖြစ်သည်။ လေအိုးအတွင်း လေတွန်းအားဖြင့်ပစ်စတ်ရသော သေနတ်ဖြစ်သော်လည်း လေထိုးလျှင် ထိုးသလို စပရိန်လေသေနတ်များထက် အားပိုသောလေသေနတ်ဖြစ်သည်။ သမန် ဆက်ရက်၊ ချိုးငှက်၊ ရှဥ့် စသည့်သားကောင်ငယ်များကိုလေသုံးချက်ခန့်ထိုး၍ပစ်လျှင်ကျသည်။ ဖျိုင်း၊ ကျီး၊ ဥဩ စသော အလတ်စားသတ္တဝါများကို လေးငါးချက်ခန့်လေတိုး၍ပစ်လျှင်ကား ပြုတ်ကျတတ်ပါသည်။ စွန်ရဲ၊ တိုက်သိမ်း၊ လင်းယုန်စသောငှက်ကြီးများကိုမူ ခြောက်ချက်၊ ခုနစ်ချက်ခန့် လေးထိုး၍ ပစ်လျှင် ရရှိပါသည်။

ကျွန်တော်တို့နှစ်ဦးသည် ဇီးတောမြောင်းအတိုင်းစဥ့်ကိုင်မှ ကျောက်ဆည်ဘက်သို့ စက်ဘီးကို ခပ်ဖြည်းဖြည်းနင်းနင်းဆန်တက်ခဲ့ကြပါသည်။ မြောင်းပေါင်ဘေးဝဲယာတွင် ကုက္ကိုပင်ကြီးများက တစ်ပင်နှင့်တစ်ပင် အရိပ်ချင်း ဆက်စပ်နေပြီး မြောင်းပေါင်လမ်းမှာလည်း သဲဖြူးထားသလို ညီညာပြန့်ပြူးနေပါသည်။ ကုက္ကိုပင်ကြီးများမှာ နှစ် (၁၀၀) ဝန်းကျင်ရှိနေပြီဖြစ်သောကြောင့်ပင်စည်လုံးပတ်များမှာ ယောက်ျားသုံးလေးဦး လက်ချင်းဆက်၍ ဖက်ရလောက်အောင် ကြီးမားပြီး အရိပ်အာဝါသ ကောင်းလွန်းလှပါသည်။ ထိုအပင်ကြီး များပေါ်တွင် ကျေးငှက်တိရစ္ဆာန်မျိုးစုံတို့မှာ ဘာသာဘာဝအတိုင်း တစ်ပင်မှ တစ်ပင် ကူး၍မြူးထူးပျော်ပါးကျက်စားနေကြသဖြင့် ကျွန်တော်တို့ အဖို့ သားကောင်မရမှာကို စိုးရိမ်ပူပန်စရာမလိုပေ။ ထိုသစ်ပင်ကြီးများမှာ ၁၉၈၈ မှ ၂၀၁၅ ခုနှစ် အတွင်း ပြောင်တလင်းခါအောင် ခုတ်ယူခြင်းခံလိုက်ရပြီး ယခုအခါ မြောင်းပေါင်လမ်းတစ်လျှောက် ထနောင်းပင်နှင့် ရှားပင်အချို့သာ ကျိုးတိုးကျဲတဲကျန်ရှိနေပြီး အရိပ်အာဝါသ ကင်းမဲ့နေပြီဖြစ်၏။ (စကားချပ်)

စဥ့်ကိုင်မြို့နယ်နိမိတ်က ကျော်လွန်လာသည်နှင့် တစ်ပြိုင်နက် သဘာဝတောတောင်ရေမြေတို့ရဲ့ အရသာကို စတင်ခံစားလာရပေသည်။ တပေါင်းလဖြစ်တာနဲ့အညီ ရွက်ဟောင်းတို့ကြွေပြီး ရွက်သစ်၊ ရွက်နု ပုရစ်ဖူးလေးများ အစိမ်းအရီနဲ့ အရောင်အသွေးစုံလင်စွာ တောလုံးအနှံ့ ရှုလေရာရာမှာ သာယာလှပလို့



www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ ပေါက်ပင်၊ စံပင်၊ လက်ပံပင်တို့ကလည်း ရဲရဲတွတ်တွတ်ဖူးပွင့်နေကြပြီး တမာပန်း၊ သရက်ပန်း စတဲ့ တောပန်းတောင်ပန်းရနံ့တွေကလည်း လေသင့်ရာ မွှေးလို့နေကြလေ၏။ ထိုထိုအပင်တိုင်းလိုလိုမှာလည်း ဆက်ရက်၊ သာလိကာ၊ ကတ္တဝါ၊ ချိုး၊ ဥဩ၊ ဇွေ၊ ဗွတ်ဖင်နီ၊ ရှဉ့်စသည့် ကျေးငှက်သာရကာများက တစ်ပင်မှတစ်ပင်ကူး၍ ဝတ်ရည်သောက်သုံးရင်း ဘာသာဘာဝ ဆူညံစွာ အော်ဟစ်ပျော်မြူးနေကြပေသည်။ "လက်ပံပင်ဆက်ရက်ကျသလို ဆူညံစွာ အော်ဟစ်နေသည်" ဟူသော စကားရပ်ကို လက်တွေ့သဘောပေါက်နားလည်ရင်း ထိုကျေးငှက်သာရကာတို့ကို မတွေ့မမြင်ရမီကပင် သူတို့တစ်တွေ၏ ဘာသာဘာဝ အော်မြည်သံများကို အဝေးမှပင် ကြားနေရပေသည်။

ရှဉ့်ညိုလေးများကလည်း တကျွိကျွိနှင့် စုတ်သံပေးလိုက်၊ ရန်သူကို သတိထားရန် တစ်သံပေးလိုက်နှင့် အသံပြုရင်းဟိုအပင်၊ သည်အပင်ခုန်ကာကူးကာ ပျော်မြူးနေကြပေသည်။ ဟိုးဝေးဝေးလယ်စောင့်တဲအဘေး ထနောင်းပင်ကြီးပေါ်မှ ချိုးငှက်မောင်နှံစုံကလည်း "တကူးကူးကူး" အသံပြုရင်း လွမ်းမောဖွယ်နွေဦးပန်းချီကားတစ်ချပ်ကို အသက်သွင်းနေသည်သို့ ရှိချေ၏။ နွေဦးငှက်ငယ်ဖြစ်သော ဥဩငှက်ငယ်များကလည်း ပင်ယံမြင့်ဖျားဆီမှ "ဥဩ-ဥဩ" ဟု နွေဂီတတေးသံကို ဖန်တီးဟစ်ကြွေးလျက်ရှိရာ ဟိုးအဝေးအရှေ့ဆီမှ တောင်ပြာတန်းကြီးများသည်ပင် လွမ်းမောမှုကြောင့် မှိုင်းညို့လျက် ရှိပေသည်။

စပါးစိုက်ပျိုးရန် ထယ်ထိုးပြီး ရေသွင်းထားသော တစ်မျှော်တစ်ခေါ်လယ်ကွင်းပြင်များမှာတော့ မယ်ညိုငှက်၊ စနိုက်ငှက်၊ တစ်တီတူးငှက်၊ ဗျိုင်းအောက်များ၊ ဝေသာလီဗျိုင်းများ၊ ငွေဗျိုင်းဖြူကြီးများ၊ ခရုစုတ်ငှက်ကြီးများ၊ ငှက်ကျားကြီးများ၊ ရေကြက်များကို သူ့အစုနှင့်သူ ကျက်စားလျက်ရှိနေသည်ကို တွေ့မြင်နေရပေသည်။ သို့သော် အဆိုပါငှက်များမှာ ရှောင်းမြောင်းပစ်ခတ်ရန်အတွက် အကာအကွယ်မဲ့သော အဝေးဆီမှ လယ်ကွင်းများတွင် သက်ဆင်းကျရောက်နေခြင်းဖြစ်ရာ ကျွန်တော်တို့တွင် ပါရှိသော လေသေနတ်များနှင့် ပစ်ခတ်ရန် သေနတ်တစ်ကမ်းအကွာအဝေးထက် ကျော်လွန်နေပေသည်။ ထိုငှက်များအား ပွိုင့်တူးတူး (၀.၂၂) သေနတ်တူမီးသေနတ်များဖြင့် ပစ်ခတ်မှသာ ရနိုင်ပေမည်။ အချို့ငှက်ခတ်သမားများမှာ ဝါးလုံးများ၊ တိုင်များဖြင့် ထောင်၍ပိုက်များကို အရပ်မျက်နှာ သုံးခုတွင် ထောင်ထားပြီး ကျန်တစ်ဖက်မှ ခြောက်လှန့်မောင်းထုတ်ပြီး ငှက်များ လန့်ပြီးထပျံအောင်ပြုလုပ်ကြသည်။ အလန့်တကြား ထပျံပြီးပိုက်များနှင့်ညိနေသော ငှက်များကို ဖမ်းယူ၍ ဈေးများတွင် ရောင်းချကြသည်။ ကျွန်တော်တို့ နှစ်ဦးမှာ စက်ဘီးစီးရင်း သန့်ရှင်းလတ်ဆတ်သောလေကိုရှူရှိုက်ကာ သဘာဝ တောတောင် ရေမြေအလှကို ခံစားလိုက်ရသဖြင့် နှစ်လ၊ သုံးလအခန်းအောင်းစာကျက်ကာ လွန်ခဲ့သော နှစ်ရက်ကမှ စာမေးပွဲကြီးဖြေဆိုပြီးသဖြင့် ပင်ပန်းနွမ်း နယ်မှုများမှာ ပျောက်ကွယ်သွားပြီး လန်းဆန်းတက်ကြွလာကြပါသည်။

ဤသို့ဖြင့်သဘာဝအလှတရားများကို တစ်ဝကြီးခံစားရင်း မြောင်းပေါင်အတိုင်းဆန်တက်စီးနင်းလာရာ တစ်နေရာအရောက်တွင် လမ်းဘေး၌ အပွင့်များရဲရဲတွတ်နေအောင် ပင်လုံးကျွတ်ပွင့်နေသော လက်ပံပင်ကြီးတစ်ပင်အောက်သို့ ရောက်ရှိလာခဲ့သည်။ ကျွန်တော်က ...

"ကိုသက်ဦးရေ - ဒီအပင်ကြီးက ငှက်ပြီး ပစ်ကြရအောင်ဗျာ" ဟု ပြောရင်း ဘရိတ်ဆွဲ၍စက်ဘီးကိုရပ်ရင်း၊ စက်ဘီးပေါ်မှ လျင်မြန်စွာဆင်းလိုက်ပါသည်။ တစ်ဆက်တည်း စက်ဘီးကို ဒေါက်ထောက်ထားလိုက်ပြီး လက်စွဲတော်ဘေးဆွဲလေသေနတ်ကြီးကို စောင်းဆွဲတင်ပြီး ကျည်ထည့် လိုက်ပါသည်။ ကိုသက်ဦးကလည်း ကျွန်တော်နှင့် ပြိုင်တူခုန်ဆင်းလိုက်ပြီး သူ့လေသေနတ်ကို သုံးလေးချက် လေထိုးပြီး ကျည်ထည့်လိုက်ပါသည်။ ကျွန်တော်တို့နှစ်ဦး ပစ်ခတ်ရန်ပြင်ဆင်ပြီးချိန်အထိကျည်ထည့်လိုက်ပါသည်။ ကျွန်တော်တို့နှစ်ဦး ပစ်ခတ်ရန် ပြင်ဆင်ပြီးချိန်အထိ လက်ပံပင်ပေါ်မှ ငှက်များမှာ သူတို့အသံနှင့် သူတို့ဆူညံနေကြပြီး ကျွန်တော်တို့ကို သတိမပြုမိကြပါ။

ကျွန်တော်တို့ကို သာမန် ခရီးသွားများဟုပင်အထင်ရောက်နေပုံရပါသည်။ ကျွန်တော်တို့လည်း အလွယ် တကူပင် ဆက်ရက်ငှက်တစ်ကောင်စီ ပစ်ချလိုက်ကြပါသည်။ လေသေနတ်သံကြောင့် ဆူညံစွာအော်ဟစ်နေသံများငြိမ်သက်သွားသော်လည်း ရုတ်တရက် ထပျံပြေးခြင်းမရှိဘဲအခြေအနေကိုစူးစမ်းနေဆဲမှာပင် ကျွန်တော်နှင့်ကိုသက်ဦးက ချိုးငှက်တစ်ကောင်နှင့်ရှဉ့်တစ်ကောင်ကိုထပ်မံပစ်ချနိုင်ခဲ့ကြသည်။ ဤတစ်ကြိမ်တွင် ငြိမ်သက်နေချိန်ဖြစ်၍ သေနတ်သံကို

www.burmeseclassic.com

ကောင်းစွာသတိပြုမိသွားပြီး ငှက်များ အားလုံးပျံပြေးကုန်ကြ၏။ ကျွန်တော်တို့ လည်းဖွဲ့ဦးထွက်မှာပင်သားကောင်လေး တောင်ရလိုက်သဖြင့် ဝမ်းသာအားရ သားကောင်များကို ကောက်ယူ၍ လွယ်အိတ်ထဲထည့်ကာ ခရီးကို ဆက်ခဲ့ကြပါတော့သည်။

❋

နေမွန်းတည့်ခါနီးအချိန်တွင် ကံသစ်ရွာနှင့် မင်းတပ်ရွာသို့ ရောက်ရှိလာခဲ့ကြသည်။ ကျွန်တော်တို့ နစ်ယောက်စလုံးမှာလည်း ချွေးများဖြင့် ရွှဲနစ်နေကြပြီးကံသစ်ရွာထိပ်ရှိရေချမ်းစင်မှရေအဝသောက်လိုက်ကြပြီး အရိပ်အာဝါသကောင်းလွန်းလှသော ကုက္ကိုပင်ကြီး၏အောက်တွင် ခေတ္တနားရင်း အမောဖြေနေကြ၏။ ထိုအချိန်တွင် ကျွန်တော်တို့မှာ ဆက်ရက် (၁၀) ကောင်၊ ချိုးငှက် (၃) ကောင်၊ ရှဥ့် (၂) ကောင်နှင့် ဖျိုင်းအောက် (၃) ကောင်တို့ကိုပစ်ခတ်ရရှိထားပြီးဖြစ်၏။ ကိုသက်ဦးက နဖူးပေါ်မှ ချွေးများကို လက်နှင့်သပ်ချလိုက်ရင်း ...

"ဘယ်လိုလဲ - ဇာတ်ဆရာရေ၊ နေကလည်းပြင်းလာပြီ၊ ဗိုက်ကလည်းဆာလာပြီ၊ ငှက်တွေလည်းတော်တော်ရထားပြီးပြီဆိုတော့ ဒီနေ့ဒီလောက်နဲ့ပဲ လှည့်ပြန်ကြစို့လား။ အပြန်ကျတော့ကြက်များရွာထိပ်က လက်ဖက်ရည်ဆိုင်မှာ အဆာပြေ တစ်ခုခုစားကြတာပေါ့" ဟု ဆိုလာသည်။



ဟာ - မင်းတို့ ကံကောင်းလိုက်တာကွာ။
ငါတို့ဆိုရင် အခုလို နေဝင်မိုးချုပ်အချိန်မျိုးမှာ
အဲဒီအပင်ကြီးနားကို မသွားရဲဘူး။
လှုပ်လိုလို၊ ဂေါ်ရီလာ မျောက်ဝံလိုလို
မည်းမည်းအကောင်ကြီးတစ်ကောင် အပင်ပေါ်ကနေ
ဖောက်ထိုးကြီးဆင်း၊ ဆင်းလာပြီးလိုက်လို့
ထွက်ပြေးရတယ်။ တစ်ခါတုန်းက
ခြံထဲအလုပ်လာဆင်းတဲ့ အလုပ်သမား
တစ်ယောက် ထွက်မပြေးပဲ ကြောင်ငေးနေတာ
အတင်းနပန်းဝင်လုံးတာယ် ...

ကျွန်တော်လည်းအလွယ်တကူပင် ခေါင်းညိတ်သဘောတူခဲ့ပြီး လှည့်ပြန်ခဲ့ကြတာကြက်များရွာထိပ်လက်ဖက်ရည်ဆိုင်တွင်လက်ဖက်ရည်သောက်၊မုန့်စားရင်းခေတ္တနားခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်မှ ဆက်လက်ထွက်ခွာလာကြရာ ဘမ်းခုလတ်တစ်နေရာအရောက်တွင် ကိုသက်ဦးက ...

"ဇာတ်ဆရာ - ခင်ဗျားလင်းယုန်ပစ်ဖူးသလား" ဟု မေးလာပါသည်။ ကျွန်တော်က ...

"ဟာ - ပစ်ချင်တာပေါ့ဗျာ။ ဘယ်မှာလဲ ခင်ဗျား လင်းယုန်ကြီးက" ဟု မေးရာ —

"ရှေ့နားက ဆီးခြံထဲမှာ သရက်ပင်ကြီးနှစ်ပင် အရှေ့အနောက်တန်းပြီးရှိတယ်ဗျ။ အနောက်ဘက်က သရက်ပင်ကြီးရဲ့အလယ်လောက်က အရှေ့ဘက်ထွက်နေတဲ့ သရက်ကိုင်းကြီးမှာ ခုလို နေပြင်းတဲ့အချိန်ဆို လင်းယုန်ကြီးတစ်ကောင် ဝင်အိပ်နေလေ့ရှိတယ်။ ကျွန်တော်လည်း အမှတ်မထင်သိခဲ့ရတာ တစ်လောတုန်းက အဲဒီဆီးခြံရဲ့အရှေ့ဘက်က သချိုင်းကုန်းထဲက လက်ပံပင်ကြီးမှာ ငှက်တွေ ကျနေလို့ သွားပစ်ရင်း အပြန်မှာအဲဒီသရက်ပင်အောက်ရောက်တော့ ဒီကောင်ကြီး ဝုန်းခနဲ ထပျံသွားတာ ကျွန်တော်လည်း အပင်အောက်မှာ ရှာကြည့်တော့ အရှေ့ဘက်သွားတဲ့ သစ်ကိုင်းကြီးအောက်မှာ လတ်လတ်ဆတ်ဆတ် လင်းယုန်ချေးတွေရော၊ ချေးပေါင်းတွေရော တွေ့ရတယ်ဗျ။ ခင်ဗျားပစ်ချင်ရင် သချိုင်းဘက်က ပတ်ဝင်ပြီး အရှေ့ဘက်သရက်ပင်ကြီးအောက်ကချောင်းပစ်ရင်ရတယ်ဗျ။ ကျည်တစ်ကမ်းအတွင်းမှာ အပိုင်ပစ်လို့ရတယ်။ ခင်ဗျားကစွန်တို့၊ လင်းယုန်တို့ဆိုရင် သိပ်ပစ်ချင်တဲ့ လူမို့လို့ ပြောပြတာ" ဟု ဆိုလာပါသည်။

လင်းယုန်ကြီးဟူသော အသံကြားသည်နှင့် ကျွန်တော့်မှ ပစ်ခတ်ချင်စိတ်များ၊ ရလိုစိတ်များ တဖွားဖွားပေါ်လာပါသည်။ အဘယ့်ကြောင့်ဆိုသော် တောလိုက်မုဆိုးများတွင်ကျား၊ ခြင်္သေ့စသည့် ဇာတ်တူသားစားသည့် မုဆိုး တိရစ္ဆာန်များကိုပစ်ခတ်ရရှိဖူးမှသာ တကယ့်မုဆိုးကြီးများဟု အသိအမှတ်ပြုကြပါသည်။ အလားတူ စွန်ငှက်၊ လင်းယုန်ငှက်စသည့် ငှက်များမှာလည်း ကျား၊ ခြင်္သေ့များလိုတိရစ္ဆာန်အချင်းချင်းဖမ်းဆီးသတ်ဖြတ်၍ စားသောက်တတ်သော ငှက်မျိုးများဖြစ်သည်။ အလွန်တရာမှလည်း လျင်မြန်ဖျတ်လတ်ပြီး ပါးနပ်ကြသည်။ ရရန်မဆိုထားနှင့် ပစ်ခွင့်ရဖို့ပင်အလွန်





www.burmeseclassic.com

www.burmeseclassic.com

တရာ ခဲယဉ်းသော ငှက်ကြီးများ ဖြစ်ကြသည်၊ ထိုသို့သော ငှက်မျိုးကြီးများကို ပစ်ခတ်ရရှိမှုမှလည်း တကယ့်ငှက်မုဆိုး အဖြစ် သတ်မှတ်ပြီး သေနတ်သမား အရှင်းချင်းကပင် တလေးတစားအရေး ပေးဆက်ဆံတတ်ကြသောကြောင့်ဖြစ်သည်၊ ထို့ကြောင့်လည်း ကျွန်တော်က ဝမ်းသာအားရ၊

"ဟာ - ပစ်မှာပေါ့ဗျာ၊ လင်းယုန်တို့ စွန်တို့ဆိုလို့ကတော့ အသေရရ၊ အရှင်ရရ ပစ်မှာပဲ၊ ခင်ဗျားဒီဘက်ကမ်းမှာစက်ဘီးစောင့်ရင်းနေခဲ့၊ ကျွန်တော့် ရအောင်ပစ်ခဲ့မယ်" ဟုဆိုကာ ဒူးဆစ်ခန့်သာ ရေရှိသော မြောင်းထဲသို့ ပုဆိုး ခါးတောင်းကျိုက်ကာ ဖြတ်ကူးခဲ့ပါသည်၊ တစ်ဖက်ကမ်းသို့ရောက်လျှင် တစ်ဖက် မြံ့ဘေးတောလမ်းလေးအတိုင်း လျှောက်ကာ သချိုင်းတွင်းသို့ ပတ်ဝင်လိုက်ပါသည်၊ သချိုင်းအတွင်းရှိ မြေပုံ အကျိုအကြားမှ ဖြတ်ကာ လင်းယုန်ကြီး ဝင်အောင်းနေလေ့ရှိသော သရက်ပင်ကြီးများရှိသည့် မြံ့ထဲသို့ ကူးလိုက်ပါ သည်၊ မြံ့ထဲသို့ ရောက်သည်နှင့် အရှေ့ဘက်မှ သရက်ပင်ကြီးကိုအကာအကွယ်ယူ၍ခြေသံလုံလုံဖြင့် ချည်းကပ်လာခဲ့ပါသည်၊ လင်းယုန်ငှက်ကြီး နိုအောင်းရာ အပင်ကြီး၏ အရှေ့ဘက်မှ သရက်ပင်ကြီးအောက်သို့ ရောက်သောအခါ ပိတုန်းတံဆိပ်ကျည်တစ်တောင့်ကို ကျည်ပေါက်ထဲ ထည့်ပြီး မောင်းတင်လိုက်၏၊

ပစ်ခတ်ရန် အဆင်သင့်ဖြစ်သောအခါ ပင်စည်အကွယ်မှနေ၍ လင်းယုန်ကြီး နိုအောင်းရာ တစ်ဖက်သရက်ပင်ကြီးဆီသို့ သစ်ရွက်သစ်ခက်များကြားမှ သေချာစွာ စူးစမ်းရှာဖွေလိုက်ပါသည်၊ ပထမတွင် မျက်စိများ ပြာဝေပြီး ဘာမျှ ကောင်းကောင်းမမြင်ရပါ၊ တစ်ခဏ အကြာတွင်မှ ကျင့်သားရလာပြီး လင်းယုန်ကြီး၏ကိုယ်လုံးကြီးကို မြင်လာရပါသည်၊ သို့သော်လည်း ချက်ကောင်းကို ပစ်ခတ်ရန်အတွက် ဦးခေါင်းနှင့် ကျန်အစိတ်အပိုင်းများမှာ သစ်ရွက်သစ်ခက်များ ကွယ်နေသောကြောင့် မမြင်ရပါ၊ ယခုထက် ပို၍တိုးကပ်လိုက်လျှင် လင်းယုန်ကြီး သတိပြုမိပြီး ရုတ်တရက် ပျံပြေးသွားမည်ကိုလည်း စိုးရိမ်နေမိသည်၊ သရက်ပင်ကြီးနှစ်ပင်၏အကွာအဝေးမှာ ၁၂ တောင်သာသာခန့်သာ ရှိမည်ဖြစ်၍ သေချာထိမှန်အောင်ပစ်ခတ်ပါက ဤအကွာအဝေးအတွင်း၌ ရနိုင်မည်ဟု ယုံကြည်မိ၏၊ ထို့ကြောင့် ကျွန်တော်လည်း သစ်ကိုင်းများကြားမှ မြင်နေရသော လင်းယုန်ကြီးကို သေချာစွာ ပြောင်းထိုးချိန်ရွယ်လိုက်ပြီး သေနတ်မောင်းကို ဖြည်းညင်းစွာ ဆွဲ ချလိုက် ပါတော့သည်၊

"ဒိုင်း - ဖောက်"

ဟူသော လေသေနတ်သံနှင့် ခပ်အုပ်အုပ်ထိမှန်သံတို့ကိုတစ်ဆက်တည်း ကြားလိုက်ရပြီး လင်းယုန်ငှက်ကြီးမှာ သရက်ပင်ကြီးအောက်မှ အရှည် တစ်တောင်ခန့်ရှိ မြက်ရိုင်းတောအတွင်း သို့ ထိုးကျသွားပါသည်၊ ကျွန်တော်လည်း ဝမ်းသာအားရဖြစ်ကာ ပုန်းကွယ်နေရာမှ လင်းယုန်ကြီးကျသွားရာ မြက်ရိုင်းတောထဲသို့ အမှတ်တမဲ့ ပြေးလွှားသွားလိုက်မိ၏၊ ကျွန်တော့်ကို မြင်သည်နှင့်လင်းယုန်ကြီးမှာ ဒဏ်ရာပြင်းထန်စွာ ရလျက်နှင့် အားယူထပျံလိုက်ကာ အနီးရှိ ပေ ၃၀ ဝန်းကျင်အမြင့်ရှိ ထန်းပင်ပေါ်သို့ ရောက်ရှိသွားပါသည်၊ ထိုအခါကျမှ ကျွန်တော့်မှာ လေသေနတ်ကို မောင်းတင်၊ ကျည်မထည့်ခဲ့ရသောအဖြစ်ကို သတိရပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသည်၊ ထပ်မံပစ်ခတ်ရန်အတွက် မောင်းဆွဲတင်လိုက်ပြီး ကျည်ပေါက်ထဲသို့ ကျည်ထည့်နေစဉ်မှာပင် ထန်းပင်ပေါ်မှ ခုန်ချပြီး နောက်ဆုံးခွန်အားဖြင့် ဒယီးဒယိုင် ပျံသန်းထွက်ခွာသွားပါသည်၊ ကျွန်တော့်မှာ မခံချိမခံသာဖြစ်ကာ လင်းယုန်ကြီး ပျံသန်းသွားရာသို့ ပစ်ခတ်ဖမ်းယူနိုင်ရန် မျက်ခြည်မပြတ်ကြည့်နေမိ၏၊ ကျွန်တော် ကြည့်နေစဉ်မှာပင် လင်းယုန်ကြီးမှာ ဟိုအဝေးဖော်ရှိ မြစ်ကမ်းဘေးမှ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ သွားရောက်နားနေကြောင်း တွေ့ရသည်၊ အလှမ်းဝေးသောကြောင့် အပင်အမျိုးအစားကိုမခန့်မှန်းနိုင်သော်လည်း နေရာနှင့်အပင်ကို သေချာစွာမှတ်သားလိုက်သည်၊ လင်းယုန်ကြီး၏ အခြေအနေမှာလည်း အခြားတစ်နေရာသို့ ထပ်မံပျံသန်းနိုင်မည့်ပုံမပေါ်တော့သဖြင့် ထိုနေရာသို့ သွားရောက်ပြီး အလွယ်တကူ ပစ်ခတ်ရယူနိုင်မည်ဟု သုံးသပ်မိသည်၊ ထို့ကြောင့် သီးမြံ့အတွင်းမှ ထွက်ကာ မြောင်းကိုကူး၍ ကိုသက်ဦး စောင့်နေရာဆီသို့ ပြန်လာခဲ့၏၊ ကိုသက်ဦးက တစ်ဖက်ချောင်းကမ်းပါးမှ လက်ကမ်း၍ ဆွဲတင်ပေးရင်း ...

"အခြေအနေ ဘယ်လိုလဲ"

ဟု ပြုံးစစဖြင့် မေးလာပါသည်၊ ကျွန်တော်လည်း အခြေအနေကို ရှင်းပြရင်း လင်းယုန်ကြီး နားနေသော အပင်ကြီးကို မှတ်မိကြောင်း၊ ထိုနေရာသို့



www.burmeseclassic.com

www.burmeseclassic.com

လိုက်၍ပစ်ခတ်ရယူလိုကြောင်းပြောရာ
ကိုသက်ဦးက ...

"ထားလိုက်ပါတော့ဗျာ၊ ကျွန်တော်
တို့လည်းငှက်တွေအတော်ရနေပြီလေ၊
ခင်ဗျား သွားချင်ရင် မနက်ဖြန်မှ တစ်ခါ
ထပ်သွားကြည့်တာပေါ့။ အခု ကျွန်တော်
နေလို့ သိပ်မကောင်းချင်ဘူး။ ပြန်ကြပါ
စို့ရဲ့" ဟု ပြောလာရာ နလုံးရောဂါအခံ
ရှိသော ကိုသက်ဦးကိုငဲ့ပြီး ကျွန်တော့်မှာ
မကြည်မသာဖြင့် ပြန်ခဲ့ရပါတော့သည်။

ထိုနေ့ကညနေပိုင်းတွင်ကိုသက်ဦး
တည်ခင်းကျွေးမွေးသော ဖော့ဦးပေါ်များ
ထန်းပင်ကျရည်နှင့် ငှက်ကျော်မွှေးမွှေး
လေးကိုမြည်းရင်းညဦးနက်မှ လူစုခွဲခဲ့ကြ
ပါသည်။

*

နောက်တစ်နေ့မနက်တွင်လည်း
ကိုသက်ဦး နေသိပ်မကောင်းသဖြင့်
ကျွန်တော်တို့ နှစ်ယောက် ငှက်ပစ်
မထွက်ဖြစ်ကြပါ။ ညနေ (၃)နာရီ
လောက်ရောက်မှ ကိုသက်ဦး လာခေါ်
သဖြင့် ထုံးစံအတိုင်း လက်နက်ကိုယ်စီ
နှင့် စက်ဘီးစီးကာ ထွက်ခဲ့ကြပြန်၏။ ဒီ
တစ်ခါတော့ သူ့ကတိအတိုင်း အခြား
သော ငှက်ပစ်နေကျ နေရာများသို့ ဝင်
ရောက်ပစ်ခတ်ခြင်းမပြုဘဲ ယမန်နေ့က

လင်းယုန်ကြီး ပျံသန်းသွားရာ သစ်ပင်
ကြီးရှိသည့် ဇော်ဂျီမြစ်ဘေးမှ မြဲဆီသို့
ဦးတည်သွားရောက်ခဲ့ကြသည်။ လယ်
ကွင်းများကိုဖြတ်ကာ မြဲကြိုမြဲကြားလမ်း
များအတိုင်းစက်ဘီးကိုနင်းလာခဲ့သည်။
စက်ဘီးလမ်းဆုံးသောအခါ သစ်ပင်ရိပ်
အောက်တွင်စက်ဘီးကိုဒေါက်ထောက်
သော့ခတ်၍ထားခဲ့ပြီး မြဲကြားလမ်းလေး
အတိုင်းလင်းယုန်ကြီး နားနေသော သစ်
ပင်ဆီသို့ ခြေကျင်သွားရောက်ခဲ့ကြ
သည်။

သရက်ပင်များ၊ ဆီးသီးပင်များ၊ သ
ပုရာပင်များ၊ ရှောက်သီးပင်များ၊ စမ်း
သီးပင်များ၊ မာလကာပင်များကို သူ့
အကွက်နှင့်သူ စိုက်ပျိုးထားသော ကုန်
မြဲများအတွင်း ခပ်သွက်သွက်လျှောက်
လှမ်းခဲ့ကြသည်။ သီးပင်စားပင်များကွယ်
နေသောကြောင့် လင်းယုန်ကြီးရှိရာ
သို့ရုတ်တရက်မတွေ့မမြင်ရဘဲ ရှိနေ၏
တောတစ်ခုလုံးမှာလည်း မည်သည့်
အသံမျှမကြားရဘဲ ထူးခြားစွာ တိတ်
ဆိတ်နေ၏။ ထိုစဉ် - ကိုသက်ဦးက ...

"ဟာ - ဟိုအပင်ထိပ်က သစ်ကိုင်း
ပေါ်မှာ ခင်ဗျား ပစ်လိုက်တဲ့ လင်းယုန်
ကြီး ရှိသေးတယ်ဗျ သိလား၊ ဒဏ်ရာ
ပြင်းလို့ ဝေးဝေးမပျံနိုင်တော့ဘဲ ကုပ်နေ

ခံ့ရတယ်" ဟု ပြောလာသဖြင့် ကြည့်
လိုက်ရာ မှန်ပါ၏။ ကျွန်တော် မှတ်သား
ထားသော အပင်ကြီးမှ မူလနားနေစဉ်
က နေရာမှာပင် လင်းယုန်ကြီးကို တွေ့
လိုက်ရသည်။ လင်းယုန်ငှက်ကြီးရတော့
မည်ဟူသော အသိကြောင့် ပိုမိုတက်ကြွ
လာကြသည်။ မြဲအတွင်း တန်းစီစိုက်ပျိုး
ထားသော သရက်ပင်ကြီးများ၊ ပိန္နဲပင်
ကြီးများကို အကာအကွယ်ယူရင်း ရှေ့သို့
တိုးတက်ခဲ့ကြသည်။

မလှမ်းမကမ်းသို့ရောက်မှ သေချာ
စွာ အကဲခတ်ကြည့်လိုက်ရာ ထိုအပင်
ကြီးမှာ ဗောဓိညောင်ပင်ကြီး ဖြစ်နေ
ကြောင်း တွေ့ရသည်။ သို့သော် ပုံမှန်
အတိုင်း ဝေဝေဆာဆာရှိမနေဘဲ ရှည်
မျောမျောဖြစ်ကာ မြင့်မားစွာ ထိုးတက်
နေ၏။ ပို၍ထူးခြားသည်မှာ ထိုအပင်ကြီး
ပေါက်ရောက်နေသော ၄၀ × ၃၀ပေ မြေ
ကွက်ကိုကြက်ဆူပင်များနှင့် သုံးဖက်လုံး
ကို စည်းတန်းသဖွယ် စိုက်ပျိုးထားပြီး
ကျန်တစ်ဖက်မှာ ဇော်ဂျီမြစ်ကမ်းပါးဖြစ်
၏။ ကြက်ဆူပင်စည်းရိုး၏ ဤမှာဘက်
တွင် သီးပင်စားပင်များစုံလင်စွာစိုက်ပျိုး
ထားသော်လည်း အပင်ကြီးရှိရာအကွက်
ထဲတွင် ဘာပင်မျှစိုက်မထားပါ။ မြက်
ခြောက်များသာ တိုတိုပါးပါး ပေါက်

ရောက်နေသည်။

ကျွန်တော်တို့နှစ်ဦးမှာ ကြက်ဆူပင်
စည်းတန်း၏ ဤမှာဘက်ရှိ သရက်ပင်
ကြီးတစ်ပင်အောက်တွင်အကာအကွယ်
ယူ၍ရှိနေကြပါသည်။ ထိုစဉ် ကိုသက်ဦး
က ကျွန်တော့်ကိုလက်ကုပ်၍ပစ်ခတ်ရန်
သတိပေးလာသဖြင့် ကျွန်တော်လည်း
သေနတ်မောင်းကို ဆွဲတင်ပြီး သေချာစွာ
ချိန်ရွယ်လိုက်ပါသည်။ လင်းယုန်ကြီးမှာ
ဒဏ်ရာမှ နာကျင်မှုကြောင့် အမွေးများ
ကို ထောင်ထားပြီး ငြိမ်ကုပ်နေပါသည်။
ပစ်မလွဲ ပစ်ကွင်းကြီးမို့ စလုတ်နေရာ
လည်တိုင်ရင်းလောက်ကိုချိန်ပြီး မောင်း
ကို ခပ်ဖြည်းဖြည်း ဆွဲချလိုက်ပါသည်။
"ဒိုင်း" ခနဲ သေနတ်သံနှင့်အတူ မည်
သည့်နေရာကို ထိမှန်ကြောင်း မသိရဘဲ
ဖုန်းခနဲ ကျယ်လောင်သော ထိမှန်သံကြီး
ကိုကြားလိုက်ရပြီး လင်းယုန်ကြီးမှာ မြေ
ကားယား လက်ကားရား ပြုတ်ကျလာ
ကာ မြေပြင်ပေါ်သို့ အုန်းခနဲမြည်အောင်
ထိရိုက်သံကြီးကို တုန်လှုပ်ဖွယ် ကြား
လိုက်ရပါသည်။

ကျွန်တော်က "ဟာ - ငှက်ကျတဲ့
အသံကလည်း လူတစ်ယောက် သစ်ပင်
ပေါ်က ပြုတ်ကျတာထက်တောင် မြည်
ပါလား" ဟု အသံထွက်ပြီး ပြောချက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

၏။ ကိုသက်ဦးက ကျွန်တော့်ကိုပြုံးဖြီးဖြီး ဖြင့်ကြည့်ရင်း ...

"လာစမ်းပါဗျာ - သွားကောက် ရအောင်"

ဆိုပြီး လက်ကိုဆွဲခေါ်သွား၏။ ကျွန်တော်တို့နှစ်ယောက်လည်း စည်းရိုးခတ်ထားသော ကြက်ဆူပင်များကို ကြဲပါးသောနေရာမှ အနည်းငယ်ဖြဲ၍ တစ်ဖက်သို့ တိုးခဲ့ကြသည်။ တွေ့ပါပြီ၊ တောင်ပံကြီးနှစ်ဖက်ကားပြီး မှောက်ခုံကြီး ပြုတ်ကျနေသော လင်းယုန်ငှက်ကြီးကို တွေ့ပါပြီ။ ကိုသက်ဦးက ခပ်သွက်သွက်ပြေးသွားကာ ဝမ်းသာအားရဖြင့် လင်းယုန်ကြီးကို ခြေနစ်ချောင်းမှ ဆွဲမ,လိုက်ပါသည်။ တစ်မုဟုတ်ချင်းမှာပဲ ကိုသက်ဦးရဲ့မျက်နှာဟာ အံ့ဩထိတ်လန့်ဟန် ပြောင်းလဲသွားပြီး ပါးစပ်မှလည်း "ဟာ - ဒါ - ဒါ - ဘယ်လိုဖြစ်ရတာလဲ" ဟု ဆိုကာ ငှက်ကြီးကို အလန့်တကြားနဲ့ ပြန်လွှတ်ချလိုက်ပါသည်။

ကျွန်တော်လည်း ဘာဖြစ်တာပါလိမ့်လို့တွေးရင်း ငှက်ကြီးရဲ့ခြေထောက်ကို မ,ယူကြည့်လိုက်တဲ့အခါ အလွန်အံ့ဩထိတ်လန့်သွားမိပါသည်။ ဘာလို့လဲဆိုတော့ လင်းယုန်ကြီးရဲ့ခြေထောက်အပါအဝင် တစ်ကိုယ်လုံးဟာ ကွေးလို့ဆန့်လို့မရလောက်အောင် အေးစက်တောင့်တင်းနေပါ၏။

ကျွန်တော်လည်း ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး အတောင်ပံတွေကို ဆွဲဆန့်ကြည့်တဲ့အခါ ကွေးဆန့်မရလောက်အောင် တောင့်တင်းနေတာတွေ့ရတဲ့အတွက် အံ့ဩထိတ်လန့်သွားပြီး ...

"ဟာ - ဒီလင်းယုန်ငှက်ကြီးက ခုမှသေတဲ့ ငှက်ကြီးမဟုတ်ဘူးဗျ။ ကျွန်တော် ပစ်လိုက်တဲ့နေ့ကတည်းက ပြုတ်ကျပြီး သေနေတာဖြစ်လောက်တယ်"

ဟု မှတ်ချက်ချနေစဉ်မှာပင် အပုပ်နံ့ကြီး ထောင်းခနဲထွက်လာပြီး ငှက်ကြီးရဲ့အမွေးတွေကြားမှ လောက်ကောင်များအထွေးလိုက်ကြီး ထွက်ကျလာတာကို တွေ့လိုက်ရပါသည်။ သေချာကြည့်လိုက်မှ ငှက်ကြီး၏အောက်တွင် ပုရွက်ဆိတ်များ အုံဖွဲ့စားသောက်နေသည်ကို တွေ့ရသည်။ တစ်ကောင်လုံးမှာလည်း ပုရွက်ဆိတ်အနီတွေ ရာထောင်ချီပြီး တက်နေကြကာ နှုတ်သီးနဲ့ မျက်နှာတစ်ပိုက်မှာလည်း ပုရွက်ဆိတ်အနီတွေ စားထားလို့ အသားမရှိတော့ဘဲ အရိုးတွေပေါ်နေတာ တွေ့လိုက်ရပါသည်။ ဒါဆိုစောစောက ကျွန်တော် ပစ်ချလိုက်တဲ့



လင်းယုန်ငှက်ကြီးက ဘယ်ရောက်သွားပါလိမ့်။ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်လိုက်တော့လည်း ညောင်ရွက်ခြောက်တချို့ကလွဲလို့ ဘာမျှမရှိပါ။ ကျွန်တော် အံ့အားသင့်ပြီး ငေးငိုင်နေမိချိန်မှာပဲ ကိုသက်ဦးက ငှက်ကြီးကို သူ့သေနတ်ပြောင်းနဲ့ ဇော်ဂျီမြစ်ထဲကို တအားထိုးကော်ပစ်လိုက်ပြီး ...

"ဇာတ်ဆရာရေ - အခြေအနေမကောင်းဘူး - လစ်စို့"

ဟုပြောလာသဖြင့် နှစ်ဦးသား ကြက်ဆူပင်စည်းရိုးကို ခပ်သုတ်သုတ်တိုးဝှေ့ပြီး ပြန်ထွက်လာခဲ့ကြပါတော့သည်။ နှစ်ဦးသား နောက်ကြောင်းပြန်ကြည့်စတမ်း ခပ်သုတ်သုတ်လျှောက်လာကြရာ စက်ဘီးထားခဲ့တဲ့နေရာသို့ အရောက်တွင် ပေါက်တူးတစ်လက်ထမ်းထားသော အသက် (၅၀) ကျော် (၆၀) နီးပါး လူကြီးတစ်ဦးနှင့် တွေ့ပါသည်။

"ဒါ မင်းတို့စက်ဘီးလား"

"ဟုတ်ပါတယ်"

"မင်းတို့ဒီခြံထဲကို ဘာလာလုပ်ကြတာလဲ"

"ကျွန်တော်တို့ ပစ်လိုက်တဲ့ လင်းယုန်ကြီးတစ်ကောင် ဒဏ်ရာကြီးနဲ့ ဒီခြံထဲက ညောင်ပင်ကြီးဆီ ပျံပြေးသွားလို့ လိုက်ပစ်တာပါ"

"ဘာ - မင်းတို့ကွာ၊ ခက်ကုန်တော့မှာပဲ။ ကဲ - လုပ်လုပ်၊ စက်ဘီးသော့ဖွင့် ပြန်ရအောင်"

"ဦးကြီးကရော"

"ငါလည်းပြန်မှာ၊ ဒီမှာ မင်းတို့စက်ဘီး ထောင်ထားတာတွေ့လို့ အံ့ဩပြီး စောင့်နေတာ"

ဟု စိုးရိမ်မကင်းဟန်နှင့် ပြောလာသည်။ ကျွန်တော်လည်း စက်ဘီးကိုသော့ဖွင့်ပြီး ရှေ့မှစက်ဘီးကိုတွန်း၍လာ လမ်းအတိုင်းပြန်လာခဲ့သည်။ ကျွန်တော့်နောက်မှ ခြံရှင်လူကြီးက ပေါက်တူးကြီးထမ်းပြီး ကပ်လိုက်လာသလို ကိုသက်ဦးနောက်မှ ခြံရှင်လူကြီးက ပေါက်တူးကြီးထမ်းပြီး လိုက်ပါလာခဲ့သည်။ ခြံများအတွင်းမှ ဖြတ်ကျော်ခဲ့ပြီး လယ်ကြားလမ်းပေါ်ရောက်တော့မှ ထိုလူကြီးက စကားစလာသည်။

"မင်းတို့ လင်းယုန်ကြီး ရခဲ့ရဲ့လား"

ကိုသက်ဦးက ...

"ရတယ်ပြောရမလား၊ မရဘူးပြောရမလား မသိတော့ပါဘူး"

ဟုအစချီပြီးဖြစ်ကြောင်းကုန်စင်အောင် ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - မင်းတို့ ကံကောင်းလိုက်တာကွာ၊ ငါတို့ဆိုရင် အခုလို နေဝင်မိုးချုပ် အချိန်မျိုးမှာ အဲဒီအပင်ကြီးနားကို မသွားရဲဘူး၊ လူ့ဝံလိုလို၊ ဂေါ်ရီလာမျောက်ဝံလိုလိုမည်းမည်းအကောင်ကြီးတစ်ကောင် အပင်ပေါ်ကနေ ဖောက်ထိုးကြီးဆင်း၊ ဆင်းလာပြီးလိုက်လို့ ထွက်ပြေးရတယ်၊ တစ်ခါတုန်းကခြံထဲအလုပ်လာဆင်းတဲ့အလုပ်သမားတစ်ယောက် ထွက်မပြေးပဲ ကြောင်ငေးနေတာ အတင်းနပန်းဝင်လုံးတယ်၊ အလုပ်သိမ်းလာတဲ့ တခြားအလုပ်သမားတွေ အရောက်မြန်လို့ပေါ့၊ နို့မို့ဆိုမလွယ်ဘူး၊ မည်းမည်းကောင်ကြီး အပင်ပေါ်တက်ပြေးပြီး ပျောက်သွားမှ အဲဒီလူကို ရွာထဲတွဲခေါ်ပြီး ရွာဦးဘုန်းကြီးဆီမှာ ကမ္မဝါဖတ်၊ ရေမန်းတိုက်လိုက်မှ သတိပြန်လည်လာတယ်၊ အဲဒီကောင်ကြီးရောက်လာမှ ခြံထဲက အသီးအပင်တွေလည်း သိပ်မဖြစ်ထွန်းဘူး၊ ဘုန်းကြီးက သူ့ကို ဘာမှ သွားမလုပ်နဲ့၊ သူ့အတွက်နေရာ သတ်မှတ်ပေးလိုက်ပြောလို့ အဲဒီညောင်ပင်ကြီးကို ကြက်ဆူပင်တွေနဲ့ စည်းရိုးခတ်ပြီး သူ့ကို ခြံပြင်ထုတ်ထားရတာ၊ အဲဒီနောက် စိုက်ပျိုးရေးလုပ်ငန်းတွေ ပြန်ကောင်းလာတယ်၊ ဒီဘက်ခြံထဲ အထိဝင်ပြီး ခြောက်တာလှန့်တာ နပန်းလုံးတာ မလုပ်တော့ဘူး၊ ဒါပေမဲ့ နေဝင်မိုးချုပ်သွားရင်တော့ ဖောက်ထိုးကြီးဆင်းဆင်းလာလို့ ဘယ်သူမှ မသွားကြဘူး၊ မင်းတို့ ဘာမှမဖြစ်တာ ကံကောင်းတာပေါ့"

ဟု ပြောပြရာ ကျွန်တော်တို့မှာ ကြက်သီးမွေးညင်းများပင် ထလာခဲ့ကြပါသည်၊ ကျွန်တော်က…

"ဒါဆို - ဒီကောင်ကြီး ရောက်လာတာ သိပ်မကြာသေးဘူးပေါ့ - ဟုတ်လား"

"ဟုတ်တယ်ကွ - လွန်ခဲ့တဲ့လေးငါးနှစ်တုန်းက ဇော်ဂျီမြစ်ရေကြီးဖူးတယ်၊ ကားလမ်းတောင်စံပြရွာနားမှာရေကျော်လို့ ဆက်သွယ်ရေး နှစ်ရက်လောက် အဆက်အသွယ် ပြတ်သွားတယ်၊ အဲဒီတုန်းက မြစ်ညာပိုင်းက လက်ပံပင်ကြီးတစ်ပင်ကမ်းပါးပြိုကျပြီးရေစီးနဲ့မျောလာတယ်၊ အဲဒီလက်ပံပင်ကြီးက ငါ့ခြံထိပ် အဲဒီညောင်ပင်ကြီးမှာ ဦးတိုက်ပြီး ကန့်လန့်ကြီးတင်ကျန်ရစ်တယ်၊ ရေကျသွားတော့ ဆည်မြောင်းအလုပ်သမားတွေ လာပြီး လက်ပံပင်ကြီးကို ခုတ်ထွင်ရှင်းလင်းပြီး သယ်သွားကြတယ်၊ ဆည်မြောင်းအလုပ်သမားတွေ အလုပ်သိမ်းပြီး ပြန်သွားတဲ့ ညမှာပဲ အဲဒီအပင်ကြီးရှိတဲ့မြစ်ထဲက အသံနက်ကြီးနဲ့ အော်တဲ့အသံကြီးကို ကြားလိုက်ရတယ်၊ အဲဒီနောက်ပိုင်း အဲဒီညောင်ပင်ကြီးနားကို နေဝင်မိုးချုပ်သွားတဲ့ လူမှန်သမျှ အခြောက်အလှန့်ခံရတော့တာပဲ၊ ထွက်ပြေးရင်ပြေး မပြေးရင် အတင်းဝင်ပြီး နပန်းလုံးတော့တာပဲ၊ ငါတို့ မိသားစုလည်း ရွာထဲကို ပြန်ပြောင်းရွှေ့ခဲ့ကြတယ်၊ ငါလည်းမနက်မိုးလင်းမှ လာပြီး နေဝင်တာနဲ့ ပြန်တာပဲ" ဟု ပြောပြသည်၊

ထိုလူကြီး၏ စကားအဆုံးမှာပင် လမ်းမပေါ်သို့ ရောက်ရှိလာခဲ့ပါသည်၊ ကျွန်တော်က…

"ဦးကြီး ပြောပြလို့ အခုလိုသိရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း သိထားရတော့ နောက်နောင်တောထဲတောင်ထဲသွားရင် သတိထားဆင်ခြင်နိုင်တာပေါ့ ခင်ဗျာ၊ ကဲ - ကျွန်တော်တို့လည်း အပြန်မိုးချုပ်နေမှာစိုးလို့ ခွင့်ပြုပါဦး" ဟု နှုတ်ဆက်လိုက်ရာ…

"အေးအေး - သွားကြတော့ ငှက်ပစ်ရင် မြွေပါးကင်းပါးလည်း သတိထားကြဦး"

"ဟုတ်ကဲ့ - ဦးကြီး"

ဟု အပြန်အလှန် နှုတ်ဆက်ပြီ[…] လမ်းခွဲခဲ့ကြပါတယ်၊ အပြန်လမ်းတ[…] လျှောက် နေဝင်ရီးရီချိန်လေးမှာ အိ[…] တန်းတက်ဖို့ ပြင်ဆင်နေတဲ့ ချိုးနှ[…] ကောင်၊ ရှဥ့်နှစ်ကောင်နဲ့ ခါတစ်ကော[…] တို့ကို ပစ်ခတ်ရရှိလာတဲ့အတွက် တွတ[…] ခြေကိုက်တဲ့ နေ့တစ်နေ့ ဖြစ်ခဲ့သည်၊

ထိုနေ့က ကျွန်တော်တို့နှစ်ယောက[…] တောတောင်ချောက်မြောင်ကြားတွင်[…] ကြောက်မက်ဖွယ်ကောင်းသောရုပ်သ[…] သဏ္ဍာန်ရှိသည့် နာနာဘာဝ၊ ဝိနာဘာဝ[…] တစ်ကောင်တလေကိုမျှ မတွေ့ကြရပ[…] ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးမျာ[…] ဖြင့် ခြောက်လှန့်ခြင်းလည်း မခံခဲ့ကြရပါ[…] သို့သော် ကျွန်တော်တို့တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြန်တွေးမိတိုင်း ယနေ့ထက်ထိတိုင် ရင်ထဲမှာ စိမ့်၍စိမ့်၍ လာဆဲ ဖြစ်ပါသည်၊

ဩော် - လောကကြီးတွင် ကျွန်တော်တို့ မသိနိုင်၊ မတွေ့နိုင်၊ နားမလည်နိုင်သေးသော အကြောင်းတရားများစွာ ရှိနေပါချေ၏တကား၊ ။

ပဟိရိစည် (



www.burmeseclassic.com

www.burmeseclassic.com



# သူဃောင်မယ်အစိမ်း



ဝင်းမောင်ကျော်

ဒေသအခေါ်အဝေါ်ကတော့ ရေ
ကွင်း။ တချို့နေရာဒေသတွေကျတော့
င်တွင်းလို့ သိထားကြသည်၊ ငါးပိုက်
ကွင်းလို့လည်းပြောသည်၊ချောင်းစောင်း
ာမိုးဥတုအခါတွင် ဤနေရာ ဤဒေသ
ာလူတွေက ရေနီချောင်း၊ မမြချောင်း
ို့မှာ လူတော်တော်များများ ငါးထောင်
ာ့ရှိကြသည်၊ မမြချောင်းရေနီချောင်း
ခုတွင် နောက်နှစ်ပေါင်း (၅၀)ကျော်
ာက်က ရေကွင်းဖြင့် ရေနီချောင်း
ွင် ငါးအထောင်များခဲ့ကြသည်၊ ဘယ့်
အတွက်ကြောင့်ဆိုသော် ချောင်း၏ဟို
ဘက် နမ့်ခမ်းထက်သည့်ဘက်နမ့်ခမ်း
တချို့သောနေရာများက ကျဉ်းသည်၊ပေ
(၃၀)မျှလောက်သာရှိသည်၊ တချို့သော
နေရာတို့ကျမှသာလျှင်ပေ(၅၀)လောက်
ရှိလိမ့်မည်၊ ချောင်းက ကျဉ်းတော့ ငါး
ထောင်ရတာကောင်းသည်၊ငါးဆင်းလာ
သည့်အခါဖြစ်စေ၊ တက်လာသည့်အခါ
ဖြစ်စေ ငါးအုပ်ဆင်းလာသည့် အခါ
ကျယ်ကျယ်ပြန့်ပြန့်မသွားရဘဲ ရေကွင်း
ချထားသည့်အပေါ်မှသာ ဖြတ်သွားလာ



www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက်ကြောင့်ရေကွင်းဖော်လိုက်သည့်အခါ ငါးများကို မိတာက များပေသည်။ ရေနီချောင်းသည် တိမ်ပါသည်။ ချောင်းကမ်းပါးတွင် တဲထိုးပြီး ငါးထောင်ရတာအလွန်ကောင်းပါသည်။ ထို့အတွက်ကြောင့် ရေနီချောင်းမှာ ငါးထောင်များကြပါသည်။ မမြချောင်း၏ ချောင်းလက်တက်လည်းဖြစ်သည့်ရေနီချောင်းသည် မမြချောင်းထဲသို့ စီးဝင်သွားသည်၊ မမြချောင်းကျတော့ ချောင်းကျယ်သည်။

ချောင်းကမ်းပါးမှာလည်း နက်ရှိုင်းပြီး ကျယ်ပြန့်သည်၊ ငါးထောင်ရတာ ရေနီချောင်းလောက် အဆင်မပြေပါ။ မမြချောင်းသည် ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်ထဲတွင်ရှည်လျားစွာစီးဝင်နေတာကို တွေ့ရသည်။ ရေနီချောင်းကျတော့ ဧရာဝတီအတိုင်းအတွင်းထဲမှာပင် ဖြစ်သော်လည်း မြန်အောင်မြို့နယ်ထဲတွင်တည်ရှိသည်။ ထိုအချိန်အခါက ငါးဖမ်းနေသော လူများထဲမှ ကိုချက်ကြီးနှင့် မောင်သာအောင်တို့သည် ငါးထောင်နေသော တဲချင်းကပ်လျက်သား ရှိနေခဲ့သည်။ တစ်တဲနှင့်တစ်တဲမှာ ၃၅ ပေမျှလောက်တော့ ကွာလိမ့်မည်။ ငါးထောင်သောရေကွင်းကိုထိပ်ဦးတွင်ကြိုးချည်၍ ကျားကန်ဆွဲရသည်။ မောင်ချက်ကြီး ရေကွင်းထဲတွင်လည်း ငါးပါတာကို မောင်သာအောင် မြင်နိုင်သည်။ မောင်သာအောင် ရေကွင်းထဲတွင်လည်း ငါးပါတာကိုလည်း မောင်ချက်ကြီး မြင်နိုင်သည်။ ရေကွင်းရဲ့အကျယ်အဝန်းမှာ ၁၈ ပေပတ်လည်မျှရှိသည်။ မောင်သာအောင် ငါးပါတာဆိုပြီး ဆွဲလိုက်သည့်အခါတွင် ရေကွင်းထဲတွင် တဝုန်းဝုန်းနှင့် ငါးအကောင် တော်တော်လေးပင် ကြီးနိုင်သည်။ ရေကွင်းကိုထောက်ပြီး ကိုသာအောင်တစ်ယောက်အသေအချာကြည့်သည့်အခါလူတစ်ယောက်က ငါးကိုဝင်ဖမ်းတာမြင်လိုက်ရသည့်အတွက် သူ့တဲပေါ်တွင်ရှိသော ဝါးရင်းတုတ်နှင့် လှမ်းပစ်တာကို ချက်ကြီး တွေ့လိုက်ရသည်။ မျက်လုံးထဲမှာ ဝိုးတိုးဝါးတားနှင့် ကောင်းကောင်းမသဲကွဲနိုင်ပါ။ ကိုချက်ကြီး စိတ်ထဲမှာတော့ ကိုသာအောင်ရဲ့ရေကွင်းထဲတွင် ငါးရံ့ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ငါးပတ်ဖြစ်နိုင်သည်လို့ တွက်ချက်ချနေခဲ့သည်မှာမှန်ပါသည်။ ကိုသာအောင်မိနေသောငါးမှာ ငါးပတ်၊ ငါးရံ့တို့မိပြီဆိုလျှင် အင်မတန်မှ ခုန်ပေါက်တိုးဝေ့တတ်ပါသည်။ ကိုသာအောင်တစ်ယောက်ကတည်း ဓာတ်မီးဖြင့် ထိုးကြည့်သည်။ လလေးကလည်း ခပ်ရေးရေး၊ မိုးဥတု



ဆိုပေမဲ့ မိုးမရွာသည့်အတွက်ကြောင့် အဆင်တော့ တော်တော်လေး ပြေပါသည်။ ကိုသာအောင်၏ရေကွင်းထဲတွင် တဝုန်းဝုန်းဖြင့် ခုန်ပေါက်နေတာ အနည်းငယ်တော့ကြာလိမ့်မည်။ သို့သော်လည်း ကိုသာအောင်တစ်ယောက်၏ငါ × မသား၊ သူမ × သားတွေလို့ ဆဲဆိုကြိမ်းမောင်းနေတာကို အနီးအနားမှ ကိုချက်ကြီး ကြားရသည်။ ကိုသာအောင်မှ ဆဲဆို၍ တုတ်နဲ့ပစ်ခတ်ပြီး ကိုင်းခုတ်ဓားနဲ့ ရေကွင်းထဲတွင်ရှိနေသော ငါးအနီးရှိရေထဲသို့ ဆင်းသွားတာ မြင်ရသည်။ ကိုသာအောင်တစ်ယောက် လှုပ်လှုပ်ရှားရှား လုပ်နေသည်ကို ကိုချက်ကြီးက ဘာဖြစ်နေမှန်း မသိသည့်အတွက်...

"ဟေ့ - ကိုသာအောင် - ခင်ဗျား - ဘာတွေဖြစ်နေတာလဲ၊ ငါးကြီးရင်အနားသွားပြီး ဖမ်းလိုက်ပေါ့ဗျာ၊ ဘာဖြစ်လို့ ဆဲဆိုနေရတာလဲ"

ကိုချက်ကြီးပြောလိုက်သည်တွင် ကိုသာအောင်က...

"ကိုချက်ကြီး - ခင်ဗျား မမြင်လိုက်ဘူးလား၊ လူ × မသားတွေ၊ ငါ × မသားတွေ၊ အချောင်သမားတွေ၊ ဒီရေကွင်းထဲက ငါးကို လာပြီး အချောင်ဖြုတ်မလို့ လာတာ"

မှန်ပါသည်။ ကိုသာအောင်တစ်ယောက်သာ သူ့ရေကွင်းထဲတွင်ပါလာသော ငါးပတ်ငါးကို လာခိုးသောသူကို မြင်ရသည်။ အနီးမှာရှိသော ကိုချက်ကြီးကတော့ မမြင်ရပေ။ ကိုချက်ကြီးမြင်နေရတာကတော့ သူကိုယ်တိုင်လည်း ဓာတ်မီးနဲ့ ထိုးကြည့်လိုက်လို့ငါးကဖြူဖွေးဖွေးကြီး၊ နစ်ပိဿာလောက်တော့ ရှိနိုင်သည့် ငါးကြီးကိုပဲ ချက်ချင်း မြင်သည်။ တကယ်တမ်းကျတော့ ကိုသာအောင် ရေကွင်းထဲတွင် ပါလာသော ငါးကို လာခိုးသောသူသည် ယောကျ်ားလိုလို၊ မိန်းမလိုလို ဆံပင်အရှည်ကြီးနှင့်၊ ကိုသာအောင် သူ့တဲပေါ်မှ ဝါးရင်းတုတ်နှင့် ပစ်လိုက်တာ မှန်သွားတယ်နဲ့ တူပါသည်။ ကိုသာအောင် ရေထဲလည်းဆင်းသွားရော၊ ချောင်းစပ်နားက သစ်ပင်ချုံပုတ်အနီးတွင်ပျောက်ကွယ်သွားတာကို မျက်ဝါးထင်ထင် မြင်လိုက်ရပေသည်။ သူ့အနီးမှာ ရှိနေသော ကိုချက်ကြီး တစ်ယောက် မမြင်လိုက်ရချေ။

"လူ...မသားတွေ၊ အချောင်သမားတွေ၊ ဝါးရင်းတုတ်နဲ့မပစ်ဘဲ ကိုင်းခုတ်ဓားနဲ့ ပစ်လိုက်ရမှာ ရှောင်သွားလို့ပေါ့ဟာ၊ နို့မို့ဆိုင် အနားရောက်သွားလို့ ထွက်မသွားရင်လား - ပွဲအပြီး



www.burmeseclassic.com

www.burmeseclassic.com

"လူးဆန်းလိုက်တာ ကိုသာအောင် ရှားခင်ဗျားပဲ လူကိုမြင်တယ်၊ ကျုပ်တော့ မမြင်လိုက်ဘူးဗျ"

"ကိုချက်ကြီးရယ် - ကျုပ် ရေတွင်း ထဲက ငါးပါလာတာကို ငါးလာဖမ်းနေတဲ့ သူ ထင်ထင်ရှားရှားကြီးကို ခင်ဗျား မမြင်တာ ကျုပ် အံ့ဩပါရဲ့ဗျာ"

ကိုသာအောင်ပြောတာ မှန်သည်။ သူ့ဘက်ကကြည့်လျှင် သူတစ်ယောက် သာမြင်ရတာ၊ ကိုချက်ကြီးတစ်ယောက် မမြင်ရပါ။ အမှန်တကယ်တမ်းကျတော့ ကိုသအောင် ရေကွင်းထဲပါလာသော ငါးကို လာခိုးတာကတော့ အမှန်ပါ။ ကိုသာအောင် တဲပေါ်မှာ ဝါးရင်းတုတ်နှင့် ပိုင်ပိုင်နိုင်နိုင် ပစ်ချလိုက်တာ စီးစီး ပိုင်ပိုင် ထိသွားပုံရသည်။ ညည်းညည်း ညူညူနှင့် ထွက်ပြေးတိမ်းရှောင်သွားပုံ ရလေသည်။ ညကလည်းဖြစ်ပြန်လလေး ကလည်း လင်းသယောင်ယောင်၊ မလင်းသယောင်ယောင်နှင့် မိုးဥတု မိုး ရာသီဆိုတော့ မိုးတိမ်များသည် လကို ဖုံးလိုက်၊ တိမ်ကကင်းစင်လိုက်နှင့် လကို တိမ်ဖုံးနေသည့်အချိန်မှာ ကိုသာအောင် ရေကွင်းထဲတွင် ငါးပါသောအချိန် ဖြစ်ပါ လိမ့်မည်။ ကိုချက်ကြီးသာ မမြင်ရတာ ကိုသာအောင်ကတော့ အနီးကပ် သူ့ ရှေ့တည့်တည့်ဖြစ်နေတော့မြင်နိုင်သည်။ တစ်ညလုံးကို တစ်မှေးမှတောင် မအိပ် ဖြစ်၊ တံငါသည်အစစ်တွေ မဟုတ်ပေ မယ့် သူလည်း ဒီလိုရှာစားကြ ငါလည်း ဒီလိုရှာစားကြတဲ့ သူတွေအချင်းချင်း ဒီလိုလုပ်ရပါ့မလားဆိုပြီး ဒေါသကြီးနေ ပါသည်။

နံနက်မိုးသောက်လို့ အလင်း ရောက်ကြတဲ့ သူတွေအချင်းချင်း ဒီလို လုပ်ရပါ့မလားဆိုပြီး ဒေါသကြီးနေပါ သည်။ နံနက်မိုးသောက်လို့ အလင်း ရောက်သည့်တွင် တစ်ညလုံး ရထား သောငါးများကိုသယ်ကာ ကိုသာအောင် နှင့် မောင်ချက်ကြီးတို့ အိမ်သို့ ပြန်ပို့ကြ ပါသည်။ ယနေ့ညမှာ ကိုသာအောင်က မောင်ချက်ကြီးထက် ငါးပိုရပါသည်။ အိမ် ရောက်သောအခါ ကိုသာအောင်က ငါး အချိန် တစ်ဆယ်လောက် ရပါသည်။ ကိုချက်ကြီးက (၇)ပိဿာလောက် ဖြစ် နိုင်သည်။ သူတို့နှစ်ဦး၏အသက်အရွယ် မှာ (၃၀)မျှလောက်သာရှိကြသည့် လူ လွတ်များဖြစ်ကြပါသည်။ တစ်ဖက်တစ် လမ်းမှ မိဘညီအစ်ကို မောင်နှမများကို ရှာဖွေကျွေးမွေးနေသောသူများ ဖြစ်ကြ ပါသည်။ သူတို့ အဓိကလုပ်ကိုင် စား သောက်သောအလုပ်မှာ လယ်နှင့်ကိုင်း ဖြစ်ပါသည်။ သည်လိုငါးရှာခြင်းကတော့ မိုးရာသီမှသာ အပိုအလျှံအလုပ်အဖြစ် သင်းအလုပ်ကိုယာယီလုပ်ကိုင်ခြင်းဖြစ် ပါသည်။

※

မောင်ချက်ကြီးနှင့် မောင်သာ အောင်ဆိုတာ သူငယ်ချင်းတွေပါ။ တစ် ရွာတည်းနေ တစ်ရေတည်း သောက် အတူ နေထိုင်ကြသူများ ဖြစ်ပါသည်။ ညနေစောင်းလို့ထမင်းစားပြီး ငါးထောင် ရန် အတူထွက်လေ့ရှိခဲ့ကြပေသည်။ ချောင်းသို့ရောက်တော့ ငါးထောင်ရန် အတွက် ပြင်ကြသည်။ သည်နေ့ညကျ တော့ မိုးကလည်း မရွာ၊ တိမ်ကလည်း ကင်းစင်၊ လေငြိမ်မိုးငြိမ်ဖြစ်သည့် အတွက် ငါးထောင်ရတာ အဆင်မပြေ ကြပါ။ ငါးလည်း မရကြပါ။ မိုးလေး တဖြောက်နှစ်ဖြောက်လောက်ရွာရင် ကောင်းမယ်လို့တွေးနေရင်းညကလည်း တစ်မှေးမှ မအိပ်လိုက်ရသည့် မောင် သာအောင်သည် သူ၏တဲလေးပေါ်တွင် ခွေးခနဲဆို အိပ်ပျော်သွားသည်။ သည် အချိန်တွင်အိပ်မက်ထဲ၌ -

"ကိုသာအောင် - ရှင့်ကို ကျွန်မ အရမ်းစိတ်ဝင်စားနေတာ သိရဲ့လား။ ည ကလည်း ကျွန်မ ရှင့်ငါးကို လာခိုးတာ မဟုတ်ဘူး။ ကျွန်မလာတဲ့အချိန်မှာ ရှင့် ငါးမိနေလို့ ကျွန်မ ကူဖမ်းပေးတာပါ။ ကျွန်မကို ဝါးရင်းတုတ်ကြီးနဲ့ ပစ်လိုက် တော့ လက်မောင်းမှာကြည့်ပါဦး အနာ ဖြစ်သွားပြီ၊ အခုထက်ထိ နာနေတုန်း"

"ဩော် - မသိလို့ပါကွာ၊ အနာကို ဆေးထည့်ပေးမယ်လေ"

"ရပါတယ် - ကျွန်မဆေးတွေထည့် ထားတယ်၊ ပျောက်သွားမှာပါ"

ကိုသာအောင်တစ်ယောက် အချော် နိဗ္ဗာန်ဘုံလေးတစ်ခု ပေါက်သွားသလို ခံစားနေရပါသည်။ အလွန်တရာမှ လှပ သောမိန်းကလေးတစ်ယောက်၊ ဒါမျိုးတို့ သူ့တစ်သက် မတွေ့ဖူး၊ မမြင်ဖူးတော့ အရမ်းကြည်နူးနေမိသည်။ ကိုသာ အောင်တစ်ယောက် ပြောမဆုံးပေါင် တောသုံးတောင်ဆိုသလို စိတ်ထဲမှာ ကြည်ကြည်လင်လင်ဖြစ်သွားမိရသည်။ ကိုသာအောင်ဟာ လူပျော်ကြီးဖြစ်ပြီး ရှေးရှေးတုန်းက လူကြီးတွေ ဝတ်သလို ဒူးအထက်မှာဝတ်၊ ခါးပုံစကြီးချပြီး ဝတ် တတ်လေ့ရှိသည်၊ အကျီဟပြဲကြီးနှင့် အောက်ခံစွပ်ကျယ်မပါ။ ရိုးလွန်းအားကြီး တော့ အ၊ အ.လွန်းအားကြီးတော့ ဝတုံး ပေါ့၊ ဒီခေတ်နဲ့ ပြောရမယ်ဆိုရင် ကျွပ် မပြည့်တဲ့သူပေါ့။ ယခုလို အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်တော့ အင်မတန်စွဲမက်စရာကောင်းလွန်းတဲ့ မြင်ကွင်းကို ကိုသာအောင် မျက်လုံးထဲမှ မထွက်နိုင်အောင် ဖြစ်နေတော့သည်။

"အေးပါကွာ - နောက်ဆို ငါ့ကို ကူညီပြီး ငါးဖမ်းပေးမယ်ဆိုရင် ဝါးရင်းတုတ်နဲ့လည်း မပစ်တော့ပါဘူး။ ဓားနဲ့လည်း မပစ်တော့ပါဘူး"

"ကျွန်မလည်း မှားသွားပါတယ်။ ကိုသာအောင်ကို ယခုလို ကြိုတင်ပြီး မပြောမဆိုဘဲ လုပ်မိလိုက်လို့ ခံလိုက်ရတာပါ။ ခွင့်လွှတ်ပါတယ်။ ကိုသာအောင်ကို ကျွန်မ စွဲလမ်းနေတာ ကြာပါပြီ။ ကိုသာအောင့်ဆီကို ကျွန်မ အမြဲလာမယ်နော်"

"အမြဲလာပါ၊ ဒီကလည်း အမြဲလာစေချင်တာပေါ့၊ မှန်း - လက်ကအနာကို အဝတ်ကျပ်ထုပ်ပူထိုးပေးမယ်"

"ညီမနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မနာမည် အစိမ်းလို့ ခေါ်ပါတယ်"

လက်ကအနာကို အဝတ်ပူထိုးပေးမည်အပြုတွင် အနားကတဲဆီမှ မောင်ချက်ကြီးက -

"ကိုသာအောင် - ကိုသာအောင် - ဟေ့ - ကိုသာအောင်"

မကြားတာနဲ့ရွှံ့ခဲတစ်လုံးနှင့် ကိုသာအောင်တဲကို ပေါက်နှိုးလိုက်သဖြင့် လန့်နိုးသွားပြီး -

"ဟေ့ - ကိုသာအောင်၊ ခေါ်လိုက်ရတာ ခဲနဲ့ထုလိုက်မှပဲ နိုးတော့သလား ကိုသာအောင်ရယ်"

"အိပ်မောကျသွားတာ မောင်ချက်ကြီးရေ"

"ငါးထဆွဲဦး၊ ငါးတွေ ပါလာတယ်"

"အင်း - အင်း - ဆွဲမယ် - ဆွဲမယ်"

ငါးဆွဲမယ်လို့သာဆိုတာ၊ စိတ်ကအိပ်မက်ထဲက မယ်မင်းကြီးမကို မျက်လုံးထဲက မထွက်ဘဲ ရှိနေသည်။ ကိုသာအောင်တစ်ယောက် ရည်းစားလည်း မထားဖူးဘူး၊ ဘယ်မိန်းမမှ လည်း မကြိုက်ဖူးဘူး။ မိန်းမဆိုရင် နီးနီးကပ်ကပ်လည်း မနေဖူးဘူး။ ဒီလိုချစ်စကားကြိုက်စကားလည်း မပြောဖူးဘူးဆိုတော့ သူ့မှာ အထူးအဆန်းဖြစ်နေရသည်၊ ကိုသာအောင်တစ်ယောက် ကြိတ်မှိတ်ပြီး ပီတိဖြစ်စွာနဲ့ ရေကွင်းကိုရေထဲချပြီးငါးဆက်ဆွဲမိပါသည်။ သူ့ပီတိကိုတော့ ဘယ်သူ့မှ မပြောမိ၊ အဲဒီညကတော့ ကိုသာအောင်တစ်ယောက် အိပ်မောကျမိုးလင်းခါနီးတွင်မောင်ချက်ကြီးလောက် ငါးမရပါ၊ ဟင်းစားငါးလောက်ပဲ ရသည်။ နံနက်မိုးလင်းသည့်အခါတိုင်း အိမ်ပြန်လေ့ရှိသည်၊ အိမ်မှာခရိုမိုးချိုး နေ့လယ်စာစား၍ တုံးလုံးပက်လက်လှဲအနားယူလေ့ရှိပြီးညနေစောင်းသည်နှင့်နေ့စဉ်နေ့တိုင်းငါးထောင်သည့်နေရာကို ကိုသာအောင်တစ်ယောက် စောစီးစွာ ရောက်နှင့်နေတတ်သည်၊ အင်မတန် ရိုးသားလွန်းတဲ့ ကိုသာအောင်တစ်ယောက်ဟာ အမေမှာတဲ့ ဆန်တစ်စိတ်၊ တစ်ခွဲနှင့်မလဲ ပုဂ္ဂိုလ်မျိုးပေါ့။ သူကတော့ ဆန်တစ်စိတ်ကိုတစ်ခွဲနှင့် မလဲရုံမဟုတ်၊ ဆန်တစ်အိတ်နှင့် ထောင်မလဲတဲ့ ပုဂ္ဂိုလ်ဆိုတော့ သူဟာ သွားနေလည်း ဒီစိတ်၊ အလုပ် လုပ်နေသည်း ဒီစိတ်၊ အိပ်ရင်လည်း ဒီစိတ်၊ အိပ်မက်ထဲက မိန်းမချောလေးကို မျက်လုံးထဲက မထွက်ပါ။

ချောင်းရိုးသို့အရင်ရောက်နေသော ကိုသာအောင်ဟာ ညနေ (၇) နာရီကျော်လို့မှောင်ရီပျိုးသောအချိန်အခါဖြစ်နေပါသည်၊ သူသည် ရေနံဆီနဲ့ထွန်းသော မီးခွက်ကို မီးထွန်းညှိပြီး သူ့တဲမှာ အလင်းရောင်လာသောအခါ ငါးထောင်ရန်အတွက် ပြင်ဆင်နေသည့်အခါတွင် သူ့တဲနောက်မှ လူသံလိုလိုကြား၍ လှည့်ကြည့်လိုက်မိသည်၊ သူ့အိပ်မက်ထဲမှ မိန်းမချောလေးဖြစ်နေ၍ကိုသာအောင်တစ်ယောက် ရင်တွေအရမ်းတုန်၊ ခြေဖျားတွေအေး၊ ကြက်သီးမွေးညင်းထနလုံးသွေးတွေကြွကာ တုန်လှုပ်ချောက်ချားနေမိတော့သည်၊ သူ စိုက်ကြည့်နေပြီး ပါးစပ်အဟောင်းသားနှင့် မှင်တက်မိနေခြင်းဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်နေသည့်အချိန်အခါတွင် ဤမိန်းကလေးမှ -

"တဲပေါ်တက်မယ်နော်"

ကိုသာအောင်တစ်ယောက် မေ့လျော့မှင်တက်မိနေရာမှ သတိပြန်ဝင်လာပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ တက်ခဲ့ပါလို့ ပြောမိလိုက်တဲ့သဘောပဲ။ မိန်းကလေး တဲပေါ်ရောက်လာသည်နှင့် သာအောင်အနီးသို့ တိုးဝှေ့ထိုင်ပြီး ချစ်ကြောင်းစကားတွေချောကြိုက်ကြောင်းတွေပါစုံလင်စွာပြောဖြစ်ကြတော့သည်။

ဟိုဘက်တဲမှ ကိုချက်ကြီးတစ်ယောက် သူ့တဲသို့ ဝင်ရောက်မိသည်တွင် သည်ဘက်တဲမှ ကိုသာအောင်တစ်ယောက် ကြားနေရသည့်အတွက် ကြောင့်ပင် သူတို့နှစ်ယောက် စကားပြောနေရာမှ ခပ်တိုးတိုးလေး ပြောဖြစ်ကြသည်၊ ဟိုဘက်တဲမှ ကိုချက်ကြီးက -





www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ - ကိုသာအောင်၊ ဒီနေ့တော့ ကျုပ် နောက်ကျသွားတယ်ဗျာ၊ အိမ်မှာ အလုပ်တွေ ရှုပ်နေတာနဲ့၊ ခင်ဗျား ထမင်း စားပြီးပြီလား၊ ကျုပ်ကတော့မစားရသေးဘူး၊ ဒီကျမှ ထမင်းစားမယ်ဆိုပြီး ထမင်း ထုပ် ထည့်လာခဲ့တယ်၊ ကိုသာအောင် ထမင်းလာစားပါဦးလား"

"ကျုပ် - စားပြီးပြီဗျို့၊ အိမ်မှာ စား လာခဲ့တယ်၊ ခင်ဗျားပဲ စားတော့"

ဒီလိုနဲ့ သူတို့နှစ်ဦးသား တိတ်ဆိတ် ငြိမ်သက်စွာ ဖြစ်သွားပါသည်၊ စကား တော့ ပြောဖြစ်ကြသည်၊ ကိုသာအောင် ငါးတော့ တောင်ဖြစ်ပါသည်၊ ရေကွင်းကို ရေထဲချလိုက်၊ အပေါ်ထောင်လိုက်လုပ် နေသည်၊ သူ့ဘဲဘေးနားက ကိုချက်ကြီး တစ်ယောက်လည်း ထမင်းစားပြီးတဲ့ အချိန်ကစပြီး သူလည်း ငါးထောင်နေ သည်၊ နောက်တစ်နာရီခွဲလောက်ကြ တော့ ကိုသာအောင်တဲ့မှ စကားပြောသံ ကြားနေရပါသည်၊

"ကိုသာအောင် - ကိုသာအောင် - ဗျို့ - ကိုသာအောင်"

"ဘာလဲ - ကိုချက်ကြီး"

"ခင်ဗျား - ဘယ်သူနဲ့ စကားပြော နေတာလဲ၊ ခင်ဗျားတဲကလို့ ထင်တယ်၊ စကားပြောသံတွေ ကြားနေရသလား လို့၊ ဟိုဘက်တဲတွေကတော့ မဟုတ် လောက်ပါဘူး၊ ခင်ဗျားတဲကလို့ ကျွန် တော်ထင်တယ်"

မှန်ပါသည်၊ ကိုသာအောင်တဲက ပေါ့၊ ကိုချက်ကြီးတဲက လေအောက်က၊ ကိုသာအောင်ထဲကလေတင်ဖြစ်နေတာ ကိုး၊ ဒီတော့ သူတို့နှစ်ဦးပြောတဲ့စကား ကို ချက်ကြီးတစ်ယောက် နားမှာ သဲ့သဲ့ နှင့် ကြားနေရမည်ဖြစ်သည်၊ ကိုသာ အောင် တစ် ယောက် ကတော့ လုံးဝ အဖြေမပေးဘဲငြိမ်သက်သွားတာတွေ့ရ သည်၊ ကိုချက်ကြီးတစ်ယောက်ကတော့ သံသယစိတ် ဝင်သွားပါသည်၊

❋

"အစိမ်းကို မခွဲနိုင်တော့ဘူး"

"ဒီကလည်း ကိုသာအောင်ကို ရှုံ လမ်းနေပြီ - ရှင်ရယ်"

ကိုသာအောင်ကြိုက်နေတဲ့ အမျိုး သမီးနာမည်က အစိမ်းဆိုပဲ၊ ကိုသာ အောင်ရယ်၊ အစိမ်းရယ် တီးတိုးတီးတိုး စကားတွေ ပြောနေကြပြန်ပါသည်၊ ကို ချက်ကြီးတစ်ယောက် မသင်္ကာတာနဲ့ ကိုသာအောင်တဲကို သွားအချောင်းမှာ တော့ ကိုချက်ကြီးတစ်ယောက် မြင်နေ ရသည်မှာ ကိုသာအောင်တစ်ယောက် အည်း စကားပြောနေတာကိုပင် ဖြစ် အည်၊ ကိုချက်ကြီးစိတ်ထဲတွင် အိပ်ချင် မူးတူးနှင့် သူ တစ် ယောက် တည်း ဘယောင်ကတတမ်းစကားပြောနေသည် ထင်ပြီး ကိုသာအောင်တဲကို တုတ်နှင့် ရွှတ်လိုက်သောအခါ ကိုသာအောင် စိတ်အလွန်ဆိုးမိသွားပြီး...

"ဘယ်သူလဲကွ - ငါ့တဲကို လာပြီး ဘုတ်နဲ့ရိုက်တာ"

"ကိုသာအောင် - ကျွန်တော်ပါဗျ"

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ကျွန်တော်က ခင်ဗျား ဘယ်သူနဲ့ စကားပြောနေတာလဲ၊ ဒါမှမဟုတ် အိပ် မောကျလို့ ယောင်ပြီး စကားပြောနေ တာလား၊ သိချင်လို့ပါဗျာ"

"ခင်ဗျား - နောက်ကျုပ်တဲကိုမလာ နဲ့ဗျာ"

ကိုချက်ကြီးတစ်ယောက် တော် တော်လေးစိတ်ပျက်သွားမိရပြီ၊ ကိုသာ အောင်တစ်ယောက် စိတ်ဆိုးသွားပြီဆို တော့ မတော်လို့များ ကိုသာအောင်က စိတ်ပေါက်ပေါက်နှင့် ကိုင်းခုတ်ဓားဖြင့် ခုတ်လိုက်လျှင်ကိုချက်ကြီးတစ်ယောက် အသားလွတ်ခံရမည်၊ ဒုက္ခရောက်ရ ချည်ရဲ့၊ စိတ်ဆိုးရလည်း အခက်၊ ပြန်ပြီး



ညကလည်း ကျွန်မ ရှင့်ငါးခု
လာခိုးတာ မဟုတ်ဘူး
ကျွန်မလာတဲ့အချိန်မှ
ရှင့် ငါးမိနေလို့ ကျွန်မ ကူဖမ်းပေးတာပါ
ကျွန်မကို ဝါးရင်းတုတ်ကြီးနဲ့ ပစ်လိုက်တော့
လက်မောင်းမှာကြည့်ပါဦး
အနာဖြစ်သွားပြီ
အခုထက်ထိ နာနေတုန်း ...





www.burmeseclassic.com

www.burmeseclassic.com

ပြဿနာရှာဖို့ရာလည်း အခက်နှင့် ကိုချက်ကြီးသည် ခပ်ရှက်ရှက်ဖြင့် သိက္ခာကျစွာ ကိုယ့်တဲသို့ ကိုယ်ပြန်ခဲ့ပါတော့သည်။ တကယ်တမ်းကျတော့ အလွန်သိက္ခာကျစရာ ရှက်လွန်းစရာ မဟုတ်ပါ။ လူပုံအလယ်တွင်ဖြစ်သည့် ပြဿနာလည်း မဟုတ်ပါ။ တောကြို့တောင်ကြားရောင်းကြိုမြောင်းကြားမှာ ဖြစ်သည့်ပြဿနာပါ။ ဒါကြောင့်ကိုချက်ကြီးအတွက် အလွန်ပင်သိက္ခာကျစရာ မလိုပါ။ ဒီတော့ ကိုချက်ကြီးဟာ သူ၏ စိတ်ထဲမှာ ကိုသာအောင်တစ်ယောက် အတွေးအခေါ်ကနည်း၊ အသိဉာဏ်က မရှိ၊ ပညာက မတတ်၊ လူ၏ဥပမိရပ်ကျပြန်တော့လည်း မျက်လုံးက စောင်းသယောင်ယောင်၊ မျက်နှာတွင် ကျောက်ပေါက်မာ အမာရွတ်ရှိသလိုလို အတွေးအခေါ်အမြော်အမြင်နည်းသည်၊ လူအများတကာက ကိုယ့်အတွက် ကောင်းတာပြောလျှင်လည်းအကောင်း မမြင်တတ်၊ ဇွတ်တရွတ် နိုင်သည်၊ ကိုချက်ကြီး တွေ့ခဲ့ဖူးသော ဤလူမျိုးများသည် အသက်ကြီးသည်၊ ငယ်သည် မဟုတ်မပေါင်းအပ်သောသူများထဲတွင် ပါသည်။ အဆင်ပြေသလိုသာ နေရသည်။ ထို့အတွက်ကြောင့် ကိုယ့်တဲပေါ်တွင် မသိဟန်ဆောင်ပြီး အသာအယာလေး ပြန်တက်လို့ ငါးကို ဆက်ထောင်ဖြစ်သည်။ ကိုချက်ကြီး ခပ်လှမ်းလှမ်းမှ ချောင်းလိုက်သောအခါ သူယောင်မယ်လို ဆံပင်ဖားလျားထားသော မိန်းမတစ်ယောက်နှင့် အတူစကားပြောနေတာ တွေ့လိုက်ရတော့သည်။

✻

နံနက်မိုးသောက် အလင်းရောက်သော် -

"ကိုသာအောင်ရေ - ကျုပ်တော့ ပြန်တော့မယ်၊ ခင်ဗျားရော မပြန်သေးဘူးလား"

"မပြန်သေးဘူးဗျာ ခင်ဗျားပြန်နှင့်"

ကိုသာအောင်တစ်ယောက် ဒီသောင်ယံမှ မခွာနိုင်များ ဖြစ်နေမလား မသိပါ။ သူ့အိမ်ကိုလည်း မပြောရဲ၊ သည်ကိစ္စကို ပြောပြလျှင် သူ့အိမ်မှ ကိုသာအောင်ကို ပြန်ပြောလျှင် ကိုချက်ကြီးကို ပြဿနာ လာရှာမှာဖြစ်သည့်အတွက် ကိုချက်ကြီးတစ်ယောက် မပြောရဲပါ။ သည့်အတွက်ကြောင့် ရွာထဲမှ ကာလသားများကို ကိုချက်ကြီးက ချောင်းရိုးကတဲမှာ ကိုသာအောင်တစ်ယောက် ညကျရင် သူယောင်မယ်လိုလို အစိမ်းအရဲလိုလိုမိန်းမတစ်ယောက်နှင့်နေ့စဉ်နေ့တိုင်း သမီးရည်းစားစကား တပြောပြောနဲ့ အမြဲတမ်းပြောနေတဲ့အကြောင်း ပြောလိုက်ဖြစ်သည်။ ရွာထဲမှကာလသားများကကိုသာအောင်တဲကိုချောင်းကြည့်သောအခါ ကိုချက်ကြီးပြောသလို အစိမ်းမလိုလို၊ တစ္ဆေမလိုလို တွေ့မြင်ရပါတော့သည်။

ကိုသာအောင်သည် နေ့လယ်မှာသည်း အိမ်မပြန်ချင်၊ ညလည်း ဤတဲပေါ်တွင် ရှိသည်။ သူ့အိမ်မှ လူများသည် ကိုသာအောင်တဲသို့ လိုက်လာသောအခါ ဤသူယောင်မနှင့် ကိုသာအောင် အစ်ယောက်ယူတော့မည်။ မခွဲနိုင်မခွာနိုင်ဖြစ်နေကြောင်း ပြောပြတော့သည်။

ကိုသာအောင်ကတော့၊ အစိမ်းမချယ်၊ သူယောင်မရယ် ဘယ်ဟုတ်မလဲ၊ သူမိန်းမယူတော့မည်ဆိုတဲ့အကြောင်းနှင့် သူ့ကို မိန်းမတောင်းပေးပါရန် သူ့မိဘများကို ဖွင့်ပြောနေပါတော့သည်။

"ဟဲ့ - မောင်သာအောင်၊ နင်ယူမယ့် မိန်းမက ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ၊ ဘယ်မှာနေတာလဲ"

ဟု မေးသောအခါ ကိုသာအောင် အဖြေမပေးနိုင်။ တဖြည်းဖြည်းနှင့် မိုးဥတု ကုန်သွားခဲ့ပါသည်၊ မိုးဥတုကုန်ပြီး ငါးပြန်ရိုတ်ပြီးသွားလျှင် ငါးများမထောင်ကြတော့ပါ။

ငါးဆက်ထောင်နေလျှင်လည်း အပိုပါပဲ၊ လုံးဝ ငါးမရတော့ပါ။ ဤလို အရှိန်အခါမျိုးတွင်လည်းကိုသာအောင် ငါးဆက်ရှာနေပြန်ပါတော့သည်။ တဖြည်းဖြည်းနှင့် နွေဥတုရောက်လာပါသည်၊ သူ့အိမ်သို့ နေ့၊ မိုး၊ ဆောင်းမပြန်ဘဲ သူ့တဲတွင် စတည်းချပြီး နေပါတော့သည်၊ သူ့အိမ်မှ လူတွေလည်း စိတ်ဖိသောကရောက်နေပါတော့သည်၊ ဤသူ့ယောင်မနှင့် သူတို့သား ရူးတူးတူး ပေါတောတော မောင်သာအောင်တစ်ယောက် ချစ်ကြိုက်နေ၍ တားမြစ်လို့လည်းမရသည့်အတွက် ပယောဂဆရာ ရှာပါတော့သည်၊ ရွာထဲက ကာလသားများက မသိမသာ ချောင်းမြောင်းလေ့ရှိသည်၊ အနီးကပ်တော့ ချောင်းလို့မရ ဒီသူယောင်မက လူစော်နံလျှင်သိသည်၊ တစ်နေရာ ရောင်ထွက်သွားတာလား ဘာလားတော့ မသိ၊ အသံမကြားရ မမြင်မတွေ့တော့၊ ဒါကြောင့် လူကြီးသူ များ ပြောထားသည့်အတိုင်း သူတို့တ ချောင်းကြည့်မယ်ဆိုရင် သူ့တဲပေါ်တွင် သူတို့ မသိအောင်၊ ကံနိမ့်အောင် အ လက်ဖွဲ့တဲခေါင်မိုးပေါ်တင်ပြီး ထားနေရ

www.burmeseclassic.com

တနေ ရောင်းကြည့်လို့ရနိုင်သည် ဆိုလို့ ဆရာတစ်ယောက်ကို အကူအညီတောင်း၍ ခပ်လှမ်းလှမ်းမှ ရောင်းကြည့်ကြသောအခါ...

"ကိုသာအောင် - ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

"ကိုယ်ဝန်ရှိရင် ကလေးယူမှ ဖြစ်တော့မှာပေါ့ မစိမ်းရဲ့"

ကာလသားများသည် ကိုသာအောင်နှင့် မစိမ်းတို့ အပြန်အလှန်ပြောဆိုနေကြသောအသံကို သဲ့သဲ့ကြားရသောအခါ ရောင်းနေသော ကာလသားများထဲမှ မောင်ချစ်ဦးက -

"ဟေ့ - အုန်းမောင်၊ တကယ်လူဖြစ်နိုင်တယ်ကွ၊ သူ့မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ တို့နားနဲ့ ဆတ်ဆတ်ကြားရတာပဲ"

ကျန်တစ်ယောက်ကမူ...

"မဟုတ်ဘူးအုန်းမောင်၊ ငါတို့အမြဲတမ်းလိုလို ရောင်းကြည့်ဖူးတယ်၊ လူအချင်းချင်းထင်ပြီး အနားကပ် ရောင်းကြည့်ပါလား၊ အဲဒီမိန်းမသံပျောက်သွားပြီး သာအောင်တစ်ယောက်တည်း ရှိတော့တာမယုံရင်အနားကပ်သွားကြည့်ပါလား၊ သာအောင်သိသွားလို့ကတော့ ဓါးရင်းတုတ်စာမိမလား၊ ကိုင်းစုတ်ခါးမနဲ့ ခုတ်ခံရမလား၊ မင်းသွားကြည့်လေ"

"အောင်မယ်လေး - အနားကပ်မကြည့်ရဲပါဘူး၊ သာအောင်ကို ငါကြောက်တယ်ကွ"

"တို့လည်းကြောက်လို့အနားမကပ်ရဲတာပေါ့၊ တကယ်တမ်းကြည့် အဲဒီသူယောင်မက လူလာတာသိတယ်၊ ပျောက်သွားမှာ၊ မယုံရင် အနားကပ်ကြည့်ပါလား"

"အောင်မလေး - အနားကပ်မကြည့်ရဲပါဘူး၊ သာအောင်ကို ငါကြောက်တယ်ကွ"

"တို့လည်း ကြောက်လို့ အနားမကပ်ရဲတာပေါ့၊ တကယ်ကပ်ကြည့်၊ အဲဒီသူယောင်မယ်က လူလာတာသိတယ်၊ ပျောက်သွားမှာ၊ မယုံရင် အနားကပ်ကြည့်ပါလား"

"အောင်မယ်လေး - မကပ်ရဲပါဘူးကွာ၊ ငါတို့တော့ ယုံသွားပါပြီ၊ သူ့အိမ်က မိသားစုတွေ သနားပါတယ်၊ ကျွတ်တွေ မျှော့တွေလည်း ကိုက်တယ်၊ ခြင်လည်း ကိုက်တယ်၊ ကိုချက်ကြီးကို နှုတ်ဆက်ပြန်ကြမယ်"

အမှန်တကယ်တမ်းကျတော့ ရွာထဲက ကာလသားတွေက အသေအချာသိရအောင် လက်တွေ့ရောင်းမြောင်းကြည့်ရှုကြတာပါ၊ ကိုသာအောင် တစ်ယောက်သူယောင်မလား၊ အစိမ်းမလား၊ တွေ့ကြုံနေတယ်ဆိုတာ ယုံသွားပါပြီ၊ သူ့အိမ်ကလူတွေလည်းဆရာတစ်ယောက်ရှာပြီးဒီကိစ္စကိုရှင်းပစ်ဖို့လုပ်နေကြတယ် ဆိုတာရွာသားများလည်း သိနေကြပါပြီ၊

"ကိုအုန်းတင် သူ့အိမ်က မိသားစုတွေ မနက်ဖြန်လားမသိဘူး၊ တို့ရွာက ဆရာကြီး၊ အဘရွှေတိုးကို ခေါ်ပြီး ဒီသူယောင်မလား၊ အစိမ်းမလားကို ကိုသာအောင်နဲ့ ခွဲပစ်ဖို့ လုပ်နေကြတယ်"

"အေးဗျာ - ကြားရတယ်၊ ကိုယ်ဝန်ဆောင်ရှိနေပြီဆိုပဲ၊ သူတို့ဘယ်လိုလုပ်ကြမလဲ မသိဘူး၊ လူနဲ့ သူယောင်အစိမ်းမနဲ့ အံ့တော့ အံ့ဩစရာပဲ၊ ကျုပ်တို့တော့ ပွဲကြည့်ပရိသတ်လို စောင့်ကြည့်ရမယ်"

"ဒါက တချို့ဆရာတွေ နိုင်ပါတယ်၊ ပြီးအောင်လုပ်ပစ်လိုက်မှာပေါ့၊ ညားတယ်ဆိုရင် ကိုသာအောင်ကြီးတစ်ယောက် သေသွားမှာပေါ့ မိတ်ဆွေတို့ရဲ့"

"အင်း - ဒါလည်း ဟုတ်ပါတယ်၊ ကြုံညီတဲ့ဇာတ်ကြောင်းကို တစ်ဖက်မှ ဒုက္ခခံပေးမှသာလျှင် တူညီသွားလိမ့်မယ်၊ ဒါကြောင့်မို့လို့ ကိုသာအောင်မိသားစုက ဒီအဖြစ်မျိုးကို အဖြစ်ခံမှာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ ဦးနှောက်ကျပ်မပြည့်တာပဲဖြစ်ဖြစ်၊ ပေါတောတောပဲ ဖြစ်ဖြစ် လူ့သားရင့်မာကြီးဆိုတော့ မိဘဖြစ်သူနှင့် ညီအစ်ကိုမောင်နမတွေကတော့ နမြောမှာပေါ့"

❋

နောက်တစ်နေ့မှာပင်ဆရာဝင့်တာ အုန်းပွဲ၊ ငှက်ပျောပွဲ၊ လက်ဖက်၊ အကြော်စုံ၊ ဆီမီးတို့နှင့် သဲဖြူခင်းရာဇမတ်ကာ၍ ဖွယ်ဖွယ်ရာရာနှင့် ကိုသာအောင်တို့ကပ်နေသော သူယောင်မအစိမ်းမ ခွာထွက်သွားရန် ဇာတ်လမ်းစပါတော့သည်၊ ပယောဂဆရာက ဆေးကြိမ်လုံး တဖြန်းဖြန်းနှင့် ခင်းထားသော သင်ဖြူးများကို ရိုက်ပါသည်၊ ဆရာကတော့ စွမ်းပါသည်၊

"အောင်မယ်လေး - ကိုသာအောင်ရဲ့၊ ကျွန်မကို နှိပ်စက်နေပါပြီ၊ ကျွန်မမှာ မပေါ့မပါးကြီးနဲ့၊ ကိုသာအောင် - ရှင်ဒီအတိုင်းကြည့်နေမှာလား - သေပါပြီရှင်"



www.burmeseclassic.com

www.burmeseclassic.com

ကိုသာအောင်တစ်ယောက်က မြေပြင်မှာ လူးလိုက်၊ လိမ့်လိုက်နှင့် တချို့လူများကတော့ ဒါ ကိုသာအောင်ကို ဝင်ပူး နေတာ၊ ကိုသာအောင်ကိုဝင်ပူးပြီး ပြောနေတာဖြစ်ရမည်၊ သူ့မှာ လူစိတ်ပျောက်သလို ဖြစ်နေပြီ၊ ဆရာကလည်း သာအောင်ကို နင် နောက် ဝင်ကပ်ဦးမလား၊ ဝင်ကပ်ရင်နင် သေလိမ့်မယ်လို့ အကြိမ်ကြိမ်အဖန်ဖန်ပြော၍ သူ့ရဲ့ဆေးကြိမ်လုံးကို ကိုသာအောင် ခန္ဓာကိုယ်ပေါ်သို့ တဖြန်းဖြန်း ရိုက်ချနေတော့သည်။

"ဟဲ့ - အစိမ်းသူယောင်မ၊ နင် - ငါပြောနေတာ မကြားဘူးလား၊ နင် သာအောင်ကို ကပ်ဦးမလား"

ဟုဆိုကာ ဖြန်းခနဲ ဖြန်းခနဲ ကိုသာအောင်ကို ရိုက်လိုက်သောအခါ...

"အောင်မလေး - ကျွန်မမှာ ကိုယ်ဝန်ကြီးနဲ့ပါလို့ ပြောပြီးပြီ၊ ကျွန်မ မခွဲနိုင်ဘူး၊ ရိုက် - ရိုက် - သေအောင်သာရိုက်၊ ကိုသာအောင်ကို မခွဲနိုင်ဘူး"

မှန်ပါသည်၊ သေအောင်ရိုက်လည်း ခွဲမှာရွာမှာမဟုတ်တော့ပါ၊ အလွန်အကျွံအချစ်နယ်ကျွံ ဖြစ်ခဲ့ကြပြီး ဖြစ်သည်၊ ဆရာကြီးအဘ ဦးရွှေတိုးသည် တစ်ရွာတည်းနေ တစ်ရေတည်းသောက်ဖြစ်သော ကိုသာအောင့်ဖခင်ဦးသိန်းမောင်၊ အမိ ဒေါ်အေးမှင်တို့ကို...

"တော်တော်လေး ရှင်းထုတ်ပစ်ရလိမ့်မယ်၊ ပေါ့ပေါ့နဲ့တော့ မရလောက်တော့ဘူး၊ ဦးသိန်းမောင် ခင်ဗျားသားပယောဂက အတော်အဆုံးကြီးသွားပြီ၊ ကျုပ်ဘယ်လိုနည်းနဲ့ဆက်လုပ်ရမယ်ဆိုတာ နည်းလမ်းရှာဦးမယ်"

ဆရာကြီး အဘ ဦးရွှေတိုးသည် ပူးစွဲနေတာကိုငြိမ်သွားအောင် ရေမန်းများတိုက်ပြီး နားလိုက်ပါသည်၊ ကိုသာအောင့်အမေ ဒေါ်အေးမှင်နှင့် သမီးလေးတွေဖြစ်သည့် မလှနှင့် မမြတို့ကတော့ သူ့အစ်ကိုကြီး ကိုသာအောင် ဖြစ်ပျက်နေတာ စိတ်မကောင်းလို့ မျက်ရည်တစမ်းစမ်းနဲ့ မျက်ရည်တွေတွေ စီးကျနေတာကို တွေ့ရပါသည်၊ ဆရာကြီးအဘဦးရွှေတိုးဆိုတာ ဤနေရာမှာ အင်မတန်နာမည်ကြီးသည့် အထက်လမ်းဆရာကြီးဖြစ်သည်၊ ဘုရားနှင့်တရားနှင့်နေသူပေါ့၊ ဒီမောင်သာအောင့်ကိစ္စမလွယ်လောက်ဘူးဆိုတာ သိသည့်အတွက်ကြောင့်ကိုသာအောင်ရဲ့ဦးလေးတော်သူ ဦးခင်မောင်ကို...

"ဒီမှာခင်မောင်၊ မင်းတူသာအောင်ကိစ္စ မလွယ်လောက်တော့ဘူး ငါထင်တယ်၊ ငါလည်းဆက်လုပ်နေမယ်ဆိုရင်မှာငရဲတွေကြီးကုန်လိမ့်မယ်၊ အလွန်အတွဲတွေ ဖြစ်သွားပြီကွ၊ စဖြစ်ခါစလောက် ဆိုရင် ကောင်းမှာ၊ ခွဲရတာကောင်းတာပေါ့၊ ခုတော့ - ဒီသူယောင်အစိမ်းသရဲမက ကိုယ်ဝန်တောင်ရှိနေပြီဆိုပဲ၊ ငါ အာရုံခံကြည့်လိုက်တာ ဟုတ်တယ်ကွ၊ နာနာဘာဝဆိုပေမဲ့ (၁၁)ဘုံမှာဖြစ်ပျက်နေတာတွေ ရှိကြတယ်"

အဘ ရွှေတိုးပြောနေသောအချိန်တွင် အဘရဲ့သား ကိုရွှေမောင်က -

"အဖေ - အဖေ - ကိုသာအောင်ကိုပူးစွဲနေတဲ့ သူယောင်အစိမ်းသရဲကိုသာအောင်ကို အဖေ ဝင်ပူးနိုင်းလို့နော်၊ တခြားယဉ်ပါးတဲ့သူကို ဝင်ပူးနိုင်းပြီး သာအောင့်အနီးအနားမှာထားရင်အဖေ့ကို သာအောင် ဓားနဲ့ ခုတ်ရလောက်တယ်၊ အဖေ့လုပ်ဆောင်ချက်မှန်သွားလို့နော်"

"ရွှေမောင်ရာ ငါသိတယ်ကွာ၊ တခြားသူ ဝင်ပူးနိုင်းပြီး သာအောင်အနားထားလိုက်လို့ကတော့ ငါသေမယ်ဆိုတာ ငါသိပါတယ်၊ ဒီကောင် ကျပ်မပြည့်တာ၊ အဖေ သိပါတယ်ကွာ"

ကိုသာအောင်သည် သူလုပ်နေကျဖြစ်သည့် ရေကွင်းဆွဲနေကျ ချောင်းရိုးတွင် ညဘက် ငါးထောင်ရန် ပုံမှန်သွားပါသည်၊ အဲဒီရွာက ကာလသားတွေလည်း ကိုသာအောင်တစ်ယောက် သူယောင်အစိမ်းသရဲမနှင့် ချစ်ကြိုက်နေတာကိုပေါ်ပြူလာဖြစ်ပြီး စိတ်ဝင်စားနေကြတော့ လိုက်ချောင်းမြောင်းကြပြန်သည်၊ ကိုသာအောင်တဲနှင့်နီးနီးကပ်ကပ်တော့ မချောင်းရဲကြပါ၊ ကိုသာအောင်အနီးတွင် ငါးထောင်နေသော ကိုချက်ကြီးတစ်ယောက်တော့ သူနှင့် နီးနီးနားနား ငါးမထောင်ရဲတော့ပါ၊ အနီးကပ်လည်း မနေရဲတော့ပါ၊ ရွာက ကာလသားတွေက အတူးအဆန်း ဖြစ်နေကြ၍ ချောင်းမြောင်းကြပါသည်၊ ကိုသာအောင်တဲမှ ထွက်လာသည့်အသံကတော့ -

"ကိုသာအောင် - ကျွန်မကိုဟိုတစ်နေ့က ရိုက်လိုက်တာ၊ ကိုသာအောင် ကျွန်မကို မကူညီဘူး၊ ကျွန်မမှာ အဲဒီဆရာကြီးရိုက်လိုက်တဲ့ ဒဏ်ရာတွေ ကြည့်ပါဦး"

"အေးပါကွာ - မစိမ်းရာ - မနက်ဖြန်ခါကျရင် အဲ့ဒီလူကြီးကို ငါ ဓားနဲ့သွားခုတ်မယ်၊ ငါလည်း မကျေနပ်ဘူး"

"ဟာ - သူငယ်ချင်းတို့အဘရွှေတိုးကို ကိုသာအောင်ကဓားနဲ့သွားခုတ်မယ်တဲ့၊





www.burmeseclassic.com

www.burmeseclassic.com

သွားပြောထားမှပဲ ဖြစ်လိမ့်မယ်၊ သာအောင်ရှုးတူးတူး ပေါတောတောနဲ့ ပြောလို့မရဘူး၊ လာ - လာ - ပြန်ကြမယ်"

နံနက်မိုးသောက် အလင်းရောက်သောအခါ ရွာမှ ကာလသားများသည် အဘ ဦးရွှေတိုးကို ညက ဤကဲ့သို့ ကိုသာအောင်နှင့် အစိမ်းသူယောင်မ ပြောနေသော စကားများနှင့် ကိုသာအောင်က အဘကို ဓားကြိမ်းကြိမ်းနေကြောင်း ပြောနေသည့် အချိန်တွင် ကိုသာအောင် အမေနှင့်အဖေကလည်း သူ့သား သာအောင်ကို အမြန်ဆုံးအစိမ်းသူယောင်မ ပူးလိုက် ခွာလိုက်လုပ်နေတာကို ဒီရောဂါ အမြန်ဆုံးဆရာကြီး ကုပေးပါလို့ ပြောမလို့ လာနေကြပြီ ဖြစ်သည်၊ တစ်ချိန်တည်းမှာပင်လည်း ကိုသာအောင် တစ်ယောက်ကလည်း ဆေးဆရာကြီး အဘဦးရွှေတိုးကို သူ့ကို ရိုက်ရမလားဆိုပြီး ကိုင်းခုတ်ဓားမကြီး ထမ်းလို့ လာနေပြီပင် ဖြစ်သည်၊

"ဒီမှာ ဦးရွှေတိုး - ကျွန်တော့်ကို ဟိုတစ်နေ့က ဘာဖြစ်လို့ ခင်ဗျား ကြိမ်လုံးနဲ့ ရိုက်ရတာလဲဗျ၊ ကျုပ် မကျေနပ်ဘူး၊ ဓားနဲ့ ခုတ်ရမှ ကျေနပ်မယ်"

ဤကဲ့သို့ ဓားနှင့် ဝင်အလာ ကာလသားတစ်အုပ်က ကိုသာအောင်ကို ဝိုင်းချုပ်ကြပြီး...

"ကိုသာအောင် ခင်ဗျားမှားမယ်၊ ခင်ဗျားကို အစိမ်းသရဲမ ဝင်ကပ်နေလို့ ခင်ဗျားအဖေနဲ့ အမေက ဒီပယောဂပျောက်အောင် အဘကိုဆေးကုခိုင်းတာ ခင်ဗျား ဒီလို မလုပ်ပါနဲ့"

ကိုသာအောင်ကို ရွာက ကာလသားတွေ ဝိုင်းချုပ်ထားသည့်အတွက် လှုပ်လို့ မရတော့ပါ၊ ကိုသာအောင့် အဖေနှင့် အမေကလည်း -

"ဟဲ့ - သာအောင်၊ လူကြီးကို မစော်ကားနဲ့၊ နင် ဒုက္ခရောက်လိမ့်မယ်၊ နင့်မှာ ရောဂါဖြစ်နေတယ်ဆိုတာ သိလား"

"ကျုပ်မှာ ဘာရောဂါမှ မဖြစ်ဘူး၊ ခင်ဗျားတို့သာ ကျုပ်ကို ရောဂါရအောင် လုပ်နေတာ၊ ခင်ဗျားတို့ အိမ်မှာလည်း ကျုပ် မနေဘူး၊ ဦးရွှေတိုး - ကျုပ်ကို နောက် ဒီလိုလုပ်ရင် ခင်ဗျား ပေါ့ဒီဓား ကြည့်၊ ဖယ်ပေးကြစမ်းကွာ ငါ့ကို မချုပ်ကြနဲ့၊ မင်းတို့ရွာမှာလည်း ငါ မနေတော့ဘူး"

ဟုပြောပြီး ကိုသာအောင်သည် သူ့ကိုင်းခုတ်ဓားမကိုထမ်းကာ သူ့တဲရှိရာ ရေနီချောင်းရိုးသို့ သုတ်သီးသုတ်ပျာနှင့် ထွက်သွားပါတော့သည်၊

❋

နောက်တစ်နေ့တွင် ကိုသာအောင်သည် သူငါးထောင်နေသော ငါးတဲ ရေတွင်းဆွဲသော ကြိုးကြီးကို ကိုင်လျက် ချောင်းရိုးထဲသို့ ဦးစောက်ကျွမ်းကျပြီး ရေနစ်သွားကာ အသက်မရှိတော့တာကို တွေ့ရပါတော့သည်၊ ကိုသာအောင် တစ်ယောက် သေသွားရှာလေပြီ၊ အဲသည်လိုကျတော့လည်း ကိုသာအောင်၏ မိဘများနှင့် ညီအစ်ကိုမောင်နှမများသည် ရွာမှ ကာလသားများနှင့် အထက်လမ်း ပယောဂဆေးဆရာကြီး ဦးရွှေတိုးတို့ကို သေကာမှစကားသံများ ထွက်ပေါ်တာကို ကြားရပါသည်၊ ဤအသံကို ကြားရသောအခါ ဦးရွှေတိုးသည် သူ၏ပညာနှင့် သစ္စာဆို၍ ဤဝိညာဉ်များကို မောင်သာအောင် ညီမထံသို့ သူ၏ ပညာရပ်နှင့် မှန်သော သစ္စာပြုပြီး အဓိဋ္ဌာန်ပြုသောအခါ ကိုသာအောင် ညီမသည် အစိမ်းသရဲ ဝင်ပူးသည့်ရုပ်မျိုးဖြင့်...

"ဟော့ - ငါ့ကို ဘယ်သူမှ မတားနဲ့၊ ငါ သာအောင်ပေါ့...၊ ငါ့ မိန်းမ မစိမ်းနဲ့ အခု ငါ အတူနေသွားပြီ၊ ငါ့ အဖေနဲ့ ငါ့ အမေ ငါ့ကို မိန်းမတောင်းပေးပါဆိုတော့လည်း တောင်းမပေးဘူး၊ အဲဒီတော့ ငါ့ မိန်းမ မစိမ်းက ငါ့ကို ရေကူးခိုင်းလိုက်တာ ငါ ရေမွန်းပြီး သူနဲ့ အတူလိုက်နေလိုက်ပြီ၊ ငါ့ မိန်းမလည်း ကလေးမွေးတော့မယ်၊ ငါ့ တဲနားက လက်ပံပင်နားမှာ နန္ဒင်းများများ လာပေးပါ၊ ငါလိုချင်တယ်၊ ဒါပဲ"

ဟု ကိုသာအောင် ညီမသို့ သူကိုယ်တိုင် ဝင်ပူးပြီးသွား၍ တစ်ရွာလုံးက ကိုသာအောင် ဇနီးမယား အစိမ်းသူယောင်မယ်က ကိုသာအောင်ကို ရေထဲဆွဲချပြီး သူ့နောက်ကို ခေါ်တယ်ဆိုတာ ထင်ရှားသွားပါတော့သည်၊ ဆရာကြီး ဦးရွှေတိုးနှင့် ရွာက ကာလသားတွေ ဘာမျှ မလုပ်ဘူးဆိုတာ သိသွား၍ ကိုချက်ကြီး တစ်ယောက် သူငါးထောင်နေကျ နေရာ ငါးပြန်ထောင်သောအခါ သူ့ တဲနားတွင် လက်ပံပင်ပေါ်မှ ကလေးငိုသံနှင့် နန္ဒင်းစော်များ နံလျက်ရှိသည်မှာ ဤအရပ်ဒေသတွင် ယနေ့ထက်တိုင်ပင် တစ်ခါတစ်ရံ သစ်ပင်နားတွင် ရှိနေကြောင်း သိရသည်ဟု ပြောစမှတ်ပြုကြပါသည်၊

ဝင်းမောင်ကျော်




www.burmeseclassic.com

www.burmeseclassic.com

ညောင်ရွာ၊ အောင်လံမြို့နယ်အတွင်းရှိ ရွာကလေး၊

ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာတည်ရှိပါသည်၊ အောင်လံမြို့မှ တစ်နေ့တစ်ကြိမ်ခရီးသည်ပို့ဆောင်ပေးသော ကူးတို့မော်တော်ရှိပါသည် ။ မော်တော်စီးလျှင် နေ့တစ်ဝက်ခရီးခန့်ကြာပါမည်။ ဦးစိန်လှမှာ ညောင်ရွာဇာတိ ဖြစ်သည်။ ညောင်ရွာတွင် မိဘလက်ငုတ် စီးပွားရေးလုပ်ငန်းဖြစ်သော ထန်းတောရှိသည်။ ထန်းရည်မှ ထန်းလျက်၊ သကာရည် စသည်တို့ချက်၍ စီးပွားဖြစ် ရောင်းချသည်။

ဦးစိန်လှ၏အစ်ကိုမှာ ဦးစံမြ ဖြစ်သည်။ မိဘနှစ်ပါး ကွယ်လွန်သွားသည့်အခါ ညီအစ်ကိုနှစ်ယောက် အမွေခွဲကြသည်။ အမွေဆိုင် ထန်းတောကို ရောင်းချပြီး နှစ်ယောက်လုံး အောင်လံမြို့သို့ ပြောင်းရွှေ့အခြေချကြပါသည်၊ ဦးစံမြက ပွဲရုံထောင်သည်။ ပဲ၊ နှမ်းအရောင်းအဝယ် လုပ်သည်၊ ဦးစိန်လှက မော်တော်တစ်စင်းဝယ်၍ အညာ



# မျိုးမြင့်(အောင်လံ)
# ကြေးစားကဝေ



www.burmeseclassic.com

www.burmeseclassic.com

နှင့်အောက်ပြည် အောက်ရွာ အစုန်၊ အဆန်ကုန်စည်သယ်ပို့သည့်မော်တော် ရေယာဉ် ပို့ဆောင်ရေးလုပ်ငန်းတစ်ခု ထူထောင်လိုက်သည်။ မော်တော်လုပ်သားများမှာလည်း ထိုညောင်ရွာဇာတိ၊ သွေးသားတော်စပ်သူများသာ ဖြစ်ပါသည်။ သို့ဖြင့် ညီအစ်ကိုနှစ်ယောက်လုံး စီးပွားတိုး၍ကြီးပွားချမ်းသာလာကြ၏။

စီးပွားတက်တာချင်းအတူတူ ညီဖြစ်သူ ဦးစိန်လှက ပို၍ကြီးပွားသည်။ မော်တော်တစ်ခေါက်ထွက်လျှင် တစ်ခေါက်ဆိုသလောက် နင့်နေအောင်ရသည်။ ဝင်ငွေကောင်းလှ၍ နေ့ချင်းညချင်းတစ်ဟုန်ထိုးချမ်းသာသွားသည်။ အောင်လံမြို့ကန်ကြီးရပ်ကွက်တွင်တစ်ထပ်တိုက်လှလှလေး ဆောက်လုပ်နိုင်သည်။ သားသမီးငါးယောက်ကိုလည်း တင့်တောင့်တင့်တယ်ထားနိုင်သည်။ ထို့ပြင်ရွှေထည်များစုဆောင်းမိသည်အထိ ချမ်းသာကြွယ်ဝလာသောအခါ မရီးဖြစ်သူ ဒေါ်မြိုင်က မနာလို ဖြစ်လာသည်။ ဦးစိန်လှ၏ ဇနီး ဒေါ်တင်ညွန့်မှာ အရိုးခံဖြစ်သည်။ အိမ်သို့ ဒေါ်မြိုင် ရောက်လာလျှင် လိုလေသေးမရှိ ဧည့်ခံကျွေးမွေးသည်။ သူစားချင်တာ အကုန်ချက်ပြုတ်

ကျွေးမွေးပါသည်။ ဘယ်လောက်ပဲကျွေး ကျွေး ဒေါ်မြိုင်မှာ စိတ်ရင်းမကောင်း ချေ။ စားရသည့်အခိုက်မှာ တဟဲဟဲနှင့် သဘောကျနေဟန်ဆောင်ထားသော် လည်းရင်ထဲကကြိတ်၍မနာလိုစိတ်များ ထကြွဆူပွက်နေတတ်လေသည်။ ဖြစ် နိုင်လျှင် ဦးစိန်လှနှင့် ဒေါ်တင်ညွန့်တို့ကို ကုန်းကောက်စရာ မရှိလောက်အောင် ဆင်းရဲသွားစေချင်သည်။

သည်လိုနှင့် ဒေါ်တင်ညွန့်တို့၏ သားကြီး ကိုလှညွန့် ရန်ကုန်တက္ကသိုလ် တွင် နောက်ဆုံးနှစ်သို့ပင် ရောက်ရှိလာ ခဲ့ပြီ။ ထိုအချိန်တွင် ဦးစိန်လှမှာ ခြေ ထောက် ထုံကျင်ကိုက်ခဲသော ရော ဝေဒနာတစ်မျိုး စွဲကပ်နေသဖြင့် ရေ ဝတီမြစ်၏ အနောက်ဘက်ကမ်းခြေ သာယာကုန်းရွာသို့ အနှိပ်ခံရန် မကြာ ခဏ သွားရလေ့ရှိပါသည်။

သာယာကုန်းရွာမှာ ဦးစိန်လှ၏ ဇာတိညောင်ရွာနှင့်တစ်ဆက်တည်းမှာ တည်ရှိ၏။ ရွာနှစ်ရွာ၏အကြားတွင် ချောင်းကူးတံတားလေးတစ်ခုသာ ခြား ပါသည်။ အောင်လံမြို့မှ ညောင်ရွာသို့ မော်တော်ဖြင့်သွား၊ ညောင်ရွာရောက် လျှင်ညောင်ရွာမှတံတားကိုဖြတ်ကျော်

လိုက်ပါက သာယာကုန်းရွာသို့ ရောက် ရှိ၏။ ညောင်ရွာမှာ ညောင်ရွာကြီး၊ ညောင်ရွာလေးဟူ၍ နှစ်ရွာရှိပါသည်။ သာယာကုန်းရွာနှင့် တစ်ဆက် တည်းရှိနေသောရွာမှာ ညောင်ရွာလေး ဖြစ်၏။

ဦးစိန်လှ၏ညီ တစ်ဝမ်းကွဲ ကိုဟန် တင့်မှာသာယာကုန်းရွာတွင်အနှိပ်ဆရာ တစ်ဦးဖြစ်ပြီး ဦးစိန်လှ၏ ခြေထောက် ထုံကျင်သောရောဂါမှာ ကိုဟန်တင့် နှိပ် ပေးလျှင် သက်သာသယောင် ရှိ၏။ ကိုဟန်တင့်၏ဇနီးမှာမူ ဘယ်ရွာသူမှန်း သိရပေ။ ယခင်ကိုဟန်တင့်အနှိပ်ဆရာ မဖြစ်မီ ဦးစိန်လှ၏ မော်တော်တွင် မော် တော်အလုပ်သမားအဖြစ် လိုက်ပါခဲ့စဉ် ာတွေ့ခဲ့သည့် ယုံကြည်ရသည့်တစ်ဦးဖြစ်သည်။ ဒေါ်ရှမ်း နှင့်ချစ်ကြိုက်ကြပြီး အိမ်ထောင်ပြုခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဒေါ်ရှမ်း သင်ကြားပြသ ပေးသဖြင့် ရောဂါအလိုက် ခန္ဓာကိုယ်ပေါ် ရှိ နှိပ်ကွက်များကို တတ်ကျွမ်းနားလည် လာခဲ့ပြီး ယခုအခါ အနှိပ်ဆရာအဖြစ် နာမည်ကျော်ကြား၍ ထင်ရှားနေပါ သည်။ နာမည်ကျော် အနှိပ်ဆရာကြီး ကိုဟန်တင့်ဖြစ်လေ၏။

ဒေါ်ရှမ်းမှာ မြန်မာတိုင်းရင်းသူဟု ယူဆရသော်လည်း ဘယ်ဇာတိ၊ ဘာ လူမျိုးဟု မည်သူကမှ သေချာပေါက် မပြောနိုင်ပါ။ ရှမ်းမနှင့် ဆင်တူဟန်ရှိ၍ ဒေါ်ရှမ်းဟုအမည်တွင်နေခြင်းသာဖြစ်ပါ သည်။ အသားအရောင်မှာ တရုတ်ကဲ့သို့ မဖြူပါ။ မြန်မာကဲ့သို့လည်း မဝါပါ။ မညို ပါ။ သူ့အသားအရောင်က ထူးထူးခြား ခြား ဝင်းဝါနေပါသည်။ ရွှေဝါရောင်ဟု သတ်မှတ်ရမည် ဖြစ်၏။ အသားရောင် ဝါရုံမကပါ၊ တည်သီးပုံသဏ္ဌာန်ရှည်မျော မျောရှိသည့် မျက်လုံး၏ အရောင်မှာ လည်း အဝါရောင် သန်းလျက် ရှိပေ သည်။

ဦးစိန်လှမှာ သာယာကုန်းရွာသို့ ရောက်တိုင်း ဦးဟန်တင့်နှင့် ဒေါ်ရှမ်းတို့ အိမ်တွင်သာတည်းခိုနေထိုင်စားသောက် တတ်ပါသည်။

တစ်နေ့၊ ဦးစိန်လှ၏ ခြေထောက် နာကျင်ကိုက်ခဲနေသဖြင့် ထုံးစံအတိုင်း အနှိပ်ခံရန် သာယာကုန်းရွာသို့ထွက်လာ ခဲ့သည်။ အောင်လံမြို့ဆိပ်ကမ်းမှ နံနက် (၈)နာရီအချိန်ထွက်သော ကူးတို့မော် တော်သည် နေ့လယ် (၁၂)နာရီခန့်တွင် ညောင်ရွာဆိပ်ကမ်းသို့ ဆိုက်ရောက် ၏။





www.burmeseclassic.com

www.burmeseclassic.com

ညောင်ရွာရှိအသိမိတ်ဆွေများအိမ်တွင် ခေတ္တဝင်ရောက်နားခိုပြီး ညနေစောင်းတွင် သာယာကုန်းရွာသို့ ခရီးဆက်သည်၊ ရွာနှစ်ရွာ ဆက်သွယ်ထားသည့် တံတားကို ဖြတ်ကျော်နေစဉ် ဦးစိန်လှ၏နောက်ကျောဘက်ဆီမှ ဦးစိန်လှ၏ဖက်ပိုး(လည်ကုပ်)ကိုလက်ဝါးဖြင့် ရိုက်လိုက်သကဲ့သို့ ဖြောင်းခနဲမြည်အောင်ရိုက်ချခြင်းခံရပြီးနောက်ဘက်သို့ ချက်ချင်းလှည့်ကြည့်လိုက်သောအခါ မည်သူ့ကိုမျှ မတွေ့မမြင်ရဘဲ ကြက်သီးများတဖြန်းဖြန်းထကာ တုန်လှုပ်ချောက်ချားသွားပါသည်၊

ဦးစိန်လှသည် အနိပ်ဆရာ ဦးဟန်တင့်အိမ်သို့ရောက်အောင် အားတင်း၍ သွားသေးသည်၊ ထိုအိမ်သို့ရောက်သောအခါ ရေတစ်ခွက် တောင်းသောက်ပါသည်၊ ရေသောက်ပြီးသော် လည်း အမောမပြေပါ၊ ရင်ထဲကတုန်တုန်ရင်ရင်ဖြစ်ကာ ပျို့ချင်အန်ချင်သလိုကြီး အော်ဂလီဆန်လျက် ရှိနေသဖြင့် အနှိပ်မခံတော့ဘဲ ဦးဟန်တင့်ကို အဖော်ခေါ်ပြီး လျှင်ညတွင်းချင်းပင် သမ္ဘန်လှေ (ကူးတို့လှေ)တစ်စင်းငှား၍အောင်လံမြို့သို့ပြန်လာခဲ့လေသည်၊

အောင်လံမြို့သို့ ပြန်လည်ရောက်ရှိပြီးနောက်အဖျားဝင်လာပြီး အပြင်းဖျားပါသည်၊ ငါးရက်ခန့် လူမှန်းသူမှန်းမသိလောက်အောင် အဖျားတက်ကာ ဝေနာများအဆင့် ရောက်ရှိလေ၏၊ အနောက်တိုင်း ဆေးဆရာဝန်ဖြင့် ဆေးထိုး၊ ဆေးစားသော်လည်း မသက်သာဘဲရှိနေ၍ တိုင်းရင်းသမားတော်ကြီး ဦးညဏအားပင့်ခေါ်ပြီး ကုသပါသည်၊

ဆရာကြီးသည် အိမ်ပေါ်သို့ရောက်ရှိသည်နှင့် ဘုရားကန်တော့ပြီးနောက် ငှက်ပျောသီး၊ အုန်းသီးတို့ကို ချက်ချင်းဝယ်ယူစေကာ ဘုရားပွဲတင်ပါသည်၊ ထိုနောက် နံ့သာဖြူ တစ်ပန်းကန်ရအောင် သွေးစေပြီးလျှင် ရက်ကန်းစင်တောင် ဆရာတော်နှင့်တကွ အထက်ထွက်ရ ပေါက်ပုဂ္ဂိုလ်များနတ်ကောင်းနတ်မြတ် နတ်ဒေဝတာတို့အား ပင့်ဖိတ်မေတ္တာ ပို့လျက် ဘုရားဂုဏ်တော်တို့ကို ရွတ်ဆိ ကာ နံ့သာဖြူပန်းကန်အား ညာဘက် လက်ခလယ်ဖြင့် အကြိမ်ကြိမ် မွှေ လေ၏၊ နံ့သာဖြူပန်းကန်အားမွှေနှော ပြီးလျှင် ဘုရားကျောင်းဆောင်ပေါ် တင်ထားလိုက်ရာ နံ့သာရည်များအ ကြောတင်းသွားပြီး ငှင်းမျက်နှာပြင်

တွင် ဆံပင်ဖွားလျားချထားသည့် မိန်းမကြီးတစ်ဦး၏ ရုပ်ပုံလွှာမှာ အထင်းသား ပေါ်ပေါက်လာကြောင်း တွေ့မြင်ကြရ၏၊

ဆရာကြီးသည် ထိုရုပ်ပုံအားဦးစိန်လှ၏ ဇနီး ဒေါ်တင်ညွန့်အား ခေါ်၍ ပြသကြည့်သောအခါ သာယာကုန်းရွာမှ ဒေါ်ရှမ်းနှင့်တူသည်ဟု ပြောပါသည်၊

ဆရာကြီး ဦးညဏကား ဘာမှ မပြောတော့ဘဲ ထိုရုပ်ပုံရှင်အား စိတ်ညွတ်၍မေတ္တာပို့ခြင်းအမှုကိုအထူးအားရုံပြုလျက် ဆောင်ရွက်လေ၏၊ ထို့နောက် လူနာအား နံ့သာဖြူ နံ့သာရည်များဖြင့် တောက်ခြင်း၊ တစ်ကိုယ်လုံးလိမ်းကျံပေးခြင်းတို့ကို ပြုလုပ်၏၊

ထို့ပြင် ငန်းဖမ်း၍ သတိလစ်နေသော လူနာ၏ ပါးစပ်ကိုဖြဲ၍ သွားကျိုးအပေါက်မှ မန်းဆေးမှုန့်အချို့ကို ဝင်အောင် လောင်းထည့်ကာ ၎င်းအပေါက်မှ ပရိတ်တော်ရေ တစ်စက်၊ နှစ်စက် ထပ်မံလောင်းချပြီးလျှင် ပါးစပ်ထဲသို့ ဆေးရောက်အောင်ပြုလုပ်ပေးပါသည်၊ ဤကဲ့သို့ ပြုလုပ်ပေးပြီးသောအခါတွင် လူနာ သတိလည်လာပြီး ပုံမှန်အနေအထားဖြင့် တရှူးရှူး ဟောက်ကာ အိပ်

မောကျသွားလေတော့၏၊

"ကဲ - ကဲ - လူနာ ဘာမှမဖြစ်နိုင်တော့ပါဘူး၊ စိတ်ချရပါပြီ၊ လူနာရှင်တွေလည်း ငါးရက်လောက် အိပ်ပျက်ခံခဲ့ရပြီး ပင်ပန်းနေကြတာ၊ အခု စိတ်ချလက်ချ အိပ်လို့ရပါပြီကွယ်"

ဟု ပြောပြီး ပြန်သွားပါသည်၊

❋

လူမမာပြန်လည်နေကောင်းလာသောအခါ ဆရာကြီး ဦးညဏအား မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပြန်သည်၊ ဦးစိန်လှသည်လည်း အနောက်တိုင်းဆေးပညာဖြင့်ကုသသည့်ပန်ချာပီ ကုလားလူမျိုး ဒေါက်တာဆင်းထံတွင် အားဆေးထိုးခြင်း၊ ဆေးထိုးဆေး သောက်ခြင်းတို့ဖြင့် ဟန်ကျနေလေ၏၊

ကာလအတန်ကြာသောအခါဦးစိန်လှမှာ အကောင်းပကတိဖြစ်နေမှ ချက်ချင်း စိတ်ဖောက်လာပြီး မိသားစု သိမ်းဆည်းစုဆောင်းထားသည့်ရွှေငွေရတနာ ထုပ်ကိုယူလျက် သားသမီးတို့ကို သူ့ရှေ့တွင်စုဝေးစေ၍ရွှေမိုး ငွေမိုး ရွာသည်ဟု ဆိုကာ ရွှေများကိုကြဲချခြင်း၊ ကစ်ခြင်း





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ဆူပူကြိမ်းမောင်းခြင်းများ ဖြုလုပ်လာပါသည်။

ကြမ်းလွှန်းမကကြမ်းရမ်းလာသော အခါ ညီဝမ်းကွဲတော်စပ်သူ အနိုပ်ဆရာ ဦးတန်တင့်ကို သာယာကုန်းရွာမှ ခေါ်ယူ၍ ဦးစိန်လှအားကြိုးဖြင့်တုပ်ကာ ရန်ကုန်မြို့ (ယခင် တံတားကလေးဆေးရုံ) သို့ ပို့ရန် ခေါ်ဆောင်သွားခဲ့ကြသည်။ စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီးမှ သက်ဆိုင်ရာ တာဝန်ခံ ဆရာဝန်တို့ထံတွင် စစ်ဆေးစမ်းသပ်မှု ခံယူသောအခါတွင် စိတ်ဖောက်ပြန်နေသည့် ဦးစိန်လှမှာ အကောင်းအမွန် လူကောင်းတစ်ယောက် ဖြစ်နေပြန်သည်။

သို့ဖြင့် စိတ်ရောဂါကုသရန် ဆေးရုံမှ လက်မခံပါ။ ထိုအခါ ဦးစိန်လှအား အောင်လံမြို့သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ကြပြန်၏။ သို့သော်လည်း မကြာမီ ရောဂါဖောက်ပြန်လာပါသည်။

ဤတွင် ကောင်းနိုးရာရာ ဆေးဆရာများထံ သွားရောက်၍ဟိုဆရာနှင့် ပျောက်နိုးနိုး၊ ဒီဆရာဖြင့် ပျောက်နိုးနိုး လုပ်နေခဲ့ရာ အချိန်ကာလ တစ်နှစ်ခွဲခန့် ကြာမြင့်သွားခဲ့ပြီး ရှာဖွေစုဆောင်းထားသည့် ငွေများလည်း ကုန်ခန်းလုမတတ် ဖြစ်ပေသည်။



အဆင့်အတန်းနိမ့်ကျသည့် စုန်းအမျိုးအစားများမှာကား အိမ်သာအောက်၊ အိမ်နောက်ဖေး၊ အကြိုအကြားတွင် မြေအပုပ်အစပ်စား၍ စုန်းတောက်စားလေ့ရှိကြပြီး အဆင့်မြင့်သည့် ကဝေပျံစုန်းများမှာမူ ကောင်းကင်သို့ ပျံတက်၍ တိမ်ညွန့်စားကာ ပျော်ပါးမြူးထူးကြသည်ဟု ကြားခဲ့ရဖူးသည်။ အဆိုပါ စုန်းမီးလုံးအား အနီးကပ်မြင်တွေ့ဖူးသူတို့က ထိုမီးလုံးမှာ စုန်းမ၏ ခေါင်းပြတ်ကြီးသာလျှင် ဖြစ်ကြောင်း ပြောဆိုသံကို ကြားသိ မှတ်သားခဲ့ရ၏ ...



လူနာမှာ တစ်စ တစ်စ ရောဂါသက်သာလာ၍ ဆရာတော်တော်များများက လက်လျှော့ထားရပြီးဖြစ်ရာ ဆရာကြီး ဦးဉာဏလည်း ဘာမှမတတ်နိုင်တော့ ... ဆရာကြီးဦးဉာဏသည် လူနာအား ထိုနည်းစွာ ကုသပေးခဲ့စဉ်က နံ့သာဖြူ ... တွင် လူနာကို ပြုစားထားသည့် စုန်းမ၏ ရုပ်ပုံအား အထင်အရှား ဖော်ထုတ်ပြခဲ့ဖူးပြီ၊ သို့သော် အယုံအကြည် ... ခဲ့ကြသဖြင့် မေ့ပျောက်သွားကြခြင်း ဖြစ်၏။ အချိန်များစွာ ကုန်လွန်ပြီးမှ ဆရာ ဦးဉာဏကို သတိရကြခြင်း ဖြစ်သည်။

ယခုတစ်ဖန် ဆရာကြီးဦးဉာဏက စုန်းကဝေများအကြောင်းကို အောက်ပါ အတိုင်း ရှင်းလင်းစွာ ပြောကြားပါ သည်။

"ငါတို့ ဆေးဆရာတွေဟာ သွေးရိုး သားရိုး သာမန်ရောဂါတွေအပြင် စုန်း ... တိုက်၊ နတ်တိုက်၊ ပယောဂရောဂါတွေ ... လည်း အခါအားလျော်စွာ ကုသပေး ... တတ်တယ်။ စုန်းပြုစားတယ်ဆိုတာက ... လို့ အသေအကြေလုပ်လိုက်တာ ... ည်း ရှိတယ်။ ချစ်ခင်လို့ သူတို့ရဲ့ စုန်း ... ပညာ အမွေပေးချင်လို့ စုန်းဘူးသွင်းပေး ... အမျိုးလည်း ရှိတတ်တယ်။ စုန်းက အဆင့်မြင့်သွားရင် ကဝေပျံလို့ ခေါ်တဲ့ ကဝေအဆင့်ရောက်သွားတယ်။ စုန်းအမျိုးပေါင်း (၆၆) မျိုး ရှိတယ်လို့ ဆရာကြီး ဦးဘသင်း ရေးသားထားတဲ့ "လောကဟိတဂမ္ဘီရကျမ်း" မှာ ဖတ်ရှုမှတ်သားခဲ့ရဖူးတယ်"

"ဟုတ်ကဲ့ပါ - ဆရာကြီး၊ ဗဟုသုတအဖြစ် ဆရာကြီး အခုပြောတဲ့ စုန်း (၆၆) မျိုးကို ပြောပြပါလား"

"ကောင်းပါပြီကွယ် - ကဲ - ကဲ - စာနဲ့ ရေးပေးပါ့မယ်၊ ပေးစမ်း - စာရွက်နဲ့ ဘောပင်"

ဆရာကြီး ဦးဉာဏ ရေးသားပေးခဲ့သည့် စုန်းအမျိုးအစား (၆၆) ပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စမြည်းတိုင်စုန်း (၆) မျိုး

၁။ မြေချဉ်ကို စားသောစုန်း။

၂။ မြေစပ်ကို စားသောစုန်း။

၃။ မြေပုပ်ကို စားသောစုန်း။

၄။ မြေငန်ကို စားသောစုန်း။

၅။ မြေညှိကို စားသောစုန်း။

၆။ မြေခါးကို စားသောစုန်း။

မှတ်ချက် - ၎င်းစုန်းမျိုးတို့သည်ကား (စုန်းပညာ တတ်မြောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သင်္ကေတ) အမောက်ရှိသည့် စုန်းမျိုး
ပေါက်ချေ၊ အဆင့်အတန်းနိမ့်ကျသော
စုန်းများဖြစ်ပါသည်။

(အခြားတစ်နည်း) စုန်းမျိုး ၆ - ပါး
၁။ စုန်းနားပင်း၊
၂။ စုန်းဉတစ်လုံး၊
၃။ စုန်းကျောက်ခဲ၊
၄။ စုန်းလေပွေ၊
၅။ စုန်းဘီလူး၊
၆။ စုန်းနဂါး၊

(မှတ်ချက် - အထက်ပါစုန်း ၆ - မျိုးမှာ တန်ခိုးကြီး၏၊ နာနာရုပ် (အမျိုးမျိုးသော ရုပ်ဆင်းသဏ္ဌာန်) သုံးဆယ်စီကို ဖန်ဆင်းနိုင်ကြ၍ (စုန်းပညာသင်္ကေတ) အမောက်လည်း သုံးဆယ်စီ ရှိကြ၏။

(တစ်နည်း) စုန်းမျိုး ၁၂ - ပါး
၁။ နားလယ်၌ အမောက်ရှိသော သူကောင်းမျိုးစုန်း၊
၂။ ထိပ်လယ်၌ အမောက်ရှိသော သူကြွယ်မျိုးစုန်း၊
၃။ ရင်ဘတ်၌ အမောက်ရှိသော စုန်းဖုတ်၊
၄။ နံစောင်း၌ အမောက်ရှိသော မာကြာစုန်း၊
၅။ ခြေဖျား၌ အမောက်ရှိသော စုန်းကြက်တက်၊
၆။ နာဖျား၌အမောက်ရှိသော စုန်းဘွက်သို၊
၇။ မြီးညှောင်း၌အမောက်ရှိသောစုန်း သိုပုပ်၊
၈။ မေးဖျား၌အမောက်ရှိသောစုန်းညိုနှောင်၊
၉။ ချက်၌ အမောက်ရှိသော စုန်း အောင်၊
၁၀။ ဝမ်း၌အမောက်ရှိသော စုန်းပန်းဝါပြောက်၊
၁၁။ ခြေသလုံး၌အမောက်ရှိသော စုန်း သမယ၊
၁၂။ ထိပ်တည့်တည့်ပေါ်၌ အမောက်ရှိသော စုန်းကဝေ၊

(မှတ်ချက် - အထက်ပါစုန်း ၁၂ မျိုးမှာ စုန်းအဆင့်အတန်းအားလျော်စွာ သတ်မှတ်ထားသော နေရာဌာနတို့တွင် အမောက်များ ကိုယ်စီပါရှိကြပါသည်။)

တန်ခိုးကြီးမားသောစုန်းမျိုး ၄ - ပါး
၁။ ကဝေမည်သော စုန်း၊
၂။ ရနီမည်သောစုန်း၊
၃။ ရဝါမည်သောစုန်း၊
၄။ ပိတ်ကုမည်သောစုန်း၊

(မှတ်ချက် - ၎င်းစုန်းလေးမျိုးမှာ အမောက်မပါရှိဘဲ အမောက် (အစား) တော်စုန်း လေးခုစီ ပါရှိကြပေသည်။

စုန်းမျိုး ၉ - ပါး

အထက်ဖော်ပြပါ စုန်းများအပြင် အမျိုးမျိုးသော နာနာရုပ်အရာအထောင်ကို ဖန်ဆင်းနိုင်စွမ်းရှိသည့် စုန်းမျိုး ၉ - ပါး ရှိပါသေးသည်၊ ၎င်းတို့မှာ ...
၁။ မှော်ဝင်စုန်း
၂။ မှော်စုန်း
၃။ နတ်စုန်း
၄။ သိုမှော်စုန်း
၅။ မှော်စုံစုန်း
၆။ စုန်းဘီလူး
၇။ မှော်သိမ်းစုန်း
၈။ မှော်ပါစုန်း
၉။ မှော်ရုံစုန်း

ကဝေပျံ ၉ - ပါး

ရုံဖန်ရုံခါ၌ ခါးတွင် အမောက် (စုန်းသင်္ကေတ) ပေါ်ထွက်လေ့ ရှိသော အောက်ဖော်ပြပါကဝေအမျိုးအစား ၉ - မျိုးတို့ကို တွေ့ရှိနိုင်ပါသည်။
၁။ ဆင်ကဝေ
၂။ မြင်းကဝေ
၃။ နတ်ကဝေ
၄။ ဘီလူးကဝေ
၅။ ရက္ခိုက်ကဝေ
၆။ နရ (လူ) ကဝေ
၇။ ဂဠုန်ကဝေ
၈။ နဂါးကဝေ
၉။ ကဝေပျံ

တန်ခိုးအကြီးဆုံးစုန်း ၆ - ပါး

လက်ဝဲဘက် နားရွက်၌ အမောက်များ စီရရီပါရှိပြီးလျှင် အခြားစုန်းမျိုးတို့ထက် ပိုမို၍ တန်ခိုးကြီးမားသည့် စုန်း ၆ - မျိုး ရှိပါသည်၊ ၎င်းတို့မှာ -
၁။ ကျားစုန်း
၂။ စုန်းဘီလူး
၃။ ဟဲဘူးစုန်း
၄။ နောက်သိုးစုန်း
၅။ မှော်နှာခေါင်းစုန်း
၆။ ပြန်ဟာစုန်းတို့ဖြစ်ကြ၏၊

အခြားစုန်းမျိုး ၇ - ပါး
၁။ သွေးစုန်း



www.burmeseclassic.com

www.burmeseclassic.com

၂။ လေစုန်း
၃။ ဆေးစုန်း
၄။ မိလာဖလာ (မိရိုးဖလာ) စုန်း
၅။ လက်ဖြင့်တောက်သော လက်စုန်း
၆။ ခြေဖြင့်တောက်သော ခြေစုန်း
၇။ အမောက်သုံးဆင့်ရှိသော စုန်း

(တစ်နည်း) စုန်းမျိုး ၇ - ပါး
၁။ ကာဝေစုန်း
၂။ ခြေစုန်း
၃။ လက်စုန်း
၄။ မှော်ဝင်စုန်း
၅။ အိမ့်တလိမ့်စုန်း
၆။ ဖော်ဂနီစုန်း
၇။ သားစားစုန်း

အထက်ပါစုန်းအမျိုးအစားပေါင်း (၆၆) ပါးကို သိရှိရသောအခါ များစွာ ဗဟုသုတ ဖြစ်ကြရလေ၏။

ဆရာကြီး ဦးဉာဏသည် ဆက်လက်၍ ...

"အေးကွယ် - ဆရာတို့ ပယောဂကုတယ်ဆိုတာက မေတ္တာကျင့်စဉ်ကိုသာ အဓိကထားပြီး စုန်းမယောဂ၊ နတ်ပယောဂ သက်ဆိုင်ရာအစွဲရှင် ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီးတော့ အနှောင့်အယှက်မပေးအောင် မေတ္တာစရဏာစွမ်းအားနဲ့ ပန်ကြားဖယ်ရှားပေးတာပါ။ နှောင့်ယှက်နေတဲ့အစွဲပုဂ္ဂိုလ်ရဲ့ပြန်လည်တုံ့ပြန်မှုပေါ် မူတည်နေတာပေ့ါ။ တစ်ခါတလေ ဆရာတို့ရဲ့ သီလ၊ သစ္စာ၊ သမာဓိ အစွမ်းနဲ့ မရနိုင်တဲ့သူကိုတော့ ဆရာတို့ထက်အစွမ်းသတ္တိကြီးမားတဲ့ဆရာတော်တွေ၊ သမားတော်တွေနဲ့ ကုမှရနိုင်ပေလိမ့်မယ်"

"ဆရာကြီး ဆိုလိုတာက"

"အိမ်း - အခု လူနာဦးစိန်လှကိုတော့ ဆရာ့အစွမ်းအာနိသင်နဲ့ ဖယ်ရှားလို့ မရနိုင်ဘူးဆိုတဲ့ သဘောပါပဲကွယ်"

"ကယ်ပါဦး - ဆရာကြီးရယ်။ အခု ကျွန်မတို့ ဘယ်လိုဆက်လုပ်ရပါ့မလဲ ရှင်"

"စက်တယ် - ဒေါ်တင်ညွန့်၊ ပွင့်ပွင့်လင်းလင်းပြောရရင်အခု လူနာကိုစွဲကပ်နေတဲ့ ပယောဂဟာ တဖြည်းဖြည်း တစ်နေ့တခြားရင့်သည်ထက် ရင့်လာပြီကွဲ့။ အမြစ်တွယ်နေပြီဆိုတဲ့သဘောပဲ။ ဆရာ့ကိုပညာအမွေပေးခဲ့တဲ့ ဆရာတော်ကြီးကတော့ တောင်တွင်းကြီး နယ်ဘက်မှာ ရှိနေလေရဲ့၊ ဒေါ်တင်ညွန့်တို့ သွားလိုတဲ့ ဆန္ဒရှိရင် ကျုပ် လမ်းညွှန်ပေးလိုက်ပါ့မယ်ဗျာ"

"လမ်းညွှန်ပေးပါ ဆရာကြီးရယ်၊ ကျွန်မ ယောကျ်ားရောဂါ ပျောက်ရင်တော်ပါပြီ။ ကျွန်မတို့ သွားဖြစ်အောင် သွားပါ့မယ်ရှင်"

"ဒီလိုဖြင့် တောင်တွင်းကြီးမြို့နယ်မှာ အညာတောရွာဆိုတာ ရှိတယ်။ အဲဒီ အညာတောရွာနဲ့ နှစ်မိုင်အကွာ တောရကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါး ရှိလေရဲ့၊ ဒီကိစ္စကို သူပဲ ဘတ်နိုင်ပေလိမ့်မယ်"

"ဟုတ်ကဲ့ပါ - ခုလို လမ်းညွှန်ပေးတာ ကျေးဇူးပါပဲ - ဆရာကြီးရှင့်"

"ရပါတယ်ကွယ်၊ ကဲ - ဆရာ ပြန်လိုက်ဦးမယ်"

သို့ဖြင့် ...

ဒေါ်တင်ညွန့်သည် ခင်ပွန်းဖြစ်သူ ဝေဒနာရှင် ဦးစိန်လှနှင့် ၎င်းအား ထိန်းသိမ်းပေးနိုင်သည့် ဦးစိန်လှ၏ ညီတစ်ဝမ်းကွဲဦးဟန်တင့်တို့ကိုခေါ်ဆောင်ကာ သမီးအငယ်ဆုံး ဝင်းဝင်းသန်းနှင့်အတူ တောင်တွင်းကြီးမြို့သို့ ခရီးထွက်ခဲ့သည်။ တောင်တွင်းကြီးမြို့နယ်၊ ပရပ်ကြယ် ကျေးရွာကြီးတွင် ဆွေမျိုးများရှိသဖြင့် ၎င်းတို့ထံ၌ ခေတ္တတည်းခိုကာ ပယောဂ ကုသပေးနိုင်သည့် ဆရာတော်ရှိရာ အညာတောရွာသို့ သွားရန် အဆက်အသွယ်ရှာဖွေလျက် ရှိလေ၏။

မကြာမီ အစိမ်းဘူးအပင်ဖြစ်သော အမဲသားတုံးနှစ်တုံး
အန်ထွက်ကျလာပါသည်။ ထိုသို့ ထွက်ကျလာသော
နီရဲနေသည့် အမဲသားအစိမ်းနှစ်တုံးသည် ကျောက်ပြားပြင်ပေါ်၌
ကျပ်တင်ထားသော အမဲခြောက်အသားတုံးကြီးနှစ်တုံး ဖြစ်သွားပြန်ပါသည်။
ထို့နောက် ချက်ချင်း ပုပ်ပွသွားလေတော့၏ ...



www.burmeseclassic.com

ဒေါ်တင်ညွန့်နှင့် ဝမ်းကွဲညီအစ်မတော်စပ်သည့် ဒေါ်မြရှင်မှာ ပရပ်ကြွယ်ရွာကြီးတွင် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချနေသူဖြစ်၍ ပတ်ဝန်းကျင်ရှိ ရွာနီးချင်းများနှင့် အရောင်းအဝယ် အဆက်အသွယ်များရှိပေရာ မကြာမီ အချိန်ကာလအတွင်း အညာတောရွာသူကြီးနှင့် ဆက်သွယ်မိပေသည်။ ထိုအခါ အညာတောရွာသူကြီး၏အကူအညီဖြင့် အညာတောရွာသို့ သွားရောက်ရန် စီစဉ်နိုင်ခဲ့သည်။

❋

အချိန်ကာလမှာ ၁၉၆၁ - ခုနှစ် ဇူလိုင်လဆန်း ဖြစ်ပါသည်။ မိုးဦးကျချိန်ဖြစ်၍ ကျေးရွာများပတ်ပတ်လည်တွင် စိမ်းလန်းနေသော လယ်ကွင်းများကို အစီအရီ မြင်တွေ့နေရ၏။ ကောက်စိုက်သမတို့၏ တေးသံများနှင့် အချင်းချင်း နောက်ပြောင်ရယ်မောသံတို့ဖြင့် ဝေစီလျက် ရှိသည်၊ သို့သော် ဒေါ်တင်ညွန့်၏ ရင်ထဲမှာမပျော်ရွှင်နိုင်ပါ၊ ခင်ပွန်းသည်၏ အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာ၍စိတ်ညစ်နေရသည်၊

ဦးစိန်လှမှာ တဖြည်းဖြည်းကြမ်းရာမှ ပိုကြမ်းလာသဖြင့် နောက်ဆုံးတွင်ကြိုးနှင့် တုပ်နှောင်ထားရန် ဦးဟန်တင့်အားစေခိုင်းလိုက်ရလေသည်၊ ကြိုးတုပ်ခံရသည့်အခါ ဦးစိန်လှသည် ၎င်း၏ဇနီးနှင့် ကြိုးတုပ်ပေးသူဦးဟန်တင့်အားပေးစားကာ ဆဲဆိုကြိမ်းမောင်းနေတော့၏၊ နောက်ဆုံးသူဆဲဆိုနေခြင်းကို လျစ်လျူရှုထားလိုက်ရသည်၊

ပရပ်ကြွယ်ရွာမှ နံနက်စောစောအိပ်ရာထကာ အသင့်စီစဉ်ထားသည့် နွားလှည်းဖြင့် ခရီးစတင်ခဲ့သည်၊ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင် တစ်တောထွက်ဖြင့် တောတောင်ချောင်းမြောင်းအသွယ်သွယ်ကို ဖြတ်သန်းကာ မိုးတွင်းကာလရွှံ့ထဲဗွက်ထဲတွင် တစ်နေကုန် ရုန်းကန်ခဲ့ပြီး ထိုနေ့ ညနေစောင်းတွင် အညာတောရွာကလေးသို့ ဆိုက်ရောက်ခဲ့ပါသည်၊

ထိုညက အညာတောရွာသူကြီး စီစဉ်ပေးထားသည့် မုဆိုးမ သားအမိအိမ်တွင် ညအိပ်တည်းခိုကြပါသည်၊ နောက်တစ်နေ့ နံနက်စောစော၌ ဆရာတော်၏ကျောင်းသို့သွားရောက်ကြလေ၏၊ ဆရာတော်၏ကျောင်းတွင် ဆေးကုသလိုသည့်လူနာများရောက်ရှိနေကြသည်ကို တွေ့မြင်ကြရ၏။

ဆရာတော်ဦးသီလအား ဖူးတွေ့သောအခါ ဒေါ်တင်ညွန့်သည် ခင်ပွန်းသည်၏ ရောဂါဝေဒနာ စတင်ခဲ့ပုံအကြောင်းစုံကို လျှောက်ထားပါသည်၊ ဆရာတော်လည်း လူနာအား ပရိတ်ရေတိုက်ခြင်း၊ ပရိတ်ချည်မျှင်စွပ်ပေးခြင်း၊ ရိုက်တော်ရေဖြင့် ပက်ဖျန်းခြင်းများပြုလုပ်ကာ လူနာအားအနှောင့်အယှက်ပြုလုပ်ထားသူတို့ကို မေတ္တာပို့ခြင်း၊ လူနာ၌ပြုစားထားသည့်အစွဲကို မေတ္တာစိတ်ဖြင့်ဖယ်ရှားပေးစေရန်ပန်ကြားခြင်းများပြုလုပ်ပါသည်၊

ဆရာတော် စတင်၍ ရောဂါကုသစဉ်အစွဲဝင်ရောက်မှုကပ်ခိုင်းသောအခါ လူနာကပမာမခန့်ပြုမူလိုက်သေးသည်၊ ဆရာတော်၏ အမိန့်အာဏာကို ဖီဆန်အာခံလိုဟန်၊ မနာခံလိုဟန် အမူအရာများ ဖော်ပြနေပေ၏၊ ဆရာတော်ကတော့ လူနာအားရိုက်နှက်ခြင်းမပြုပါ၊ မေတ္တာဖြင့်သာ ကုပါသည်၊

ယခင်ပြည်မြို့ရှိဆရာတစ်ဦးထံသို့ သွားရောက်ကုသခဲ့စဉ်က ဦးစိန်လှအား ကြိုးတုပ်၍ကြိမ်နှင့်ဆော်ပါသည်၊ တစ်နေ့လုံး ကြိမ်းလိုက်မောင်းလိုက်၊ ရိုက်လိုက်နှင့် အကြမ်းဖက်ကာ ကြိမ်တုတ်ကိုင်၍ပယောဂကုခြင်း ဖြစ်သည်၊

အချိန်ကြာလာသောအခါ ဒေါ်တင်ညွန့်မှာ ခင်ပွန်းသည်အားရိုက်နှက်နေသည့်အသံ၊ ကျယ်လောင်စွာ နာနာကျင်ကျင် အော်ဟစ်နေသည့် ခင်ပွန်းသည်၏ ငိုညည်းနေသံများကို မကြားလိုတော့သဖြင့် ဦးစိန်လှအား အောင်လံမြို့သို့ပြန်ခေါ်လာခဲ့ရပေသည်၊ လွန်စွာ စိတ်ဆင်းရဲမသာ ဖြစ်ခဲ့ရသည့် နေ့ရက်များ ဖြစ်ပါ၏၊

ထူးဆန်းသည်မှာ အောင်လံမြို့သို့ ပြန်လည်ရောက်ရှိလေသောအခါ ဦးစိန်လှအားရိုက်နှက်ထားသည့်ဒဏ်ရာအက်ချက် အရိုးရာများမှာ လုံးဝပျောက်ကွယ် သွားပြီး သာယာကုန်းရွာရှိ ဒေါ်ရှမ်းတ ယောက်ကိုယ်လက်များ ကိုက်ခဲနာကျင် နေသဖြင့် တစ်ကိုယ်လုံး နှင်းများ လိမ်း "ကျံကာ ရက်သတ္တတစ်ပတ်ခန့် အိမ် က အိမ်ပြင်မထွက်နိုင်ကြောင်း သတင် စကားကြားသိခဲ့ရလေသည်၊ ယခုဆရ တော်ကတော့ ဤကဲ့သို့ မဟုတ်ပ





www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏မေတ္တာစာတ်မှာအေးချမ်း လှပါဘိ။

❋

"ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။ မေတ္တာစာတ်သာ၊ မြန်မြော၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ၊

သဗ္ဗေသတ္တာ အဝေယျာ ဟောန္တု
သဗ္ဗေသတ္တာ အနီဃာ ဟောန္တု
သဗ္ဗေသတ္တာ အဗျာပဇ္ဈာဟောန္တု"

"သတ္တဝါအပေါင်းဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ ...

သတ္တဝါအပေါင်း ကြောင့်ကြခပ်သိမ်း ငြိမ်းကြပါစေ ...

သတ္တဝါအပေါင်း မိမိကိုယ်ကိုမိမိ စောင့်ရှောက်နိုင်ကြပါစေ၊

မိမိပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကို ပေးဝေပါကုန်၏။ အမျှ - အမျှ - အမျှ - ယူတော်မူကြပါကုန် လော့"

"သာဓု - သာဓု - သာဓု"

ကြေးစည်သံနှင့်အတူ နံနက်စောစော အိပ်ရာမှနိုးထလာကြသည်။ အရှေ့လောကစာတ်မှ နေအရုဏ်ထွန်းလင်းတောက်ပလာချိန်တွင် ကျေးငှက်သာရကာတို့တေးဆိုနေကြ၏။ သာယာလှပသောနံနက်ခင်းတွင်အိမ်ရှင်အဘွားကြီး၏ ဘုရားရှိခိုးသံ မေတ္တာပို့သံတို့ကြောင့် ဒေါ်တင်ညွန့် အိပ်ရာကနိုးသွားပါသည်။

"ဩော် - မင်္ဂလာရှိပါဘိ၊ ကျက်သရေရှိပါဘိ"

သမီးငယ် ဝင်းဝင်းသန်းက ယခုမှ ၁၂ နှစ်သမီးခန့်သာ ရှိသေးသည်။ ဘာမှမသိ။ ဘာအပူအပင်မှမရှိ၊ အားရပါးရ နှစ်ခြိုက်စွာ အိပ်ကောင်းနေဆဲပါ။ သူ အိပ်ရာက ထလိုက်ပြီး မျက်နှာသစ်သည်၊ ဘုရားရှိခိုးသည်၊ အိမ်ရှင်အဘွားကြီးမှာ အသက် (၇၀) နှစ်ကျော်ပြီ၊ သို့သော် - ကျန်းမာရေး ကောင်းမွန်နေဆဲ ဖြစ်ပါသည်။ နံနက်မိုးလင်းသည်နှင့် ဘုရားရှိခိုး မေတ္တာပို့အမျှဝေခြင်းအမှုပြုနေကျဖြစ်၏၊ သူ့သမီးက အသက်လေးဆယ်ကျော်ပဲ ရှိသေးသည်၊ အိမ်ထောင်မပြုသေးပါ၊ မိခင်အိုကြီးကို လုပ်ကျွေးပြုစုနေသူ ဖြစ်ပါသည်၊ အလုပ်ကတော့ လယ်အလုပ်၊ ယာအလုပ်၊ တောင်သူအလုပ်ပဲပေါ့၊ နံနက်လင်းသည်နှင့် လယ်ထဲသို့ ဆင်းသွားပြီ ဖြစ်ပါသည်။

ဒေါ်တင်ညွန့်တို့ကို လွှတ်လွှတ်လပ်လပ် တည်းခိုခွင့်ပြုထား၏။ မိမိတို့ဘာသာ ကြိုက်နှစ်သက်ရာကို ချက်ပြုတ်စားသောက်ရပေသည်၊ ယခု ဤအညာဘောရွာသို့ ရောက်ရှိနေသည်မှာ သုံးလပြည့်ပါတော့မည်၊ သီတင်းကျွတ်လပြည့်နေ့ဆိုလျှင် သုံးလတင်းတင်း ပြည့်မည်ဖြစ်၏၊ လူနာ၏ အခြေအနေမှာလည်း တစ်နေ့တခြား သက်သာလာသည်၊ သူ၏ တစ်ကိုယ်လုံး ဖောရောင်နေရာမှ အဖောအရောင်များ ကျဆင်းသွားပါပြီ၊ ခြေထောက်နှစ်ဖက်၏ ခြေခုံများသာ ခပ်မို့မို့ ကျန်ရှိပါတော့သည်၊ စကားအပြောအဆိုမှာ ပုံမှန်ဖြစ်လာကာ မှုမှန်အနေအထားသို့ပင် ရောက်ရှိနေပါပြီသည်။

သို့သော် - ညက အတွေးလွန်ပြီး ဒေါ်တင်ညွန့် တော်တော်နှင့် အိပ်မပျော်ခဲ့ပါ၊ အနှစ်နှစ်အလလက စုဆောင်းထားသော ရွှေငွေအတွင်းပစ္စည်းတို့မှာလည်း ကုန်ခဲ့ရောင်းချလိုက်ရချေပြီ၊ ခင်ပွန်းသည်၏ ရောဂါသက်သာပျောက်ကင်းစေရန် ဆေးကုသရသည့် ကုန်ကျစရိတ်လည်း အချိန်ကာလ (၂) နှစ်တာအတွင်း မနည်းလှ၊ လူနာအကူအဖြစ် ခေါ်ဆောင်လာခဲ့ရသည့် ဦးဟန်တင့်ကိုလည်း ပေးရကမ်းရ၏၊ ဦးဟန်တင့်၏ မိသားစုအတွက် အိမ်စရိတ် စားစရိတ်တို့ကိုလည်း ပြည့်စုံအောင်ထောက်ပံ့ပေးခဲ့ရသေးသည်၊ ဤရွာတွင်လည်း လိုအပ်သမျှ ဝယ်ခြမ်းပေးကမ်း ကုန်ကျနေရပြန်သည် မဟုတ်ပါလား။

အိပ်မပျော်နိုင်သောကြောင့် တည်းခိုအိမ်အပြင်ဘက်သို့ထွက်၍ လရောင်အောက်တွင် မျက်စိတစ်ဆုံး တွေ့မြင်နေရသည့် မှိုင်းညို့ညို့ ရိုးမတောင်တန်းကြီးဆီသို့ ငေးမောကြည့်ရှုနေမိသည်၊

ထိုစဉ် ရွာအရှေ့ဖျားရှိ ရွာသချိုင်းဘုံသာန်ဆီမှ ခွေးအူသံများ ကြားလိုက်ရပြီး သရဲမီးလုံးများ တစ်လုံးပြီးတစ်လုံး တက်လိုက် ကျလိုက် ဖြစ်နေသည်ကို တွေ့မြင်ရလေသည်၊ သရဲမီးက မမြင့်ပါ၊ လူတစ်ရပ်ကျော်ကျော်၊ ယောက်ျားကြီးတစ်ယောက်၏ လက်ခုပ်တစ်ဖောင် အမြင့်ခန့်အထိသာ မြင့်ပါသည်၊ မီးလုံးတစ်လုံးတက်လာပြီးပျောက်သွားလိုက်၊ နောက်ထပ် တစ်လုံးတက်လာလိုက်နှင့် သရဲမီးတွေ ပျော်ပါးမြူးထူးနေတာ မြင်တွေ့လိုက်ရ၏။

ညောင်ရွာမှာ နေစဉ်တုန်းကတော့ သာယာကုန်းရွာဘက်ဆီမှ လက်ကွယ်ညများတွင်စုန်းတောက်စားသည့်စုန်းမီးတို

www.burmeseclassic.com

မြင်တွေ့ဖူးပါသည်။ စုန်းမီးက အရောင်ဝိုတောက်ပြီး အထက်သို့ သစ်ပင်ထိပ်များ လွတ်သည်အထိ အတော်မြင့်မြင့် ပျံတက်နိုင်စွမ်းရှိလေသည်။ စုန်းဟူသည့် မြန်မာဝေါဟာရ အဓိပ္ပာယ်မှာလည်း အလင်းရောင်တောက်ပခြင်းဟူသော အဓိပ္ပာယ်ရှိ၏။

အဆင့်အတန်းနိမ့်ကျသည့် စုန်းအမျိုးအစားများမှာကား အိမ်သာအောက်၊ အိမ်နောက်ဖေး၊ အကြိုအကြားတွင် မြေအပုပ်အစပ်စား၍ စုန်းတောက်စားလေ့ရှိကြပြီး အဆင့်မြင့်သည့် ကဝေပျံစုန်းများမှာမူ ကောင်းကင်သို့ ပျံတက်၍ တိမ်ညွန့်စားကာ ပျော်ပါးမြူးထူးကြသည်ဟု ကြားခဲ့ရဖူးသည်။ အဆိုပါ စုန်းမီးလုံးအားအနီးကပ်မြင်တွေ့ဖူးသူတို့က ထိုမီးလုံးမှာ စုန်းမ၏ ခေါင်းပြတ်ကြီးသာလျှင်ဖြစ်ကြောင်း ပြောဆိုသံကိုကြားသိမှတ်သားခဲ့ရ၏။

ထိုနေ့ညက သန်းခေါင်ကျော်ပြီး အတော်ညဥ့်နက်မှ အိပ်ရာဝင်ဖြစ်ခဲ့သည်။ ယခု အိပ်ရာကနိုးလျှင်နိုးချင်း အိမ်ရှင်အဘွား၏မေတ္တာပို့သံ၊ ကြေးစည်သံတို့ကြောင့် စိတ်ညစ်ညူးမှုများ ပျောက်ကွယ်သွားကာ လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ မင်္ဂလာရှိသော နံနက်ခင်းဖြစ်ပေ၏။

❋

ယနေ့ အရေးကြီးပါသည်။

ဆရာတော်က ဦးစိန်လှ၏ဝမ်းဗိုက် ထဲတွင် စုန်းဘူးသွင်းထားခြင်း ခံနေ သည်ဟု မိန့်ကြားခဲ့သည်။ ဆေးကု ပေးခဲ့သည်မှာလည်း ရက်အတန်ကြာ ညောင်းခဲ့ပြီဖြစ်၍ ယနေ့ ဘူးချပေးမည် ဖြစ်ပါသည်။ ထိုစုန်းဘူးအပင်းကျလျှ ရောဂါပျောက်ကင်းသွားလိမ့်မည် အမိန့်ရှိထားလေ၏။

ဆရာတော်ထံသို့ ရောက်ရှိသော သောအခါ ...

"လာ - လာ - ဒကာကြီး ဦးစိန်လှ ဒကာမကြီး ဒေါ်တင်ညွန့်၊ အခု ဒကာကြီ ရဲ့ဝမ်းဗိုက်ထဲမှာ ရောက်ရှိနေတဲ့ စုန်း အပင်းကို ပြန်ထုတ်ပေးမယ်ကွဲ၊ ဘူး၊ လေဘူး ၊ ရေဘူး၊ မြေဘူး၊ အရိ အစိမ်းဘူး၊ အရှေ့ဘူးဆိုပြီးတော့ စုန်း နှစ်မျိုး ရှိတယ်၊ အခု ဘာဘူးဖြစ် တော့မသိသေးဘူး၊ ကဲ - ကဲ - ဒကာကြီ ဘုရားရှိခိုးပြီး ဘုရားကို အာရုံပြုလို ပါ"

ထို့နောက် ဆရာတော်သည်လည်း မြတ်စွာဘုရားအားရှိသေစွာရှိခိုးပြီးလျှင် အဃောဂကုရန်အတွက် သိဒ္ဓိတောင်းခံ ပါတော့သည်။

"နမောတဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ

နမောတဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ

နမောတဿ ဘဂဝတော အရ ဟတော သမ္မာသမ္ဗုဒ္ဓဿ"

"သဗ္ဗေဗုဒ္ဓါ ခပ်သိမ်းကုန်သော ဘုရားရှင်တို့နှင့် ကကုသန်၊ ဂေါဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ အလောင်းတော် နတ်သားတို့အား ဘုရားတပည့်တော် ပင့်ဆောင်ရာ ဤ ဓာတ်နန်းသို့ ဘုရားတပည့်တော်အား သိဒ္ဓိပေးရန် တစ်ပါးမကျန် လှမ်းကြွတော် မူခဲ့ကြပါကုန် ဘုရား"

တစ်ဖန် ... အရိယာနွယ်ဝင် သံဃာတော် အရှင်မြတ်တို့အား ရှိခိုးလျက် ...

"လက်ဝဲရံ၊ လက်ယာရံ ရဟန္တာ အရှင်မြတ်တို့နှင့် ရှင်ဥပဂုတ္တမထေရ်၊ အရှင်သီဝလိရဟန္တာအရှင်မြတ်တို့အား ဘုရားတပည့်တော် ပင့်ဖိတ်ပါတယ်။ ဘုရားတပည့်တော် ပင့်ဆောင်ရာ ဤ ဓာတ်နန်းသို့ ဘုရားတပည့်တော်အား သိဒ္ဓိပေးရန် တစ်ပါးမကျန် လှမ်းကြွတော် မူခဲ့ကြပါ ဘုရား"

နောက်ထပ်တစ်ဖန် မိဘဆရာတို့ ကို ရည်စူးလျက် ရှိခိုးကာ ...

"အရိယာသခင် ကျေးဇူးရှင်များနှင့် မိခင်၊ ဖခင်၊ ကျေးဇူးရှင်များ၊ ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အား သားတော် ပင့်ဖိတ်ပါတယ်၊ သားတော် ပင့်ဆောင် ရာ ဤဓာတ်နန်းသို့ သားတော်အား သိဒ္ဓိ ပေးရန် တစ်ပါးမကျန် လှမ်းကြွတော်မူ ခဲ့ကြပါကုန် ဘုရား"

ဤကဲ့သို့ ဗုဒ္ဓသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ မိဘ ဆရာသိဒ္ဓိ အစရှိသည့် သိဒ္ဓိသုံးပါး တောင်းခံပြီးလျှင် ပက်လက်ဘူးသီး (ခေါ်) ကချင်ဘူးခါးသီး၏ အညှာနှင့် သွေးထားသော ဆေးရည်ခွက်ကို ကိုင် မြှောက်၍ရေးရိုးမူလ လက်ဟောင်း "ဘူး အပင်းချ မန္တန်" ကို အောက်ပါအတိုင်း ရွတ်ဆိုလိုက်လေ၏။

"ဥုံ - ဗြောင်း - တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင် ဝင်းလျက် ရှင်ရင်းပစ္စေက ဗုဒ္ဓရဟန္တာ စက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါ်တ





www.burmeseclassic.com

www.burmeseclassic.com

လျက် မိဘစက်၊ ဂုဏ်ကျေးဖူးကို အထူးသိလျက် ဆရာစက်၊ ဝရဇိန်လက်နက်ဖြတ္တုစက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက်ဘီလူးစက်၊တောင်ဟုန်မြင်းလျက်ဂဠုန်စက်၊အာခံတွင်းက ဝင်းဝင်းတောက်လျက်နဂါးစက်၊သုံးတောင်သချာ ဟေမဝန္တာ၊ အာကာစိုးလျက် သီဟစက်၊ ဆယ့်သုံးဖြာစက် အာဏာစက်ကြောင့် မကောင်းမိစ္ဆာ ပညာအတတ် သိပ္ပံ အပေါင်းပျက်စေသော"

"ဩောင်း-နမောဗုဒ္ဓါနဘာဝေန၊ ဩောင်း-နမောဓမ္မာနဘာဝေန၊ ဩောင်း-နမောသံဃာနဘာဝေန၊ ဩောင်း-နမော ဒုရေ ဒုရေ သွားဟ ဟုံဟုံ"

"ဩောင်းဂလိမ္မာ၊ မြတ်စွာဘုရားမှာထားခဲ့သည့် တံခါးလျှင်လျှင် ဖွင့်စေချင်သည်။ ဥုံ-စုန်းပင်း၊ နတ်ပင်း၊ ဆရာပင်း၊ သွေးပင်း၊ လေပင်း၊ သည်းခြေပင်း၊ သလိပ်ပင်း၊ အစိမ်းပင်း၊ သရဲပင်း၊ ဖုတ်ပင်း၊ ဆင်းဆရာဆင်း၊ သက်ဆရာသက်၊ ကြေဆရာ ကြေ၊ ပြေဆရာ ပြေ"

"ဤအင်္ဂါသား ဦးစိန်လှ၏ ခန္ဓာကိုယ်၌ဖြစ်ပေါ်လျက်ရှိသော ဘူးအပင်းအပေါင်း၊ အစွဲအပေါင်း၊ စက်အပေါင်းတို့သည် ဤအချိန်မှစ၍မွေးညင်းမွေးပေါက်မှသော်လည်းကောင်း၊ အရည်အဖြစ်ဖြင့်လည်းကောင်း၊ အခိုးအငွေ့အဖြစ်လည်းကောင်း၊ အတုံးအခဲဖြင့် သော်လည်းကောင်း စကြဝဠာအပြင်ဘက်သို့ လွင့်ထွက်သွားစေရမည်၊ ဘုရားငါးဆူအမိန့် ဆရာတော်ကြီးများ၏ အမိန့်အာဏာ"

ဤသို့ဆိုပြီးလျှင် ညာဘက်အံကိုကြိတ်လျက် ညာဘက် ခြေဖနောင့်ပေါက်လိုက်ပါသည်၊ ထို့နောက် ဆေးရည်ကိုဒေါ်တင်ညွန့်ထံပေးအပ်၍ဦးစိန်လှ၏ အထက်နဖူးဆံစပ်မှ အောက်ဆံစပ် ဒွါရအထိ ဆေးရည်ဖြင့် လိမ်းသင်ချစေပြန်ပါသည်။

၎င်းနောက် လူနာအား အနားယူစေ၏။

နေ့လယ်တွင် ဝမ်းတစ်ကြိမ် သွား၏။ ညနေစောင်းသည့်အခါ အန်ချင်သည်ဟုပြောသဖြင့် ဒေါ်တင်ညွန့်သည် ဦးစိန်လှအား ဘုန်းကြီးကျောင်းနောက်ဘက်ရှိ ကျောက်ပြားကြီးတစ်ချပ်ပေါ်တွင် အန်ချစေ၏။

မကြာမီ အစိမ်းဘူးအပင်းဖြစ်သော အမဲသားတုံးနှစ်တုံး အန်ထွက်ကျလာပါသည်။ ထိုသို့ ထွက်ကျလာသော နီရဲနေသည့် အမဲသားအစိမ်းနှစ်တုံးသည် ကျောက်ပြားပြင်ပေါ်၌ ကျပ်တင်ထားသောအမဲခြောက်အသားတုံးကြီးနှစ်တုံး ဖြစ်သွားပြန်ပါသည်။ ထို့နောက် ချက်ချင်း ပုပ်ပွသွားလေတော့၏။

ယင်းအဖြစ်အပျက်အား တအံ့တသြ ငေးမောကြည့်ရှုနေခိုက် ကျောင်းနောက်ဘက် တောစပ်ဆီမှ တရှဲရှဲဖြင့် တောကြီးမြွေဟောက် နာမှုတ်သံများကို အဆက်မပြတ်ကြားကြရသဖြင့်ကျောင်းဘက်သို့ အားလုံး နောက်ဆုတ်သွားကြရသည်။ တဖြည်းဖြည်း တရှဲရှဲအသံများ နီးကပ်လာပြီးလျှင် တောစပ်မှ ညီးနက်တောက်ပြောင်နေသော တောကြီး မြွေဟောက်နှစ်ကောင် ထွက်ပေါ်လာလေသည်။ ၎င်းမြွေကြီးနှစ်ကောင်သည်ကျောက်ပြားပေါ်ရှိအမဲသားနှစ်တုံးအား တစ်တုံးစီ ကိုက်ချီပြီး တောထဲသို့ ပြန်လည်ဝင်ရောက် ပျောက်ကွယ်သွားကြပြန်လေတော့သည်။

"ကဲ-ကဲ-ဒကာကြီးရဲ့ ရောဂါတွေ အားလုံး ကင်းစင်ပပျောက်သွားပါပြီကွယ်။ သူ့အစာကိုသူ ပြန်ယူသွားပြီပဲ။ ဒကာကြီးနဲ့ သားချင်းတော်စပ်တဲ့ ကြာသပတေးသမီးက ပညာသည် လူမျိုးခြားမိန်းမကို ငွေကြေးပေးပြီးတော့ ဘူးအပင်းထည့်သွင်းခိုင်းတာကိုးကွဲ့"

ဆရာတော်က ယင်းသို့ မိန့်ကြားတော်မူပြီး ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျောင်းပေါ်သို့ လှမ်းကြွသွားပါသည်။

ဒေါ်တင်ညွန့်ကတော့ ဦးစိန်လှ၏ မရီး ဒေါ်မြိုင်နှင့် သာယာကုန်းရွာမှ ဒေါ်ရှမ်းတို့ကို မျက်စိထဲမှာ ပြေးမြင်လိုက်မိ၏။

"ဟုတ်ပါပြီလေ၊ သူတို့ လက်ချက်ပါပဲ"

ဒေါ်မြိုင်က မနာလိုစိတ်ဖြင့် စီးပွားပျက်စေချင်သည်။

ဒေါ်ရှမ်းကတော့ အခကြေးငွေယူပြီး ပြုစားလိုက်ခြင်း ဖြစ်ပေလိမ့်မည်။ ကြေးစားတာဝေမပင်။

ဦးစိန်လှက ဒေါ်တင်ညွန့်၏အတွေးစိတ်ကိုမသိဟန်ဆောင်၍သမီးငယ်အား လှမ်းကြည့်ပြီး …

"တို့တစ်တွေ-နက်ဖြန်နံနက် အိမ်ပြန်လို့ ရပါပြီကွယ်။ မပြန်ခင် ရွာထဲ လျှောက်ကြည့်ကြသေးတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"အင်း - ကောင်းသားပဲတော်"

"သမီးလည်း လိုက်မယ်နော် - အမေ"

"အေးပါ - လာ - သွားကြစို့"

ရွာထဲတွင် လျှောက်လည်ကြည့်ပြီး ည်းခိုအိမ်သို့ပြန်လှည့်လာကြစဉ်အိမ် စ်အိမ်မှခွေးနက်ကြီးတစ်ကောင် ရုတ် ရက် ပေါ်ထွက်လာသည်ကို ၎င်းတို့ သိလိုက်ပါ၊ ခွေးကြီးသည်သူတို့နောက် ထိတ်တဆိတ်လိုက်လာပြီး နောက် ျောဘက်မှနေ၍ ဒေါ်တင်ညွန့်၏ ခြေ လုံးအား ရုတ်တရက် ကိုက်ခဲလိုက် လေတော့သည်။

"အား - သေပါပြီတော်"

"ဘာ - ဘာဖြစ်တာလဲ၊ ဟာ - ခွေး ိုက်သွားပြီ"

"လာကြပါဦး - အမေ့ကို ခွေးကိုက် ို့"

သူတို့ မိသားစု၏ အော်သံကြောင့် ာသူရွာသားများ ထွက်လာကြပြီး ခွေး ိုက်ခံရသည့်ဒဏ်ရာအား ရေဖြင့်ဆေး ကြောပေးခြင်း၊ ဆန်ကို ဝါး၍ အနာပေါ်သို့ ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးကြ သည်။ အိမ်ရှင်အဘွားကြီးကလည်း န်းဆေးတိုက်ပြီး အနာကို မန်းဆေး ည့်ကာ သဘော်ရွက်အရည် ညှစ် ထည့်၍သဘော်ရွက်နှင့်ပတ်လျက်ပတ် တီးစည်းနှောင်ပေးပါသည်။

ဒေါ်တင်ညွန့်မှာ အနာကြောင့် နာကျင်မှုဝေဒနာခံစားနေရသဖြင့် မျက်နှာရှုံ့မဲ့နေရှာသည်၊ ထိုအခါ ဦးစိန်လှသည် စိတ်မကောင်းကြီးစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်ကာ...

"အားလုံးပြီးဆုံးသွားပါပြီ - ရှင်မရယ်၊ မင်းကို ဒါ နောက်ဆုံးအကြိမ် ဒုက္ခပေးခဲ့တာပါပဲ၊ နောက်နေ့ဆိုရင် ဒုက္ခတွေအားလုံးကုန်ဆုံးချုပ်ငြိမ်းသွားမှာပါ" ဟုပြောလိုက်လေသည်။

ဒေါ်တင်ညွန့်သည် ဦးစိန်လှ၏ စကားအဓိပ္ပာယ်ကို သဘောမတွေ့နားမလည်လှသောကြောင့် ခါးခါးသီးသီး ဟန်ဖြင့်...

"ရှင် - ဘယ်လိုပြောလိုက်တာလဲ၊ ဘာအဓိပ္ပာယ်နဲ့ပြောလိုက်ရတာလဲရှင်" ဟူ၍ အော်လိုက်ရာ ဦးစိန်လှက ခေါင်းယမ်းပြပြီး...

"ဘာမှမဟုတ်ပါဘူးကွာ၊ ငါပြောမိပြောရာ ပြောလိုက်မိတာပါလို့ပဲ မှတ်လိုက်ပါတော့နော်" ဟု ပြောဆိုကာ အိပ်ရာသို့ ဝင်သွားလေတော့၏။

❋

နံနက်မိုးစင်စင်လင်းသောအခါ ဒေါ်တင်ညွန့် အိပ်ရာမှ နိုးလာပြီး ခွေး ိုက်သည့်ဒဏ်ရာမှာလည်း နာကျင်မှု ခံစားရတော့ကြောင်း သတိပြုလိုက်မိ သည်။

အိပ်ရာထ မျက်နှာသစ်ပြီး ပတ်တီး ို ခွာကြည့်ရာ အနာမှာ ဒဏ်ရာဒဏ် ချက်ပင် မပေါ်တော့ဘဲ ပကတိအတိုင်း အသားချပ်ချပ်ရပ်ရပ် ဖြစ်နေပါလေ သည်။ ဝမ်းသာအားရဖြင့် ဦးစိန်လှအား အိပ်ရာကနိုး၍ပြောရန် ဟန်ပြင်လိုက် ၏။

"ဟင်"

ကိုယ်ကိုလှုပ်နိုးရန် ဆွဲကိုင်လှုပ် နိုးလိုက်သောအခါ ဦးစိန်လှမှာ မည် သည့်အချိန်က အသက်ထွက်သွားမှန်း ပင် မသိရ၊ တစ်ကိုယ်လုံး အေးစက် တောင့်တင်းနေပြီ ဖြစ်ပါ၏။

"ကိုစိန် - ကိုစိန်၊ အမလေး - လာကြ ဦး၊ ကိုစိန် ဘာဖြစ်လဲ မသိဘူးတော့၊ နိုးလို့မရတော့ဘူး"

ဤတွင် ရွာထဲရှိ အိမ်နီးချင်းလူကြီး သူများ ဝိုင်းအုံရောက်ရှိလာကြပြီးလျှင် ကိုင်တွယ်ကြည့်ရှုကာ အသက်မရှိတော့ကြောင်း အတည်ပြုလိုက်ကြလေတော့သည်။

"ဦးစိန်လှ - ကွယ်လွန်သွားပါပြီကွယ်၊ အသက်မရှိတော့ပါဘူး"

"အမလေး - ကိုစိန်ရေ - ကိုစိန်ရဲ့ ဘယ်လိုဖြစ်ရတာလဲ အဖြစ်ဆိုးလှချည်လားတော်၊ ကျုပ် ဘယ်လိုဖြေရပါ့မလဲ"

မကြာမီ ဆရာတော် ဘုရား ကြွရောက်လာပြီး အသုဘကမ္မဋ္ဌာန်းတရား ဟောကြားတော်မူပါသည်။

ဒေါ်တင်ညွန့် ငိုရှိုက်နေပေပြီ။

ထို့နောက်...

"ဒကာမကြီး - တာဝန်ကျေပါတယ်ကွယ်၊ ဆရာတော်လည်း ကြိုးစားကုသပေးတာပါပဲ၊ ဒကာကြီးရဲ့ဝမ်းအတွင်းရှိ ဘူးအပင်ကို ချနိုင်ခဲ့ပေမယ့် ပြုစားချက် လက်လွန်ပြီး ရောဂါကျွမ်းနေလေတော့ အထဲက ဝမ်းတွင်းကလီစာတွေ ပျက်စီးသွားပြီမို့မကယ်နိုင်တော့ဘူးပေါ့၊ တရားနဲ့သာ ဖြေပါတော့"

"တင်ပါ့ဘုရား - ကံ စီမံရာပါပဲဘုရား"

ဒေါ်တင်ညွန့်တို့ သားအမိသည် အညာတောရွာသို့ရောက်မှ ဝယ်ယူ...





www.burmeseclassic.com

www.burmeseclassic.com

သော အိုးခွက်ပန်းကန် အသုံးအဆောင်ပစ္စည်းများနှင့်အဝတ်အစားများအားလုံးတို့ကို အိမ်ရှင်အဘွားကြီးသားအမိအားပေးကမ်းလှူဒါန်းခဲ့ပြီးနောက် ဦးစိန်လှ၏ရုပ်တလာပ်ကို ကောင်းမွန်စွာသဂြိုဟ်၍ အောင်လံမြို့သို့ ပြန်လည်ထွက်ခွာသွားရလေသည်။

(မှတ်ချက် - ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်သဖြင့် နာမည်များကို ပြောင်းလွဲဖော်ပြထားပါသည်။)

မျိုးမြင့် (အောင်လံ

ကျမ်းကိုး

- လောကဟိတဂမ္ဘီရကျမ်း
- ဝင်းစေပိုင်ကျမ်း

■ မိမိထံသို့ ကြက်သားအုပ်မ ပြေးလွှားလာပါက အဖိုးတန်ရတနာများ ရတတ်သည်။
■ ကြွက်များ တစ်ကောင်အမြီးကို တစ်ကောင်က ကိုက်ဆွဲကာ အတွဲလိုက်ဖြစ်နေသည်ကိုမြင်လျှင် ထီပေါက်တတ်သည်။ နိမိတ်ကောင်း။
■ မိမိအိပ်ပျော်နေစဉ် ဖိုက်ပေါ် သို့ အိမ်မြှောင်ကျပါက ဒွဲစိတ်ခံရတတ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# ခုတ်ရာတခြား ရှရာတစ်လွဲ



မျိုးသ

လေချွန်သံဟု ဆိုရလေမည်လား မသိ။

သူ လာတော့မည်ဆိုလျှင် တရှီရှီ အသံပေးလေ့ပေးထရှိသည်။ ရှီရှီသံနှင့် အတူ သူ ရောက်လာပေပြီ။ (ဘာတွေ လုပ်လိုက်တော့မလဲ) ရှက်ဖို့ စိုးထိတ်မှုတို့ဖြင့် မိသားစုများစိတ်မချမ်းမသာဖြစ် နေကြရ၏။ သူနှင့် ပတ်သက်သည့် အကြောင်းရပ်တို့ကို စကားပင် မာမာ မပြောဝံ့လောက်အောင် သူက ဒုက္ခပေး နေပြန်သည်။

ထိထိမိုက်မိုက် မဟုတ်လင့်ကာ အိမ်နံရံကို ထင်းစနှင့်ပစ်၍သော်လည် ကောင်း၊ အိမ်ခေါင်မိုးသွပ်ပြားပေါ်ခဲ ထင်၍သော်လည်းကောင်း သူ့ခေါ် နှင့်သူ၏မကြိုက်တရားကိုပြသခဲ့သည် မှာ လုပ်ရိုးလုပ်စဉ်။ သတင်းမေးလာ များ ကြောက်လန့်တကြား ပြေးလွှာ ကြရသည်မှာလည်း အကြိမ်ကြိမ် (လူမမြင်ရပါဘဲ ခဲနှင့်ပေါက်နေသဖြ

ခကြောက်မလန့် ရှိနိုင်မည်တဲ့လား)။ ကြာတော့ အိမ်သို့ လူမလာရဲလောက် အောင်ပင် ဆိုးဝါးနေ၏။

ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်၍ ဗုဒ္ဓ၏ ပရိတ်တရားတော်များ အမွှမ်းများရွတ်ဖတ်ဖူးပါပြီ။ သို့လုပ်တုန်း တစ်ခဏငြိမ်သက်နေသည့်တိုင်နောက် ပိုင်းတွင် သောင်းကျန်းမြဲသောင်းကျန်း လျက်။ သတင်းစကားအရ ကျော်ပေ မော်ပေဆိုသော ပယောဂဆရာများထံ သွားရောက်အကူအညီတောင်းပြီး ပင့် ခေါ်လာခဲ့သည်။ အိမ်ပေါ်တွင် ပွဲပြင်ပြီးရုံ ရှိသေး၊ နောက်ဖေးချောင်တွင်ထား သည့် ဆီအိုးကြီး တရွတ်ဆွဲကာ ကြမ်း ပြင်ပေါ် တောက်လျှောက်တွန်းပို့လိုက် သည်က တစ်မျိုး၊ ထမင်းစား စားပွဲဝိုင်း ကြီးလိမ့်ထုတ်လိုက်သည်ကတစ်သွယ်။ လူသူမမြင်ရဘဲ လုပ်နေသောကြောင့် ဆရာများမျက်နှာငယ်ငယ်ဖြင့်ဆုတ်ပြန် သွားကြရသည်ပင် အခါခါ။ နောက်ဆုံး သက်လျှော့ထားလိုက်ရတော့သည်။

အမှောင့်ပယောဂ၊ ပရလောက သားတို့ကို နိုင်နင်းသည်ဟု ကျော်ကြား နေသော ဆရာတော် ထံ သို့ လည်း (အဓိက) ကာယကံရှင်ဖြစ်သူ သမီးငယ် ကို ပို့လွှတ်ခဲ့ဖူးပါသည်။ ဆရာတော် ကျောင်းဝင်းဝအထိ ရှီရှီသံကြားနေရသေး။ ကျောင်းဝင်းအတွင်းသို့ဝင်ပြီး လိုက် မလာ၊ ရှီရှီသံ မကြားရတော့သဖြင့် အနှောင့်အယှက်လည်းကင်းရှင်းသွားခဲ့ ပြီ၊ သို့သော် - အိမ်သို့မပြန်မီပင်အိမ်တွင် ရှီရှီသံကြားနေရ၏။ မကြာမတင် - လိုက် သွားသူ အဖော်များနှင့်အတူ သမီးငယ် ပြန်ရောက်လာပါသည်။ မည်သို့ သိနေ သည် မဆိုနိုင်။ ယခင်အတိုင်း ဆိုးမြဲဆိုး နေသဖြင့် မိသားစုများစိတ်ပျက်ကြရ၏။ မကြမ်းမနဟု ဆိုစေကာမူ မိသားစုများ အတွက် စိတ်အနှောင့်အယှက်ဖြစ်ရ သည်ပင် မဟုတ်ပါလား။

မြို့လယ်ရပ်ကွက် မဟုတ်သော်မှ လူစည်ကားသည့် ရပ်ကွက်ဖြစ်သဖြင့် ဟိုလူ ဒီလူ သတင်းစကားများ၊ တီးတိုး ဝေဖန်ချက်များမှာ တွေးရက်စရာ။ ကြမ်း ကြုတ်ခက်ထန်နေသယောင် ဖောင်းပွ တတ်သော စကားစများကြောင့် အိမ်သို့ လူအသွားအလာ ကျဲပါးသွားရခြင်းတာ ပင် လူမှုရေး၊ စီးပွားရေးကို တစ်ဖက်တာ လမ်းမှ ထိခိုက်စေသည်မှာ အမှန်၊ စိတ်

www.burmeseclassic.com

နလုံးညှိုးချုံးရသည့်နေ့တို့မှာ များခဲ့ပါပြီ၊ သူတို့အတွက် မမြင်ရသည့်အန္တရာယ်မှာ ဆိုးဝါးပေစွ၊ အချိန်အခါ သတ်မှတ်၍ ရေး အကြိုက်မတွေ့ပါက နိစ္စဓူဝအဆိုး၊

ကိုမျိုးညွန့် စကားများမှာ အံ့ဩဖို့ ကောင်းနေသည်၊ ထူးဆန်းနေ၏၊

"ခင်ဗျား ပြောသလိုဆိုရင် ဒီခေတ် ဒီအခါထဲမှာ မယုံနိုင်လောက်အောင် ဖြစ်နေတဲ့ အဖြစ်မျိုးပဲဗျ၊ ထူးထူးခြားခြား ကြီးဗျာ"

"မယုံမရှိနဲ့ - ဆရာရေ၊ ကျွန်တော် တကိုယ်တွေ့ ဟိုစစ ဒီစစ သတင်းကြား လို့အဲဒီအိမ်က ကိုထွန်းနဲ့ခင်မင်နေတော့ သတင်းသွားမေးမိပါတယ်၊ စကားဝိုင်း နဲ့ဘေး သုံးဆန်ကာကို ထင်းစလာမှန် ပါလေရော၊ ပြီးတော့ - အိမ်အဝင်လမ်း ဘေးထောင်ထားတဲ့ကျွန်တော့်စက်ဘီး တာ ထောင်လျက်က လဲတာ မတော် တဆလိုမျိုး မဟုတ်ဘူး၊ တစ်ယောက် ယောက်က ဆွဲပစ်လိုက်သလို တစ်လံ ကွာလောက်မှာ ဝုန်းခနဲလဲသွားတယ်၊ ကျွန်တော် ကြောက်ကြောက်နဲ့သာ ပြန် ခဲ့ရတာပေါ့"

"အို - တော်တော်ဆန်းပြီးတကယ် လည်း ဆိုးတာပေါ့နော်"

"ဒါတင် ဘယ်ကမလည်း ဆရာ ရယ်၊ ကလေးမလေးရဲ့ မောင်ကလေး သူ့သူငယ်ချင်းတစ်ယောက်နဲ့ ဆယ် တန်းစာမေးပွဲဖြေဖို့သွားတာ၊ အိမ်ကနေ ပြီး ယူရမယ့်ဝင်ခွင့်ကတ်ပြားတို့ ကွန်ပါ ဘူးနဲ့ ခဲတံ၊ ဘောလ်ပင်တွေ သေချာစစ် ဆေးထည့်ယူသွားတယ်၊ လမ်းတစ်ဝက် လောက်ရောက်မှ မသက်ာလို့ လွယ် အိတ်ထဲ စမ်းကြည့်တာ မရှိတော့ဘူးတဲ့၊ အိမ်ကို အပြေးအလွှား ပြန်မှ တွေ့ရတာ က စားပွဲပေါ်မှာ အပုံလိုက်ဆိုပဲ၊ ကဲ - အဲဒါသာ ကြည့်လေ"

"အင်း - သူ ဒုက္ခပေးပုံကလည်း မသေးဘူးဗျ"

"ကိုထွန်း ပြောတာရှိသေးတယ်၊ သူက စည်းကမ်းသိပ်ကြီးတယ်၊ မှတ် မှတ်သားသား သမား၊ သူ့အိမ်မှာ ပစ္စည်း ကိုစည်းကမ်းနဲ့ထားတာ၊ သူ သတ်မှတ် ထားတဲ့ ပစ္စည်းကို စနစ်တကျယူ၊ ယူပြီး ရင် နေရာမှာပြန်ထား၊ ပစ်စလက်ခတ် ဆိုရင်မကြိုက်ဘူး၊ ဆူတော့ပူတော့တာ ပဲတဲ့၊ ခုတော့ - အိမ်ကအိမ်သားတွေက မလုပ်၊ လက်သည်မရှိဘဲနဲ့ ဟိုဟာက

ဒီရောက်၊ ဒီဟာက ဟိုရောက် ဖြစ်ချင် သလိုဖြစ်နေတော့တယ်၊ သူမှာ ဘယ်သူ့ ရှုလို့ ဘယ်သူ့မှာနိရမှန်း မသိဘူးလေ"

"ခင်ဗျားလူ - စိတ်ဆင်းရဲနေမှာပဲ နော်"

"စိတ်ဆင်းရဲတာတော့ မပြောနဲ့၊ အကောင်အထည်ရှိနေတာမျိုးဆိုရင် အသတ်မလား မသိဘူး၊ တောက် ခေါက်ခေါက်နဲ့လေ၊ ကိုထွန်းတင် မဟုတ်ဘူး၊ ကျွန်တော်တို့မှာလည်း ဘူ၊ အကျိုးအကြောင်းသိချင်ရင်လမ်း ထိပ် ဈေးတို့မှာ ကြုံမှ မေးဝံ့တာ၊ သူ့အိမ် သွားမေးလို့ကတော့ ပြေးပေါက်မှားပြီ သာမှတ်၊ မမေးဝံ့ပါဘူးဗျာ"

"အေးလေ - ဟုတ်တာပေါ့၊ စိတ် ဆင်ရင် မထင်သလို လုပ်နေတော့ အသတ်သားပဲ၊ ဒါထက် နေပါဦး၊ အရင် ကဘဲနဲ့ ဘယ်ကနေ ဘယ်လို ပေါ်လာ တာလဲဗျ"

"ဆရာသမားမေးတဲ့မေးခွန်းမျိုးကို ကျွန်တော်က မေးခဲ့ဖူးတယ်"

"ဆိုပါဦး - ဘယ်လိုတဲ့လဲ"

ကိုထွန်းတို့ မိသားစု၏ ဆန်းဆန်း ကြယ်ကြယ်ဖြစ်ရပ်ကို ပြောပြနေသူ ကိုမျိုးညွန့်က လေးတွဲစွာ သက်ပြင်းတစ် ချက် ချလိုက်သည်၊

"တကယ်တော့ (ခုတ်ရာတခြား ရှရာတစ်လွဲ) ဖြစ်ရတာမျိုးပါ၊ ကံတရားရဲ့ အနိမ့်အမြင့်နဲ့ဆက်စပ်နေသလားတော့ မပြောတတ်ဘူး၊ ဒီလို - ဆရာရေ - ကိုထွန်း (ဇနီးရဲ့အမေ) ယောက္ခမ မိန်းမ ကြီးဟာ သူ့ယောကျ်ား ဆုံးပါးသွားပေ မယ့် သူကမာမာချာချာ အသက်ထင်ရှား ရှိနေတုန်း သားသမီးတွေနဲ့ နယ်မှာနေ တယ်လေ၊ ကိုထွန်းဇနီးကသာ (ချောင် နောက်ဆံထုံးပါ) ဆိုပြီး မြို့ရောက်နေ တာ၊ အဲဒီရွာကိုကျောင်းပိတ်ရက်တွေမှာ ကလေးတွေ အမြဲသွားနေကျတဲ့၊ သွား လည်ပတ်ရာက ဒီဇာတ်လမ်းပေါ်လာခဲ့ တာပါပဲ"

ကိုမျိုးညွန့် ပြောပြခဲ့သည့် ဇာတ် လမ်းကပင် စိတ်ဝင်စားစရာ၊

❋

တောင်ညိုတန်း၊ ရွာနာမည်နှင့် လိုက်ဖက်စွာနောက်ဘက်ဆီတွင်တော တန်းနှင့် တောင်များမှာ ညိုညိုမှိုင်းမှိုင်း၊ ကားလမ်းမနှင့် အတန်ငယ်ဝေးသဖြင့် ကားဆိုက်သည့်ရွာမှ ဆင်းရှောက်




www.burmeseclassic.com

www.burmeseclassic.com

ရသည်ပင် တစ်မျှော်တစ်ခေါ်ကြီး။ မြမြနွယ်တို့မောင်နှမ ကျောင်းပိတ်ရက်ရှည်နွေရာသီရောက်လေတိုင်း သူတို့အဘွားရှိရာ တောင်ညိုတန်း ရောက်နေကျ။ ကျောင်းစာ အတန်းကလေးရလာပြီမို့ မောင်လေးမှာအပေါင်းအသင်းများလာပေပြီ။ သကြံန်ရက် အပေါင်းအသင်းများစု၍ လည်ပတ်ရန်ကို အကြောင်းပြု၍ ဒီနှစ်မြမြနွယ်၏မောင်လေးမလိုက်ဖြစ်ပါ။ ထို့ကြောင့်မြမြနွယ်တစ်ယောက်တည်း အဘွားတို့ရွာသို့ ရောက်ခဲ့ရ၏။

မြမြနွယ်၏ ပင်ကိုဗီဇစရိုက်ကမြို့ပြမှာ မပျော်မွေ့။ တောရွာတောခေါင်တွင် သဘာဝအလှတို့နှင့်အတူ ရိုးသားဖြူစင်သော တောင်သူတောင်သားများ၏သဘောမနောကို ခုံမင်နှစ်ခြိုက်မြတ်နိုးသည်။ မြမြနွယ်ကိုလည်း တစ်ရွာလုံးက ခင်မင်ပါ၏။ အကြောင်းဆိုသော် မြမြနွယ် အဘွား ဒေါ်ဌေးလှ သဘောဆိုးသလောက်မြမြနွယ်ကသဘောကောင်းရှာသည်။ ဒေါ်ဌေးလှမှာနဂိုကအချမ်းသာကြီး မဟုတ်သော်မှ ယောကျ်ားရပြီးကတည်းက တစ်ရှိန်ထိုးစီးပွားတက်လာသည်။ သူ့ယောကျ်ားကိုဝဏ္ဏကအလုပ်ကြိုးစားသူ လူအေးတစ်ယောက်၊ ဇနီးကိုလည်း အင်မတန်ချစ်သည့်ပြင် ဇနီး[illegible] စကား မပယ်ရှားသူမို့ မယားကြော[illegible] စာရင်းဝင်ခဲ့၏။ ချမ်းတောင့် ချမ်းသာ[illegible] ဖြစ်လာသည်နှင့်အမျှ မဌေးလှ ငွေမာ[illegible] တက်လာ၏။ သူ့ဆွေစုမျိုးစုအတွင်းတွင်[illegible] လည်း မနေဂုဏ်ကြောင့် ဩဇာတိတ္တ[illegible] ကြီးမားသည်၊ မာန်မာနထောင်လွှားလာ[illegible] သဖြင့် လူတိုင်းနှင့်မသင့်မြတ်သည့်တို[illegible] သူ့လုပ်ငန်း သူ့ငွေကြေးတို့နှင့် မကင်းသူ[illegible] များအဖို့ သူ့ကိုမလွန်ဆန်သာ၊ ရေလိုက်[illegible] သင့် ငါးလိုက်သင့် ဆက်ဆံနေရ၏[illegible] ယောကျ်ားဆုံးပြီးသော်လည်း မဌေးလှ[illegible] မာနကို ခဝါမချ။ မဌေးလှ အချစ်ဆုံး[illegible] သားသမီးကိုမဟုတ်၊ သမီးငယ်(ကိုထွန်[illegible] ဇနီး) မလေးငယ်၏ သမီးဦးမြမြနွယ်[illegible] ပါ။

ကိုထွန်းနှင့် မလေးငယ်တို့ အိမ်[illegible] ထောင်ကျပြီး တစ်နှစ်ပင်မရှိတတ်[illegible] ကိုဝဏ္ဏ ဆုံးသည်၊ ချစ်လှစွာသော ခ[illegible] ပွန်း ကွယ်လွန်သဖြင့် အပူမီးတော[illegible] လောင်နေသည့် မဌေးလှ တစ်နေ့ အိမ်[illegible] မက်မက်၏။ ကိုဝဏ္ဏတစ်ယောက်သူ[illegible] လာနှုတ်ဆက်သည်၊ မသေခင်က ပုံ[illegible] အတိုင်း ရှင်ရှင်ပျပျ ရယ်ရယ်မောမော[illegible] နှင့်ပါ။

"အလှရေ - ကိုယ့် သမီးလေးတို့ အိမ်မှာ သွားနေဦးမယ်နော်"

ခေါ်နေကျအတိုင်း မဌေးလှကို (အလှ) ဟူ၍ပင် အိပ်မက်ထဲမှာ ခေါ်သဖြင့် မဌေးလှမှာ အံ့အားသင့်လျက်။ သူ့စိတ်ထဲမှာလည်း ကိုဝဏ္ဏ သေသွားပြီကို သိနေသလို ခံစားခဲ့ရ၏။ သို့သော် ကိုဝဏ္ဏကိုအဝေးမသွားစေချင်သည်က သူ့ဆန္ဒ။

"အော် - ကိုဝဏ္ဏရယ်၊ ကိုယ့်အိမ် ကိုယ့်ရာမှာပဲ နေပါလား။ သမီးလေးတို့ဆီတ အဝေးကြီးမဟုတ်လား။ ရှင် ပင်ပန်းမှာပေါ့"

"မပင်ပန်းပါဘူးကွာ၊ ငါ နီတိုးကြီးနဲ့ သွားမှာပါ။ သမီးလေးကိုလည်းစိတ်မချဘူးလေ။ သွားမယ် - အလှရေ"

ပြောပြောဆိုဆို အိမ်ရှေ့တွင် ချည်ထားသည့် မြင်းနီကြီးပေါ် တက်စီးကာ ထွက်သွားတော့၏။ မဌေးလှခမျာ နှုတ်အာများ ဆွံ့ပွါးနေသူပမာ ငေးမောလျက်ကျန်ရစ်သည်။ နီတိုးဆိုသည်က (သူတို့နယ်ပယ်ဝေ့)ကိုဝဏ္ဏစီးလေ့ရှိသော မြင်းကြီး။ မြင်းပေါက်ဘဝမှ မြင်းကြီးဖြစ်သည်ထိ၊ ကိုဝဏ္ဏတစ်လက်ကိုင်၊ အိမ်တွင်ဝိုင်းဝန်းလုပ်နေသူများမဆိုထားနှင့် ဇနီးဖြစ်သူ မဌေးလှကိုပင် အကပ်မခံ[illegible] သည့်မြင်းကြီး။ ထူးဆန်းသည်ဟု ဆိုရ[illegible] လေမည်လားမသိ၊ ကိုဝဏ္ဏ ကွယ်လွန်ပြီး ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် ပကတိကျန်းကျန်းမာမာအကောင်းသားမှ မြင်းကြီးနီတိုး ဗုန်းဗုန်းလဲသေသွားရှာသည်။ မဌေးလှအိပ်မက်တွင် လောတဲ့[illegible] မရှိတော့သူ နှစ်ဦးကို အတူတကွ တွေ့ခဲ့ရခြင်းပင်၊ ဘာမပြောညာမပြော နောက်နေ့ မဌေးလှ အဖော်တစ်ယောက်ခေါ်၍ သမီးငယ်မလေးငယ်တို့ရှိရာကိုထွက်ခဲ့သည်၊ ကားလမ်းသို့ တက်ပြီး ကားတစ်တန်၊ မီးရထားတစ်တန်ဖြင့် ရောက်ခဲ့ရ၏။

ခရီးရောက်မဆိုက် သမီးဖြစ်သူ မလေးငယ်ပြောလိုက်သည့်စကားမှာ မဌေးလှအဖို့ အံ့ဩစရာ။ တို့ထက်လိုက်ဖို့ ရင်မောရသည့် အဖြစ်ပါ။

"အမေရယ် - အမေလာတာနဲ့ အဆင်သင့်လိုက်တာ၊ သမီး - ဟိုနေ့ညက အိပ်မက် မက်တယ်၊ အဖေ့ကို အိပ်မက်မက်တာ သိလား။ အဖေကလေ [illegible] စီးနေကျမြင်းကြီးစီးပြီး သမီးတို့[illegible]




www.burmeseclassic.com

www.burmeseclassic.com

တာတယ်၊ အဖေ သေပြီဆိုတာ သိပေမဲ့ သမီးက အဖေ့တွေ့တော့ ဝမ်းသာအားရ နဲ့ "ဟင် - အဖေပါလား၊ လာ - အဖေအိမ် ပေါ်တက်မယ်" လို့ ဝမ်းသာအားရ ခေါ် တော့ အဖေက ပြုံးပြုံးကြီးကြည့်ပြီး "သမီးလေးတို့နဲ့ နေရအောင် အဖေ လာ တာပါကွယ်" လို့ ပြောတယ်၊ သမီးက လည်း "အဖေရယ် - ဒါများ ပြောနေရ သေးသလား၊ အဖေလာနေရင် ကိုထွန်း လည်း ဝမ်းသာမှာ" လို့ ဆိုနေတုန်း အဖေ တို့ ဝင်လာချိန်မှာ အိပ်မက်က လန့်နိုး သွားတာပါ၊ ဟင် - အမေ ငိုနေတယ်"

မလေးငယ်၏ စကားအဆုံးတွင် ဝမ်းပမ်းတနည်း လှိုက်လှဲစွာ ငိုကြွေးနေ သည့် မိခင်ကြီးကို မြင်လိုက်ရသည့် အတွက် ပါးစပ်အဟောင်းသား၊ အဓိပ္ပာယ်ကို နားမလည်မိပါ၊

"ဟုတ်ပါပြီ - သမီးရဲ့ အိပ်မက်က အမေ မက်တာနဲ့ ထပ်တူပဲ၊ အမေ့ကို တော့ နှုတ်ဆက်သွားတာပါအေ၊ သူ သိပ်သံယောဇဉ်ကြီးတဲ့ သမီးတို့ဆီ လာ နေမှာ သေချာသွားပြီပေါ့၊ ဝမ်းနည်းဝမ်း သာကြီးပါပဲ သမီးရယ်"

ဒီတစ်ခါတော့ အမေလည်းငို၊ သမီး လည်းငိုရသည်၊ အဖော်အဖြစ်လိုက်လာ သူ အဒေါ်ဝမ်းကွဲမှာလည်း မျက်ရည် မဆည်နိုင်၊

မကြာမတင် မလေးငယ်မှာ ကိုယ် ဝန်ရှိလာသည်၊ မွေးချိန်ဖွားချိန်နီးလာ သောအခါ မိခင်ဖြစ်သူ ဒေါ်ဌေးလှ တစ် ထုပ်တစ်ပိုးနှင့် ရောက်လာ၏၊ မွေးဖွားမှု ကရိကထ၊ ကုန်ကျစရိတ်တို့ကအစ "ခင် ပွန်းသည်" ကိုထွန်း၏ တာဝန်မရှိစေရ၊ အားလုံးအတွက် အပင်ပန်းခံသူ၊ အကုန် အကျခံနေသူမှာ ဒေါ်ဌေးလှ တစ်ဦး တည်းသာ၊ ကလေးမှာ မိန်းကလေးဖြစ် ပေမယ့် ဆန်းသည်ဟု ဆိုရမည်၊ ဘယ် လောက်ပင် ကျယ်ကျယ်လောင်လောင် ငိုနေပါစေ ဒေါ်ဌေးလှကောက်ယူချီလိုက် သည်နှင့် အငိုတိတ်၍ ရယ်ရယ် ပြုံးပြုံး ရွှင်ရွှင်ချိချိ သိသာလွန်းလှ၏၊ ထို့ ကြောင့် ဒေါ်ဌေးလှ အသည်းစွဲရခြင်းဖြစ် သည်၊

တိုက်ဆိုင်မှုဟု ဆိုရလေမည်လား မသိ၊ ကိုထွန်းနှင့် မလေးငယ်တို့ အိမ် အောက်မှခွေးကျားမကြီးကလည်း သား ပေါက်သည်၊ ပေါက်သည်မှာတစ်ကောင် တည်း၊ မိခင်ခွေးကျားမ၏အသွေးအမွေး နှင့် လုံးဝမတူ၊ အင်း - ခွေးရောင်၊ အနီ လွှလွှ၊ အကောင်မှာလည်း ထွားထွား



အယူစွဲရှိသည်ဟူ၍ပင် ဆိုဆို၊ သူတို့ပေး ထားသည့် နာမည်က (နီတိုး)၊

✻

"ဟော - သမီးလေး - လာပြီ တော့"

ကြိုတင်ချိန်းထားသည့်ရက်တွင် အားဆိုက်မည့်ရွာသို့ အဘွားဒေါ်ဌေးလှ သည်းနှင့်ရောက်ရှိနေသည်မှာ နှစ်စဉ် မျက် တာဝန်တစ်ခု၊ ကားမှ ဆင်းလာ သူမြမြနွယ်ကိုလည်းပေါ်ပွေ့တင်ရသည် အလည်းဒေါ်ဌေးလှအဖို့မမောနိုင်မပန်း နိုင်၊ ကြီးတောင့်ကြီးမား မြမြနွယ်၊ အတွသိုလ်ကျောင်းသူဖြစ်နေသည့်တိုင် ဒေါ်ဌေးလှက ပွေ့ပွေ့ပိုက်ပိုက်၊ အဘွား နှင့်တွေ့လေတိုင်း မြမြနွယ်ကလည်း အတယ့်ကလေးပီပီကွေးဖြစ်သွားသည့် အခွဲ၏၊ နွဲ့၏၊ ပြီးတော့ - တီတီတာတာ နည်း ပြောတတ်၏၊

"သမီးလေး - စာမေးပွဲဖြေနိုင်တယ် နော်၊ ဒီနှစ်အောင်ရင် ဘွဲ့ရမှာ မဟုတ် လား"

"ဖြေနိုင်ပါတယ် - အဘွားရယ်၊ သမီးအောင်ရင် အဘွား ဘာဆုပေးမှာ လဲဟင်"

"အောင်မလေး - သမီးလေးရယ် ပေးရမှာပေါ့၊ အဘွားမြေးတွေထဲမှာ သမီးလေးပဲ ပညာရေးထွန်းထွန်းပေါက် ပေါက်ရှိတာ၊ သမီး ဘာလိုချင်တာလည်း ပြော အဘွား ပေးမယ်"

"တကယ်နော် - သမီး တခြားဘာ ဆုမှ မလိုချင်ပါဘူး၊ အဘွားနဲ့ မြန်မာ ပြည်အနှံ့ ဘုရားတွေလည်း ဖူးချင်တယ်၊ အဘွားလိုက်ပို့မယ် မဟုတ်လား"

"ဟင်"

မြမြနွယ်စကားကြောင့် ဒေါ်ဌေးလှ ရင်ထဲ၊ နှလုံးထဲ စူးစူးနစ်နစ် ဝေဒနာ တစ် ရပ် ခံစားနေခဲ့ရပြီး မျက်နှာလည်း အိုသွား ၍ မျက်လုံးအိမ်တစ်ဝိုက် မျက်ရည်များ ရစ်ဝိုင်းလာခဲ့သည်၊ ကိုဝဏ္ဏ - ကိုဝဏ္ဏ သက်ရှိထင်ရှားရှိစဉ်က သို့နယ် သူ့ကို ပူပူဆာဆာပြောခဲ့ဖူးသည်ကို သတိရ လာ၏၊

"အလှရယ် - တို့တစ်တွေ မြန်မာ ပြည်အနှံ့ ဘုရားဖူးထွက်ကြရအောင် ကွာ"

ငွေကြေးနေရနိုင်ဖို့အရေးလောဘ ဇောတက်နေသူမဌေးလှက သူ့အလိုသို့ မပါ၊ ငွေ - ငွေသာ သူ့အတွက် အဓိက



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါလား။ ငွေရှိမှ လောကမှာ နေပျော်မည်။

"အို – ကျွန်မတို့အသက်ငယ်ငယ်ပဲ ရှိသေးတာ။ မိုးရွာတုန်း ရေခံဆိုသလို ရှာဖွေရဦးမှာရှင့်။ အသက်အရွယ်ရလာတဲ့ အချိန်ကျရင် ဖူးစမ်းပါတော့"

ဇနီးမယား အကြိုက်မရှိသော စကားကို တစ်လုံးတစ်ပါဒ ကိုဝဏ္ဏ ထပ်မတွန့်ရဲ၊ ဇနီးသည်စိတ်ဆိုးစိတ်ကောက်မည်ကိုသူ့အကြောက်ဆုံး။ ကိုဝဏ္ဏရင့် နှုတ်ပိတ်နေလိုက်၏။

ထို့ကြောင့် ကိုဝဏ္ဏ သေသည့်တိုင် အိမ်က ဘုရား၊ ရွာနှင့် ရွာနီးချုပ်စပ်မှ ဘုရား၊ သမီးငယ်၊ မလေးငယ်နေထိုင်ရာ မြို့မှ ဘုရားများမှအပ သူ့ဆန္ဒအရ အခြား အရပ်ဒေသတို့တွင်ရှိ ဘုရားတစ်ဆူမျှ မဖူးမြော်လိုက်ရ၊ ဒေါ်ငွေလှရင်ထဲတွင် ဆူဝေနေ၏။ မြမြနွယ်ကိုတင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်ပြီး တစ်လုံးချင်း ပြောမိပါသည်။

"စိတ်ချပါ – သမီးလေးရယ်၊ သမီးကို အနှံ့အပြား လိုက်ပို့မှာပါ။ ကတိပေးပါတယ်"

အဘွား ဒေါ်ငွေလှ ကတိစကားဆိုပြီး ဘာကြောင့် ငိုရှိုက်နေသည်ကို မြမြနွယ်တစ်ယောက်အဓိပ္ပာယ်နားမလည်၊ သို့ဖြင့် လှည်းက တောင်ညိုတန်းဝင်လာပါပြီ။

"ဟော့ – မြလေး နေကောင်းတယ်နော်"

"မြလေးက လှလို့ ဝလို့ပါလား၊ ချစ်စရာကြီးတော့"

"ညည်း မလာသေးလို့ ညည်းအဘွား ခဏခဏပြောနေရတာအေ့"

ရွာဝင်မှစ၍ မြမြနွယ်ကို ချစ်ခင်ရင်းနှီးသူများ၏ နှုတ်ဆက်ခေါ်ပြောသံတို့မှာ ရွာလယ်ရှိ အဘွား ဒေါ်ငွေလှ အိမ်သို့ တိုင်ညံ့လျက်၊ အဘွားအိမ်မှ စောင့်နေကြသည့် ဆွေမျိုးစုများကလည်း အုံ့အုံ့သဲသဲ၊ မြမြနွယ်မှာ လူချစ်လူချင်ပေါ်များ၍ လူတိုင်းနှင့် သင့်မြတ်သည်က အမှန်၊ သူ့အဘွား ဒေါ်ငွေလှ ဆက်ဆံရေးကျဲ၍ ခက်ထန်တင်းလာသလောက် မြမြနွယ် က ပြေပြစ်နူးညံ့သိမ်မွေ့သည်၊ နောက်နေ့တွင် ဒေါ်ငွေလှ ကုန်စုံဆိုင်ကြီးမှာ မြမြနွယ် ထိုင်၏။

"ကဲ – သမီးလေး၊ အဘွားပစ္စည်းတွေနဲ့ အလှူလုပ်တော့မယ်ပေါ့ ဟုတ်လား"

ဒေါ်ငွေလှက ပြောနေသော်လည်း စိတ်ဆိုးဟန် လုံးဝမပါ။ ရယ်ရယ်မောမော နှင့်ပင်၊

"ဩော် – အဘွားရယ် မလှူတတ် ...ရောင်းဆိုတဲ့ စကားတောင် ရှိသေး ...ဟုတ်လား"

ဒေါ်ငွေလှ မြေးလေး၏ အလိုဆန္ဒ ...လိုက်လျောနေသူပီပီ ပြုံးပြုံးကြီး အိမ် ...တက်သွားသည်၊

မြမြနွယ် ရောက်လာမှ အရောင်း ...ယ်တို့မှ လက်မလည်လောက် ...အောင် ကောင်းနေ၏၊ အချို့က ဝယ်ဖို့ ...ဖို့ မြမြနွယ် အရောက်စောင့်နေ ...သောင် ပြောကြသည်၊ မြမြနွယ်မှာ ...ပြောချိုသလို လက်လည်းမတိုတတ်၊ ...သာကောင်းသည့်ပြင် ရောင်းဝယ် ...မှာ သာသာထိုးထိုးမို့ ဝယ်မိသူတိုင်း ...ချမ်းသာသွားကြရ၏၊ မြမြနွယ်၏ ...နေ့ရောင်းရငွေမှာ အဘွား ဒေါ်ငွေ ...ရောင်းစဉ်ရိုက် အရောင်းစံချိန် ...ကောင်းဆုံးနေ့များ၏ဝင်ငွေထက်ပင် ...သာမက ရခဲ့သည်၊

"ဒါပဲပေါ့ – အဘွားရယ်၊ အရေ ...တွက် နည်းနည်းနဲ့ အမြတ်များများရဖို့ ...အရေအတွက်များများကို အမြတ် ...နည်းနည်းတင်ရောင်းတာက ...အတွက် ပိုပြီးအကျိုးရှိမှာ မြင် ပြီ ...တ်လား"

မြေးငယ်မြမြနွယ်၏ စီးပွားရေး တွက်ချက်မှုအပေါ် ဒေါ်ငွေလှမှာ ခေါင်း တညိတ်ညိတ်၊

✻

"မမစန်းပြောတဲ့အတိုင်းဆိုအဘွား များတာပေါ့နော်"

"အေး – ဟုတ်တယ်၊ အဘွားများ တာပေါ့၊ ဒါပေမဲ့ – တို့က ဘယ်ပြောဝံ့မှာ တုန်း၊ တို့မိဘတွေ ကိုယ်၌က သေးဖြန်း ဖြန်းပါအောင် ကြောက်နေရတာ၊ ကိုယ့် အဘွားပေးမယ့် များတာတော့ အမှန်ပဲ၊ ခများလည်း ရှက်ရှာလွန်းလို့ ဈေးဝယ် အောင် မထွက်ရဲတော့ဘူး၊ သိပ်ပြီး နာ ကြည်းသွားပုံရတယ်လေ"

"အို – ဖြစ်မှဖြစ်ရပလေ၊ တစ်နေ့ လောက်အဘွားမသိအောင်ကျွန်မသွား တောင်းပန်ဦးမယ်၊ ကျွန်မစိတ်မကောင်း လိုက်တာရှင်"

အင်မတန် ခင်တတ်တာ မမစန်းတို့ အသိ၊ မထားရင်သတင်းကိုအစ်မဝမ်းကွဲ စန်းစန်း ပြောပြသဖြင့် အုပ်စုံကြားခဲ့ရ၏၊ အဘွားနှင့် ငွေကြေးအပေးအယူ စကား များရာမှ စိတ်ဆတ်လှသည့် အဘွားက





www.burmeseclassic.com

www.burmeseclassic.com

လူ့ဘောထဲတွင် ပါးရိုက်လိုက်သည့် သတင်းပါ၊ မထားရင်မှာ မြမြနွယ်နှင့် ခင်မင်ပြီး မြမြနွယ် ရောက်လာသော ရက်များတွင် ကူညီလုပ်ကိုင်ပေးတတ်သူ၊ မတွေ့မမြင်သဖြင့် မေးမိရာမှ သတင်းစကား ကြားလာခဲ့ရခြင်းပင်၊ မြမြနွယ် တစ်နေ့ ဟိုလိုလို သည်လိုလို ထွက်ခဲ့ပြီးမထားရင်တို့အိမ်သို့ရောက်ခဲ့သည်၊ မထားရင်က အသက်သုံးဆယ် မပြည့်သေးသော အပျိုကြီးတစ်ယောက် မိုရန်ဖြစ်သည့်ကိစ္စတွင်ရက်ရွံ့ရှာမည်ကို စာနာစိတ်ဖြင့် မြမြနွယ် တွက်ဆမိ၏၊

မြမြနွယ်တွေ့စတည်းကမထားရင် ရှိတ်ကြီးတင်ဝင် ငိုရှာသည်၊ မြမြနွယ် အမျိုးမျိုး ချော့မော့တောင်းပန်သည်၊ မထားရင်မှာဆေးဆရာဖခင်အိုကြီးနှင့် သားအဖနှစ်ယောက် နေခဲ့ကြသည်၊ အစ်မတစ်ယောက်ရှိသော်လည်း တစ် ရွာသားနှင့်အိမ်ထောင်ကျပြီးတောင်ည တန်းမှအလှမ်းဝေးသည့်ရွာတွင်နေထိုင် သည်ဟုပြောဖူး၏၊

"တကယ်တော့ - ဒေါ်ဒွေးလှဟာ အသက်ကြီးသူမို့ ဘာပဲဖြစ်ဖြစ်ဆိုပြ ခံသတ်ရင် ရပါတယ်၊ ဒါပေမဲ့ - မြလေး မျက်နှာကြောင့် ဘာမှမလုပ်ခဲ့ပါဘူး၊ မ သည်းခံလိုက်တာပါ၊ ကိုယ်ကလည်းရှေ ယူကြေးယူ လုပ်ခဲ့မိတာကိုး"

"မမရယ် - အဘွားကိုယ်စားကျွန် တောင်းပန်ပါတယ်၊ ကျေနပ်ပါနော်"

တစ္ဆေရှိသံနောက်မှ ခရာတွတ်လိုက်သည့်နှယ် ရှိသံရှည်ကြီး မြည်ထွက်လာခဲ့၍ အိမ်တွင်းမှ အိမ်ပြင်သို့ အသံနှင့်အတူ မည်းမည်းရိပ်ရိပ် ပုံသဏ္ဍာန်တစ်ခု လိုက်သွားပါသည်။ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေခဲ့သူ၊ ကိုထွန်း မြင်ရသည်မှာ စလောင်းအတွင်းမှ ထမင်းနှင့် ငါးပိကို အားပါးတရ စားနေသည့် 'ခွေးနက်ကြီး တစ်ကောင်'





တောင်းပန်လွန်းမကတောင်းပန်၍ စိတ်ပြေလောက်ပြီ ထင်ရသော်လည်း ဒ်ကြီးတော့ကျေကျေနပ်နပ်ဖြစ်ပုံမရ။ ထားရင်၏အဖြစ်ကြောင့်ပင် ဆိုရမည်။ သူ့ဖခင် ဆရာကြီးဆိုသူမှာ ပင်ကို က ားနည်းရသည့်အထဲ ပို၍ ရှပ်နေရှုပ် ားတစ်မျိုး ပြောင်းသွားသည်၊ ရှုသိုးသိုး န်ကုတ်ကုတ်အကြည့်တို့ဖြင့် မျက်နှာ ားတင်းတင်းကြီးနှင့် ကြောက်စရာ ွင်၊ အများတကာ ပြောစကားအရ ဆေးကု သ သည် သာမက အမှောင့် ယောဂ နတ်တိုက်၊ စုန်းတိုက်၊ အပ း်စားမှုတို့ကိုပင်နိုင်နင်းသည့်ပယောဂ ဆရာကြီးဆိုသဖြင့် မြမြနွယ် ကျောချမ်း သွားဖူးသည်၊ သို့ဖြင့် မြမြနွယ်ထံသို့ ထားရင်မလာတော့လင့်ကစား၊ မထား င်ထံသို့ လက်ဆောင်ပစ္စည်း စားဖွယ် သောက်ဖွယ်တို့နှင့်သွားစမြဲ၊ သူ့ဝတ္တရား ျပတ်ခဲ့ပါ၊

တစ်နေ့ - မထားရင်ကတောင်းဆိုမှု တစ်ခုရှိလာ၏၊

"ညီမရယ် - မမအတွက် တခြား တ်ဆောင်တွေ ယူလာမယ့်အစား တ်ထားတဲ့ အကျီပေါင်းရေးတစ် ည်၊ နှစ်ထည်လောက် ပေးပါလား၊ အသစ်မလိုချင်ပါဘူး၊ အဟောင်းအစုတ် ထဲက ပေးပါကွယ်၊ လုပ်ရင်းကိုင်ရင်း ဝတ်ရတာပေါ့၊ အော် - မြလေးက ထွား တယ်ဆိုပေမယ့်မမထက်ကိုယ်လုံးသေး တယ်လေ၊ မြလေးရဲ့အဘွားကဝတိုင့်ဖိုင့် မို့ သူ့ကိုယ်နဲ့ မတော်တော့တာမျိုးရရင် လည်းဖြစ်ပါတယ်၊ သူတို့ကပိုက်ဆံရှိသူ တွေဆိုတော့ ပေါ်မှာပါကွယ်"

စဉ်းစားတော့ တောင်းခံနေသဖြင့် မြမြ နွယ် အားနာလာသည်၊ မပြန်မီအလည် အပတ်ရောက်သည့်တစ်နေ့ အကျီနှစ် ထည် ပေးခဲ့ ၏၊ အဘွားအကျီတော့ မဟုတ်ပါလေ၊ နွေရာသီ ပူပူအိုက်အိုက် တွင် ဝတ်နိုင်ရန် ချည်သားပါးပါးပွပွရရ နှစ်ထည် မြမြနွယ်မှာ အသင့်ပါလာ သည်၊ တစ်ကြိမ်၊ နှစ်ကြိမ်လောက် ဝတ် ထားပြီး ဖွပ်လျှော်ထားသဖြင့်အသစ်ဟု ၍လည်း မဆိုသာ၊ မထားရင်နှင့် တော် မည်ဖြစ်သဖြင့် ပေးခဲ့သည်၊ အဟောင်း အစုတ်တို့ကိုတော့အကောင်းလုပ်မပေး လိုသည်မှာ မြမြနွယ်၏ သန့်စင်သော စေတနာ၊

လုပ်သမျှကိုင်သမျှအားလုံးကို မမ စန်းတစ်ယောက်တည်းကိုသာ မြမြနွယ် ခရေစေ့တွင်းကျ ပြောပြခဲ့၏၊ မစန်းကို



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်တဲ့မပြောခဲ့ပေမယ့် ဒေါသကြီးတယ်၊ စိတ်ဆတ်လွယ်သော အဘွားကို စိုးစဉ်းမျှ အသိမပေးဝံ့၊ အောင်စာရင်းထွက်ချိန် နီးပြီမို့ မြမြနွယ် ပြန်ရပေဦးမည်။

မြို့ပြန်မည့်ညက တော်တော်နှင့် အိပ်မပျော်။ ညဦးနက်ပိုင်းတွင် ရွာလယ်လမ်းတစ်လျှောက် ခွေးအူသံတို့ ဆူညံလျက်၊ အဘွားတို့အိမ်အောက်မှ ခွေးကလည်း တစ်စုံတစ်ခုမြင်ရသည့်နှယ် ဂူးဂူး ဝါးဝါး ထိုးဟောင်နေသည်။ နံနက်လည်းပေါ်အတက်တွင်ပင် မြမြနွယ် မိုက်ခနဲ တစ်ချက်သတိလစ်သလို ဖြစ်သွားမိ၏။ ရွာမှ အိမ်ပြန်ရောက်သည်ထိ မြမြနွယ် စိတ်တို့မှာ မလန်းဆန်းချင်ပဲ တစ်မျိုးဖြစ်နေပြီး ရယ်ချင်သလိုလို၊ ငိုချင်သလို။ စားချင် သောက်ချင်စိတ်လည်း မရှိ၊ တစ်ချက် တစ်ချက် စားသမျှ သောက်သမျှ ထိုးအန်ပြန်၏။ ထူးထူးခြားခြား ဝေဒနာ တစ်ခု ခံစားနေရပါပကော။

❋

"ခက်တာက ဆရာဝန်တွေ၊ ဆရာမတွေ နာမည်ကြီး ဆေးခန်းစုံပါပြီ။ မည်မည်ရရ ရောဂါဝေဒနာ မတွေ့ရဘူးလို့ ပြောနေကြတာပါပဲ၊ စိတ်ဝေဒနာထင်ပြီး စိတ်ဝေဒနာကုသတဲ့ ဆေးရုံဆေးခန်း တွေအထိရောက်တယ်၊ ဘာရောဂါရယ် လို့ သတ်မှတ်ရခက်နေတယ်လေ"

"ဟုတ်မှာပေါ့ - ရောဂါရှာဖို့ကျပ်နေ တာကိုး"

"နောက်ဆုံးတော့ ဘယ်ကမှန်း မသိတဲ့ တရှုံ့ရှုံ့သံပေါ်လာပြီး သူ့ကြောင့် ဖြစ်တာပဲလို့ ယိုးမယ်ဖွဲ့ကြရတယ်လေ ဆရာတော်ကြီးက အမိန့်ရှိလိုက်ရ တယ်၊ ကံမကောင်းလို့အကြောင်းတိုင် ဆိုင်လာတာပါ၊ ကြားက တန်ဆာ လိုက်ရတာဆိုပဲ၊ နောင့်ယှက်နေတာ "သူယောင်" တဲ့၊ မကြာခင် - သူ့အင် အလျောက် ပျောက်သွားမယ်၊ ဘာ အတွေ့အထူးလုပ်မနေကြနဲ့ဆိုပေ တစ်နှစ်နီးပါးရှိနေတော့ မိဘတွေစိတ် ကြရတယ်၊ ဘွားအေဆိုရှုံးတော့မတင် ခံစားနေရတယ်လေ"

"အကုန်စိတ်ဆင်းရဲမှာပေါ့ဗျာ ဒါထက် ကလေးမလေးက ထမင်းတွေ ဘာတွေကော စားနိုင်ပလား၊ ဖြစ်စ မစားမသောက်ဘူးဆို"

"အဲဒီ ရှုံ့ရှုံ့သံကြားကတည်းက အစာတော့ ပြန်စားသွားတယ်၊ သ သိပ်မကောင်းလို့ ငိုချင်ငို၊ ရယ်ချင်ရယ်၊ စကားမပြောဘဲ တငူငူကြီးပေါ့ဗျာ"

"နို့ - ကလေးမလေး နောက်ဆုံးနှစ် ဖြေထားတယ်လို့ အောင်ကော အောင် ခဲ့လား"

"အောင်တယ်ဗျ - နှစ်ဘာသာ ဂုဏ်ထူးထွက်တာ၊ သူက ပညာရေးမှာ ထူးချွန်တယ်၊ ဒါကြောင့် မိဘတွေ ပိုရင်နာရတာပေါ့၊ အလုပ် လုပ်ရ တော့မှာလေ"

"ဟုတ်ပဗျာ - သနားစရာလေးပါပဲ"

"ဆရာသမားကို ဒီအကြောင်းတွေ စေ့စေ့စုံစုံ ပြောပြနေတာက ဆရာသမား အကူအညီ လိုချင်လို့ပါ"

"ဟာ - ကိုမျိုးညွန့်၊ ကျွန်တော်က ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဒါလောက်ပဲ လုပ်ခဲ့ တာပါ၊ ကုတာ သတာမျိုးတွေ မလုပ်နိုင် ပါဘူး၊ မတတ်လည်း မတတ်ဘူးဗျ"

"ဒီလို ကုသပေးဖို့ မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော့် မိတ်ဆွေတစ်ယောက်က အကြံပေးခဲ့ဖူးလို့ပါ၊ သရဲ သရှဲတွေဟာ သေနတ်သံကို အင်မတန် ကြောက်ကြသတဲ့၊ အဲ - သူယောင်ဆိုတာက သရဲအကြီးစားတစ်မျိုးပေါ့၊ ဆေးဆရာတွေ သေလို့ မကျွတ်မလွတ်ရင် သူယောင်ဖြစ်တယ်ဆိုလား၊ သူတို့ဟာ ဝေမာနိကဖြစ်တာမို့ သေနတ်သံဆို ကြောက်ကြမှာပဲပေါ့၊ ဆရာသမားက ပြည်သူ့စစ်တပ်ခွဲမှူးဆိုတော့ သေနတ် ထဲ ဗလင့်တောင့်တွေ ထည့်ပစ်ပေးရင် ဒီသူယောင် ထွက်ပြေးမလားလို့"

"အလိုလေး - တကယ့်အကြံကြီး ပါပဲလား၊ ခင်ဗျားကိုယ်တိုင် တပ်စိပ်မှူး ပဲဗျာ စဉ်းစားကြည့်ပါဦး၊ ကျွန်တော်တို့ မှာ သေနတ်ပစ်ချင်တိုင်း ပစ်ခွင့်ရှိလို့ လား၊ ရပ်ကွက်တွေရဲ့လုံခြုံရေးအတွက် ကင်းလှည့်ပေးနေရတာ လူဆိုးသူခိုးကို တောင်အလွတ်မယ့်ပစ်ခွင့်မရှိဘူးလေ၊ နောက်ပြီး - ဗလင့်တောင့်နဲ့ပဲပစ်ပစ်၊ ရပ်ကွက်ထိတ်လန့်ချောက်ချားအောင်ဖြစ် ရင်သက်ဆိုင်ရာကအရေးယူမှာသေချာ တယ်၊ ဟိုဘက်တပ်ခွဲမှာ အိပ်ငိုက်လို့ ကျည်ထွက်သွားတာတောင် ရှင်းလို့မပြီး သေးဘူး၊ ခင်ဗျား ကြားမှာပါ၊ ကာယကံ ရှင်တွေကို သနားတာတော့ အမှန်ပါ၊ ဒါပေမဲ့ - သေနတ်ဖောက်ဖို့တော့ ခွင့်မပြု နိုင်ဘူးဗျာ၊ ခင်ဗျားလည်း ယောင်ယောင် မှားမှား မလုပ်မိစေနဲ့"

"ဟုတ်ကဲ့ - ကျွန်တော် သဘော ပေါက်ပါပြီ"





www.burmeseclassic.com

www.burmeseclassic.com

ကိုမျိုးညွန့်နှုတ်ဆက်ကာပြန်ထွက်သွားသော ကျောပြင်ကိုကြည့်နေရင်း ခေါင်းလေးတွဲ့စွာ ခါယမ်းမိသည်။ သူ တောင်းခံခဲ့သော အကူအညီမှာ ပေး၍မဖြစ်သည့်အကူအညီမျိုးမို့လူမှုရေးအရ ကိုမျိုးညွန့်ကိုအားနာမိသည်။ သို့မဟုတ်ပါက ဆက်၍မစဉ်းစားလိုတော့၊ မိခင်ဌာနဆိုင်ရာလုပ်ငန်းနှင့်အိမ်တာဝန်ရှိရလုပ်ငန်းများတွင် နစ်နေသဖြင့် ကိုမျိုးညွန့်ကိစ္စကို နစ်ပတ်နီးပါးအမေ့အလျော့ဖြစ်နေခဲ့၏။ တစ်နေ့ညနေ ကိုမျိုးညွန့် တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ မျက်နှာကလည်း ပြုံးပြုံးရွှင်ရွှင်၊ လန်းလန်းဆန်းဆန်း။

"ကိုမျိုးညွန့်ပါလား - လာဗျာ"

ဧည့်ခန်းမှာထိုင်မိကြစဉ်သတိတရ မေးခဲ့၏။

"ခင်ဗျားတွေ့မှ သတိရတယ်။ ခင်ဗျားမိတ်ဆွေ - အဲ - ကိုထွန်း - သမီးလေး ကိစ္စ ဘယ်လိုဖြစ်သွားသလဲဟင်။ နေကောင်းသွားပလား"

"ဆရာ့ကိုအဲဒါပြောပြချင်လို့တမင်လာခဲ့တာ"

"အေး - လုပ်ပါဦးဗျာ"

"ဆရာ တစ်ပိုင်းတစ်စသာ ကြားခဲ့ဖူးတာ မဟုတ်လား။ အခုဟာက ဇာတ်သိမ်းပိုင်းလေ၊ တကယ့်ဇာတ်သိမ်းပိုင်းရောက်သွားပြီ"

"ဘာ - ဇာတ်သိမ်းပိုင်းဟုတ်လား။ ပြောပါဦး - ဘယ်လိုတဲ့လဲ"

"ကျွန်တော် ပြန်သွားထဲက တစ်ပတ်လောက်တော့အရင်အတိုင်းပဲဘာမှ သိပ်မထူးခြားပါဘူး။ ဆရာတော်ကြီးက မိန့်ခဲ့ဖူးတယ် မဟုတ်လား။ မကြာခင် သူ့အလိုအလျောက် ပျောက်သွားလိမ့်မယ်၊ ဘာမှအထွေအထူးလုပ်မနေကြနဲ့ ဆိုတာလေ၊ သိပ်မှန်တဲ့ စကားပါပဲဗျာ။ အဖြစ်က ဒီလို ဆရာရေ..."

အဖြစ်က ဒီလိုဟု သူက အစချီသည်။

✲

ဝေဒနာသိလျှင် ဆေးရှိရပေမည်။ စတော့ - ဝေဒနာက အတိအကျ မဆိုနိုင်ပြီမို့ ဆေးမှာ ဝေလာဝေး။ သမီးလေးအဖြစ်ကို ရင်နာနာနှင့် လက်ပိုက်ကြည့်နေရသည်မျိုး။ ပညာတတ်၊ ရုပ်ချော၊ ဥစ္စာပေါလေးပေမယ့်စိတ်နဲ့ကိုယ် မကပ်သူလေးဖြစ်နေ၍ မိဘအဖို့ ရင်ထု မနာ၊ တစ်နေ့ - တစ်နေ့ သမီးကလေး၏ နှုတ်စိအောက်က အပျောက်မခံရဲ၊ စိတ်နောက်ကိုယ်ပါထွက်သွားလျှင် အခက်။

တစ်ချိန်က ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်စု လေးတစ် ခု အဖြစ်မှ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့သည်၊ ပျော်ရွှင်စရာတို့ ကင်းဆိတ်ပြီး စိတ်ညစ်ညူးမှုတို့ စိုးမိုးနေသဖြင့် ရယ်သံလေးများ ဆိတ်သုဉ်းခြောက်သွေ့ သွားတော့ပင်။

ကိုထွန်းတစ်ယောက် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်းလမ်းမကြီးပေါ်တွင် သွားလာနေသူများကိုငေးမော ကြည့်နေမိသည်။ ရောက်တတ်ရာရာ အတွေးတို့မှာ စီဝေနေ၏။ ပျော်ပျော်ပါးပါး သွားလာလှုပ်ရှားနေသူများကို မြင်သလောက်တိုင်း သမီး၏ ဒုက္ခနောက်ကွယ်မှ မိသားစုများအတွက်ဖြစ်လာရသည့် ပရိဒေဝသောကဝေဒနာများကိုသတိရလာမိသည်၊ ကိုထွန်းအဖို့ သက်ပြင်းအခါခါ ချနေမိသော်လည်းလွတ်ကင်းရန်လမ်းစ မမြင်သေး။ ဇနီးသည်မလေးငယ်က လုံချည်ဖြတစ်ထည်ကို ချုပ်သီနေစဉ် သမီး သမီးမှ ထုံးစံအတိုင်း အခန်းတွင်းအောင်း နေသည်၊ သားငယ်ကတော့ လူငယ်ပီပီ အမှုအပင် သိပ်မထား၊ သူငယ်ချင်းတစ်သိုက်နှင့် ထွက်သွားပေပြီ၊ ကိုထွန်း လမ်းမပေါ် ငေးမြှင်ငေးလျက်၊ အချိန်မှာ နေဝင်ဖျိုးဖျမရောက်တတ်သေး၊

ထိုစဉ် အပေါ်အောက် ယောဂီဝတ်စုံအညိုဝတ်၍ယောဂီရောင်ခေါင်းဆောင်းနှင့်အဘိုးအိုတစ်ဦးတောင်ဝှေးတဒေါက်ဒေါက် ထောက်ရင်း လမ်းမအတိုင်း လျှောက်လှမ်းလာ၏၊ ကိုထွန်း အိမ်ရှေ့ရောက်သောအခါ အိမ်တွင်းသို့ စူးစူးစိုက်စိုက်ကြည့်နေသည်၊ နှုတ်မှလည်း တတွတ်တွတ်တစ်ယောက်တည်းပြောနေသည့်ဟန်ပန်၊ ကိုထွန်းအိမ်ဝင်သည့် လမ်းထိပ်တွင် ခေါင်းတဆတ်ဆတ် ညိတ်နေပြန်၏၊ ပြီးမှ - လမ်းအတိုင်းခြံဝင်းဆီသို့ လျှောက်ဝင်လာ၍ ခြံဝတွင် ရပ်တန့်ကာ အိမ်တွင်းလှမ်းကြည့်နေသည်၊ ခေါ်သံကိုတော့ မပြု၊

"အလှူခံချင်လို့လား မသိဘူး" ဖြန်းစားသတိဝင်လာသူ ကိုထွန်း အိမ်ပေါ်မှ ကမန်းကတန်း ဆင်းသွားမိသည်၊ ခြံဝတွင် ရပ်နေသည့် အဘိုးအိုမှာ ခန့်ညားတည်ကြည်သော ဣန္ဒြေနှင့် ရှင်းသန့်ကြည်လင်ဝင်းပသော အသွင်အပြင် ကပင်လေးစားကြည်ညိုဖွယ်မို့ ကိုထွန်း လက်အုပ်ချီမိ၏၊





www.burmeseclassic.com

www.burmeseclassic.com

"ဘာများ အလိုရှိပါသလဲ - အဘ ရယ်"

အဘိုးအိုက ပြုံးစစဖြင့် ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်သည်။

"ဒုက္ခသည်လေး အဘကို ထမင်း တစ်စလောင်းနဲ့ ငါးပိတစ်ယောက်မပေး ဘဲ"

ကိုထွန်းစိတ်ထဲတွင်တောင်းခံမှုကို အံ့အားသင့်သွားမိသော်လည်း ချက်ချင်း ပင် အိမ်ပေါ်တက်၍ အနီးရှိ အိုးတစ်အိုး မှ အဖုံးတွင်း ထမင်းပုံထည့်ကာ ငါးပိအိုး တွင်းက ငါးပိကို ယောက်မနှင့် ကော်ပြီး တကော်ကော် ခပ်ထည့်လိုက်၏။ ကိုထွန်း ကိုယ်တိုင်ကိုယ်ကျ လုပ်နေသမျှကို ဇနီး သည်က ကြည့်နေသည့်တိုင် အမေး စကားမပြုမိ၊ ငေးကြည့်နေသည်။

အဘိုးအို လက်တွင်း တရိုတသေ စလောင်းဖုံးကို ထည့်လိုက်သောအခါ အဘိုးအိုက လက်တစ်ဖက်နှင့် ခံယူ၍ တီးတိုးရွတ်ဆိုနေပြန်ပါသည်၊ အတန် ကြာမှ ကိုထွန်းကို စိုက်စိုက်မတ်မတ် ကြည့်နေ၏။ သူ့အကြည့်မှာ ဒုက္ခဖြစ်နေ သူ သတ္တဝါတစ်ဦးကို သနားပုံမျိုး။

"ကဲ - ရော့ - ဒုက္ခသည်လေး၊ ဒီ အတိုင်းမြို့ပြင်လမ်းဘေးမှာချထားလိုက်၊ ဖြစ်နေတဲ့ အန္တရာယ်တွေကင်းပြီး စိတ် ချမ်းသာ၊ ကိုယ်ချမ်းသာရှိလာမှာပါ၊ ရတနာသုံးပါးနဲ့ မိဘ၊ ဆရာသမား အနန္တောအနန္တငါးပါး မမေ့နဲ့၊ လိုရာ ဆုတောင်းပေါ့"

ကိုထွန်း ထမင်းစလောင်းကိုယူ၍ လမ်းဘေးမှာ ချထားလိုက်သည်၊ အဘိုး အို လှည့်ထွက်သွားသည်ကိုပင် မသိ လိုက်၊ သူ လှည့်ကြည့်လိုက်ရာ လမ်း တောက်လျှောက်တွင်အဘိုးအို၏အရိပ် အယောင်ကို မမြင်မိ၊ ဘုရားသို့ သွား သည့် လမ်းချိုးထဲ ကွေ့ဝင်သွားခဲ့လေ သလားမသိ၊ စလောင်းချခဲ့စဉ်က လိုရာ ဆုတောင်းဟု အဘိုးအိုမှ ပြောခဲ့သဖြင့် "သမီးကလေးပကတိကျန်းမာချမ်းသာ ၍စွဲကပ်နေသောဝေဒနာမှပျောက်ကင်း စေရန်" ဆုတောင်းနေရသည်က သုံး လေးမိနစ်တော့ကြာပေမည်၊ ထိုအခိုက် ထွက်သွားခြင်းပင် ဖြစ်နိုင်သည်၊ အိမ် ပေါ်ပြန်တက်လာသည့် ကိုထွန်း နားထဲ တရှဲရှဲသံကြားလာရသောကြောင့်ထိတ် ခနဲ ဖြစ်သွား၏၊ ဇနီးသည်မလေးငယ် မျက်နှာမှာလည်း ဆီးရွက်ပမာ ငယ်သွား ရှာ၏၊

တရှဲရှဲသံနောက်မှ ဧရာတွတ်လိုက် သည့်နယ်ရှိသံရှည်ကြီးမြည်ထွက်လာခဲ့ ၍အိမ်တွင်းမှ အိမ်ပြင်သို့အသံနှင့်အ ညီးမည်းရိပ်ရိပ်ပုံသဏ္ဍာန်တစ်ခု လိုက် သွားပါသည်၊ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေခဲ့သူ၊ ကိုထွန်း မြင်ရသည်မှာ စလောင်းအတွင်းမှ ထမင်းနှင့် ငါးပိကို အားပါးတရ စားနေသည့် "ခွေးနက်ကြီး တစ်ကောင်"

လူ့ခါးစောင်းသာသာ ခွေးနက်ကြီး ပါ။

✻

"အဲဒီနေ့ကစပြီးကိုထွန်းသမီးလေး အကောင်းသား ပြန်ဖြစ်ခဲ့တာပဲ ဆရာ ရေ"

"ကောင်းပါလေ့ဗျာ၊ နို့ - ဒါထက် ပြောမဆို ဝင်လုပ်ပေးသွားတဲ့ ယောဂီ ဘာအဘိုးအိုကိုပြန်တွေ့သေးသလား"

"ကိုထွန်းတို့ ကျေးရွာတင်လွန်းလို့ နေရာအနှံ့ ရှာပါသေးတယ်၊ မတွေ့လို့ အဖျစ်တောက်တောက်နဲ့ပဲပေါ့၊ ကျေးဇူး ဆပ်လိုက်ရလို့လေ"

"ဟုတ်တာပေါ့ - ကျေးဇူးကြီးတာ အမှန်ပါပဲဗျာ"

"သမီးလေး သတင်းလည်းကြား ရော သူ့အဘွား ဒေါ်ဘွားလှ ဝမ်းသာ အားရ ရောက်လာတယ်၊ ဒေါ်ငွေးလှ ပြောပြလို့ရှာမှနေတဲ့၊ မထားရင်တို့သား အဖ ရွာကထွက်သွားကြတာဒီနေ့အထိ သတင်းစုပ်စမြုပ်စ ပျောက်ပြီးနေတယ် ဆိုပဲ"

"ဟုတ်မှာပေါ့လေ - လိပ်ပြာမသန့် လို့ ထင်ပါတယ်၊ အော် - မေးရဦးမယ်၊ ကလေးမလေးကော ခု ဘာလုပ်နေလဲ၊ အလုပ်ဝင်ပလား"

"ဟိုရက်ကပဲ သူ့အဘွားနဲ့ မြန်မာ ပြည်အနှံ့ ဘုရားဖူး ထွက်သွားကြပြီ လေ"

"ဟာ - ပိုကောင်းတာပေါ့ဗျာ၊ ဝမ်း သာစရာပါပဲ"

ကျွန်တော်တို့၏ဝမ်းသာပီတိသည် သူတို့ မိသားစု၏ တစိတ်တပိုင်းသော ဝမ်းသာကြည်နူးခြင်းကို မီနိုင်အံ့မထင်၊


(၁၉၇၃ - ခုနှစ် ပတ်ဝန်းကျင်မှ ဖြစ် ရပ်မှန်တစ်ခုပါ)

မျိုးသင်




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com



# အနီရင့်ရင့် နှင်းဆီပန်းတစ်ပွင့်

အောသင်ဇာသက်ဝေ

"ကျွန်တော့်အမည်က "နက်ရှိုင်း"၊ မိတ်ဆွေတချို့နဲ့ ကျွန်တော့်ရဲ့Fan (ပရိသတ်)တွေကတော့ "ရှိုင်း"တဲ့၊ကျွန်တော့်ရဲ့အလုပ်အကိုင်က စာရေးဆရာပေါ့၊ ဒီနေ့ရာသီဥတုကအေးစိမ့်စိမ့်ကြီးနဲ့ ကျွန်တော်အိပ်ရာက နိုးနိုးချင်းပဲ လသာဆောင်ဘက် ထွက်လာမိတယ်၊ မိုးကောင်းကင်ကို ဘာရယ်ကြောင့် ငေးကြည့်နေမိမှန်း မသိ၊ စာရေးဆရာဆိုတော့ဘယ်အရာကိုမဆိုစိတ်ကူးယဉ်တဲ့ အကြည့်နဲ့ကြည့်တတ်ပြီးစာတွေကများတွေ ဖွဲ့ချင်မိတတ်ကြတယ်၊ ဒါကလည်ဝါသနာကိုး‌ဗျ၊ အခုလည်း ဖြူစင်နေတဲ့ မိုးကောင်းကင်ရဲ့အဖြူရောင် တိမ်တိုက်တွေကိုညှို့မည်းနေတဲ့တိမ်သားတွေ နေရာယူအစားထိုးနေကြလေရဲ့၊

ဒီနေ့ရေးလက်စဝတ္ထုတိုလေးတစ် ပုဒ်ကို ပြီးအောင်ဆက်ရေးမယ်လို့ ဆ ဖြတ်ထားတယ်၊ဒါကြောင့်လသာဆော နဲ့တစ်ဆက်တည်းဖြစ်နေတဲ့ ကျွန်တော ရဲ့အိပ်ခန်းထဲ ပြန်ဝင်ဖို့ စိတ်ကူးနေတုန် အက်ကွဲရှတာတာသံတွေနဲ့မိုးရေစက်လေးတွေတဖောက်ဖောက်ကင်ပေါ်ကအော်ဟစ်ခုန်ပေါက် ပြေးဆင်းလာကြပါတယ်၊

အဲ့ဒီမိုးရေစက်လေးတွေက ကျွန်တော့်ရဲ့မျက်နှာတစ်ခုလုံးကို အေးစက်တဲ့အထိအတွေ့တွေနဲ့နမ်းရှိုက်နေလေရဲ့မိုးရေတွေက ကျွန်တော်ရဲ့ခန္ဓာကိုယ် အနှံ့အပြားကို နေရာယူဖို့ စိုးမိုးလာလေတော့မှ ကျွန်တော်လည်း အခန်းထဲကို ပြန်ဝင်လာမိတော့တယ်၊ အခန်းဝကို ခြေချမိတာနဲ့ မွှေးရနံ့ကလေးတစ်ခုကို တင်ရှူရှိုက်မိလိုက်ရပါတယ်၊

အဲဒီအနံ့ကလေးက နှင်းဆီပန်းရဲ့မွှေးရနံ့သင်းသင်းလေးပါ၊ အဲ့ဒီပန်းရဲ့အနံ့အသက်ကြောင့်ကျွန်တော် ခဏရပ်တန့်ပြီး တွေဝေနေမိပါတယ်၊ ဒီပန်းရဲ့ နံ့တာဘယ်ကလာတာလဲ၊ကျွန်တော်ကသယ်ရေမွှေးမှ မသုံးတတ်တဲ့အတွက် ပန်းရနံ့က ကျွန်တော့်အဖို့ထူးဆန်းနေပါတယ်၊ကျွန်တော်နေတဲ့ ပတ်ဝန်းကျင်မှာလည်း ဘာနှင်းဆီပန်းမှ မရှိဘူးဗျ၊

ဒါဆိုရင် နှင်းဆီပန်းရဲ့မွှေးရနံ့ကဘယ်နေရာက ကျွန်တော့် ထံ သယ်ဆောင်လာတာလဲ၊ဒီပန်းရဲ့အနံ့အသက်ကို ကျွန်တော် ရှူရှိုက်မိနေတာ၂ရက်တိတိ ရှိနေပြီဗျ၊ ရှုလို့ဝတယ်ဗျာ၊ ကျွန်တော် ဘာမှ ဆက်မတွေးချင်တော့ဘူး၊ ဝတ္ထုဆက်ရေးမယ်လို့ တွေးထားတဲ့ အတွေးတွေကို ခဏမေ့ထားလိုက်ပြီး ဒီနေ့ မိုးအေးအေးနဲ့ စောင်ခြုံပြီး ခဏလေး ကွေးလိုက်ဦးမယ်ဗျာ၊

*

ကျွန်တော့်မျက်လုံးတွေ အနားယူဖို့ အရှိန်ယူနေဆဲ၊ ကျွန်တော့်ရဲ့အခန်းရှေ့ကို တရှပ်ရှပ်နဲ့လာနေတဲ့ တစ်စုံတစ်ယောက်ရဲ့ခြေသံကြောင့် အိပ်ချင်နေတဲ့ စိတ်ကို ခဏဖျောက်လိုက်ပြီး အပြင်ကခြေသံကို အသာလေး နားစွင့်နေမိပါတယ်၊လူတစ်ယောက်ရဲ့ခြေသံအစစ်ပါ၊ ဒါကြောင့် နံတင်ပေါ်က ချက်ချင်းထထိုင်လိုက်ပြီး လသာဆောင်ဘက်ကို ကူးတဲ့အခန်းတံခါးကို အမြန်ထပိတ်လိုက်ပါတယ်၊

အခန်းထောင့်မှာလမ်းလျှောက်ရင် ကိုင်တဲ့ တုတ်ကောက်တစ်ချောင်းကို တွေ့တာနဲ့ ဆွဲယူလိုက်ပြီးအိပ်ခန်းတံခါးနားမှာ အသံမပေးဘဲ ရပ်နေမိပါတယ်၊ မိနစ် (၂၀)ခန့် ငြိမ်ချက်သားကောင်းပြီး ရပ်နေမိပေမယ့်အပြင်ဘက်က ခြေသံရဲ့





www.burmeseclassic.com

www.burmeseclassic.com

ထူးခြားမှု လုံးဝမရှိတာနဲ့ အခန်းတံခါးကို ကြည့်မြင်နိုင်ရုံလေးဖွင့်ပြီး ကြည့်လိုက်ပါတယ်။

ရင်ခုန်သံ တဒိတ်ဒိတ်က ကျွန်တော်ရဲ့နားထဲကို ပြန်ကြားမတတ်ပါ။ ဒါပေမဲ့ အပြင်မှာ လူတစ်ယောက်မပြောနဲ့၊ ကြွက်တစ်ကောင်ဖြတ်ပြေးသွားတဲ့ အရိပ်အယောင်တောင် မတွေ့ရပါဘူး။ ဒီအိမ်ကြီးက သိပ်ပြီးကြီးမားလွန်းတော့ သူခိုးတစ်ယောက်က ဝင်ခိုအောင်းနေရင်တောင် မသိနိုင်ဘူးဗျ။ မဟုတ်မှလွဲရော မိုးသံလေသံတွေကြောင့် အိမ်မကြီးရဲ့အောက်ထပ်မှာများ၊ ဟာ - မဖြစ်သေးပါဘူး ကျွန်တော် အောက်ထပ်ကို ခြေသံလုံလုံနဲ့ ဆင်းလိုက်တယ်။ တံခါးပေါက်အားလုံး လုံလုံခြုံခြုံပါပဲ။

ခြေသံက ကျွန်တော့်စိတ်ထင်လို့နေမှာပါ။ ကျွန်တော်လည်း စိတ်အေးလက်အေးနဲ့ အပေါ်ထပ်ကိုပြန်တက်လာခဲ့တယ်။ အခန်းထဲရောက်တာနဲ့ အိပ်ခန်းတံခါးကိုလုံအောင်ပိတ်ပြီး စောင်ခြုံရင်း ပြန်ကွေးလိုက်ပါတော့တယ်။

ဒီအိမ်ကြီးက နည်းနည်းဟောင်းအိုနေပေမယ့် ကျွန်တော့်အဖို့ နေလို့အရမ်းကောင်းပြီး စိတ်ချမ်းသာတယ်ခင်ဗျာ။ ဒီလောက်ကြီးမားလွန်းတဲ့ အိမ်ကြီးကို ကျွန်တော့်ရဲ့မိတ်ဆွေဖြစ်တဲ့ "ဆက်ပိုင်" က ပိုင်တာပါ။ ဒါပေမဲ့ ဆက်ပိုင်တို့မိသားစုအားလုံး ရန်ကုန်မြို့ကို အပြီးပြောင်းရွှေ့သွားပါပြီ။

❋

ဒီအိမ်ကြီးဆီကို ကျွန်တော်ရောက်လာပုံက ဒီလိုပါ။

ဆက်ပိုင်နဲ့ ကျွန်တော်က တက္ကသိုလ်ပထမနှစ်မှကတည်းက ကျောင်းပြီးသွားတဲ့အထိ အရမ်းရင်းနှီးကြတဲ့ သူငယ်ချင်းတွေပါ။ ကျောင်းပြီးသွားကြပြီး အလုပ်ကိုယ်စီနဲ့ ကွဲသွားကြတဲ့ ကျွန်တော်တို့သူငယ်ချင်းတွေက ဖုန်းနဲ့ သာကြောင်းမာကြောင်းသာ ပြောနိုင်ကြပါတယ်။ နောက်တော့ ဆက်ပိုင်တစ်ယောက် ရန်ကုန်မြို့က ဘဏ်တစ်ခုမှာ မန်နေဂျာရာထူးရရှိသွားပြီးမိန်းမရသွားပြီဆိုတဲ့ သတင်း ကြားရပြီး အဆက်အသွယ်ပြတ်သွားတော့တာက်ခဲ့ကြပါတယ်။ နောက်ဆုံး သူတို့ မိသားစု ရန်ကုန်ကို အပြီးတိုင် ပြောင်းရွှေ့သွားကြပြီးတဲ့နောက်တစ်နှစ်ကျော်ကြာမှ ကျွန်တော့်ထံ ဆက်ပိုင်က စတင်ပြီး ဆက်သွယ်လာတာပါ။ သူ့ရဲ့အိမ်ကြီးကိုစောင့်ရှောက်ဖို့အတွက် ကျွန်တော့်ကို လိုအင်



ဆယ်တဲ့၊ ကျွန်တော်က တစ်ကိုယ်ရေသမားဆိုတော့ အပမ်းမကြီးတဲ့ကိစ္စတစ်ခုပါ။ အိမ်ဆိုတာ လူနေမှ မပျက်စီးတာလေ၊ ဒါကြောင့် မိတ်ဆွေအရင်းအချာဆိုတဲ့ သံယောဇဉ်နဲ့ ဆက်ပိုင်ရဲ့အိမ်ကို စောင့်ရှောက်ပေးဖို့ ခေါင်းညိတ်လိုက်ပါတယ်။

ဆက်ပိုင်ပေးတဲ့လိပ်စာအတိုင်း ဒီအိမ်ကြီးရဲ့ခြံဝန်းထဲ ကျွန်တော် ခြေချမိတဲ့နေ့ကဆိုရင် ကျွန်တော် ခဏလေးမှင်တက်မိသွားတယ်ဗျာ၊ အရမ်းကို ကျယ်ဝန်းပြီး ဆိတ်ငြိမ်အေးချမ်းလိုက်တဲ့နေရာ၊ ပြီးတော့ အိမ်ကြီးကလည်း ကြီးမားထည်ဝါလွန်းတယ်၊ ကျွန်တော့်ရဲ့အလုပ်နဲ့လည်း အံဝင်ခွင်ကျတယ်လို့ တွေးမိပြီး ကျွန်တော် အရမ်းဝမ်းသာသွားမိတယ်ဗျာ။

ဩော်... ပြောဖို့ မေ့နေလိုက်တာ၊ ဒီအိမ်ကြီးရဲ့နာမည်က "နင်းဆီနီနီ" စံအိမ်တဲ့၊

❋

"ရှိုင်း" သည် ရေးလက်စ နေ့စဉ်မှတ်တမ်းစာအုပ်လေးကို ပိတ်လိုက်ပြီး အိပ်စက်အနားယူရန် ဟန်ပြင်လိုက်ကာ နောက် သူ၏အတွေးတို့ကို အဆေးဦ မောင်းထုတ်ပစ်၍ တစ်ဖက်သို့ လှည့် စောင်းအိပ်လိုက်ရင်း သူ၏ မျက်ခွံများ လေးလံမှေးစင်းလာလေတော့သည်။ အိမ်ကြီး၏ အပြင်ဘက်တွင် မိုးသည်း ထန်စွာရွာသွန်းနေပြီး လေပြင်းများတိုက် ခတ်၍ သစ်ပင်ကြီးငယ်တို့၏ တရှဲရှဲအော် မြည်သံက ဆူညံစွာ ကြားနေရလေ သည်။

ရှိုင်းတစ်ယောက် မိုးသံလေသံများ ကိုပင် မကြားနိုင်တော့လောက်အောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေ လေ၏။ ထိုသို့ အိပ်ပျော်နေစဉ် ထူးဆန်း သော အိပ်မက်တစ်ခုကို မြင်မက်လေ သည်။

ထိုအိပ်မက်ထဲတွင် သူ၏အခန်းရှေ့ သို့ တရှပ်ရှပ်နဲ့လာနေသော ခြေသံတစ်ခု ကြောင့် ရှိုင်းသည် အသနားစွင့်နေမိလေ သည်၊ ထိုခြေသံသည် ရှိုင်း၏ အခန်းရှေ့ တွင်ခေတ္တအကြာ ငြိမ်ချက်သားကောင်း နေပြီးနောက် -

"ဒေါက် - ဒေါက် - ဒေါက်"

အခန်းတံခါးကို အပြင်မှ တစ်စုံ တစ်ဦးက လက်နှင့်အသာခေါက်နေ သော အသံကြောင့် တံခါးကို ဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

မိလေရာ မိန်းကလေးတစ်ယောက် သူ၏ တံခါးဝတွေ ရပ်နေသည်ကို တွေ့ရသဖြင့် -

"ဟင် - မင်းဘယ်သူလဲ"

"ကျွန်မက မေချိုချိုပါ။ ဒီအိမ်ကြီးရဲ့အောက်ထပ်ကပါ။ ကျွန်မ ဒီအခန်းထဲမှ ရပ်နေသည်ကို တွေ့ရသဖြင့် -

"ဟင် - မင်းဘယ်သူလဲ"

"ကျွန်မက မေချိုချိုပါ။ ဒီအိမ်ကြီးရဲ့ အောက်ထပ်ကပါ။ ကောင်မလေးတစ်ယောက် ဒီအခန်းထဲမှာ ဒီနှင်းဆီပန်းလေး ထားချင်လို့ပါ"

ရှိုင်း၏ အခန်းဝတွင် မေချိုချိုဆိုတဲ့ မိန်းမချောလေးတစ်ယောက်က ရပ်၍ သူမလက်ထဲမှ နှင်းဆီပန်းတစ်ပွင့်ကို မြှောက်ပြရင်း ရှိုင်း၏ အခန်းထဲ ဝင်ခွင့်တောင်းဆိုနေသည်။ ထိုအခါ ရှိုင်းက -

"ဘာလဲကွာ၊ ဒီအိမ်ကြီးတစ်ခုလုံးမှာ ငါတစ်ယောက်တည်း နေတာကွ။ တခြားတစ်ယောက် ရှိနေသေးတာကို ဒီအိမ်ကြီးရဲ့ပိုင်ရှင်က မပြောထားပါလားကွ။ ပြီးတော့ ဒီနှင်းဆီပန်းကို ငါ့အခန်းထဲမှာ ဘာကြောင့် လာထားတာလဲ။ ဒီမယ်မိန်းကလေး - ငါ ဘာပန်းမှ မကြိုက်တတ်ဘူး။ မင်း ငါ့အခန်းထဲဝင်ဖို့ လုံးဝခွင့်မပြုနိုင်ဘူးကွ"

ရှိုင်း၏ ခပ်ဆတ်ဆတ်စကားသံကြောင့် သူမ၏ သွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာ သိသိသာသာပင် နွမ်းလျသွားပြီးနောက်...

"တကယ်ပါရှင် - ကျွန်မ ဒီအိမ်ကြီးမှာနေတာ ကြာလှရောပေါ့။ ရှင့် အခန်းထဲမှာလည်း ဒီနှင်းဆီပန်းလေးတစ်ပွင့်ကို အမြဲလာထားနေကျပါ။ ရှင်သိလား - ဟိုတုန်းက ဒီခြံကြီးထဲမှာ နှင်းဆီပန်းအနီရင့်ရင့်တွေကို အမြဲလှပနေအောင်မေချိုက တာဝန်ယူပြီး စိုက်ထားရတာပါ။ ပြီးတော့ ဒီအခန်းထဲ နေ့စဉ်တစ်ပွင့် လာထားနေကျပါရှင့်။ ဒါက မေချိုရဲ့ဝတ္တရား။ ဒီဝတ္တရားကို မပျက်ကွက်ချင်ဘူး ဖြစ်ပါရှင်။ ကျွန်မ ဒီနှင်းဆီပန်းလေးကို စားပွဲခုံလေးပေါ်မှာ တင်ထားခဲ့ပါရစေ"

မေချိုချိုဆိုသောမိန်းကလေးသည် ရှိုင်း၏ခန္ဓာကိုယ်အား တွန်းတွန်းထိုးထိုးလေးပင် ထိတိုက်၍ ဖြတ်ဝင်ရင်း ရှိုင်း၏ စာရေးစားပွဲခုံပေါ်သို့ သူမ၏ လက်ထဲမှ ကြွားနေအောင် လှပလွန်းသော နှင်းဆီပန်းလေးအား တင်ထားလိုက်ကြလေပြီးနောက် ရှိုင်း၏ မျက်နှာအား ရီဝေနေသော မျက်ဝန်းအစုံနှင့် တစ်ချက်ကြည့်လိုက်ပြီး လသာဆောင်ရှိရာ တစ်ဖက်သို့ တရွေ့ရွေ့ထွက်ခွာသွားလေတော့သည်။

※

ရှိုင်းသည် ထိုမိန်းကလေးကို ဘာတစ်ခွန်းမှ ထပ်မံမပြောချင်တော့လောက်အောင် ဆွံ့အနေမိ၏။ သူမသည် လသာဆောင်ရှိဝရန်တာဘေးတွင်ကန့်တလျ အမူအယာနှင့် ရပ်နေလေသည်။ သူမ၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အဖြူရောင်ဂါဝန်အရှည်ကြီးမှာ ညအိပ်ဝတ်စုံဖြစ်ပုံရပြီး လေတိုးလိုက်တိုင်း သူမ၏ခန္ဓာကိုယ်ကောက်ကြောင်းများကို ရင်ခုန်ချင်စရာ ထင်ထင်ရှားရှား မြင်တွေ့နေရသဖြင့် ရှိုင်း၏ရင်ထဲ တင်းတင်းကျပ်ကျပ်ကြီးပင် ဖြစ်လာမိလေသည်။

ဆက်မကြည့်ချင်တော့၍ မျက်လွှာကိုအသာချလိုက်ပြီး မမြင်ဟန်ဆောင်၍ နေလိုက်မိလေသည်။ ခဏအကြာ သူမရှိရာဘက်သို့ အကြည့်တစ်ချက်ရောက်သွားမိစဉ် ထိုမိန်းကလေးမှာ ဝရန်တာပေါ်မှ မြေပြင်ပေါ်သို့ ခုန်ချရန် အားယူနေလေတော့သည်။ ထိုသွေးပျက်ကြောက်လန့်ချင်စရာ မိန်းကလေး၏ပုံစံကြောင့် ရှိုင်း၏ ဆွံ့အနေသလိုဖြစ်နေသော နှုတ်ခမ်းတစ်စုံသည် ရုတ်တရက် ပွင့်လာပြီး အမြန်ပင် ပြေးလွှားအော်ဟစ်ရင်း တားဆီးမိလိုက်လေသည်။

သို့သော် "ဝုန်း" ဟူသော အသံကြီးနဲ့အတူ အောက်သို့ ခြေပစ်လက်ပစ် ပြုတ်ကျသွားသော မိန်းကလေး၏ မြင်မကောင်းသောပုံစံကို ရှိုင်းသည် ဝရန်တာပေါ်မှ အောက်သို့ ငုံ့ကြည့်၍ မြင်တွေ့ရသဖြင့် "အား" ဟုအသံနက်ကြီးဖြင့် ကျယ်လောင်စွာအော်မိရင်း အိပ်မက်မှ လန့်နိုးလာခဲ့လေတော့သည်။

ရှိုင်းသည် ထိတ်လန့်ချင်စရာ အိပ်မက်မှလန့်နိုးလာပြီးနောက် သူ၏အခန်းတစ်ခုလုံးကို ရှောက်ရှားစွာ သိမ်းကျုံးရှာဖွေကြည့်နေမိသည်။ သူ၏အခန်းထဲမှာလည်း ဘာနှင်းဆီပန်းမှမရှိ။ ရှိုင်းသည် အိပ်ရာထက်မှ ထထိုင်လိုက်ရင်း သူ၏ နှုတ်ဖျားမှ ညည်းတွားစကားသံလေးများ တီးတိုးရေရွတ်နေမိလေသည်။

"ဟား - ဘာတွေလဲကွာ၊ သူမက ဒီအိမ်ထဲမှာနေတာတဲ့။ မဟုတ်မှလွဲရော။ ဒီခြံထဲမှာရှိတဲ့ ဥစ္စာစောင့်မလေးလား။ ဒါမှမဟုတ် သိပ်လှတဲ့ တစ္ဆေမလေးလား။ သူကိုယ့်သူ မေချိုချိုတဲ့၊ ငါ့ကို ဆက်ပိုင်က ဒီအိမ်ကြီးရဲ့အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ကိုတော့ တစ်စွန်းတစ်စ အသိပေးထားသားပဲ၊ ဒီအိမ်ကြီးက အခြောက်အလှန့်ရှိတယ်လို့တော့ ပြောတာပဲတဲ့၊ လူမမြဲဘူးတဲ့၊ မင်းနေကြည့်ဦးပေါ့တဲ့လေ၊ ဆက်ပိုင်တို့မိသားစုနေတုန်းကတော့ ဘာမှမတွေ့ရဘူး ဆိုပါလား၊ ဟူး - အိပ်မက်ထဲမှာ မိန်းမချောလေးရယ်၊ ဘာကြောင့်များ သတ်သေခဲ့ရတာလဲကွာ"

ရှိန်း၏ သက်ပြင်းချသံနှင့်အတူ ညည်းတွားသံများမဆုံးသေးခင် အိမ်ကြီး၏ အောက်ထပ်မှ မိန်းကလေးတစ်ဦး၏ ကြေကွဲဝမ်းနည်းစွာ ငိုရှိုက်နေသံ တိုးတိုးညင်ညင်လေးက ရှိန်းရှိရာနေရာထိ ထိုးဖောက်ဝင်ရောက်လာလေရာ ရှိန်းသည် ထိတ်ထိတ်ပျာပျာဖြစ်မိသွား၍ -

"ဟင် - ဒါ - ဒါ - မိန်းကလေးတစ်ယောက် ငိုကြွေးနေတဲ့အသံပါလား၊ ဒီအသံ ငါ - ငါ - အောက်ကို ခဏဆင်းကြည့်မှပါပဲ၊ မီးကလည်း အရေးထဲပျက်နေသေး"

ရှိန်းသည် ဓာတ်ခဲ (၄)လုံးအပြည့်ထည့်ထားသော လက်နှိပ်ဓာတ်မီးကိုဆွဲ၍အောက်ထပ်သို့ဆင်းလာနေသည်၊ သူ၏လက်မှ ဓာတ်မီး၏ အလင်းရောင်ကြောင့် အောက်ထပ်ရှိ အရာဝတ္ထုအားလုံးကို ကွဲပြားစွာ မြင်တွေ့နေရသော်လည်း ငိုရှိုက်နေသောမိန်းကလေးမှု မတွေ့ရသေး၊ ထို့ကြောင့် ရှိန်းသည် ဓာတ်မီးကိုစပ်တင်းတင်းဆုပ်ကိုင်ထားရင် မီးဖိုခန်းရှိရာသို့ တဖြည်းဖြည်း ဝင်လာလေရာ မီးဖိုခန်းထဲတွင် ရှိန်းအား ကျောခိုင်းလျက် အိပ်မက်ထဲကပုံစံအတိုင်းအဖြူရောင်ဂါဝန်ဝတ်ဆင်ထားသော မိန်းကလေးကို မျက်ဝါးထင်ထင်မြင်လိုက်ရလေသည်၊

ရှိန်းသည် ရုတ်တရက် သူ၏ဓာတ်မီးအလင်းရောင်အောက်တွင်ငိုရှိုက်နေသော မိန်းကလေး၏ပုံစံကို ထင်ရှားစွာမြင်တွေ့လိုက်ရသဖြင့် လန့်ဖျပ်သွားမိသော်လည်း သူ၏ နှုတ်မှ -

"ဟော့ - မိန်းကလေး ဘာကြောင့်ငိုနေရတာလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲဗျာ"

ထိုမိန်းကလေးသည် ရှိန်း၏ အသံကို မသိကျိုးကျွံပြု၍ ဆက်လက်ငိုရှိုက်မြဲ ငိုရှိုက်နေလေသဖြင့် ရှိန်းသည် ကြောက်လန့်စိတ်အနည်းငယ် ပြေလျော့လာပြီးလျှင် သူမ၏အနားသို့ကပ်နိုင်သမျှ တိုးသွားမိပြီးနောက် -

"ဟော့ - ကျွန်တော် မေးတာ ကြားရဲ့လားဗျာ"

ရှိန်းသည် ထိုသို့မေးရင်း ထိုမိန်းကလေး၏ ပခုံးကို လှမ်းကိုင်လိုက်လေရာ ထိုမိန်းကလေးမှာ ရှိန်း၏ မျက်ရှေ့တွင်ပင် ဖျပ်ခနဲ လျင်မြန်စွာ ပျောက်ကွယ်သွားလေတော့သည်၊ ထိုအခါ ရှိန်းသည် -

"အမလေး - ဘုရားကယ်တော်မူပါ - တစ္ဆေ - တစ္ဆေတစ်ကောင်ပါလား ငါ - ငါ့ကို ခြောက်"

ရှိန်း၏ ကတုန်ကယင်နှင့် ရေရွတ်နေသံတို့ မဆုံးသေးခင် ရှိန်း၏ ဓာတ်မီးအလင်းရောင်အောက်တွင် ထိုတစ္ဆေမလေး၏ ပုံစံ ထပ်မံပေါ်လာပြန်လေသည်၊ ရှိန်းအား သူမ၏နောက်မှ လိုက်ကြည့်လိုဟန်ပုံစံကြောင့် ရှိန်းသည် ခန္ဓာကိုယ်ပေါ်တွင် မွေးညင်းလေးများ ထနေသည်အထိ ကြောက်နေမိသော်လည်း ထိုတစ္ဆေမလေး၏ နောက်သို့ အရဲစွန့်၍ လိုက်ကြည့်မိပြန်လေရာ ထိုတစ္ဆေမလေးသည် မီးဖိုခန်းနှင့်ကပ်လျက် စတိုခန်းရှိရာသို့ ဝင်ရောက်ပျောက်ကွယ်သွားပြန်လေသည်၊

ထိုအခါ ရှိန်းသည် ထိုစတိုခန်းထဲသို့ ဓာတ်မီးဖြင့် မွှေနှောက်ထိုးကြည့်မိသော်လည်း ထိုတစ္ဆေမလေး၏ အရိပ်အယောင်တစ်စွန်းတစ်စပင် မမြင်တွေ့ရတော့သဖြင့် ထိုအခန်းထဲမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်စဉ် -

"ဒုတ်"

"အ - အား - ကျွတ် - ကျွတ် - နာလိုက်တာကွာ"

ဆက်ပိုင် သူငယ်ချင်း မင်းရောက်လာတာ
ဝမ်းသာလိုက်တာကွာ။
ဒီမှာ ရဲအရာရှိတွေကို ကြည့်ပြောဦးကွာ။
ငါရှင်းပြနေတာတွေကို
လုံးဝနားမထောင်ဘူး။
ငါ–ငါမင်းအိမ်ကတစ္ဆေတွေကို
သတ်ပစ်လိုက်ပြီ–ဟော့ကောင်။
ငါပြောတာကြားရဲ့လား–ဆက်ပိုင် ...







www.burmeseclassic.com

www.burmeseclassic.com

ရှိင်းသည် ထိုစတိုခန်းထဲမှ ကြမ်းပြင်ပေါ်ရှိ အရာဝတ္ထုတစ်ခုအား ခလုတ်တိုက်မိသွားခြင်းကြောင့် သူ၏ခြေမထိပ်မှသွေးများပင်စို့တက်လာနေလေသည်။ ထိုနေရာတွင်ပင် ခဏထိုင်ချ၍ သူ၏ခြေထောက်နှင့်-ထိခိုက်မိသွားသော အရာကိုကြည့်မိလိုက်ရာ တံခါးတစ်ခု၏လက်ကိုင်ပုံစံ သံကွင်းငယ်လေးတစ်ခုကိုတွေ့ရလေသည်။

ရှိင်းသည်သိလိုစိတ်ပြင်းပြလာမိ၍ ထိုသံကွင်းလက်ကိုင်လေးကို အသာဆွဲမ၍ကြည့်လိုက်ရာ အောက်သို့ဆင်းရန် မြေအောက်ခန်းတစ်ခု၏ တံခါးဖြစ်နေလေသည်၊ ရှိင်းသည်မြေအောက်ခန်းနှင့်ဆက်သွယ်ထားသော ကြမ်းပြင်၏လျှို့ဝှက်တံခါးကို တဖြည်းဖြည်းချင်း ဆွဲမ,လိုက်ပြီး မြေအောက်ခန်းလှေကားအတိုင်း ဆင်းလာလေသည်။

မြေအောက်ခန်းထဲတွင် ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရသော်လည်း ညှီစို့စို့အနံ့အသက်များကသာ သူ၏နှာသီးဝသို့ အလုံးလိုက် ဝင်ရောက်လာလေသည်၊ ထိုစဉ် ကြောက်မက်ဖွယ်ရာ တစ္ဆေတစ်ကောင်၏ ငိုရှိုက်သံက သူ၏နားထဲသို့ ဝင်ရောက်လာပြန်လေရာ လက်နှိပ်ဓာတ်မီးဖြင့် နေရာအနှံ့ ထိုးကြည့်မိလေသည်။ထိုအသံလာရာသည် မြေအောက်ခန်းတွင် ကာရံထားသော အုတ်နံရံမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်၊ ရှိင်းသည် ထိုအသံထွက်ပေါ်လာရာ နားသို့ တိုးကပ်သွားစဉ် မြေအောက်ကြွက်တစ်ကောင် ထွက်လာရာ ကြွက်တွင်းအပေါက်မှာ အတော်အတန်ကျယ်နေလေသည်၊ ရှိင်းသည် ထိုနေရာကို ခေါက်ကြည့်မိလေရာ ကလိုက်အသံမျိုး ထွက်ပေါ်လာသဖြင့် ထိုနေရာမှ အုတ်ခဲတစ်ချပ်ကို အပြင်သို့ ဆွဲထုတ်ယူလိုက်မိသည်။

ထိုအုတ်ခဲမှာ အလိုက်သင့်ပင် ရှိင်း၏ လက်ထဲသို့ ပါလာလေရာ ရှိင်း၏ စူးစမ်းလိုစိတ်မှာ ပို၍ပြင်းထန်လာမိပြီး အုတ်ခဲများကို တစ်လုံးပြီးတစ်လုံး ဆွဲထုတ်ယူမိသည်။

ထိုအုတ်ခဲမှာ အလိုက်သင့်ပင် ရှိင်း၏ လက်ထဲသို့ ပါလာလေရာ ရှိင်း၏စူးစမ်းလိုစိတ်မှာ ပို၍ပြင်းထန်လာမိပြီး အုတ်ခဲများကို တစ်လုံးပြီးတစ်လုံး ဆွဲထုတ်နေမိလေသည်၊ ထိုအခါ လူတစ်ကိုယ်စာမျှအိပ်၍ရသော အခေါင်းပေါက်ကြီးတစ်ခု ပေါ်လာလေရာ ရှိင်းသည် အလွန်အံ့အားသင့်သွားမိလေသည်။

"ဘုရားရေ-ဒီနေရာက လျှို့ဝှက်အပေါက်ကြီးပါလား။ အထဲက ဘာတွေများထည့်ပိတ်ထားပါလိမ့်"

ရှိင်း၏အတွေးတို့မှန်ကန်လွန်းနေ၏၊ ထိုအုတ်များကို အတော်များများ ဖယ်ရှားလိုက်ပြီး အထဲသို့ ဓာတ်မီးဖြင့် သေချာထိုး၍ ကြည့်မိလေသည်။ ထိုအခါ...

"အမလေး-လူ-လူအရိုးစုကြီးပါလား-ဒီအရိုးစုကဟို-ဟိုမိန်းကလေးများလား၊ ဘုရား-ဘုရား-ဒါ-ဒါဆို-သူ-လူသတ်ခံရတာပေါ့၊ မဖြစ်ဘူး ဆက်ပိုင်ကို အကြောင်းကြားမှ၊ဟာ-တော့တ် သေးဘူး၊ ရဲ-ရဲကို အရင်အကြောင်းကြားရမှာပေါ့"

ရှိင်းသည် တုန်လှုပ်ချောက်ချားခြင်းဖြင့် လက်ရှိတွေ့ကြုံနေရသော အဖြစ်အပျက်တစ်ခုမှာတုန်လှုပ်ချောက်ချားလွန်းရသဖြင့် မည်းမှောင်နေသော ဘွင်းနက်ကြီးတစ်ခုထဲသို့ တွယ်ရာမဲ့ပြုတ်ကျသွားခဲ့ရသလို ရင်တဖိုဖိုဖြင့် အိပ်ပြာလွင့်မတတ် ခံစားရလေသည်၊ ဒီအဖြစ်တွေက လျှို့ဝှက်ချက်တစ်ခုဖြစ်ခဲ့ပုံရပြီး၊ ဥပဒေမဲ့ဖြစ်နေသည့်အနေအထား။

*

သည်းထိတ်ရင်ဖိုဝတ္ထုများကို ရေးသားနေသော စာရေးဆရာတစ်ဦး ဖြစ်သော်လည်း အခုလက်တွေ့ကြုံဆုံနေရသော ပြဿနာက စာတွေ့မဟုတ်၊ တကယ့်လက်တွေ့ပင် ရှိင်းသည် မြေအောက်ခန်းမှ ပြန်တက်လာခဲ့သော်လည်း နှင်းဆီနီနီစံအိမ်ကြီး၏ လျှို့ဝှက်ချက်များက သူ့အား ခြောက်လှန့်နေ၏၊ တစ္ဆေတစ်ကောင်၏ ငိုရှိုက်သံသဲ့သဲ့တသူသွားရာနောက်သို့ကပ်၍ လိုက်ပါခြံစားနေသည်၊ သူ၏အိပ်ခန်းရှိရာသို့ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သော်လည်း သူ၏စိတ်တို့ ကစဉ့်ကလျားဖြစ်နေဆဲ၊ သူ့အား ရှုးသွပ်စေလောက်အောင် ခြောက်လန့်လွန်းသည်၊ ဤစံအိမ်ကြီးတွင် တစ်မိနစ်တောင် မနေချင်တော့၊

အခန်းထဲရှိ တိုင်ကပ်နာရီမှ နာရီလက်တံများ၏ တချက်ချက်အော်မြည်သောအသံတို့မှာ တစ္ဆေခြောက်သည့် ဒီညအဖို့၌ကား ချောက်ချားချင်စရာကောင်းလွန်းလှသည်။ မိုးလင်းဖို့အချိန်ကိုစောင့်စားနေရသည်မှာ ရှိင်း၏ရင်ထဲမီးစတစ်ခု ရောက်နေသလိုပင်၊

ရှိင်းသည် စိတ်ကို ငြိမ်သက်နေအောင်စုစည်းထားမိရင် သူ၏စိတ်တို့မှာ သူငယ်ချင်းဆက်ပိုင်ထံ ရောက်နေမိ





www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဆက်ပိုင်က ဒီအချိန်ဆို အိပ်မော ကျနေလောက်ပြီဆိုသည့် အသိစိတ်တို့နှင့်အတူ ရှိန်း၏ မျက်ခွံများ ခဲဆွဲထားသလို ငိုက်မြည်းလာလေတော့သည်။ သူ၏ စိတ်တွေ မည်မျှကြာအောင် အမှောင်ကျသွားသည်မသိ၊ သူ၏ မိုဘိုင်းမှ လှုခေါ်သံ ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသံကြောင့် ရှိန်းတစ်ယောက် လန့်နိုးလာလေ၍ သူ၏ဖုန်းကို အမြန်ကောက်ကိုင်လိုက်ပြီး...

"ဟယ်လို"

"ဟော့ - ရှိန်း ငါပါကွ - ဆက်ပိုင်"

ရှိန်း အလွန်ပင် ဝမ်းသာသွားမိ၏။ စိတ်ချင်းဆက်နေတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မည်ဟု တွေးမိလိုက်ရင်း...

"ဟား ဆက်ပိုင်ရာ ၁၂ နစ်နာရီလောက်က မင်းကို သိပ်တွေ့ချင်နေမိတယ်ကွ၊ မင်းနက်ဖြန်မနက်စောစောလောက် ငါ့ဆီရောက်အောင် လာခဲ့စေချင်ပါတယ်ကွာ၊ ဒီမှာ မင်းကိုပြစရာတွေ ပြောစရာတွေရှိတယ်၊ သူငယ်ချင်း မင်း မနက်ဖြန်ရောက်အောင်သာ ဆက်ဆက်လာခဲ့ကွာနော်"

နင်းဆီနီနီစံအိမ်နှင့် ဆက်ပိုင်နေသော ရန်ကုန်ရွှေမြို့တော်က ကားလမ်းခရီးကို ၁၀ မိုင်ခန့်သာ ကြာလေသည်။

ဆက်ပိုင်က ...

"အံ့ဩစရာကောင်းလိုက်တာ ရှိန်း ရာ၊ ငါ့ရဲ့အိပ်မက်ထဲမှာ မင်းရောက်လာ တယ်၊ ဒါကြောင့် မင်းကို သတိရလို့ အိ ရာက ခဏနိုးလာတုန်း ဖုန်းကို လှမ်း ဆက်လိုက်တာ၊ မင်း နေကောင်းတယ် နော် - ရှိန်း၊ ငါရုံးပိတ်ရက်မှ မင်းဆီလာ နိုင်မယ်"

"ဟာ - မရဘူးကွာ ကိုဆက် - ငါ - ငါ - ဟို - ဟို - တစ္ဆေတစ်ကောင်က ငါ့ ခြောက်လှန့်ပြီး ဒုက္ခပေးနေတယ်ကွ ဒါ - ဒါကြောင့် မင်းမနက်ဖြန် နင်းဆီနီ စံအိမ်ကြီးဆီကို ဆက်ဆက်ရော အောင် လာမှဖြစ်မှာ သူငယ်ချင်း"

ရှိန်း၏တုန်ရီနေသောအသံကြော ဆက်ပိုင်မှာ တဟားဟားအော်ဟစ်ရယ် မောရင်း...

"ဟား - ဟား - ဟား - စာရေးဆ ရယ်၊ သည်းထိတ်ရင်ဖိုဇာတ်လမ်းတ ပုဒ်ကိုဖန်တီးဦးမလို့လား၊ ဒီမှာ ရှိန်းရေ - ငါက ဒီစံအိမ်ကြီးရဲ့ ဆက်ခြောက်ပုံ ရှင်ကွ၊ ဒီအိမ်ကြီးကို ဈေးသင့်လို့ဝ ထားခဲ့ပေမယ့် ငါတို့မိသားစုတွေ ၁ န တိတိနေခဲ့သေးတာကွ၊ ဘယ်တစ္ဆေ အခြောက်အလှန့်မှ မခံခဲ့ရဘူး၊ ရှိန်း တစ္ဆေခြောက်တတ်တယ်ဆိုတာ မင်း



တာတို့မှ မကြောက်တတ်တဲ့ကောင်ဆို တာသိလို့တမင်တကာငါက ဇာတ်လမ်း ဆင်ပြီး ပြောပြခဲ့တာပါ သူငယ်ချင်းရာ"

"ဟဲ - ဟဲ - ဒါပေမဲ့ - မင်းငါ့ကို သိပ် သတိရပြီး သိပ်တွေ့ချင်နေတယ်ဆို တော့ မနက်ဖြန်မနက် ၁၀ နာရီလောက် ရောက်အောင် မင်းဆီ ငါလာခဲ့မယ်နော် ရှိန်း၊ ဟုတ်ပြီလား၊ မင်းကို ဒီစံအိမ်က တစ္ဆေမချောချောလေးက ကြိုက်နေလို့ ကိုယ့်ထင်ပြတာနေမှာပါကွာ၊ ကဲ... မြန်အိပ်လိုက်ဦးမယ်ကွာ၊ Good Dream ပဲ သူငယ်ချင်းရေ"

ဆက်ပိုင်တစ်ယောက် သူပြောချင် တာပြောပြီး ဖုန်းချသွားခဲ့လေပြီ၊ ဖုန်း ထဲမှ သူငယ်ချင်းဖြစ်သူ၏ အသံကို နား ထောင်နေဆဲမှာပင် ရှိန်းထံ အရိပ်မည်း ကြီးတစ်ခု တရွေ့ရွေ့ချဉ်းကပ်လာနေ သည်ကို ထင်ထင်ရှားရှား မြင်နေရလေ သည်၊

ထို့နောက် ထိုအရိပ်မည်းကြီးသည် ရှိန်း၏အနားသို့ အရိပ်တစ်ခုကဲ့သို့ လျင် မြန်စွာ ရောက်လာပြီးလျှင် သူ၏ လည် ပင်းကို လက်နှင့် ဖျစ်ညှစ်နေလေရာ ရှိန်းသည် အသက်ရှူကျပ်လာမိပြီး သူ၏ နှာမှ ချွေးစေများပင် စို့တက်လာလေ တော့သည်၊

ရှိန်းသည် အလွန်ထိတ်လန့် ကြောက်ရွံ့ခြင်းကြီးစွာဖြင့် လက်ထဲတွင် ရှိနေသော သူ၏ ဟန်းဖုန်းနှင့် ထိုအရိပ် မည်းကြီးအား ထုရိုက်ပစ်လိုက်လေရာ ဟန်းဖုန်းမှာ တစ်စစီကြေမွလျက်၊ ထို အရိပ်မည်းကြီးမှာလည်း ရှိန်း၏ ရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွားခဲ့လေပြီ၊ နောက် ရှိန်းမှာ အရာခပ်သိမ်းကို သတိ မရတော့နိုင်လောက်အောင်ပင် ကြောက်စိတ်များပင်သူ၏အသိစိတ်များ တို့ အမှောင်ထုထဲသို့ ခေါ်ဆောင်သွားခဲ့ လေသည်၊

ရှိန်းသည် သတိကင်းလွတ်သွားခဲ့ ပြီးနောက် သတိပြန်လည်လာချိန်တွင် သူသည် မြေအောက်ခန်းသို့ ဆင်းရာ တံခါးဝသို့ပင် ရောက်ရှိနေလေသည်၊ လိပ်ပြာတစ်ကောင်ကဲ့သို့ သူ၏အနား တွင် ရစ်သီနေသော နှင်းဆီရနံ့သင်း သင်းကလည်း သူ၏ ယိုင်နဲ့နေပြီဖြစ် သော စိတ်အစဉ်ကို မြေအောက်ခန်းထဲ သို့ ဆွဲခေါ်နေလေသည်၊

တစ္ဆေတစ်ကောင်၏လှည့်စားခြင်း ကြောင့်ရှိန်းသည်မြေအောက်ခန်းထဲသို့ ဆင်းရာ လှေကားထစ်များကို တစ်ထစ် ချင်းရင် တထိတ်ထိတ်ဖြင့် ဖြတ်ကျော် လာလေသည်၊ ရှိန်းသည် လက်နှိပ်



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်မီးကို ခပ်တင်းတင်းဆုပ်ကိုင်ထားပြီးလျှင် ဂျင်းဘောင်းဘီအိတ်ထဲမှ ဂါတ်မီးခြစ်ကို လက်နှင့်အသာစမ်းကြည့်မိလိုက်သည်။

မြေအောက်ခန်း၏ လှေကားထစ်များမဆုံးခင် ညီစို့စို့အနံ့အသက်များနှင့် အတူကြောက်မက်ဖွယ်ရယ်မောသံကြီး ပေါ်ထွက်လာလေရာ ရှိုင်းသည် လိပ်ပြာလွင့်မတတ်ဖြစ်မိသွားပြီး အပေါ်သို့ပြန်တက်ပြေးရန် ဟန်ပြင်လိုက်စဉ် တစ္ဆေတစ်ကောင်၏ စတင်တိုက်ခိုက်ခြင်းကို ခံရလေသည်။

ရှိုင်းသည် အရှိန်မထိန်းနိုင်ဘဲ မြေအောက်ခန်း၏ကြမ်းပြင်ပေါ်သို့ပြုတ်ကျသွားခဲ့လေရာ ချက်ချင်း ပြန်၍ မထနိုင်သေးခင် ရှိုင်းထံ အရိုးစုကြီးတစ်ခုက ညည်းတွားသံပေး၍ တဖြည်းဖြည်း ရွေ့လာနေလေသည်။ ရှိုင်းသည် သူ့ရဲ့အနီးအပါးသို့ အရိုးစုကြီး ရောက်မလာခင် ရှိသမျှအင်အားကို စုစည်းလိုက်ရင်း သူ၏အနားမှ လက်နှိပ်ဓာတ်မီးနှင့် အားကုန်လွှမ်း၍ ပစ်ပေါက်လိုက်လေရာ ဓာတ်မီးမှာ အရိုးစုကြီး၏ ခန္ဓာကိုယ်အား ဖောက်ထွင်း၍ မြေအောက်ခန်းတစ်နေရာသို့ လွင့်စဉ်ကျသွားလေသည်။

ရှိုင်းသည် လက်နှိပ်ဓာတ်မီးပွင့်လျက်သားကျသွားရာနေရာသို့ကြည့်လိုက်လေရာ အလွန်ပင် ဝမ်းသာသွားလေသည်။ ရှိုင်းအတွက် ကံကောင်းထောက်မစွာ ဓာတ်ဆီပုံးထားရာနေရာသို့ ဓာတ်မီး၏အလင်းရောင်နှင့် ထင်ရှားစွာမြင်တွေ့ခွင့်ရလိုက်ခြင်းပါ။ ရှိုင်းသည် ဘာမှဆက်လက်တွေးတောမနေတော့ဘဲ ခပ်မြန်မြန်လေး သူ၏ ဘောင်းဘီအိတ်ထဲမှ ဂတ်စ်မီးခြစ်ကိုထုတ်၍မီးခြစ်လိုက်ပြီး ထိုဓာတ်ဆီပုံးရှိရာနေရာသို့ လှမ်းပစ်ပေါက်လိုက်လေသည်။

ထိုနေရာသည် ယခင်ပိုင်ရှင်လက်ထက်ကတည်းက ဓာတ်ဆီ ရေနံဆီများသို့လှောင်ရာဖြစ်သောကြောင့်ဂက်(စ်)မီးမှာ လျှင်မြန်သောအဟုန်ဖြင့် "ဝုန်း" ခနဲ မီးထတောက်ပြီး အရှိန်အဟုန်ပြင်းစွာပင် ပေါက်ကွဲလောင်ကျွမ်းနေလေတော့သည်။

❋

မီးတောက်မီးလျှံများကြားထဲမှ တစ္ဆေတစ်ကောင်၏ငိုရှိုက်သံအသံနက်ကြီးများဖြင့် အော်ဟစ်ရယ်မောနေသံများမှာ သွေးပျက်ချင်စရာ ပေါ်ထွက်နေလေသည်။ ရှိုင်းသည် တစ္ဆေကောင်များကို မီးရှို့ဖျက်ဆီးလိုက်ရသဖြင့် အားနေမိသော်လည်း မီးမှာ သူ၏အနီးတွင် ချော့လည်ပိုင်းရံနေလေရာ အပေါ်သို့ လှေကားထစ်များအတိုင်း အမြန်ပြေးတက်လာစဉ်သူ၏ခြေထောက်တစ်ဖက်ကိုအောက်မှတစ်စုံတစ်ရာက ဆွဲချလိုက်သောကြောင့် အောက်သို့ ပြုတ်ကျလုသတ် ခန္ဓာကိုယ်တစ်ခုလုံး ကစဉ့်ကလျားဖြစ်နေစဉ် မီးတောက်များက လှေကားခြေရင်းသို့ပင် ကူးစက်လောင်ကျွမ်းနေလေပြီဖြစ်သည်။

သူ၏စိတ်များ ခန္ဓာကိုယ်မှလွင့်စဉ်လွတ်မပြေးသွားခင် နာကျင်နေသော ခြေထောက်များဖြင့် အပေါ်သို့ ရောက်အောင်အားတင်း၍တက်နေမိလေတော့သည်။ ထို့နောက် လှေကားထစ်များ ဆုံး၍ ကြမ်းပြင်ပေါ်သို့ စတင်ခြေချလိုက်သည်နှင့် စိတ်လှုပ်ရှားမှု လွန်ကဲနေပြီဖြစ်သော ရှိုင်းမှာ အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

နင်းဆီနီနီစံအိမ်ကြီး၏ရှေ့တွင် မီးသတ်ကားများ မှုခင်းရဲများနှင့် တကွ သတင်းထောက်များ စုရုံးရောက်ရှိနေကြလေသည်။ ရှိုင်း၏အနားမှ ရဲများ ထွက်ဖြတ်သွားကြပြီးလျှင် မီးငြိမ်းနေပြီဖြစ်သော အိမ်ကြီး၏ လောင်ကျွမ်းပြီး အပိုင်းများအားလုံးကို စစ်ဆေးကြည့်ရှုနေကြလေသည်။ ရှိုင်းသည် မှုခင်းသတင်းထောက်တစ်ဦး၏ အနားသို့သွား၍ -

"အစ်ကို ကျွန်တော် ဒီစံအိမ်ကြီးရဲ့ အကြောင်းကို အစအဆုံးသိထားတဲ့သူပါ။ ကျွန်တော်က စာရေးဆရာနက်ရှိုင်းပါ၊ ဒီစံအိမ်ကြီးထဲက တစ္ဆေတွေကိုကျွန်တော်ကိုယ်တိုင် မီးရှို့ပစ်လိုက်တာပါ။ ကျွန်တော့်ကို ဒီတစ္ဆေကောင်တွေက ရန်မူလို့ပါ။ ဒီမှာကြည့်၊ ကျွန်တော်ရဲ့ လည်ပင်းမှာလက်ရာကြီးပေါ့။ ဒီမှာကျွန်တော် ပြောနေတာ ခင်ဗျားကြားရဲ့လားဟား - ဒီလူ - တောက်"

ရှိုင်းသည် သူ၏ပြောသမျှစကားများကို မသိကျိုးကျွန်ပြုနေကြသော မှုခင်းဆိုင်ရာ ရဲများနှင့်တကွ သတင်းထောက်များအား သူ နင်းဆီနီနီစံအိမ်ကြီးတွင် တွေ့ကြုံခဲ့ရသော သူ၏ အဖြစ်အပျက်များကို သနားစဖွယ် လိုက်၍ရှင်းပြနေမိလေသည်။

❋

လွန်ခဲ့သောအနှစ်(၂၀)ခန့်က နင်းဆီနီနီစံအိမ်ကြီးထဲတွင် နေထိုင်သွားခဲ့ကြသည့် ပထမဆုံးပိုင်ရှင်များဖြစ်ကြသော တင်ဝင်းမောင်နှင့် မေရှို့ချိုတို့

www.burmeseclassic.com

အမြှာမောင်နှမနှစ်ဦးအနက် မေချိုချို၏ အရိုးစုများဟု ထင်ရသော မီးစွဲလောင်ကျွမ်းနေသည့်အရိုးစုအစိတ်အပိုင်းများကို မှုခင်းသတင်းထောက်နှင့် ရဲများက မှုခင်းဆိုင်ရာဓာတ်ပုံများ ရိုက်ယူနေကြခြင်းဖြစ်လေသည်၊

တင်ဝင်းမောင်နှင့် မေချိုချိုတို့မောင်နှမနှစ်ယောက်သည် Social ကျကျနေထိုင်တတ်သူများဖြစ်ပြီး မကြာခဏ အပေါင်းအသင်းများစုပြီး ပါတီပွဲလေးတစ်ခုဖွဲ့၍ သောက်စားပျော်ပါးတတ်ကြသည်၊

မေချိုချို မသေဆုံးခင် ညဥ့်ပါတီပွဲလေးတစ်ခု ကျင်းပပျော်ရွှင်ကြရင်း အပေါင်းအသင်းများ ပြန်သွားကြပြီးနောက် မီန်းကလေးတန်မဲ့အပျော်လွန်ခဲ့သည့် မေချိုချိုမှာ အရှိန်မထိန်းနိုင်ဘဲ ဝရန်တာမှ ပြုတ်ကျသေဆုံးခဲ့ခြင်း ဖြစ်လေသည်၊

အစ်ကိုဖြစ်သူ တင်ဝင်းမောင်မှာ နှမဖြစ်သူ မတော်တဆသေဆုံးမှုတွင် သူ့မှာ အပြစ်မရှိသော်လည်းပဲ အမှုပတ်မှာ စိုးရိမ်လွန်ပြီး ကြောက်စိတ်ကြောင့် လူသူမသိစေရန် ကျယ်ဝန်းလွန်းသည့် နှင်းဆီနီနီစံအိမ်ကြီး၏ မြေအောက်ခန်းထဲတွင်ပင် မြှုပ်နှံခဲ့ခြင်း ဖြစ်ပေသည်၊

တင်ဝင်းမောင်ကွယ်လွန်သွားခဲ့ပြီးနောက် စံအိမ်ကြီးမှာ အခြောက်အလှန်များလွန်းသည်ဟု သတင်းထွက်နေခဲ့သည်၊ ရှိုင်းသည်သူ့အားမမြင်ရှင်ယောင်ဆောင်၍ သူ၏အနီးမှ သွားလာလှုပ်ရှားနေကြသော ရဲများကို ဒေါသတကြီးဖြစ်မိပြီး အော်ဟစ်၍ စကားများလိုက်ပြောနေမိသော်လည်းအရည်းအနှီးပင်၊ ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ကျွမ်းထား၍ မည်းမှောင်နေပြီး ဘယ်သူဘယ်ဝါမှန်းခွဲခြားမသိနိုင်တော့သည့်ရုပ်အလောင်းတစ်ခုကိုသာ ထိုလူများက အသည်းအသန် စိတ်ဝင်စားနေကြလေသည်၊ ရှိုင်းအား မည်သူတစ်ဦးတစ်ယောက်မှ အရေးမစိုက်ကြ၊

ထိုစဥ်ခြံထဲသို့ကားအနက်ကလေးတစ်စီး ဝင်လာပေသည်၊ ထိုကားပေါ်မှဆင်းလာသူကတော့ ဆက်ပိုင်၊ ရှိုင်းမှာ အလွန်ပျော်ရွှင်သွားမိသောကြောင့် ထက်ပိုင်ရှိရာသို့ အပြေးအလွှားသွား၍ -

"ဆက်ပိုင် သူငယ်ချင်း မင်းရောက်လာတာ ဝမ်းသာလိုက်တာကွာ၊ ဒီမှာရဲအရာရှိတွေကို ကြည့်ပြောဦးကွာ၊ ငါ ရှင်းပြနေတာတွေကို လုံးဝနားမထောင်ဘူး၊ ငါ - ငါမင်းအိမ်ကတာစွေတွေ သတ်ပစ်လိုက်ပြီ - ဗဟုကောင်၊ ငါပြောတာကြားရဲ့လားဆက်ပိုင်"

"ရှိုင်းရယ် - ငါ မင်းဆီရောက်လာတာ နောက်ကျသွားတယ်ကွာ၊ မင်းကဘယ်အရာမှ မကြောက်တတ်တဲ့လူစားဆိုကွာ - ရှိုင်းရာ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်"

ဆက်ပိုင်၏အနားတွင်ရှိနေသော ရှိုင်းသည် ဆက်ပိုင်၏ မပီမသရေရွတ်လိုက်သောစကားကြောင့်အလွန်အမင်း ထိတ်လန့်သွားလေသည်၊

"ဟာ - ဘုရားရေ - ဒါ - ဒါ - ငါ - ဒါ - မဟုတ်ဘူး၊ ဆက်ပိုင်ရဲ့ - ငါက ဒီမှာလေမင်းရဲ့သူငယ်ချင်းက ဒီမှာပါကွာ၊ ဒါမသေသေးဘူးဟေ့ကောင် - ငါ့ကိုမင်းမမြင်ဘူးလားကွ ဆက်ပိုင်ရ"

ရှိုင်းသည် ခေါင်းငိုက်စိုက်ချလျက် ဆိတ်ဆိတ်နေရန်သာ ရှိတော့သည်၊ သူ၏အနီးအနားမှလူများ၊ကားများသည် သူရပ်နေသည်ကို မတွေ့မမြင်တော့သလို သူ၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖောက်ထွက်သွားကြလေသောကြောင့် ဆောက်တည်ရာမရဖြစ်မိနေစဥ် လိပ်ပြာအဖြူရောင်လေးတစ်ကောင်သည် သူ၏အနားတွင်ရစ်သီဝဲဝဲကာသူ့အားသွေးဆောင်ဖြားယောင်းနေလေ၏၊ သူ၏ သူငယ်ချင်း ဆက်ပိုင်သည်လည်း ထိုလိပ်ပြာလေးကို ရီဝေနွမ်းလျနေသော မျက်ဝန်းများနှင့် ကြည့်နေလေသည်၊

ရှိုင်းသည် ရိပ်မိစပြုလာမိ၏၊ သူအမှန်ပင် သေဆုံးခဲ့ပြီလား၊ သူ ဘာမှ ဆက်ပြီး မတွေးချင်တော့၊ လှပသောအဖြူရောင်လိပ်ပြာလေးထံမှ နှင်းဆီပန်းရနံ့ သင်းသင်းလေးက သူ့အားအရာအားလုံး မေ့လျော့စေလေတော့သည်၊


ထို့ကြောင့် အဖြူရောင်လိပ်ပြာလေး လေထဲတွင် ဝဲကာဝေ့ကာ ပျံသန်းရာနောက်သို့ နက်ရှိုင်းသည်လည်း —


အေသင္ဗာသက်ႏ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




# ကျွန်ုပ်နှင့် တောမှာပျော်သော အဘသူတော်



မောင်လေးအောင်
(သန်လျင်)

ကျွန်ုပ်နှင့် ကျွန်ုပ်၏အချစ်ဆုံးမိတ်ဆွေ၊ မုဆိုးကျော် စောဂျက်ဆင်တို့ နှစ်ယောက်သည် တောဝကို မြင်နေရပြီလေ။ မိနစ်နှစ်ဆယ်မျှလျှောက်လျှင် ရောက်တော့မည်၊ ထိုစဉ်...

တောဝမှထွက်လာသော ဆင်ကြီးများ၊ ကျားကြီးများ၊ လူဝံကြီးများ၊ မျောက်ကြီးများ၊ မျောက်ငယ်များနှင့် မျောက်သေးသေးလေးများ၊ သမင်၊ ဒရယ်၊ ချေသယ်၊ စိုင်၊ ဆတ်နှင့် လွန်စွာလှပသော အစိမ်း၊ အနီ၊ အဝါ၊ အပြာ ရောင်စုံယှက်ဖြာနေသော ငှက်ငယ်လေးများကို အမှတ်မထင်တအံ့တသြတွေ့မြင်လိုက်ရပါတော့သည်။

ချက်ချင်းဆိုသလိုပင်ကျွန်ုပ်တို့နှစ်ယောက်သည် အနီးရှိ ထီးထီးကြီးရှိနေသော ကျွန်းပင်ကြီးပေါ်သို့ မြန်မြန်ဆန်ဆန်ပင် တက်လိုက်မိပါတော့သည်။ အဖျားမရောက် တရောက် ကိုင်းကောင်းကောင်းတွင် အကျအနထိုင်မိပြီး သက်ပြင်းချ၍ အမောဖြေမိပါတော့သည်။

www.burmeseclassic.com

တိတ်ဆိတ်ငြိမ်သက်နေရာမှ ကျားဟိန်းသံ၊ ဆင်အော်သံ၊ မျောက်ကြီးမျောက်ငယ်၊ မျောက်သေးသေးလေးများ၏ တွံကွဲ – ကွကွဖြင့် ဆူဆူညံညံ အော်ဟစ်သံတို့သည် တောဝတွင်ပဲ့တင်ထပ်၍ သွားလေတော့သည်။

ငှက်ငယ်လေးများ၏ တီတီတာတာဖြင့် တေးဆိုကြသည့်အသံကလည်း မိုးထက်ယံကို ဖောက်ထွက်ဟန်ဖြင့် ဆူညံလို့ နေပါဘိ။

ကျွန်ုပ်တို့နှစ်ယောက်သည် ကျွန်းပင်ကြီး၏အပေါ်မှနေ၍ မြင်ကွင်းအားလုံးကို တအံ့တသြ ငေးမောပြီး စူးစူးစိုက်စိုက် ကြည့်လိုက်သောအခါ လွန်စွာမှ ဆန်းကြယ်လွန်းလှသော အသွင်ဆန်း၊ အမြင်ဆန်းကို မျက်ဝါးထင်ထင် တွေ့မြင်နေရလေပြီ။

မျက်တောင်မခတ်၊ အသက်ရှူမှား လောက်အောင် စေ့စေ့စပ်စပ်၊ စူးစူးစိုက်စိုက် တစ်ဝကြီး အားပါးတရ ကြည့်နေမိပါတော့သည်။

❋

အဘသည် မြို့တွင် ခဏသာနေပြီး တောတွင်းသို့ ပြန်လာခြင်းဖြစ်သည်။ အဘပြန်လာမည်ကို တောတွင်းရှိ တိရစ္ဆာန်ကြီးငယ်များသည် ကြိုတင်သိနေကြပြီး တောစသို့ လာကြိုနေကြခြင်းသည်ပင် လွန်စွာမှ အံ့သြစရာ ကောင်းလွန်းနေပါဘိ။

လှပသော ရောင်စုံငှက်ငယ်လေးများသည် အဘ၏ လက်ဝဲ၊ လက်ယာပခုံးထက်၌လည်းကောင်း၊ အဘ၏ ဘေး၊ ဝဲယာတွင်လည်းကောင်း၊ ပျံဝဲ၍ အနီးကပ်လိုက်ပါလာကြသည်။ မျောက်ငယ်လေးများနှင့် မျောက်သေးသေးလေးများသည် အဘ၏ ညာလက်နှင့် ဘယ်လက်၊ လက်နှစ်ဖက်စလုံးကိုလက်ဆွဲပြီး လိုက်ခဲ့ကြသည်။

လက်တစ်ဖက်လျှင် နှစ်ကောင်သုံးကောင် ဆွဲလာခြင်းဖြစ်၏။ အဘလက်ကို မဆွဲရသော မျောက်ငယ်လေးများသည် စိတ်ကောင်းပုံမရ၊ အဘ၏အနီးမှ ကပ်ပြီး လိုက်ပါလာကြသည်။

ငှက်ကလေးများသည် အဘ ပြန်လာ၍ ပျော်ရွှင်မြူးထူးနေကြပုံရသည်။ ငှက်ငယ်လေးများ တေးဆိုနေကြသော အသံသည် အဘ၏ ရင်ထဲတွင် ချမ်းမြေ့နေဟန်ရှိသည်၊ ကြည်နူးနေဟန် ပေါ်သည်။

တစ်လမ်းလုံး ကွကွ ကွိကွိဖြင့် မျောက်ငယ်လေးများနှင့် မျောက်သေးသေးလေးများသည် အဘမျက်နှာကို ကြည့်ပြီး စကားပြောနေကြဟန်ရှိသည်။ အဘကလည်း ပြုံးရွှင်သောမျက်နှာနှင့် မျောက်ငယ်လေးများကိုကြည့်ပြီး အပြန်အလှန်စကားပြောနေကြသည်မှာ အံ့သြစရာကောင်းလွန်းပါဘိတော့။

အဘသည် တိရစ္ဆာန်တို့ပြောသော စကား (မာဂဓ) စကားကို ကောင်းကောင်းကြီး တတ်၊ သိနားလည်ပြီး ပြောဆိုနေကြသောအသံနှင့် ဟန်တို့သည် အားထောင်၍ ကောင်းလိုက်ပါဘိ၊ ကြည့်၍လည်း မဝနိုင်အောင် ကောင်းလွန်းပါဘိတော့။

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် အခြားအရွယ်တူ တိရစ္ဆာန်တို့သည်လည်း အဘ၏ ဝဲယာမှ အနီးကပ်လိုက်ပါလာကြပြီး ခုန်ပေါက်၍ ကပြီး လိုက်ပါလာကြသည်မှာ ကြည့်၍ကောင်းမှကောင်း။

၎င်းတို့၏နောက်မှ ကျားများ၊ ကျားပေါက်လေးများ၊ ကျားသစ်များ၊ ကျားသစ်ပေါက်လေးများ၊ အခြားတိရစ္ဆာန်ကြီးကြီးငယ်ငယ်တို့သည်လည်း တဖြည်းဖြည်းနှင့် တစ်လှမ်းချင်း တစ်လှမ်းချင်း အဘကို အားရဝမ်းသာ ကြိုဆိုကြပြီး



သဘာဝအတိုင်း ကွကွ ကွိကွိ အော်ပြီး စကားပြောနေတတ်သော မျောက်တို့ဝင်လျှင် တစ်ကောင်တလေမျှ မပြောကြ၊ မဆိုကြ၊ အော်မြည်သံ မကြားရဘဲ အဘ၏အနီးတွင် ကပ်၍ငြိမ်သက်စွာ ရှိနေကြသည်မှာလည်း ဆန်းဆန်းပြားပြား ဖြစ်နေသည် မဟုတ်ပါလား...





www.burmeseclassic.com

www.burmeseclassic.com

တောကြီးအတွင်းသို့ ဝင်သွားကြသော မြင်ကွင်းမှာ မေ့ပျောက်နိုင်ဖွယ်ရာ မရှိတော့ချေ။

ကြည်နူးစရာကောင်းလှပါဘိ။ ချမ်းမြေ့စရာ ကောင်းလှပါဘိ၊ လွန်စွာမှလည်း ဆန်းကြယ်လွန်းပါဘိ။

ဂမ္ဘီရဆန်လွန်းလှပါဘိတော့တယ်။

❋

ပြောရဦးမည်၊ ကျွန်ုပ်နှင့် ကျွန်ုပ်၏ အချစ်ဆုံးမိတ်ဆွေမှဆိုးကျော်စောဂျက်ဆင်တို့သည် အိမ်မှ ထွက်လာစဉ်ကပင် အဘနှင့်ပတ်သက်၍ အဘအကြောင်းကို ကြားထားပြီးပြီ။

"တောကြီးအတွင်းကို တောပစ်မှုဆိုးတွေရောက်ခဲ့ရင်တော့အဘနဲ့တွေ့ကြရမှာ အမှန်ပဲ၊ အဘနဲ့ တွေ့ပြီဆိုရင်တော့ အဘနှုတ်ဖျားက ပွင့်ထွက်လာတဲ့ မေတ္တာစကား ကြားလိုက်တာနဲ့ပဲ အဘရဲ့ မေတ္တာဓာတ်များ လွှတ်လိုက်လေသလားမသိပါဘူး။ ရောက်လာတဲ့တောပစ်မုဆိုးဟာ သူ့မှာ ပါလာတဲ့ တောပစ်လက်နက်တွေ အဘကို လှူပြီးသားဖြစ်သွားတယ်၊ ပြီးတော့ အဘကို ဦးတိုက်ဦးခိုက်ပြီး ပြန်သွားရတယ်တဲ့။

သည်စကား ကျွန်ုပ် ကြားထားထားကြာပြီ၊ ကျွန်ုပ်နှင့် မိတ်ဆွေ စောဂျက်ဆင်သည် သားသတ်မုဆိုးများဖြစ်သော်လည်း ဘွဲ့ရ ခေတ်ပညာတတ်များ ဖြစ်ကြသည်၊ ကျွန်ုပ်သည် သချာအဓိကဖြင့် ဘွဲ့ရထားသလို မိတ်ဆွေ စောဂျက်ဆင်သည်လည်း ရူပဗေဒအဓိကဖြင့် ဘွဲ့ရထားသူ ဖြစ်ပါသည်။

သည့်ကြောင့် အပြောနှင့် မယုံလုံးဝလက်မခံ၊ အလုပ်နှင့် လက်တွေ့ပြပါမှ ယုံမည့်လူစား။

"တောတွင်းကို အရောက်သွားမယ်၊ အဘနဲ့တွေ့အောင် ကြိုးစားမယ်၊ ပြီးတော့သားကောင်တစ်ကောင်ကောင် အနည်းဆုံးရအောင်ပစ်ရမယ်၊ အောင် ဆုံး သမင်တစ်ကောင်တော့ ရအောင် ပစ်ပြီး အသေသား ထမ်းလာမယ်"

ဟု နှစ်ဦးသား သုံးသပ်၍ ဆုံးဖြ ချက် ချလာသူ၊ ထို့ကြောင့် စောဂျ ဆင်သည် ကိုင်နေကျဖြစ်သော (၅ နှစ်လုံးပြူးရိုင်ဖယ်လက်နက်ကြီး၊ ရှုံတန်ရှဲ့သားကောင်ကိုတစ်ချက်တည် နှင့် ကိစ္စချောပြီး စိတ်ချရသည့် လက်စွဲတော်၊ ကျွန်ုပ်သည် ပွိုင့်တူးတူးကို ကိုင်ဆောင်လာသည်၊ ၎င်းပြင် ...

"ထမင်းခြောက်၊ အသားခြောက်၊ ငါးခြောက်များနှင့်ရေသန့်ဘူး၊ အချိုရည်ဘူးများနှင့်အတူ လေးထောင့်ထိုး၊ လက်နှိပ်ဓာတ်မီးပါမကျန်ရအောင် ပစ္စည်းများကိုအလုံအလောက်အပြည့်အစုံ ယူလာသည်။

ယခုတော့ဖြင့် တောထဲကို မဝင်ရသေး။ တောဝမှာပင် အဘနှင့်အတူ သားကောင်ကြီးကြီးငယ်ငယ်များကို အစုံတညီ တွေ့ခနေရ၊ မြင်နေရပြီလေ။ သားကောင်ကိုရှာနေစရာမလို၊ အသင့်အဆင်သင့်ပဲ၊ အစုပစ် အစုရနေပြီပဲ။

ပစ်ဖို့နေနေသာသာပစ်ရမည့်လက်နက်ကိုပင် သတိမရနိုင်၊ အမေ့ကြီး မေ့နေသည်လေ။ အံ့ဩဖွယ်ရာ ဆန်းကြယ်လွန်းလှသော မြင်ကွင်းစုံကို တမေ့တမော ငေးမောကြည့်ရှုနေရင်းမှ မျက်စိအစုံတွင် လုံးဝ လုံးဝ ပျောက်ကွယ်သွားသည် အထိပါ။

"တောတွင်းကို ဝင်မယ်၊ အဘရဲ့ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု၊ အဲလုံးစုံကို လေ့လာရမယ်။ ပြီးမှ အဘနဲ့ တွေ့မယ်"

ဟု ဆုံးဖြတ်ချက်ချပြီး ကျွန်ုပ်တို့ မှဆိုးကျော်နှစ်ယောက်စိတ်တူကိုယ်တူဖြင့် တောနက်ကြီးအတွင်းသို့ ချီတက်ခဲ့ကြပါတော့သည်။

❋

အဘသည် တောနက်ကြီးအတွင်း၌နေသည်။

သစ်ပင်ကြီးကြီး၏အလယ်လောက်တွင် လင့်စင်သဖွယ် (လင့်စင်ထက်သာလွန်သော) သစ်ခက်တဲနန်းတွင် အဘနေထိုင်သည်။

နေပြောက်မထိုးနိုင်အောင် သစ်ရွက်၊ သစ်ခက်တို့ဖြင့် မိုးထား၊ ကာထား၏၊ တိုင်သည် သစ်လုံးဖြစ်၏၊ အခင်းသည်ဝါးပိုးဝါးတို့ဖြင့် ခိုင်ခိုင်ခန့်ခန့်ပြုလုပ်ထားသည်၊ လုံခြုံလှသော သစ်ခက်တဲနန်းကို မျောက်ကြီးကြီးများက တည်ဆောက်ပေးကြပါသည်၊ မျောက်ငယ်လေးများ၊ မျောက်သေးသေးလေးများ ရှာဖွေကျွေးမွေးသော သစ်သီး၊ သစ်ဥ၊





www.burmeseclassic.com

www.burmeseclassic.com

သစ်ဖုများကို အဘစားသည်၊ စမ်းရေအေးအေးကို မျောက်သေးသေးလေးများခပ်ပေး၍အဘသောက်သည်၊ မျက်နှာသစ်၍ရသည်။

မျောက်ကြီးကြီးများကလည်း ပျားရည်ကို ရှာဖွေ၍ အဘကိုပေးသည်။ မျောက်ဝံကြီးများ၊ လူဝံကြီးများကလည်း တစ်ဖက်တစ်လမ်းမှ အဘအတွက် အာဟာရဖြစ်စေသော၊ လွန်စွာမှလည်း ချိုမြိန်စေသော သစ်သီးများကိုရှာဖွေ၍ အဘရှေ့မှောက် အရောက်ပို့ပေးသည်၊

အဘသည် အာဟာရဖြစ်မှ အားအင်တိုးမှ တရားကျင့်နိုင်မည် ဖြစ်၏။ အဘသည် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးအတွက် ပူပင်စရာမလို။ အချိန်ရလျှင် ရသလို တရားကျင့်၏၊ လမ်းလျှောက်သည်၊ အနားယူသည့်အချိန်တိုင်း ဝေနေယျသတ္တဝါများအား မေတ္တာပို့နေ၏။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေသည့်အချိန်က များသည်။

အဘ တရားထိုင်လျှင် အဘနေသော သစ်ခက်တဲနန်း၌ဖြစ်စေ၊ တောနက်ကြီးအတွင်းရှိ သစ်ပင်ကြီးကြီး၊ ဝါးပင်ကြီးကြီး၌ဖြစ်စေ တရားထိုင်၏။ အဘ တရားမထိုင်ဘူးသော နေရာမရှိချေ။

အဘနေထိုင်သော တောနက်ကြီ အတွင်းတွင် သားကောင်အချင်းချ ကြီးနိုင်ငယ်ညှဉ်းမရှိကြ။ အဘ၏မေတ္တာ ဓာတ်၊ စွမ်းအားစွမ်းပကားကြောင့် ဖြ မည်။ တစ်ကောင်နှင့်တစ်ကောင် ချစ်ချ ခင်ခင်ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ရ မလို။ တောထဲမှာပင် သွားအတူ လာ အတူ တစ်ပူးတွဲတွဲ။ တောကောင်ဖြ သော တောကြောင်ကြီးကြီးနှင့် တော ကြွက်ကြီးကြီးတို့သည် ရှေးထဲက ကျ ရန်။

ခုတော့ဖြင့် အဘ နေထိုင်သော နယ်ပယ်ဝန်းကျင်မှာ မိတ်ဆွေမျာ အဖြစ် တတွဲတွဲ၊ တပူးပူး၊ ထူးထူးခြားခြ ချစ်ခင်နေလေတော့ မြင်ရသူမှာ အဖြ က ဆန်းလေတော့ အံ့သြစရာ အသွ ဆန်း အမြင်ဆန်းပဲပေါ့။

ကြီးမားသော ဖားကြီးနှင့် ရှည်လျာ သော လုံးပတ်ကြီးသည့် လူ၏ပေါင်ထ လုံးစာမျှရှိသော မြွေကြီးတို့သည်လည် အပြင်ဝန်းကျင်တွင် မဟာရန်သူ၊ ယ အဘနေထိုင်သော နယ်မြေတွင် မ မိတ်ဆွေ၊ ချစ်မိတ်ဆွေများ ဖြစ်နေ သည်မှာလည်း မအံ့သြဘဲ မနေနိ တော့။

တောတွင်းရှိတောကောင်ကြီးကြီး ငယ်ငယ် မဟူ၊ နေထိုင်မကောင်းဖြစ်ခဲ့ သော်အကြောင်းအမျိုးမျိုးကြောင့်အနာ ရောဂါတရဖြစ်ခဲ့သော် အဘ မန်းမှုတ် ၍အဘ၏မေတ္တာဓာတ်ဖြင့် ပျောက် ကင်းသွားကြသည်သာ ဖြစ်၏။

အဘသည် တောကြီးအတွင်း၌ အညောင်းပြေအညာပြေလမ်းလျှောက် ထွက်လျှင်သော် လည်းကောင်း၊ စမ်း ချောင်းရှိရာသို့ ရေချိုးသွားရာ၌လည်း ကောင်း မျောက်ငယ်လေးများနှင့် မျောက်သေးသေးလေးများသည် အဘ နှင့်အတူ လက်ဆွဲ၍ လိုက်ပါလာကြ သည်လေ။

အဘ တရားထိုင်နေစဉ်သော် လည်းကောင်း၊ အဘ သစ်ခက်တဲနန်း၌ စက်အနားယူနေစဉ်တွင်းလည်း ကောင်း အချိန်ပြည့် တောတွင်းရှိ ငှက်ကြီးကြီးငယ်ငယ်များက အဘ ကို စောင့်ရှောက်ပေးနေကြသည်၊ လိပ ပြာငှက်ကလေးများသည် တေးမဆို၊ အသံ ရန်မခဘဲ အဘနှင့် အနီးဆုံး တိုင်း ထက်တွင် ငြိမ်သက်စွာရှိနေ သည်တပင် ထူးထူးခြားခြား ရှိနေသည်

သဘာဝအတိုင်းကွကွကွိကွိအော် ပြီး စကားပြောနေတတ်သော မျောက် တို့ပင်လျှင် တစ်ကောင်တလေမျှမပြော ကြ၊ မဆိုကြ၊ အော်မြည်သံ မကြားရဘဲ အဘ၏ အနီးတွင် ကပ်၍ငြိမ်သက်စွာ ရှိ နေကြသည်မှာလည်း ဆန်းဆန်းပြားပြား ဖြစ်နေသည် မဟုတ်ပါလား။

လူဝံကြီးများ၊ မျောက်ဝံကြီးများ ဆင်ကြီးများ၊ ကျား၊ ကျားသစ် အားလုံး အားလုံးတို့သည် အဘနေထိုင်ရာ မနီး လွန်း၊ မဝေးလွန်းသောနေရာတွင်တိတ် ဆိတ်ငြိမ်သက်စွာဖြင့် အဘကို စောင့် ရှောက်ကာကွယ်ပေးနေကြသည့် မြင် ကွင်းသည်လည်း တစ်မျိုးတစ်ဘာသာ၊ အံ့သြစရာတွေပဲပေါ့...။

ကျွန်ုပ်နှင့် မိတ်ဆွေ၊ မုဆိုးကျော် စောဂျက်ဆင်တို့နှစ်ယောက် သည် ပါလာသော ထမင်းခြောက်၊ အသား ခြောက်၊ မုန့်ခြောက်များနှင့်အချိုရည်ကို စားသောက်ပြီး ရေကိုတစ်ဝသောက်ကြ၏။ လေးငါးရက်မျှ အဘ၏ နေမှု၊ ထိုင်မှု၊ စားသောက်မှု၊ တရားကျင့်ကြံမှု၊ တော နေတိရစ္ဆာန်ကြီးငယ်များနှင့် ပေါင်းသင်း

www.burmeseclassic.com

ဆက်ဆံမှု၊ အားလုံး အားလုံးတို့ကို မျက်ဝါးထင်ထင် လေ့လာကြည့်ရှုကြသောအခါ...

ထူးခြားဆန်းကြယ် လွန်းသော အံ့သြဖွယ်ရာ ကောင်းလွန်းလှသော လွန်စွာမှလည်းဂမ္ဘီရဆန်လွန်းနေသော ဖြစ်ရပ်ဆန်းကြယ် အမှန်တကယ်ဖြစ်နေသည့်အဘအကြောင်းကို လက်တွေ့ သိခွင့်၊ မြင်ခွင့်၊ ကြားခွင့် ရရှိခဲ့ကြလေတော့၏။

ထိုအပြင် အဘ၏ထက်သန်သော စေတနာ၊ တုနှိုင်း၍မရနိုင်သောတောမှာ ပျော်သော တောပျော်ကြီး သူတော်စင် အဘသူတော်ကို လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ကြည်ညိုခြင်းများစွာ များစွာဖြင့် အဘ၏ ရှေ့မှောက်သို့ ကျွန်ုပ်တို့နှစ်ယောက် ဒူးထောက်ပြီး အခစား ဝင်ရောက်ခဲ့ပါပြီကော။

ကျွန်ုပ်တို့ ရောက်သည်နှင့် အဘသည်မေတ္တာဓာတ်များလွှတ်လိုက်သည်လားမပြောတတ်ချေ။ အဘ၏နှုတ်ဖျားမှ မေတ္တာစကား စပြီးပြောသည်။ လူ၊ လူချင်းမေတ္တာထားရန်၊ တိရစ္ဆာန်များအပေါ်၌လည်း ကြင်နာခြင်း၊ သနားခြင်းများစွာဖြင့် မေတ္တာထား၍ မေတ္တာပွားရန် ဘုရား

ဟော တရားတော်အတိုင်း တရားပြနေ... သည်မှာ ကျွန်ုပ်တို့ နာခံသူ၊ နာကြားသူ... နှစ်ယောက်၏ရင်မှာ ငြိမ်းချမ်းလိုက်ပါ... ဘိ။ အေးမြလိုက်ပါဘိတော့တယ်။

ကျွန်ုပ်တို့တွင် ပါလာသော သေ... ကြေပျက်စီးနိုင်သော လက်နက်များ... အဘကို လှူလိုက်တော့မည်ဟု ဆုံး... ဖြတ်ချက် ချလိုက်ပြီး...

"ငါ – အဘနဲ့ ပတ်သက်ပြီး ကြိုပြ... ကြားထားတဲ့စကား သေချာတွက်အော... မှန်နေပါပေါ့လား"

ဟုအတွေးဝင်မိသည်နှင့် ကျွန်ုပ်... ခန္ဓာကိုယ် တစ်ခုလုံးတွင် ရှိသော... အကြောပေါင်းတစ်ထောင် တို့သည်... ဓာတ်စီးသည့်ပမာ တုံ့ဆိုင်းသွား... တော့သည်။

"လူလေးတို့က အောက်ဆုံးသ... တစ်ကောင်ကိုအရပစ်ပြီး သမင်အ... သားကိုထမ်းပြီးပြန်ကြမှာမဟုတ်လာ... အပင်ပန်းခံပြီးပစ်မနေကြနဲ့၊ ဟိုမှာ... လား၊ သမင်အသေကောင်ထမ်းပြီး ပြ... ကြမတော့" ဟုပြောပြီးအဘလက်... ညွှန်ရာသို့ ကြည့်လိုက်သောအခါ... ကျွန်ုပ်တို့ လာခဲ့သည့်လမ်း အဘ... မလှမ်းမကမ်းနေရာတွင် သမင်အ...

...တစ်ကောင် မြင်နေရသည်။ ကျွန်ုပ်၏ ...တ်ထဲ၌လည်း "လူတွေ၏အတွင်းစိတ် (...နော)ကို အဘက အလုံးစုံ သိနေပါ...ား" ဟု အတွေးဝင်လိုက်မိသေး၏။

သည်အခါတွင် အဘသည် ကျွန်ုပ် ...ကို စူးစူးစိုက်စိုက်ကြည့်ပြီး မသိမသာ ...စ်ချက်ပြုံးလိုက်သည်ကို ကျွန်ုပ် သတိ ...ားလိုက်မိသည်။

"အင်း – ငါနဲ့ အဘက အတိတ်ဘဝ ...န်းက အကျိုးဆက် အကြောင်းဆက် ...ဉာန်းဆက်တွေ ရှိနေတယ် ထင်ပါ...ယ်"

ဟု တွေးမိပြန်သောအခါ ဒုတိယ ...ကြိမ်မြောက် ကျွန်ုပ်၏ ခန္ဓာကိုယ် ...စ်ခုလုံး ကြက်သီးမွေးညင်းများ ...သွားပါတော့သည်။

နောက်ဆုံးတွင် အဘသည် စကား ...ပြောတော့ဘဲ နှုတ်ပိတ် ခပ်ဆိတ်ဆိတ် ...နေလေတော့၏။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ...ချစ်ဆုံးမိတ်ဆွေ မုဆိုးကျော်၊ စော...ဘ်ဆင်တို့နှစ်ယောက်သည် ပါလာကြ...သော သတ္တဝါများကို သေစေနိုင်သည့် ...လက်နက်များဖြစ်သော (.၅၀၀) နစ်လုံး ...ျ ရိုင်ဖယ်နှင့် ပွိုင့်တူးတူး သေနတ်

နှစ်လက်ကိုအဘအား ပေးအပ်လိုက်ပြီး နောက်နောင် ဘယ်သောအခါမှ မုဆိုးအလုပ်ကို မလုပ်တော့ပါ။ ရာသက်ပန်လှူပါသည်ဟု ကတိပေးခဲ့ကြလေသည်။

ဟု ပြောပြီး နှစ်ယောက်သား အဘကို ထိခြင်းငါးပါးဖြင့် ရှိသေစွာကန်တော့လိုက်ပါတော့သည်။

သည်အချိန်တွင် ကျွန်ုပ်တို့နှစ်ယောက် အဘကို ပေးအပ်လှူပြီးဖြစ်သော သတ္တဝါများကို သေစေနိုင်သည့် သေနတ်နှစ်လက်သည် ကျွန်ုပ်တို့ရှေ့မှာပင် အံ့သြစရာကောင်းအောင် မီးလောင်ကျွမ်းပြီး မီးခိုးတလူလူဖြင့် အရည်ပျော်ကျသွားပါတော့သည်။

"အဘရှိတဲ့ နယ်ပယ်ဝန်းကျင်မှာ သတ္တဝါတွေ သေစေနိုင်တဲ့ လက်နက်မှန်သမျှမရှိစေရဘူးကွဲ့၊ ရှိနေရင်ရှိခဲ့ရင်လည်း သူ့အလိုလို အခုလို မီးလောင်ပြီး အရည်ပျော်သွားမှာ အမှန်ပဲ"

အဘ စကားကြားရတော့ ကျွန်ုပ် တုန်လှုပ်မိသည်။ တုန်လှုပ်ခြင်းနှင့်အတူ အဘ၏ မေတ္တာဓာတ်၊ မေတ္တာစွမ်းအား စေတနာသဒ္ဓါစွမ်းအားစွမ်းပကားတို့ကို အထူးပင် လေးစားမိပါ၏။





www.burmeseclassic.com

www.burmeseclassic.com

မေတ္တာမာတ်၊ မေတ္တာတန်ခိုးကို ဝိုဍ်ဝိုဍ်တန်ဖိုးထားလေးစားမိပါသည်၊ ကြည်ညိုမိပါတော့သည်၊


❋

ကျွန်ုပ်နှင့် ကျွန်ုပ်၏အချစ်ဆုံးမိ ဆွေစောဂျက်ဆင်တို့နှစ်ယောက်သ အပြန်ခရီးလမ်းတွင် နှစ်ထောင်းအ ကျေနပ်ခြင်းများစွာ များစွာဖြင့် ရင် တွင် ပေါ့ပါးရွှင်လန်း၍ နေပါတော့သ တကား။

"သုခိ အတ္တာနံ ပရိဟရန္တု"

မောင်လေးအောင် (သန်လ

■ နေ့အိမ်အရှေ့မြောက်မှာ ရွှေကြီးသာမူ လာဘ်ရအုံး။
■ ရှေ့တူရူမှာသာလေလျှင် ချစ်သူလာလတ္တံ့။
■ မြောက်အရပ်ကသာမူ သတင်းကောင်း ကြားရလတ္တံ့။
■ အိမ်ရှေ့ကြီးသာလျှင် ကောင်းကျိုးပြုမည့် ဧည့်သည်လာတတ်သည်။
■ အိမ်နောက်ဖေးက ကြီးသာမူ မိမိအိမ်မှာ ထမင်းစား၊ မိမိအိမ်မှ ပစ္စည်းချေးငှားပြီး ဒုက္ခပေးမည့် ဧည့်သည်လာလတ္တံ့။




www.burmeseclassic.com

www.burmeseclassic.com




လမ်းပျောက်နေတဲ့ ဖေယံ...

"ဘယ်လိုနေ့လဲကွာ"

သူ့ပါးစပ်ကနေ မကျေမနပ် ရေရွတ်လိုက်မိတယ်။ သူတကယ်တော့ ဒီကိုလာခဲ့ရတာ အဘွားဖြစ်သူကြောင့်။ သူ့ဘွားဘွားက တော်တော်လေး အသည်းအသန် ဖနေမကောင်း ဖြစ်နေတာ။ ဒါဟာ သူမကို တွေ့ရဖို့ နောက်ဆုံးအချိန်လည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဟုတ်ပ - သူ့ဘွားဘွားက အလွန်ဝေးလံသီခေါင်တဲ့ "သာယာကုန်း" ဆိုတဲ့ ရွာလေးမှာနေ တာ၊ ဖေယံနဲ့ သူ့မိသားစုက ရန်ကုန်မှာနေတာ။ ဘွားဘွားကို ရန်ကုန်မှာ သူတို့နဲ့ အတူတကွနေတိုင်း



ဘယ်လိုပြောပြောမရဘူး။ သိတဲ့အတိုင်း အဘွားက အသက်ရဝကျော် အရွယ်ပေမဲ့ ခေါင်းကမာတုန်း။ အခုလည်း ဖေယံမိဘတွေက ရန်ကုန်က ဘယ်လိုမှ အလုပ်ခွင့်က ချက်ချင်းမရတာနဲ့ ဖေယံတစ်ယောက်တည်း အရင်လာခဲ့ရတာ။ သူ့မိဘတွေက နောက်မှလိုက်လာမှာ၊ မနက်ဖြန် ဖြစ်ဖြစ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အခုလည်း သူတစ်ယောက်တည်း လာခဲ့ရတယ်၊ စိတ်က တလေးလေးနဲ့၊ ဒီမြို့လေးက မြို့နဲ့ တော်တော်လေး ဝေးတယ်၊ ဒီကိုလာဖို့ အရင်ဘတ်စ်ကား စီးရတယ်၊ ပြီးတော့ အငှားတက္ကစီ ငှားလာရတယ်၊ ဘတ်စ်ကားကလည်း တိုက်ရိုက်မရောက်တော့လေ၊ အခုလည်း သူ ရန်ကုန်ကနေ ဘတ်စ်ကားကို တမေ့တမောစီးခဲ့ပြီးပြီ၊ နောက်အငှားကားငှားလာခဲ့တာ၊ ဟော - လမ်းတစ်ဝက်မှာ တံကဆိုးစွာ သူ ငှားလာတဲ့ အငှားယာဉ် တက္ကစီက ပျက်တော့တယ်၊ တက္ကစီဆရာကတော့ အကောင်းဆုံးအကြံပေးရှာတယ်၊ "လမ်းလျှောက်သွားကွာ၊ ဒါမှမဟုတ် လှည်းကြုံ၊ ကားကြုံလေး စောင့်စီးသွားပေါ့" တဲ့၊ ကြည့်စမ်း၊ ကောင်းလိုက်တဲ့အကြံ၊ သူ ပြောမှလား၊ ဒီလမ်းပဲ ရှိတော့တာကိုး၊ သူ သက်ပြင်းမောကြီးချလိုက်မိတယ်၊ အင်းလေ - အခုတော့ ခြေကျင်သာ ကုန်းကြောင်းလျှောက်နေရပြီ၊ ဇုတ်တရွေ့ကောင်တစ်ကောင်လို လေးလံတဲ့ ခြေလှမ်းတွေနဲ့ လေးလေးတန်ကန် လျှောက်လာလိုက်တာ (၆) နာရီတောင်ထိုးလို့ မှောင်တော့မယ်၊ သူ တစ်ယောက်တည်းတောအုပ်ငယ်လေးကို လမ်းကျဉ်းလေးအတိုင်းလျှောက်ပြီး ဖြတ်သန်းလာတယ်၊

"အို - ဒုက္ခ၊ ကောင်းကင်ရဲ့အရှေ့က မီးခိုးရောင်ကနေ အရင့်ဘက်သန်းလာပြီ၊ မိုးရွာတော့မယ်၊ ဘယ်လိုက်ကြမ္မာလဲကွာ၊ မိုးတော့ စရွာလာပြီ၊ ဟော - စစချင်း ခပ်ဖွဲဖွဲကနေ တစ်စစသဲသဲလာတယ်၊ သူ့အမြင်အာရုံတွေလည်း မိုးနဲ့အတူ တစ်စစ ဝေဝါးလာတယ်၊ လျှပ်စီးတွေက လက်မိုးကြိုးတွေကပစ်၊ လမ်းက တဖြည်းဖြည်း ဗွက်ထလာတော့ ရွှံ့ဗွက်တွေနဲ့အတူ သူ့ခြေထောက်တွေ ကောင်းကောင်းမရုန်းနိုင်တော့ဘူး၊ ခရီးလည်း မတွင်တော့ဘူး၊

သူ့မှာတခြားရွေးစရာလမ်းကလည်း မရှိတော့ပြီမို့ အင်္ကျီက တွဲလျက် ခေါင်းဆောင်းလေးကို လည်း ခြုံပြီး ဆက်လျှောက်လာတယ်၊ တစ်ကိုယ်လုံးကလည်း မိုးရေတွေနဲ့ ရွှဲနစ်နေပြီ၊ သူ့ရဲ့ ကျောပိုးအိတ်လေးကိုပဲ ကျစ်ကျစ်ခဲအောင် ရင်ခွင်ထဲပွေ့ပိုက်ရင်း ...

❋

"ဂလုပ် - ဂလုပ် - ဂလုပ်"

ခပ်လှမ်းလှမ်းက မြင်းခွာသံကြားရတယ်၊ တဖြည်းဖြည်းနဲ့နီးကပ်လာ



တယ်၊ သူ စိတ်စောအားကြီးစွာ အသံလာတဲ့ဘက်ကို မျက်စိကစားရင်း ပတ်ဝန်းကျင်အမှောင်ထုကို စောင့်ကြည့်ရင်း မြင်းခွာသံတို့ ရပ်စောင့်နေလိုက်တယ်၊ ဟုတ်ပါ့ဗျား - မြင်းလှည်းတစ်စီး၊ ရထားလုံးမြင်းလှည်းလေး ...

ဘုရားသိကြား မတာပဲ၊ သူ ထခုန်တော့ ဝမ်းသာသွားမိတယ်၊

လှည်းက သူ့အနားရောက်တော့ ကျွိခနဲ ထိုးရပ်လိုက်တယ်၊ လှည်းသမားက မေးလာတယ်၊

"ဟေး - ဒီမှာ မိတ်ဆွေ၊ ခင်ဗျား အကူအညီလိုနေတာလား"

ဖေယံတစ်ယောက် မျှော်လင့်ချက်တွေ ပြည့်ဝတောက်ပနေတဲ့ မျက်လုံးတွေနဲ့ လှည်းဆရာကို မော့ကြည့်လိုက်တယ်၊

လှည်းမောင်းသူက သူနဲ့ သက်တူရွယ်တူလောက်ရယ်၊ ပြောရရင်အသက် ၂၅ အရွယ် စွန်းခါစအရွယ်၊ ကြည့်ရတာတော့ မျက်နှာလေးက ဖော်ရွေခင်မင်ချင်စရာ၊ ဒါပေမဲ့ သူ့အသားရေက နည်းနည်းတော့ ဖြူဖပ်ဖြူရော်၊ တစ်မျိုးပဲ၊

"ဟေး - မေးနေတယ်လေ၊ အကူအညီလိုလားလို့"

လှည်းဆရာလေး ထပ်မေးလာတယ်၊

"ခင်ဗျား - ဟုတ် - ဟုတ်ကဲ့ - ကူညီပါဗျာ၊ ကျေးဇူးပြုပြီး ကူညီပါ၊ ကျွန်တော် ကျွန်တော် ခရီးသွားတစ်ယောက်ပါ၊ ကျွန်တော် သာယာကုန်းကိုသွားမလို့ပါ၊ အဲဒါ လမ်းမှာ ကားပျက်သွား"

သူ့စကားတောင် မဆုံးခင် လှည်းဆရာလေးက အတင်းဖြတ်ပြောတယ်၊

"အာ - ဒီအချိန်ဆို အရမ်းနောက်ကျနေပြီ ဗျ၊ ခင်ဗျား သာယာကုန်း မရောက်ခင် တောထဲ အိပ်နေရမယ်နော်"

"ဗျာ - အဲ - အဲဒါဆို"

ဖေယံ ထစ်ငေါ့နေမိတယ်၊

"ဒါဆိုမိတ်ဆွေရယ် - ကျုပ်လှည်းနဲ့ လိုက်ခဲ့ပါလား"

ဖေယံလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဖွေ့ခနဲ ရထားလုံးတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်တယ်၊

"ဒါနဲ့ ကျွန်တော်တို့ ဘယ်ကိုသွားကြမှာလဲဗျ"

ပြီးမှ ဖေယံက မေးတယ်၊

"ကျုပ်နေတဲ့နေရာပဲသွားတာပေါ့ - မိတ်ဆွေရယ်၊ အဲမှာတစ်ညအိပ်ပြီးတော့မှ မိုးလင်းမှ ခင်ဗျား သွားချင်တဲ့နေရာ ခရီး ဆက်ပေါ့ မဟုတ်ဘူးလား၊ အခုချိန်



www.burmeseclassic.com

www.burmeseclassic.com

တော့ အဲဒါ ခင်ဗျားအတွက် အကောင်းဆုံး အကြံပဲဗျို့"

လှည်းသမားက ပြောပြောဆိုဆိုနဲ့ မြင်းရဲ့ကျောပြင်ကို ကြာပွတ်နဲ့ရိုက်ရင်း ခရီးစတင်လိုက်တယ်။

လှည်းသမားလေးက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပေမယ့် ရထားလုံးထဲက ဖေယံကတော့ သူ့မျက်နှာကို မမြင်နိုင်ဘူးလေ။

"ခြော် - ဟုတ် - ဟုတ်၊ ကျေးဇူးတင်လိုက်တာဗျာ။ ဒါနဲ့ - ခင်ဗျားနာမည်လေးများ သိခွင့်ရမလား"

"ကျွန်တော့်နာမည်က ဖေယံမောင်လတ်ပါ။ ဖေယံလို့ပဲ ခေါ်နိုင်ပါတယ်။ ခင်ဗျားကရော ..."

ဖေယံက သူ့ကိုယ်သူ အရင် မိတ်ဆက်လိုက်တယ်။

"ကျွန်တော်က နင်းဦးပါ"

လှည်းသမားလေးက ပြန်ပြောတယ်။

ပြီးတော့ တစ်လမ်းလုံးနီးပါး နှစ်ယောက်သား ထပ်စကားမဆိုဖြစ်ကြတော့ဘူး။ မိုးသံ လေသံတွေပဲ ပတ်ဝန်းကျင်တစ်ခုလုံးကြီးစိုးနေတယ်။

မိနစ်အနည်းငယ်ကြာတော့ ဖေယံတစ်ယောက်အိမ်ကြီးတစ်လုံးပြောရရင် ရဲတိုက်ဆန်ဆန် ရှေးဟောင်းအိမ်အိုကြီးကိုထီးထီးကြီးတောင်ကုန်းထိပ်ပေါ်လှမ်းမြင်လိုက်ရတယ်။ ရုတ်တရက်ကြည့်ရင် အိမ်ကြီးပုံစံက နာနာဘာဝ မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို လျှပ်စီးလက်လိုက်တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲလှမ်းမြင်နေရတာဖေယံတစ်ယောက် ကျောရိုးတစ်လျှောက် စိမ့်သွားရင်းကြက်သီးမွေးညင်းတွေတောင် ထသွားရတယ်။ ဘာလို့လဲ ဆိုတော့ အသေချာမသိဘူး။ စိတ်ထဲမှာမနှစ်မြို့တဲ့ ခံစားချက် တစ်မျိုးခံစားနေရတယ်။

အိမ်ကြီးကြည့်ရတာ လွန်ခဲ့တဲ့ သုံး ရာစုလောက်ကတည်းက ဆောက်ထား တဲ့ပုံပဲ။ ဒီထက်တောင်ပိုရှေးကျနိုင်သေး တယ်။ ဖေယံ တစ်ယောက် ဂလု ခနဲ တံတွေးမျိုချလိုက်တယ်။ အိမ်ကြီးရဲ့ဆင် ဝင်အောက်ရောက်တော့ နင်းဦးက မြင်း ဇက်ကြိုးကို ဆွဲလိုက်ပြီး လှည်းကို ရပ် လိုက်တယ်။ ပြီးတော့ နွေးနွေးထွေးထွေး ဖိတ်ခေါ်တယ်။

"ကြိုဆိုပါတယ် - မိတ်ဆွေ၊ ဒါကျွန် တို့အိမ်ပဲ"

ဖေယံတစ်ယောက် တုံ့ဆိုင်းစွာ လှည်းပေါ်ကဆင်းရင်း ခြေလှမ်းတွေက လေးလံနေတယ်။

"လာပါဗျ - အိမ်ထဲဝင်စမ်းပါ။ ကျုပ် တို့က ခင်ဗျားကို ကိုက်မစားပါဘူး"

ပြောပြောဆိုဆို နင်းဦးက ပြုံးစိစိ မျက်နှာပေးနဲ့ သူ့လက်ကိုဆွဲပြီး အိမ်ထဲ ခေါ်လာတယ်။ နင်းဦးလက်ကြီးကလည်း အေးစက်နေတာပဲ၊ ရေခဲတုံးလိုပဲ။

ဖေယံတစ်ယောက် အိမ်ကြီးထဲ ရောက်တော့ နွေးထွေးလုံခြုံမှုကို ခံစား ရမယ့်အစား အေးစက်စက်နဲ့ ပိုပြီးသွေး အေးချင်လာတယ်။ ကြောက်လာသလို ရှုလာသလိုလိုနဲ့ အသက်တောင် ရှူ ရတာ ကတုန်ကယင် ဖြစ်လာတယ်။

"ဘယ်သူတုံး"

အသံတစ်သံက လှမ်းမေးတယ်။ အသံပိုင်ရှင်က အက်ကွဲကွဲ ရှတတ။ ဒါပေမဲ့ သူ့အသံက တိုးတိုးလေးနဲ့ ဖြည်း ဖြည်းလေး။ မသိရင် အိပ်ရာက အိပ်နေ ရင်း တရေးနိုးထပြောနေသံလိုလို။ ဒါပေမဲ့ အသံပိုင်ရှင်ကို မတွေ့ရသေး ဘူး။

"ဟံသာရေ - ဒီည ငါတို့အတွက် ဧည့်သည်ပါတယ်ဟေ့"

နင်းဦးက လှမ်းဖြေပေးတယ်။ ပြီး တော့ နင်းဦးက သူ့ကိုလှေကားထစ်တွေ အတိုင်းဦးဆောင်ခေါ်လာရင်းအပေါ်ထပ် တက်ခဲ့ကြတယ်။ လှေကားထစ်တွေက

သူတို့ လေးယောက်တတော့ ရယ်လိုက်မောလိုက် မှုန်ပျပျအလင်းရောင်အောက်မှာ သူတို့ ရယ်လိုက်တိုင်း သူတို့ ပါးစပ်မှာ အစွယ်တွေ ဖွေးခနဲ ဖွေးခနဲ လျှာရှည်ကြီး တစ်လစ်တစ်လစ် တွေ့လိုက်ရသလားလို့။ ဒါပေမဲ့ မီးရောင်က မှိန်နေလို့ သူပဲ ထင်ရာမြင်ရာ မျက်စိမှား မိတာလား။ သူတို့ပုံကြည့်ရတာ ဖေယံအပေါ် ခင်မင်စရာကောင်းသလိုလိုနဲ့ သူ့ကို ခြောက်လှန့်နေကြသလားတောင် ထင်နေရတယ် ...







www.burmeseclassic.com

www.burmeseclassic.com

တကျိုကျို၊ တအိအိနဲ့ အိမ်တစ်အိမ်လုံးမှာ လျှပ်စစ်မီးမရှိတာ သတိပြုမိတယ်၊ တစ်အိမ်လုံးကို ဖယောင်းတိုင် အရွယ်စုံနဲ့ပဲ အလင်းရအောင် လုပ်ထားတာပါလား၊ မီးပန်းဆိုင်းတွေပေါ်မှာတောင် ဖယောင်းတိုင်တွေပဲ ထွန်းထားတာ၊ ထူးတော့ တော်တော်ထူးဆန်းတယ်၊ ဖေယံတွေးမိသေးတယ်၊ နောက်တစ်ခု ဖေယံ သတိပြုမိတာက တစ်အိမ်လုံး ဖုန်နံ့တွေနဲ့ အောက်သိုးသိုးကြီး၊ ပြီးတော့ - ညှီစို့စို့၊

"ဟေး - မင်းချမ်းနေမှာပဲနော် ကိုယ့်လူ"

နင်းဦးက ဖေယံတစ်ယောက်က ခိုက်ခိုက်တုန်နေတာကို သတိပြုမိပြီး ပြောတယ်၊ ဟုတ်လေ - ဖေယံ ဒီလောက် မိုးတွေမိပြီး စိုရွှဲကြက်စုတ်ဖြစ်နေတာ၊ နင်းဦးက သူ့ကို အခန်းတစ်ခုထဲမှာ နေရာချပေးပြီး နွေးနွေးထွေးထွေးနေစေတယ်၊ ပြီးတော့ သူ ခဏအခန်းထဲက ထွက်သွားပြီး မိနစ်ပိုင်းလောက်ကြာတော့ ပြန်ဝင်လာတယ်၊ သူ့လက်ထဲမှာလည်း အဝတ်အစားတချို့ပါလာတယ်၊

"ရော့ - ဒါတွေနဲ့ လဲဝတ်လိုက်၊ မင်းနဲ့ တော်မယ်ထင်တာပဲ"

နင်းဦးက အဝတ်အစားတွေပေးရင်း ပြောတယ်၊ ပြီးတော့ အခန်းထဲက ပြန်ထွက်သွားပြန်ရော၊ ဖေယံလည်း အဝတ်အစားတွေ မြန်မြန်ကောက်လဲလိုက်တယ်၊ သူ ချမ်းတဲ့ဒဏ်ကို မခံနိုင်တော့ဘူး၊ ခိုက်ခိုက်တုန်နေပြီ၊

တယ်ဟုတ်ပါလား၊ အဝတ်အစားတွေက သူနဲ့ အတော်ပဲ၊ ကြည့်စမ်း - မိုက်တယ်၊ အကျႌက တိုက်ပုံလိုလိုရင်ဖုံးလိုလို ပုဆိုးက ပိုးလိုလို၊ ချိတ်လိုလို ဒီလိုတွေ ဖတ်သမားတွေများလား၊ ဒီလိုတွေ ဝတ်ကြတယ်၊ ရော် - အကျႌက မှိုတော်နံ့လို့ ရှောင်းတော့ ဆိုးမိသေး၊

"ဒေါက် - ဒေါက်"

တစ်ယောက်ယောက်အခန်းတံခါး လာခေါက်နေပြီ၊ ဖေယံလည်း တံခါးလက်ကိုင်ဘုကိုဖွင့်ရင်း တံခါးကိုခပ်ဟဟ လေးပဲဖွင့်ပေးရင်း ခေါင်းပြူချောင်းကြည့်တယ်၊ လူငယ်လေးတစ်ယောက် ... အရပ်က ၅ပေ ၉ လက်မလောက် သူနဲ့ ရွယ်တူလောက်ပဲ၊

ထိုလူငယ်က ပြုံးပြီးနှုတ်ဆက်တယ်၊

"မင်္ဂလာပါ - မိတ်ဆွေရယ်၊ ကျွန်တော်က လရောင်ပါ"

"သြော် - ဟုတ်ကဲ့၊ ကျွန်တော် ဖေယံပါ"

ဖေယံက ပြန်ပြီးဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်တယ်၊ ပြီးနောက် လရောင်ဆိုတဲ့ ကောင်လေးရဲ့လက်ကို ဆွဲပြီးနှုတ်ဆက်မိတယ်၊ အမလေး သူ့လက်က အေးစက်နေတာ ရေခဲတုံးကြီး ကိုင်လိုက်ရသလိုပါပဲလား၊ အင်း - သူ့မျက်နှာကလည်း နင်းဦးလိုပဲ ဖြူဖပ်ဖြူ ဆိုနဲ့၊

"ဟုတ်ကဲ့ - နင်းဦးက ကျွန်တော်တို့ကို ပြောပြထားပြီးပါပြီ၊ မင်းက လမ်းမှာ ဒုက္ခကြုံလာတယ်တဲ့၊ ခုလို ကူညီခွင့်ရတာ ဝမ်းသာပါတယ်"

သူက ပြုံးပြတယ်၊

"ဟဲ - ဟဲ - လာပါ၊ ညစာအဆင်သင့် ဖြစ်ပြီ၊ ကျွန်တော်တို့နဲ့ အတူတူ ညစာ စားပါ"

"အို - ကျေးဇူးပါပဲ"

ဟုတ်တယ်လေ - ဖေယံ ဗိုက်ဆာနေတာ အူလိမ်နေပြီ၊ ချက်ချင်းကို ထမင်းခေါ်တော့ ကောက်ကောက်ပါအောင် လိုက်ခဲ့တာ၊ အောက်ထပ်လည်းရောက်ရော နင်းဦးက သူ့ကိုထိုင်ဖို့ နေရာစီစဉ်ပေးတယ်၊ ညစာတွေကိုတော့ ရှေးခေတ်ထမင်းစားပွဲရှည်ကြီးပေါ်မှာ ပြင်ဆင်ထားတယ်၊ ဒါပေမဲ့ အစားစာတွေကို ကြည့်ရတာ စားချင်စရာတစ်စက်မှမရှိ၊ ဖေယံတစ်ယောက် အစားစာတွေကိုမနည်းဝါးလိုက်ရတယ်၊ ...ထိုက်မိတယ်၊ ဒီအစားအစာတွေကို ကြည့်ရတာ မြင်ရတာ မသတီချင်စရာ၊

ကြည့်ပါဦးလေ၊ ပန်းကန်လုံးကြီးထဲမှာ အမျိုးမည်မသိ အသားတွေကို စွပ်ပြုတ်ချက်ထားတာ၊ စားပွဲခင်းကြီးကလည်း ညစ်ထေးထေးနဲ့၊ အလယ်ကောင်မှာ ချထားတဲ့ ဖယောင်းတိုင်တွေ ထည့်ထားတဲ့ ကြေးတိုင်တွေကလည်း သံချေး အညှိအထပ်ထပ်ပင့်ကူအိမ်တွေတွဲရွဲ၊ အလယ်ကောင်မှာ အလှထားထားတဲ့ ပန်းအိုးထဲက ပန်းတွေကလည်း ခြောက်သွေ့ယောင်းပြီး ညှိုးရော်နေတာ၊ ဖေယံတစ်ယောက်စိတ်မသက်သာစွာမျက်နှာ ရှုံ့မဲ့လိုက်တယ်၊ ဒါပေမဲ့ သူ့အတွက် ဒီအချိန်မှာ ရွေးချယ်စရာဆိုတာ မရှိဘူးလေ၊ ညက မှောင်မိုက်လှပြီ၊

အခုလိုအချိန်မှာ သူ့ကို နေရာထိုင်ခင်းပေးပြီး ကျွေးမွေးထားတာပဲ ကျေးဇူးတင်ဖို့ကောင်းနေပါပြီ၊ သူထိုင်နေရင်းက သက်ပြင်းမောကြီး ချနေမိတယ်၊ အဲဒီအချိန်မှာ သူကြားလိုက်ရတာက စန္ဒရားအသံ၊ တစ်ယောက်ယောက်က စန္ဒရားကို ကျွမ်းကျင်စွာ တီးခတ်နေလေရဲ့၊

"ဟော့ - လေးမြတ်၊ စန္ဒရား တီးတာကိုရပ်ပြီးလာကွ၊ စားစရာရှိလာစားလှည့်ကွာ - သူငယ်ချင်းရာ"

နင်းဦးက တစ်စုံတစ်ယောက်ကို နာမည်ခေါ်ပြီး ဖိတ်ခေါ်လိုက်တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့နင်းဦးက "လာစားလှည့်ကွာ" လို့ပြောလိုက်တဲ့အသံဟာ ဇေယံကို တုန်လှုပ်သွားစေတယ်၊ ဘာကြောင့်မှန်းတော့ အသေအချာမသိဘူး။ အသံမှာ တစ်ခုခုငြိစွန်းနေသလိုလို၊

အဲဒီနောက် နောက်ထပ် သူတို့နဲ့ အရွယ်တူ အသက်တူလောက် လူငယ်လေးတစ်ယောက် ထမင်းစားခန်းကျယ်ကြီးထဲ ဝင်လာတယ်၊ ဒီတစ်ယောက်တလည်း ခင်မင်ပြီး ဖော်ရွေတဲ့ပုံပါပဲ၊ သူ့ကိုပြုံးလို့နှုတ်ဆက်ပြန်တယ်၊

"ဟုတ်ကဲ့ - ကျွန်တော့်နာမည် လေးမြတ်ပါ"

သူက သူ့ကိုယ်သူ မိတ်ဆက်ပြန်တယ်၊ အခုတော့ သူတို့အားလုံး ထမင်းစားခန်းကျယ်ကြီးထဲမှာ စားပွဲရှည်ကြီးနဲ့ ...

ဇေယံက ဟင်းချိုခွက်ကို ပါးစပ်နားတော့ပြီး သောက်တော့မယ်အလုပ် ...

နင်းဦးက လေးမြတ်ကို လှမ်းမေးတယ်၊

"ဟံသာတစ်ယောက်ရော - လေးမြတ်"

"အင်း - သူ့အခုချိန်ဆို အခေါင်းထဲမှာ အိပ်လို့ကောင်းနေတုန်း၊ အဲ - အဲ - အိပ်ရာထဲမှာ အိပ်နေတုန်းရှိမယ်"

ရုတ်တရက်ဇေယံ လန့်ဖျပ်သွားပြီး စားမယ့်ဖွန်းတောင် လွှတ်ကျတော့မလို ဖြစ်သွားတယ်၊

"ဩော် - ဟိုမှာ - လာပြီ - မောင်မင်းကြီးသား မောင်ဟံသာ"

လရောင်က ဝင်ပြောလိုက်တယ်၊

"ကောင်းသော ညချမ်းလေးပါ သူငယ်ချင်းတို့ရေ"

❋

ဟံသာတဲ့ - ဟုတ်တယ်၊ သူတို့ ပြောတဲ့ ဟံသာဆိုတဲ့ လူငယ်လေး၊

ဩော် - ဟံသာဆံနွယ်လေးတွေ ကကောက်ကောက်ကွေးကွေးရှည်ရှည် နွယ်နွယ်၊ သူ့ဆံပင်တွေက ကုပ်လောက် ထိ ရှည်တယ်၊ အရပ်ကလည်း ခြောက် ပေလောက်ရှိမယ်၊ သူက အနက်ရောင် ပိုးအင်္ကျီလက်ရှည်ကို ဝတ်ထားတယ် ပုံစံကတော့ ရှေးမြန်မာယောကျ်ားကြီး တွေဝတ်တဲ့ တိုက်ပုံရင်ဖုံးလိုလို ဘာလို လို၊ ပြီးတော့ ကြက်သွေးရောင် ပိုးပုဆိုး နဲ့ ဝတ်ထားတဲ့ ပုံစံတွေက အရမ်းမြန် ဆန်လွန်းတယ်၊ ဟံသာက သူ့ပါးချိုင့် လေးတွေပေါ်အောင် ပြုံးလိုက်တယ် ယောကျ်ားချင်းတောင် ငေးကြည့် အောင် တော်တော်ချောင့်တဲ့လူငယ်

သူ့မျက်ဝန်းတွေက မှုန်ပျပျမီးရောင် အောက်မှာ အစိမ်းရောင်တောက်နေ သလိုလို ဇေယံ သူ့မျက်လုံးတွေကို ကြာ ကြာရင်ဆိုင်စိုက်မကြည့်ရဲဘူး။ ကျောရိုး တစ်လျှောက် စိမ့်သွားရလို့ ...

"ဟုတ်ကဲ့ - ကျွန်တော် ဟံသာပါ"

"ဟံသာ - မင်း ဘာလို့ လာစားဖို့ကို အဲဒါလောက် ကြာနေရတာလဲ"

နင်းဦးက မေးလိုက်တယ်၊

"တောင်းပန်ပါတယ် - ကိုယ့်လူတို့ရာ၊ ငါ အိပ်နေလို့ပါ၊ ဒါပေမဲ့လည်း လူ သစ်တစ်ယောက် ရောက်လာတော့ အာရုံခံမိတော့ နိုးလာရရော"

ဟံသာက ပြုံးဖြဲဖြဲဖြေတယ်၊

"ဒါ - ဒါက ဘာအသားကိုချက်ထား တာလဲဟင်၊ အော် - သူက"

ဇေယံက ညိုစို့စို့အသား တစ်တုံးကို ကိုက်ဝါးရင်း မေးလိုက်တယ်၊

"ဩော် - ဒါလား၊ သူကလည်းညက ခင်ဗျားလိုပဲ လမ်းမှားရောက်လာတဲ့ ခရီး သွားတစ်ယောက်ပါပဲလေ"

လရောင်က ရွှတ်နောက်နောက် ပြောတယ်၊

"တိတ်စမ်းပါ"

ဟံသာက ရယ်ရယ်မောမောနဲ့ သူ့ သူငယ်ချင်း လရောင်ရဲ့လက်မောင်းကို ပုတ်ရင်းဟန့်လိုက်တယ်၊

ဒါနဲ့ပဲ စိတ်ပျက်စရာအကောင်းဆုံး ညစာကို ဇေယံတစ်ယောက် စားနေရ တယ်၊ ဒီညစာ ထမင်းဝိုင်းတ တကယ့် ငြီးငွေ့ဟ်ပဲ၊

နင်းဦးက အနီရောင်စေးပျစ်ပျစ် အရည်တွေကို ယွန်းခွက်လေးတွေထဲ ထည့်ပေးလိုက်တယ်၊ သူတို့တတော့ သောက်လိုက်ကြတာပဲ၊ မက်မက်မော မော၊ အားပါးတရ၊ မြိန်ရေရှက်ရေ၊

"ဒါကရော ဘာတွေလဲ"

ဇေယံက စပ်စပ်စုစု မေးပြန်တယ်၊

"သွေးတွေ"

ဟံသာက မျက်နှာပြုံးစိစိနဲ့ ဖြေ တယ်၊

ဇေယံမျက်လုံးတွေ ပြူးထွက်ကုန် တယ်၊အဲဒီတော့မှဟံသာကသဘောကျ စွာကျယ်ကျယ်လောင်လောင်ရယ်လိုက် ပြီး ...

"အဲဒါသစ်သီးဖျော်ရည်၊အနီရောင် ချယ်ရီသီးတွေနဲ့ လုပ်ထားတဲ့ သစ်သီး ဖျော်ရည်ပါ မိတ်ဆွေရယ်"

ဟံသာက ပြောတယ်၊

"သောက်ကြည့်ပါလား - အဆွေ တော်ရယ်"

လေးမြတ်က ပြောတော့ ...





www.burmeseclassic.com

www.burmeseclassic.com

“ဩော် - ဟင့်အင်း - ဟင့်အင်း၊ ရပါတယ်၊ မသောက်တော့ဘူး ကျေးဇူးပါပဲ”

ဇေယံ မြန်မြန် ငြင်းဆန်လိုက်ရတယ်၊ သူ့အတွက်ဒီအရည်တွေက သွေးတွေနဲ့ တကယ်ဖြစ်နေတာကိုး၊ ကြည့်ရင်းနဲ့ကို အော်ဂလီဆန်လာတယ်၊

လရောင်၊ လေးမြတ်၊ နှင်းဦး၊ ဟံသာ သူတို့ လေးယောက်ကတော့ စားကြသောက်ကြ ရယ်လိုက် မောလိုက်ကြနဲ့ ဇေယံတစ်ယောက်သာ နေမထိ ထိုင်မသာ ဖြစ်နေရတယ်၊

“ဒါနဲ့ စကားမစပ် - မိတ်ဆွေကဘာလို့ သာယာကုန်းကို သွားမှာလဲ”

လေးမြတ်က မေးလာတယ် ...

“ဩော် - ကျွန်တော် အဘွား တော်တော်လေး နေမကောင်းလို့ပါ”

ဇေယံက ပြန်ဖြေတယ်၊

“ဒါပေမဲ့ အခုချိန်ဆို ခင်ဗျား အဘွားက ဆုံးနေလောက်ပြီ”

လရောင်က လွှတ်ခနဲပြောချလိုက်တယ်၊

“ဗျာ - ဘာ - ဘာကိုပြောတာလဲ”

ဇေယံက အလန့်တကြား မေးတယ်၊ ဒေါသလည်း ထွက်သွားတယ်၊

“စိတ်တော့ မကောင်းပါဘူး ဇေယံရယ်၊ ခင်ဗျား အဘွားက အခုချိန်ဆိုသေဆုံးနေလောက်ပြီ၊ ကျုပ် အာရုံခံစားမိတာ ကျုပ် ပြောတာပါ”

လရောင်က ခပ်အေးအေးပဲ ပြုံးပြီး ပြန်ပြောတယ်၊ သူ့အပြုံးက နှစ်လိုဖွယ်မကောင်းတာ အမှန်ပဲ၊ ဇေယံ နည်းနည်းသွေးပျက်ချင်လာတယ်၊



ဟိတ် – မလှုပ်နဲ့နော်။ ငါ မင်းရဲ့
နှလုံးသားတည့်တည့်ကို ထိုးပစ်လိုက်မယ်။ သတ္တိရှိရင်
အနားတိုးခဲ့လေကွာ။ ဟား – ဟား – ဟား – ကြည့်စမ်း –
ငါ့လက်ထဲမှာ သစ်သားတံစို့တွေ တွေ့လား။ အဲဒီ
မင်းရဲ့ နှလုံးသားကို
ဖောက်ပစ်ဖို့ အကောင်းဆုံး
နည်းလမ်းပဲလေကွ။
သွေးစုပ်ဖုတ်ကောင်မိစ္ဆာရဲ့ ဟီးဟီးဟီး –
ဟိုး ဟိုး ဟိုး



“တော်စမ်းပါ - လရောင် ရယ်၊ ကိုယ့်ဘာသာ ကိုယ် စားစရာရှိတာ စားပါ၊ စကားမများနဲ့”

နှင်းဦးက သူ့သူငယ်ချင်းကို သူပြန်နဲ့သလို ပြောလိုက်တယ်၊

သူတို့လေးယောက်ကတော့ ရယ်လိုက်မောလိုက် မှန်ပျပျအလင်းရောင်အောက်မှာ သူတို့ ရယ်လိုက်တိုင်း သူတို့ခံစပ်မှာ အစွယ်တွေ ဖွေးခနဲ ဖွေးခနဲ အရှည်ကြီး တစ်လစ်တစ်လစ် တွေ့လိုက်ရသလားလို့၊ ဒါပေမဲ့ မီးရောင်က မှိန်နေလို့ သူပဲ ထင်ရာ မြင်ရာ မျက်စိမှားသလား၊ သူတို့ပုံကြည့်ရတာ ဇေယံအပေါ်ခင်မင်စရာကောင်းသလိုလိုနဲ့ သူ့ကို ခြောက်လှန့်နေကြသလားတောင် ထင်နေရတယ်၊ မှားပါပြီဗျာ၊

*

“ဒါနဲ့ အရှင်နှစ်ပါး ပါတော်မူပြီးနောက် ဘာတွေဆက်လှုပ်ရှားနေကြသလဲဗျ”

လေးမြတ်က မေးတယ်၊

“ဗျာ”

ဇေယံက ဇဝေဇဝါနဲ့ ပြန်မေးတယ်၊

“ပါတော်မူပြီး တိုင်းရေးပြည်ရာ ဘာဆက်ဖြစ်လဲလို့”

လေးမြတ်က သူ့မေးခွန်းကို ဘာမှမဖြစ်သလို ထပ်မေးတယ်၊

“ခင် - ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ သီပေါမင်း ပါတော်မူတာလား ကြာပြီလေဗျာ”

ဇေယံ ရှုံ့ချင်လာတယ်၊ ဟုတ်လေ လွန်ခဲ့တဲ့ အနှစ်ရာကျော်က ကိစ္စတွေလာမေးနေတယ်၊ အခု ရောက်နေတာ ၂၀၁၆ ခုနှစ်၊ သီပေါမင်းက ၁၈၈၅ ကတည်းက ပါတော်မူတာ၊

“လေးမြတ်”

နှင်းဦးက သူ့သူငယ်ချင်းကို တံတောင်နဲ့ လှမ်းတွတ်တယ်၊ ပြီးတော့ မျက်နှာရိပ်မျက်နှာကဲနဲ့ “ပါးစပ်ပိတ်ထား” ဆိုသလို လှမ်းကြည့်တယ်၊

ဇေယံလည်း ဆက်ပြီးထိုင်နေချင်စိတ်မရှိတော့တာနဲ့ စားတာကို မြန်မြန်လက်စသတ်ပြီး ...

“ဟို - ကျွန်တော် ပင်ပန်းလာလို့ နားတော့မယ်နော်”

လို့ သမ်းဝေပြရင်း ထရပ်လိုက်တယ်၊

“ဩော် - ဒါပေါ့ - ဒါပေါ့၊ မိတ်ဆွေ နားတော့လေ”

ဟံသာက ပြန်ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com

လရောင်ကဇေယံကိုအခန်းဆီပြန်ခေါ်သွားပေးတယ်။ မလှမ်းမကမ်းက ကျန်ခဲ့တဲ့ သူတို့သုံးယောက်စကားပြောနေကြတာကို မတိုးမကျယ် ကြားနေရတယ်။

ဟံသာ ။ သေလိုက်ပါတော့လေးမြတ်ရယ်၊ မင်း ဘာတွေဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ရှုးကြောင်ကြောင် မေးခွန်းတွေ လျှောက်မေးနေရတာလဲ။

လေးမြတ် ။ ငါ - ငါလည်း ပုံမှန်ပဲနေတာပါ။

ဟံသာ ။ ဘာ - ဒါပုံမှန်နေတာလား။ သူတောင်မမီလိုက်တဲ့ သူ မမွေးခင်က အကြောင်းတွေလျှောက်ပြောနေတာလေ။

လေးမြတ် ။ ဒါပေမဲ့ - ဒါ - ဒါတွေက ငါတို့ခေတ် ငါတို့အချိန်က ရေပန်းစားပြီး လူတိုင်း စိတ်ဝင်စားတဲ့ အကြောင်းတွေလေ၊ မဟုတ်ဘူးလားလို့။

ဟံသာ ။ အာ - ရှုး ရှုး တိုးတိုးပြောစမ်းပါ။ သူ ကြားတော့မှာပဲ။

နင်းဦး ။ ငါတော့ဗိုက်ဆာပြီ။

ဟံသာ ။ စိတ်ပျက်တဲ့ပုံစံနဲ့ သူ အိပ်တဲ့အထိတောင် မစောင့်နိုင်တော့ဘူးလား။

လေးမြတ် ။ သူ့ ကြည့် ရတာ အရသာ ရှိမယ့်ပုံပဲနော့။

နင်းဦး ။ သူ့ကို ငါ ဒီရောက်အောင် ခေါ်လာတာနော်၊ သူ့သွေးကို ငါ အရင်သောက်မယ်။

လေးမြတ် ။ ဘာ - မင်းအဲ့လိုပြောလို့ မရဘူးလေ၊ ငါလည်း ဗိုက်ဆာနေတာပဲ ငမိုက်သားရဲ့။

နင်းဦးကထပြီး မာန်ဖီတယ်၊ လေးမြတ်ကလည်း သူ့ရဲ့အစွယ်ဖွေးဖွေးတွေ ထုတ်ပြီး ပြန်မာန်မဲတယ်။

ဟံသာ ။ ဟာ - ရှုးတိတ်စမ်း၊ သူ ကြားသွားတော့မှာပဲ။

ဟံသာက နှစ်ယောက်စလုံးကို ဝင် ဟန့်ရင်း မာန်မဲဝေါက်ငမ်းလိုက်တယ်။

*

ဇေယံ...

သူတို့ပြောနေတဲ့ စကားတွေကို ကြားရတော့ ကျောရိုးထဲ စိမ့်ပြီး အသက် ရှူ ရပ်တန့်မတတ် ဖြစ်သွားရတယ်။ ဇေယံ လေ့ကျင့်ထားတဲ့ ... တွေ အတိုင်း တဖြည်းဖြည်းတက်လာရင်း ဟန်ချက် ပျက်ပြီး ပြုတ်ကျတော့မလို ဖြစ်သွား... တော့ လရောင်က ဇေယံကို အနား... ထိန်းပေးလိုက်ရင်း ဇေယံလည်း သူ့... မတော်တဆ (တမင်သက်သက်) အား... တရ ဆွဲဆောင့်လိုက်မိတယ်၊ လရောင် ... ဘာ အိခနဲ့အော်ရင်း ညည်းညူလိုက်တယ်။

"အမလေးဗျာ - ငါ့အရိုးတွေ ကျိုးပါပြီ"

ဟုတ်ပ - သူ့အရိုးတွေထဲက တကျွိ ကျွိမြည်နေတာ၊ သူ့အရိုးတွေက တော်တော် ဆွေးမြည့်နေပုံပဲ၊ အခုတော့ ဇေယံနားလည်လိုက်ပြီ၊ ကောင်းကောင်း နားလည်လိုက်ပါပြီ၊ သူတို့က လူသား စစ်စစ်တွေမှ မဟုတ်ကြပဲ၊ သူတို့ - သူတို့ က အသက်ရာချီနေကြတဲ့ သွေးစုပ်ဖုတ်ကောင်တွေပဲ၊ ဇေယံ သူတို့လက်ကနေ လွတ်အောင်ကြံရမယ်၊ အဲ - ဒါပေမဲ့ သိမ္မာပါးနပ်တဲ့နည်းကိုတော့ သုံးမှဖြစ်လိမ့်မယ်၊ ဒီမှာ လရောင်က နှုတ်ဆက်တယ်။

"အေးဆေးအိပ်စက်အနားယူနော် ညီမိဝ်ဆွေ"

"အမ်း - ခဏ - ခဏနေပါဦး - ကိုလရောင်"

ဇေယံကသူ့အကျီလက်ကိုအတင်းဆွဲထားလိုက်တယ်။

"ဟင် - ဘာလဲဟင်"

လရောင်ကအူကြောင်ကြောင်ပြန်မေးတယ်။

ဇေယံလည်း အိတ်ထဲကဖုန်းကို ထုတ်လိုက်ရင်း...

"Selfie ရိုက်ရအောင် သူငယ်ချင်းရယ်"

"အမ် - ဘာ - ဘာကြီး - ဆဲ - ဆဲဖီး"

လရောင်က ယောင်နန ပြန်မေးတယ်။

"Selfie ဆိုတာ ဓာတ်ပုံကိုပြောတာလေ မသိဘူးလား"

"အမ် - ဓာတ်ပုံ - ဓာတ်ပုံဆိုတာ ဟိုလိုအဝတ်ခေါင်းအုပ်ပြီး ရိုက်ရတဲ့ဟာကို ပြောတာလား။ လရောင်က ဇဝေဇဝါ ပြန်မေးနေတယ်၊

ဪ - ကြည့်ပါဦး၊ သနားစရာ ဖုတ်သတ္တဝါလေးရယ်၊ ဓာတ်ပုံဆိုတာ သူတို့ခေတ်ကလို ရှေးခေတ်ကင်မရာကြီးတွေနဲ့ ရိုက်ပေးတဲ့သူက အဝတ်ကြီး ခေါင်းအုပ်ပြီး ရိုက်ရတာမျိုး ထင်နေတာ ကိုး။ ပြီးရင် ဖျပ်ခနဲရိုက်ပြီး မျက်တောင် မခတ်နဲ့ ဘာနဲ့ဆိုပြီး အတင်းပြူးပြဲပြီး ကင်မရာကို ကြည့်နေရတာမျိုးလေ၊ စိတ်ထဲကတောင် သူ့ကို သနားသွားမိသား။ အဟိ...။

"အင်းလေ ဒါကင်မရာလို့ခေါ်တယ်"

ဇေယံက ပြောပြောဆိုဆို ဖုန်းကို ထုတ်လိုက်တော့ လရောင်မျက်လုံးပြူး သွားပြီး...

www.burmeseclassic.com

"အိုး - အဲဒါအဲဒါဘာကြီးလဲ၊ လက်နက်ကြီးလား၊ ကျေး - ကျေးဇူးပြုပြီး ကျုပ်ကို မသတ်ပါနဲ့နော်"

လရောင်က ပျာပျာသလဲ တောင်းပန်တယ်၊ သူ ဖြစ်ပျက်နေတာကို ကြည့်ပြီး ဇေယံလည်း အရမ်းရယ်ချင်စိတ်ကို မနည်းထိန်းထားရတယ်၊

"မဟုတ်ပါဘူးကွာ - ဒါ ကင်မရာပါဆို"

ဟမ် - ကိုတော်ချောက မယုံသင်္ကာနဲ့ ဇေယံဖုန်းကင်မရာကို ပြူးပြဲကြည့်နေသေး၊

"ဒါနဲ့ ဓာတ်ပုံရိုက်လို့ရတယ်၊ မင်းပုံလှလှလေး ထွက်လာလိမ့်မယ်"

ဇေယံက သူ့ကို အသေချာအာမခံလိုက်တယ်၊ ဒါပေမဲ့ သူက မယုံတယုံဖြစ်နေတုန်း ...

ဒါနဲ့ ဇေယံလည်း ရယ်ရယ်မောမောနဲ့ ...

"ကဲပါ - ကျွန်တော် ပြမယ် ဟုတ်ပြီလား၊ ပြုံးပြုံးလေးနေနော်"

ဇေယံလည်း သူ့အနားတိုးကပ်သွားရင်း Selfie mode ချိန်လိုက်တယ်၊ ပြီးတော့ Flash အလင်းရောင်ကို အသားကုန် လင်းအောင် ချိန်ထားလိုက်တယ်၊

"အိုကေ"

"ရှပ်"

Flash အလင်းရောင်က လင်းခနဲဖြာသွားတယ်၊ မျက်လုံးတွေ ကျိန်းစပ်သွားပုံပဲ၊ လရောင် ထအော်ပါလေရော၊

"အား - ကျုပ် - ကျုပ်မျက်လုံးတွေ အီး"

လရောင် အရမ်းကို လန့်ဖျပ်ပြီး အခန်းထဲက သွေးရူးသွေးတန်း အလျင်မြန်ထွက်ပြေးတယ်၊

ဇေယံကတော့ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရတယ်၊ ပထမအဆင့်တော့ အဆင်ပြေပြီ၊

လရောင်တစ်ယောက် ကမူးရှူးထိုးနဲ့ ပြေးလာတော့ မြင်တော့ လေးမြတ်က စိုးရိမ်သွားပြီး ...

"ဟင် - မင်း - မင်း ဘာဖြစ်လာတာလဲ - လရောင်"

"မ - မသိဘူး - ငါ့မျက်လုံးတွေကို နာလိုက်တာ ကျိန်းစပ်လိုက်တာ၊ သူ ငါ့ကို ရောင်ခြည်တွေနဲ့ ပစ်တယ်၊ ထို ကောင်လေးလေ - ငါ့ကို လက်နက်တစ်ခုခုနဲ့ ပစ်လိုက်တယ်ထင်တယ်"

လရောင်က ဗလုံးဗထွေးတွေ ပြောနေတယ်၊

"ဘာ..."

ဟံသာက နားမလည်သလို မေးတယ်၊

"သူ့ - သူ့ဆီမှာ တစ်ခုခုပါတယ်"

လရောင်က သွေးရူးသွေးတန်း ပြောတယ်၊

"အာ - အဓိပ္ပာယ်မရှိတာ၊ လာ - စမ်း - မင်း မျက်လုံးပြစမ်းငါ့ကို"

နှင်းဦးက ပြောပြောဆိုဆို လရောင် မျက်လုံးတွေကို ဖြဲကြည့်တယ်၊

"အာ - ဘာမှမဖြစ်ပါဘူး၊ သွေးကြောင်မနေပါနဲ့၊ အဲ့လောက်လဲ"

နှင်းဦးက လရောင်မျက်လုံးတွေကို စစ်ဆေးရင်း ပြောလိုက်တယ်၊

"ပြီးရောလေ၊ အဲ့ကောင်လေးက ... ရာယ်ရှိလား၊ မရှိလား ငါ စစ်ဆေး ကြည့်မယ်"

လေးမြတ်က ဆရာကြီး သမားကြီး အသံနဲ့ ပြောပြီး ထွက်လာခဲ့တယ်၊

"ဒေါက် - ဒေါက် - ဒေါက်"

လေးမြတ်က အခန်းတံခါးကို ခေါက် ... လိုက်ပေမဲ့ အခန်းတံခါးက အထဲက မင်း ... ချမထားဘူး၊ ဒါကြောင့် တံခါးကို ... သာလေးတွန်းပြီး အခန်းထဲ ခပ်တိုး ... ဝင်လာတော့ ...

"ဟိတ် - မလှုပ်နဲ့နော်၊ ငါ မင်းရဲ့ ... သားတည့်တည့်ကို ထိုးပစ်လိုက် ... သတ္တိရှိရင် အနားတိုးခဲ့လေကွာ၊ ... - ဟား - ဟား - ကြည့်စမ်း - ငါ့လက်ထဲမှာ သစ်သားတံစို့တွေ တွေ့လား၊ အဲဒါ မင်းရဲ့ နှလုံးသားကို ဖောက်ပစ်ဖို့ အကောင်းဆုံးနည်းလမ်းပဲလေကွာ၊ သွေးစုပ်ဖုတ်ကောင်မိစ္ဆာရဲ့ ဟီးဟီးဟီး - ဟိုး ဟိုး ဟိုး"

လေးမြတ် ခြေလှမ်းတွေ ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် တုန့်ခနဲ ရပ်သွားတယ်၊ ပြီးတော့ ဒူးတွေ တဆတ်ဆတ်တုန်လာတယ်၊

"အဲဒီတော့ မင်း ငါပြောတဲ့အတိုင်း လုပ်မှာလား"

လေးမြတ် ခေါင်းအမြန်ညိတ်လိုက်တယ်၊ အသံက လည်ချောင်းမှာ ဆို့နစ်နေတယ်၊ ထွက်မလာဘူး၊

"အဲဒါဆို မင်း လက်တွေကို ခေါင်းပေါ် တင်လိုက်စမ်း၊ သွေးစုပ်ဖုတ်ကောင်"

လေးမြတ်လည်း အသံရှင် အမိန့်ပေးတဲ့အတိုင်း လိုက်လုပ်လိုက်တယ်၊

"ကဲ - နူးထောက်၊ ဝမ်းလျားမှောက်"

လေးမြတ်လည်း ဂလုခနဲ တံတွေးတစ်ချက်မျိုရင်း ခိုင်းတဲ့အတိုင်း လုပ်လိုက်တယ်၊

"အို - ဟေး - သူငယ်ချင်း - လေးမြတ်၊ မင်း ဘာလုပ်နေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com

ဖေယံက ကြမ်းပြင်မှာ ကုန်းကုန်းကွကွဖြစ်နေတဲ့လေးမြတ်ကိုမြင်လို့မေးလိုက်တယ်။

"အမ်"

ဖေယံ အသံကြားမှ လေးမြတ်က အုကြောင်ကြားနဲ့ ဘေးဘီဝဲယာကို ကြည့်တယ်၊ လက်နက်ကိုင်ထားတဲ့ လူ ရော အသံရှင်ရောဆိုတဲ့ပုံနဲ့။

ဒါပေမဲ့ - အခန်းထဲမှာ ဖေယံကလွဲလို့ဘယ်သူမှမရှိဘူး။ လက်ထဲမှာလည်း ဘာလက်နက်မှ မတွေ့မှ ...

"အမ် - ဟို - အဲ - ဘာ - ဘာမှ မဟုတ်ပါဘူးကွ"

အခုမှ လေးမြတ်က ရှက်ကိုးရက်ကန်းနဲ့ ရယ်ကျဲကျဲလုပ်ပြီး ...

"ဒါဖြင့်ရင် ကြမ်းပြင်ပေါ် ဝမ်းလျားကြီးမှောက်ပြီး ဘာလုပ်နေတာတုံး"

ဖေယံက I Pad နဲ့ ကြည့်လက်စ ဇာတ်လမ်းတွဲကို ခဏ Pause လုပ်ရပ်ထားပြီး စပ်ဖြီးဖြီးမေးလိုက်မှ ...

"ဩော် - ဟို - အဲ - ဘာ - ဘာမှ မဟုတ်ပါဘူးကွာ၊ ငါ့အကျီလက်က ကြယ်သီးလုံးလေးလေ အဲဒါကျသွားလို့ လိုက်ရှာနေတာ၊ ဒီနားမှာပဲကွ - ဟဲ - ဟဲ"

သူက ရှက်ရှက်နဲ့ပဲ ပြောလာတယ်။

"ဟုတ်လား - ငါ ကူရှာပေးရမလား"

ဖေယံက ဘာမှမသိသလို မျက်နှာပေးလေးနဲ့ ရယ်ချင်စိတ်ကို ထိန်းရင်းမေးလိုက်တယ်။

✲

"အင်း - အေး - အေး - အဲ - ဟင့်အင်း - ဟင့်အင်း - ရပါတယ် - မလိုပါဘူး"

လေးမြတ်က ထစ်ထစ်ငေါ့ငေါ့ပြောတယ်။

"ငါ့မှာကြယ်သီးအသစ်တွေအများကြီး ရှိပါသေးတယ်၊ နေပါစေတော့"

သူက ရှက်ရှက်နဲ့ ပြောတယ်။

"ဩော် - အင်းလေ၊ အဲလိုဆိုလည်း ပြီးတာပါပဲ၊ ဒါနဲ့ အခုချိန်ထိ မင်း မအိပ်သေးဘူးလား"

ဖေယံက ခပ်အေးအေး ပြန်မေးလိုက်တော့ ...

"ဩော် - မ - မဟုတ်ပါဘူး၊ မင်း မအိပ်သေးဘူးလား၊ လာကြည့်တာ"

လေးမြတ်က ထစ်နေပြန်တယ်။

"ဘာလို့တုံး"

ဖေယံက မျက်မှောင်တစ်ချက်တွန့်ရင်းမေးလိုက်တယ်။

"မ - မဟုတ်ပါဘူး၊ မင်း အဆင်ပြေခဲ့လားလို့ သိချင်တာပါ၊ ဒါနဲ့ - မင်းရော အိပ်သေးဘူးလား"

လေးမြတ်က ပြန်မေးတယ်။

"ဟင့်အင်း - ငါဒီမှာရုပ်ရှင်ကြည့်နေတာ"

ဖေယံက I pad ကို ထိုးပြရင်း ပြောလိုက်တယ်။

"အမ် - ဘာကြီး"

လေးမြတ်က ဇဝေဇဝါ မေးတယ်။

"ရုပ်ရှင်လေ - တွေ့လား"

ဖေယံက I pad မျက်နှာပြင်ကို ထိုးပြရင်းပြောတယ်။ ရုပ်ပုံလေးတွေက လှုပ်ရှားနေတာ စကားပြောနေတာတွေကိုကြည့်ရင်း လေးမြတ် မရိုးမရွဖြစ်လာတယ်။

"အဲ့ - အဲဒါ ဘာကြီးတုံး"

"အလိုလေးလေး - လူသေးသေးလေးတွေ အထဲမှာ စကားပြောနေတယ်ဟာ"

သူက အသည်းယားစွာ ထအော်တယ်။

ဖေယံ ရယ်ချင်လွန်းလို့ ပါးစပ်ကို လက်ဝါးနဲ့ မနည်းကြီး ဖိအုပ်ထားရတယ်။

"အင်း - ဒါကို ရုပ်ရှင်လို့ ခေါ်တယ်၊ ဒါကို I pad လို့ခေါ်တယ်၊ မင်း ဒီလို ထိုင်ကြည့်လို့ရတယ်၊ တွေ့လား သူတို့ သရုပ်ဆောင်နေတာ၊"

ဖေယံက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်တယ်။

"ပြဇာတ်လိုလားဟင်"

လေးမြတ်က ပြန်မေးနေရတာ —

"အင်း - အင်း - အဲလို သဘောပေါ့၊ ဒါပေမဲ့ - သူတို့က ပြဇာတ်လိုတော့ မဟုတ်ဘူး၊ သူတို့က ငါတို့ကိုမမြင်ရဘူး၊ ငါတို့မကြည့်ခင်ထဲက ကြိုရိုက်ထားတာကွာ ကြိုကူးထားတာ"

ဖေယံလည်း တတ်သလောက်မှတ်သလောက် ရှင်းပြတယ်၊ ဒါပေမဲ့ လေးမြတ်ကိုကြည့်ရတာ သဘောသိပ်ပေါက်ပုံ မပေါ်ဘူး။

"ကြည့် ချင် လား - ဒီလို ကြည့်ရ တယ်ကွာ"

ဖေယံက လေးမြတ်ကို ဘယ်လို ဘယ်ပုံကြည့်ရတယ်ဆိုတာ ပြလိုက်တယ်၊ ပြီးတော့ - I pad ထဲက Down load လုပ်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖွင့်ပြလိုက်တယ်၊ လေးမြတ်လည်း နည်း





www.burmeseclassic.com

www.burmeseclassic.com

နည်းတော့ သဘောပေါက်သွားတယ်၊ ခုနကဖေယံပြောတယ်လေ၊ ဒါလေးက အိုင်ပတ်ဆိုလား၊ ဘာလား၊

"အိုကေ - လေးမြတ် - မင်း ကြည့်မလား"

ဒီတစ်ခါဖေယံမေးတော့လေးမြတ်က ငြင်းဆန်မှုကင်းစွာနဲ့ ခေါင်းတဆတ်ဆတ်ညိတ်တော့တယ်၊ ဒါနဲ့ဖေယံလည်း အသင့်ကူးထားတဲ့ "ကျွန်မက နင်းဆီပါမောင်" ဖွင့်ပြလိုက်တယ်၊ လေးမြတ်လည်းလာရင်းကိစ္စကိုမေ့သွားပြီး ဖေယံဖွင့်ပြတဲ့ဇာတ်ကားကိုပြူးတူးပြဲတဲကြည့်တော့တယ်၊

"ဟေ့ - လေးမြတ်၊ ဒီမှာ ဘာလုပ်နေတာတုန်း"

အသံတစ်ခု ကြားလိုက်ရတယ်၊ နှင်းဦးလေ - လေးမြတ် ထွက်သွားတာကြာလို့ လိုက်လာကြည့်တာနေမှာ၊

"အယ် - နှင်းဦး၊ လာ - လာကွာ - လာကြည့်စမ်း"

လေးမြတ်က နှင်းဦးကို အားတက်သရောလက်ယပ်ခေါ်တယ်၊ ဖေယံတို့နဲ့ အတူတူ ရှပ်ရှင်လာကြည့် ပေါ့လေ၊ နှင်းဦးလည်းဖဝေဖဝါဖြစ်သွားပြီးအလန့်တကြား ထအော်တယ်၊

"အိုး - ဘာကြီးတုံးဟ"

"အဲ - ဒါကို အိုင်ပတ်လို့ ခေါ်တယ်၊ ပြဇာတ်ကြည့်သလို ကြည့်လို့ရတယ်"

လေးမြတ်က နှင်းဦးကိုတစ်ဖန်ပြန်ရှင်းပြနေပြန်ပြီ၊ နှင်းဦးလည်း အံ့ဩတကြီးနဲ့ I Pad မျက်နှာပြင်ကို ပြူးပြူးပြဲပြဲ ကြည့်နေတယ်၊ သူ့မျက်လုံးတွေ Screen ကနေမခွာနိုင်အောင်ဆွဲဆောင်ခံလိုက်ရပြီလေ၊ အခုတော့ လေးမြတ်ရော၊ နှင်းဦးရော နှစ်ယောက်လုံး ရုပ်ရှင်ထဲ ရှာနဲ့ဝင်သွားပြီ၊ အခန်းထဲက ထွက်လာတာတောင် သူတို့မှာ သတိမထားမိတော့ဘူးလေ၊ ဖေယံလည်းအခန်းထဲကခြေဖျားထောက်ပြီး တိတ်တိတ်လေး နိုးထွက်လာတာ၊

ခဏကြာတော့ ဟံသာနဲ့ လရောင် အခန်းထဲ ဝင်လာကြတယ်၊ မျက်လုံးတစားပြီး အခန်းထဲ ကြည့်လိုက်တော့ ဖေယံမရှိတော့ဘူး၊ ဟိုနှစ်ယောက်ပဲ အိုင်ပတ်ကို အလုအယက် ပြူးပြဲကြည့်နေတာ၊

"သူ ဘယ်ရောက်သွားတုံး"

ဟံသာက ထအော်တယ်၊

"အမ် - ဘာ - ဘာလဲ"

ငါတို့လည်း မသိဘူး၊ ဒီမှာ ကြိုက်ထားတယ်ဆိုတဲ့ ပြဇာတ်ကြည့်နေတာပဲ၊ အရမ်းကောင်းတာပဲ - ဟီး - ဟီး"



နှင်းဦးက ပြန်တော့ဖြေပါရဲ့၊ ဒါပေမဲ့ ဟံသာကို လှည့်တောင်မကြည့်ဘူး၊ သူတို့မျက်လုံးတွေက I pad Screen က ခွာလို့မရနိုင်ဘူးလေ၊

ဟံသာ ဒေါသတကြီးနဲ့ အံကြိတ်လိုက်တယ်၊ သူ့အောက်နှုတ်ခမ်းကို ကိုက်ထားရင်း ...

"ကောင်းပြီလေ - သူ့ပစ္စည်းတွေ ယူပဲနဲ့တော့ ထွက်ပြေးမှာမဟုတ်ဘူး"

ဟံသာက ကောက်ချက်ချလိုက်တယ်၊ ပြီးတော့ လရောင်ကိုလက်ဆွဲပြီး အခန်းထဲက ထွက်လာခဲ့တယ်၊

"ငါ့ - ငါ့မျက်လုံးတွေ ခုထိကျိန်းစပ်နေတုန်းပဲ"

လရောင်က အီလည်လည်ပြောတယ်၊

ဟံသာက မျက်မှောင်တစ်ချက်ကြုတ်ရင်း စိတ်မရှည်စွာ လရောင်ကို ကြည့်ရင်း အပြစ်တင်ပြောလိုက်တယ်၊

"လာပါကွာ - နှမနေစမ်းပါနဲ့"

ဖေယံ ...

ဖေယံ လသာဆောင်မှာ ထွက်ထိုင်နေတုန်း ကောင်းကင်ကို မော့ကြည့်မိတယ်၊ ပြီးတော့ စီးကရက်တစ်လိပ်ကို ထုတ်ပြီးမီးညှိဖွာရှိုက်လိုက်တယ်၊ ဖေယံ ခုနကကို ကြည့်လိုက်တော့လည်း ဘာလိုင်းမှ မမိဘူးလေ၊ စိတ်ပျက်မိတယ်၊

အခုတော့ မိုးလည်း တိတ်သွားပြီ၊ ကောင်းကင်လည်း ကြည်လင်စပြုလာပြီ၊ သက်ပြင်းမောကိုပဲ အခါခါ ချမိလေရဲ့၊ လွတ်မြောက်လမ်းကို အခါခါ လေးလေးနက်နက် တွေးနေမိတယ်၊ အတွေးတွေထွက်စမ်း - ထွက်စမ်း - ဒီအခြေအနေကြားဖွေးစုပ်ဖုတ်လေးကောင်ကိုဘယ်လို အရှုံးလုပ် လှည့်စားရမလဲပေါ့"

"အဟမ်း - အဟမ်း"

ဖေယံ မော့ကြည့် လိုက်တော့ ဟံသာတစ်ယောက်လေ ဟန်ဆောင်မန်ဆောင် ချောင်းဟန့်သံပေးရင်း ရပ်နေတယ်၊

"ဪ - ကိုယ့်လူတွေပါလား"

ဖေယံက ပြုံးရင်း နှုတ်ဆက်လိုက်တယ်၊

"မင်း - ဒီမှာ ဘာလာလုပ်နေတာလဲ၊ မအိပ်သေးဘူးလား"

လရောင်က မေးလာတယ်၊

"ဪ - အင်း - ဟုတ်တယ်၊ လေကောင်းလေသန့် လာရှူနေတာ အိပ်လို့မပျော်လို့၊ ဖေယံပြောလိုက်တော့သူတို့ မျက်နှာတွေ ကွက်ခနဲ မသိမသာ ပျက်သွားကြတယ်၊

ပြီးတော့ သူတို့နှစ်ယောက် ဖေယံဘေးမှာ တစ်ဖက်တစ်ချက်ဆီ ဝင်ထိုင်လိုက်ရင်း ဖေယံက မတော်တဆလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com

တမင်တကာ ဟံသာမျက်နှာကို ဆေးလိပ်ငွေ့နဲ့ မှုတ်လိုက်တယ်။

"အဟွတ် - အဟွတ် - အဟု"

ဟံသာ ဆေးလိပ်ငွေ့မွန်ပြီးချောင်းဆိုးတော့ ဇေယံက ...

"အို - ဆောရီး - ဆောရီး - သူငယ်ချင်း"

ဇေယံ စိတ်ထဲ ကျိတ်ရယ်နေမိတယ်။ ပြီးမှ ဆေးလိပ်မီးကို သတ်လိုက်ပြီး အင်္ကျီအိတ်ထဲကနေ ပီကေတချို့ ထုတ်ဝါးလိုက်တယ်။ ပြီးတော့ ပီကေပူဖောင်းတဖောက်ဖောက်မှုတ်နေလိုက်တယ်။

သူတို့မျက်လုံးတွေက ပြူးကျယ်သွားပြီးအထူးဆန်းသဖွယ်ကြည့်နေကြတယ်။

"အမ် - အဲဒါ ဘာကြီးလဲ"

စပ်စပ်စုစု စမေးလာသူက ဟံသာရယ်ပါ။

"ဩော် - ဒါလား၊ ဒါ ပီကေလို့ ခေါ်တယ်။ စားကြမလား"

"စားလို့ရတယ်ပေါ့လေ"

ဟံသာက မေးပြန်တယ်။

"ဟား - ရတာပေါ့ကွ သိပ်ရတာပေါ့"

ဇေယံက ရယ်ဖြဲဖြဲ ပြန်ဖြေတယ်။

"နည်းနည်းကျွေးပါလား"

ဟံသာက ကလေးတစ်ယောက်လို တောင်းနေတယ်။ ဇေယံလည်း သူတို့နှစ်ယောက်လုံးကိုပီကေတချို့ပေးလိုက်တယ်။

သူတို့က ပီကေကို ဝါးနေရင်းက –

"အရသာက ချိုတိုတိုနဲ့နော်"

ဇေယံက သူတို့ကို ပီကေ ဘယ်လိုမှုတ်ရမယ်ဆိုတာကိုသင်ပြတယ်။ သူတို့လည်းလိုက်လုပ်ကြည့်ကြတယ်။ ဒါပေမဲ့ သိပ်တော့အဆင်မပြေဘူး။ မတော်တဆ လရောင်က ပီကေကို မျိုချမိရင်း ...

"အိုး - ငါ မျိုချလိုက်မိပြီ"

မျိုချပြီးမှ အလန့်တကြား ထအော်တယ်။

"ဟာ - ဒုက္ခပဲ၊ အဲဒါတွေက မျိုလို့မရဘူး"

ဇေယံ တမင်တကာ ဗိုဖြဲခြောက်လိုက်တာ။

"ဘာလို့လဲ - မျို - မျိုရင် ဘာဖြစ်မှာလဲ"

လရောင်က မျက်နှာငယ်လေးနဲ့ မေးတယ်။

"အဲဒါက မျိုလို့မရဘူး။ မျိုမိရင် အစာမခြေနိုင်ဘူး။ အူထဲမှာကပ်ပြီးကြာလာရင် ဝမ်းချုပ်ပြီး သေတတ်တယ်"

"ဘာ - ဘယ်လို"

လရောင်အလန့်တကြားပင့်သက်ရှိုက်လိုက်တယ်။ သူ့မျက်နှာက ချက်ချင်းညိုးရော်သွားတာ သနားတော့ သနားပါတယ်။ ဇေယံ တကယ့်ကို ဝါးလုံးကွဲ ရယ်ချင်တော့မယ်။ မနည်းထိန်းထားရတယ်။

"ဒါ - ဒါဆို ငါ ဘာလုပ်ရမလဲ"

"ရေများများသောက်ပေး"

ဇေယံက အတည်ပေါက်ကြီးနဲ့ကို ပြောချလိုက်တယ်၊ ဟံသာက ဇေယံအိတ်ထဲက ဖုန်းဆီ မျက်စိရောက်လာပြီး –

"အဲဒါ - ဘာလဲ၊ ဟံသာက ဇေယံဖုန်းကို ပြူးတူးပြဲတဲကြည့်ပြီးမေးပေမဲ့ လရောင်က ဖုန်းကိုတွေ့တာနဲ့ ကမူးရှူးထိုးထအော်တယ်။

"ဟိုက် - အမလေး၊ အဲဒါ - အဲဒါကြီးပဲ။ အလင်းရောင်တွေ ဖြာထွက်လာတာလေ"

ဒီတစ်ခါတော့ ဇေယံ မထိန်းနိုင်သိမ်းနိုင်ကို ရယ်မိပါလေရော။ ပြီးတော့မှ ...

"မဟုတ်ပါဘူးကွာ၊ အဲ့ အလင်းရောင်တွေက မင်းဓာတ်ပုံရိုက်မယ်ဆိုမှ ထွက်လာတာပါ"

လရောင်က ဇဝေဇဝါ ကြည့်နေတယ်။

"အဲဒါကို ဖုန်းလို့ခေါ်တယ်ကွ။ သိလား"

"အဲဒါက ဘာလုပ်လို့ရလဲ"

ဟံသာက မေးတယ်။

"မင်း တခြားလူတွေနဲ့ စကားပြောလို့ ရတယ်လေ"

ဇေယံ ရှင်းပြပေမယ့် သိပ်သဘောပေါက်ပုံ မပေါ်သေးဘူး ရှိစေတော့။

ဇေယံလည်း Download ဆွဲထားတဲ့ ဗီဒီယိုဖိုင်ကို သူတို့ကို ဖွင့်ပြလိုက်တယ်။ အဲဒါကတော့ PSY ရဲ့ Oppa Ganamg Style ပဲ။ လရောင်နဲ့ဟံသာတို့ နှစ်ယောက်သား အကြောင်သား ပြူးကြည့်နေကြတယ်။

"ဘယ် လို လဲ - မကောင်းဘူးလား"

သူတို့နှစ်ယောက် အတော်လေးသဘောကျနေပုံပဲ။ လုံးဝကို မျက်လုံးမခွာနိုင်တော့တာ။

"အို - တယ်ဟုတ်ပါလား"

နှစ်ယောက်သား သဘောကျပြီး ပြုံးဖြီးဖြီး မျက်နှာတွေနဲ့ ထိုင်ကြည့်နေတယ်"

"ဖဲဟား - ဒါနဲ့ ဒီမှာ အသားရှေကောင်းစေတဲ့အရည် လိမ်းချင်လား"





www.burmeseclassic.com

www.burmeseclassic.com

ဖေယံက ပြောပြောဆိုဆို အိတ်ထဲက အရည်ဘူးလေးတစ်ခု ထုတ်ပေးတယ်။

"အဲဒါ - ဘာလဲဟင်"

ဟံသာက မေးတယ်။

"အဲဒါလိမ်းရင် အသားရေကို ဝင်းပကြည်လင်စေတယ်ကွ။ မင်းတို့ ပိုချောလာမယ် သိလား"

သူတို့ မျက်လုံးတွေ အရောင်လဲ့သွားတယ်။ ဖေယံရယ်ချင်လို့သေတော့မယ်။ ခြော် - သွေးစုပ်ဖုတ်ကောင်လုလင်တွေကလည်း လှချင်သေးသကိုး။ အေးလေ - သူတို့ အကုန်လုံးကလည်း တကယ့် ငယ်ငယ်ချောချော အရွယ်ကောင်းလေးတွေကိုး။ ဘာလို့များ ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလို မကောင်းဆိုးဝါးဘဝ ရောက်ခဲ့ကြတာပါလိမ့်။ ဘာပဲဖြစ်ဖြစ် ဟံသာက ဖေယံတော့ လက်ထဲက ဘူးကိုယူလိုက်တယ်။ ဖေယံက သမ်းဝေပြလိုက်တယ်။

"ခြော် - သူငယ်ချင်းအိပ်ချင်နေပြီကိုး။ ဒါပေါ့ - ဒါပေါ့ - ငါတို့ လိုက်ပို့ပေးမယ်"

ဒီတစ်ခါတော့ သူတို့က အားရဝမ်းသာ သံကြီးတွေနဲ့ ပြောလာတယ်။

အခန်းဆီရောက်တော့ ဟံသာက အခန်းထဲမှာ ရုပ်ရှင်ကြည့်နေတဲ့ နှ[...] ယောက်ကို အခန်းပြင်ထွက်ခိုင်းလို[...] တယ်။

"ကဲ - ကဲ - ကိုယ့်လူတို့ ဒီမှာ ငါ[...] သူငယ်ချင်းကြီး ခရီးပန်းလာတာ အိ[...] ချင်နေပြီ။ သူ အေးအေးဆေးဆေးအနားယူပါစေ[...] ဟဲ - ဟဲ"

ဒါပေမဲ့ - ဟိုနှစ်ယောက်က တု[...] တုတ်တောင် မလှုပ်ဘူး။ ကြည့်ကော[...] နေတုန်း။ ပြီးတော့ ဖေယံအိတ်ထဲက[...] လူးကြော်တွေတောင် ဖောက်စား[...] သေး။ သူတို့ကိုယ်သူတို့ ရုပ်ရှင်ရုံရော[...] နေတယ် ထင်နေသလားပဲ။

"ဟိတ်ကောင်တွေ"

ဟံသာက ထအော်ပါလေရော —

"ခဏလေးပါ - ဟံသာရယ်၊ ဇာတ်[...] ရှိန်က တက်နေလို့ ခဏလေးပါ ကော[...] ခန်းရောက်နေပြီ"

နှင်းဦးက တောင်းပန်သံလေး[...] ပြောတယ်။

"မရဘူး - ဒီမှာ ငါတို့ သူငယ်ချင်[...] ပင်ပန်းလာတာ မမြင်ဘူးလား။ ထွက်[...] ထွက် - မင်းတို့ကောင်တွေ ထွက်[...] လိုက်ကြတော့၊ သူ အေးအေးဆေးဆေး နား[...]"

ဟံသာက အတင်းကို လော[...] နေတာ။ ဒါနဲ့ လေးမြတ်နဲ့ နှင်းဦးတို့ [...]

ချင် ထချင်နဲ့ ရှုပွပွ မျက်နှာတွေနဲ့ ထွက်သွားကြတယ်။ ဒါတောင် ပါးစပ်က ပွစိပွစိ ပြောနေ ရေရွတ်နေသေး။

"ဟံသာကွာ - မတရားဘူး။ သူကြည့်ဖူးလို့ပါ သူလည်းကြည့်ရင် ငါတို့လိုပဲ ကြည့်နေမှာ"

"အေးလေ - အေးလေ"

ဒါနဲ့ပဲ သူတို့အခန်းထဲက ထွက်သွားတယ်။ ဖေယံကို အိပ်တော့ပေါ့လေ"

နာရီဝက်နီးနီး ကြာတော့ ...

သူတို့လေးယောက် အခန်းထဲကို ခြေဖျားထောက်ပြီး ချွတ်နင်းဝင်လာတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်က တိုးတိုး တိုးတိုး ပြောနေကြတယ်။

လေးမြတ် ။ သူအခု တကယ်အိပ်သွားပြီလား။

လရောင် ။ ထင်တာပဲလေ။

ဟံသာ ။ ခြော် - ဘယ်လိုဖြစ်နေကြတာလဲ၊ မင်းတို့ လုပ်တာနဲ့ နိုးသွားတော့မှာပဲ၊ ရှူး ..."

သူတို့ တွေ့လိုက်ရတာက ဖေယံတစ်ယောက် ခုတင်ပေါ်မှာ စောင်အထူကြီးကို တစ်ကိုယ်လုံးပတ်ပြီး ခေါင်းမြီးခြုံအိပ်နေတာ သူတို့လေးယောက် ပြုံးလိုက်ကြတယ်။

နှင်းဦး ။ "ငါတို့ ကောင်[...] တကယ်အိပ်နေပြီ"

ဟံသာ ။ "ကဲ - ကဲ - အချိန်တ[...] လေ"

သူတို့တဖြည်းဖြည်းတိုးကပ်လာ[...] သူတို့လေးယောက် တစ်ပြိုင်နက်စော[...] ကြီးကို ဆွဲလှန်လိုက်တယ်။ ဒါပေမဲ့ အိ[...] နေတဲ့ ဖေယံအစား ခေါင်းအုံးကြီး[...] အစန့်သားတွေ့လိုက်ကြရတယ်။ သူ[...] ပါးစပ်အဟောင်းသား ဖြစ်နေကြတယ်[...]

"ဟိုက် - ဟို တစ်ယောက် ဘ[...] ရောက်ရောက်သွား - သွား"

သူတို့ အလန့်တကြား အိပ်ရာ[...] လှန်လှောရှာရင်း ခုတင်အောက်[...] မကျန် လျှောက်ရှာတယ်၊ မတွေ့ဘူး။

"ဟိတ် - ကိုယ့်ဘော်ဒါတို့ရေ မြ[...] ပြုံးလေးနေ"

ကြားလိုက်ရတဲ့ ဖေယံအသံကြော[...] သူတို့ခေါင်းတွေ ပြိုင်တူအသံလာရာ[...] အလှည့် ...

"ဖျပ် - ဖျပ် - ဖျပ်"

အလွှန်တောက်ပတဲ့ အလင်းရောင်[...] တစ်ခုက တဖျပ်ဖျပ်နဲ့ သူတို့မျက်လုံးတွေ[...] ကို ကျိန်းစပ်သွားစေတယ်။ သူတို့ မျ[...] လုံးတွေ လုံးဝပြန်မဖွင့်နိုင်တော့[...] လရောင်က ထအော်တယ်။





www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေးဗျာ - လာပြန်ပြီဟာ"

လေးယောက်သား ဇေယံနောက်ကို တမူးရှူးထိုးနဲ့ အတင်းပြေးလိုက်ဖို့ အပြင်ကင်မရာ ဖလက်အလင်းကြောင့် ကျိန်းနေတဲ့ သူတို့မျက်စိတွေက ကောင်းကောင်း မဖွင့်နိုင်သေးတာကြောင့် တစ်ယောက်နဲ့ တစ်ယောက် အချင်းချင်း တိုက်မိပြီး အလဲလဲအပြိုပြိုဖြစ်ကုန်ကြတယ်။

"အား - ငါ့ခြေထောက်ကိုတက်နင်းနေပြီ"

"ဟော့ - နင် ငါ့ကို ဖိနေပြီ၊ ငါပိနေပြီ၊ အစ် - အစ် - အီ"

"အလိုလေး - မင်းကိုယ်ကြီးက လေးလိုက်တာ - လေးမြတ်ရယ်"

"အား - အား - အတင်းမတွန်းနဲ့လေ"

သူတို့အားလုံး တစ်ယောက်တစ်ပေါက်အော်ရင်း ဝရုန်းသုန်းကားတွေ ဖရိုဖရဲကျန်နေခဲ့ကြတယ်။ ဖုန်းကင်မရာနဲ့ဖလပ် Flash ခလုတ်ကိုအဆက်မပြတ် နှိပ်ပြီးနောက် ဇေယံ တစ်ယောက် နောက်ကို လုံးဝ လှည့်မကြည့်ဘဲ သုတ်ခြေတင်ပြေးတယ်။

လှေကားထစ်တွေကိုလည်းကျော်ပြီး အတင်းခုန်ဆင်းတယ်၊ ပြီးတော့ တံခါးမကြီးကို အတင်းဆောင့်တွန်းပြီး အသားကုန် သုတ်ခြေတင်ပြေးတော့တယ်၊ ပြေးတယ်၊ အိမ်အိုကြီးရဲ့ဝေးနိုင်သမျှဝေးအောင် တောအုပ်ကိုလည်း ဖြတ်ပြေးတယ်၊ ချောင်းတွေကို ဖြတ်ဆောက်ထားတဲ့ တံတားငယ်တွေကိုလည်းဖြတ်ပြေးလာတယ်၊ သန်းခေါင်ယံ မိုးညမှာ တစ်ယောက်တည်း ပြေးနေတော့တယ်။

အဝေးက မီးအလင်းရောင်လေး တစ်စစနီးလာတယ်၊ ရွာရောက်ပြီ၊ သူ့အဘွားနေတဲ့ သာယာကုန်းရွာလေး...။

ရွာကို ရောက်တာနဲ့ တစ်ခါတည်း အမောဆို့ပြီး လဲကျမေ့မြောသွားတယ်။

ဇေယံ သတိရလာတော့...။

※

အိပ်ရာပေါ်မှာ လှဲလျက်...

သူ့အနားမှာ သူ့ကို စိုးရိမ်တကြီး စောင့်ကြည့်နေတဲ့ ရွာသူရွာသားတွေ၊ ပြီးတော့ ရွာလူကြီးလည်း ရှိနေတယ်၊

"သား - သား - သတိရပြီလား"

ရွာလူကြီးက စိုးရိမ်တကြီး မေးရှာတယ်။

ဇေယံခေါင်းကို ဖြည်းဖြည်း ညိတ်ပြရင်း ရေပဲတောင်းသောက်မိနေတယ်၊ အာခေါင်တွေခြောက်ပြီးရေဆာလွန်းနေတယ်လေ၊

ရွာလူကြီးက ဇေယံ ရေတစ်ခွက် လှမ်းပေးလိုက်တယ်၊ သူ တစ်ကျိုက်တည်းနဲ့ ကုန်အောင်သောက်လိုက်တယ်၊

"မင်း - ဘာတွေ ဖြစ်လာတာလဲ လူလေး"

"ကျွန်တော် - ကျွန်တော် - ဒီရွာက အဘွားစိန်ရဲ့မြေးပါ၊ ကျွန်တော် ဒီရွာကို အလာ လမ်းမှားတယ် ထင်တယ်"

လို့အစချီပြီးသူဒီရွာကိုအလာကား ပျက်တာက အစချီပြီး အိမ်အိုကြီးက ထွက်ပြေးလွတ်မြောက် လာတာက အဆုံးအကုန်ပြောပြလိုက်တယ်၊ ရွာလူကြီးကသူပြောသမျှခေါင်းတညိတ်ညိတ် နားထောင်နေတယ်၊ ပြီးတော့ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ရင်း...

"အင်းလေ - အဘ နားလည်ပါတယ်၊ ဒါပေမဲ့ အဘတို့ရွာအနီးတစ်ဝိုက်မှာတော့ အိမ်အိုကြီးရှိတယ်လို့ မကြားဖူးဘူး၊ ဒါပေမဲ့ အဘတို့ ငယ်ငယ်က ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ကြားဖူးလိုက်တာတော့ ရှိတယ်၊ တကယ်လား ဘာလား တော့ မသိပါဘူးကွာ၊ အဘကတော့ ဒါဟာ ကလေးတွေအတွက် အိပ်ရာဝင် ပုံပြင်လို့ပဲ ထင်ခဲ့တယ်၊ အဘတို့ အဘိုးအဘွားတွေ ပြောခဲ့ဖူးတာပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာလောက်ကပေါ့

လူငယ်လေး လေးယောက်က အဲ့ ရွာစပ်နားက အိမ်ကြီးမှာနေခဲ့တယ် အဲဒါကို အင်္ဂလိပ်ကိုလိုနီခေတ်တ အင်္ဂလိပ်သူလျှိုတွေက သူတို့လေးယောက်ကို နယ်ချဲ့အစိုးရကို ပုန်ကန် တော့မှာပဲဆိုပြီးညတစ်ညမှာဝင်ရောက် သတ်ဖြတ်ခဲ့ကြတယ်တဲ့၊ လေးယောက် လုံးသွေးအိုင်ထဲမှာသေကုန်ကြရတဲ့၊ နောက်နေ့ ရွာသားတွေက သိတော့မှ သူတို့ရဲ့အလောင်းတွေကို သူတို့မြေထဲမှာ မြှုပ်ခဲ့သလို နှစ်တွေကြာတော့ အဲဒီအိမ်ကြီးကိုကြည့်မယ့်သူ ထိန်းမယ့်သူကမရှိ စစ်ဒဏ်ဗုံးဒဏ်နဲ့ အိမ်ကြီးလည်းပျက်စီး ပျောက်ပျက်ခဲ့တယ်တဲ့၊ နောက်လာ နောင်သားတွေကတော့ အဲဒီအိမ်ကြီး တကယ်ရှိခဲ့လား၊ မရှိခဲ့လားကို သေချာ မသိတော့ဘူး၊

သူတို့အလောင်းတွေရောအဲဒီမြေထဲ မှာ ရှိနေနိုင်ဦးမလား မသိနိုင်တော့ဘူး လေနော်၊ ရွာလူကြီးက ရှည်လျားစွာ နောက်ကြောင်းပြန် ပုံပြင်တစ်ပုဒ်ကိုရှင်း ပြတယ်၊ ဇေယံလည်း အာရုံတွေနောက် ကိုစွာခေါင်းညိတ်မိတယ်၊ သူကြုံခဲ့ရတာ





www.burmeseclassic.com

www.burmeseclassic.com

နဲ့ပတ်သက်လို့ ဘယ်လိုတွေးရမှန်းတောင် မသိတော့ဘူး။ သူ ရိုက်လာမိခဲ့တဲ့ဟိုလေးယောက်ပုံကိုသတိရမိတယ်။ ဓာတ်ပုံကို အမြန်ထုတ်ပြီး ကြည့်မိတော့ ...

"ဟာ..."

သူ အံ့အားသင့်သွားရပြန်ပါတော့တယ်။ ဟိုလေးယောက်ကို ရိုက်ခဲ့တဲ့ ပုံမှန်သမျှ လူရုပ်ပုံတွေမပေါ်ဘဲ အမည်းရောင်ချည်းသက်သက် ဖြစ်နေရတယ်။ ဘာတွေဖြစ်ခဲ့တာလဲ၊ သူပဲ ရူးနေခဲ့တာလား။ ဒါပေမဲ့ ရွာလူကြီးက သူ့ကို ကြည့်ရင်း လှမ်းပြောတယ်၊

"လူလေး - မင်း ဘယ်လို အဝတ်အစားတွေဝတ်ထားတာလဲ။ မင်းအဝတ်အစားတွေက ရှေးတုန်းကလိုမျိုး ဖက်ထဲက ကျနေတာပဲ"

ဟယ် - ဟုတ်သားပဲ၊ သူ အခုထိ ဟိုလေးယောက် ဆီက ဝတ်လာတဲ့ အဝတ်အစားတွေ ဝတ်ထားတုန်းပဲ၊ သူ ပြုံးလိုက်တယ်။ ဒါဟာ ဟိုလေးယောက်နဲ့ တွေ့ခဲ့တဲ့ အခိုင်မာဆုံး အကောင်းဆုံး သက်သေပဲလေ၊ ဒီထက်ကောင်းတဲ့ ခိုင်လုံတဲ့သက်သေ ဘာရှိဦးမလဲ၊ နောက်တော့ သူ တစ်စုံတစ်ခုကို သတိရပြီး အမြန်မေးလိုက်တယ်၊

"ကျွန်တော့် အသွား အခြေအနေရောဟင် - အဘ"

"ဪ - လူလေးရယ်စိတ်မကောင်းပါဘူး။ သူ မနေ့ညကပဲ မင်းမရောက်လာခင် ဆုံးသွားရှာတယ်ကွယ်"

အခုတော့ ဇေယံ မျက်ဝန်းက မျက်ရည်တွေ စီးကျခဲ့ရပြီလေ။

❋

ထိုအချိန် ...

အိမ်အိုကြီးမှာ လေးယောက်သား ထိုင်မှိုင်နေရင်း ...

"အရှူး - လူမိုက်"

နှင်းဦးက ထပြီး တိုင်းထွာတယ်၊

"မင်း ဘယ်သူ့ကို ပြောနေတာလဲ နှင်းဦး"

လေးမြတ်က မေးတယ်၊

"ဟိုလူ - ဇေယံဆိုတဲ့လူ"

မကျေမချမ်းနဲ့ နှင်းဦးက ပြောတယ်။

"မဟုတ်ဘူး၊ သူက မရူးဘူး။ ပါးနပ်တာ၊ ရူးတာက မင်း - မင်းကသာ အရူး။ အဲဒါမင်းအပြစ်ကြီးပဲ၊ မင်းဘယ်လိုလူကို ခေါ်လာတာလဲ"

လေးမြတ်က နှင်းဦးကို အပြစ်တင်တယ်၊

"အလို - မင်းက ငါ့ကို ဘာလို့ အဲလို ပြောလဲ၊ ငါလည်းအကောင်းဆုံးကြိုးစားလာတာပဲ၊ ငါ သူ့ကို မခေါ်ခဲ့ရင် နောက်ထပ် လမ်းမှားလာတဲ့ ဧရိုးသည်ကြုံဖို့ နောက်ထပ်နှစ်တွေ အများကြီး ထပ်စောင့်ရမယ်"

"ငါ့မျက်လုံး၊ ငါ့ဗိုက်။ ငါ ဟို ချိုတိုတိုကို မျိုမိတယ်၊ ဘယ်လိုပြန်ထုတ်ရမှာ၊ သူက ပြောတယ်။ မျိုချရင် သေတတ်တယ်ဆိုလား"

လရောင်က တစ်စခန်းထပြီး ရေရွတ်နေပြန်တယ်။

"ရှူး - တော်တော့၊ အရေးမပါတာတွေ ပြောမနေကြနဲ့တော့၊ နားငြီးတယ်၊ ငါတို့ နေမထွက်ခင် ကိုယ့်ခေါင်းတလားထဲ ပြန်ဝင်ကြရမယ် အချိန်မရှိဘူး"

ဟံသာက ထုံးစံအတိုင်း သူ့သူငယ်ချင်းတွေကို ဟန့်လိုက်ပြန်တယ်၊

ဒါနဲ့ နေပါဦး - သူ့ကိုဇေယံပေးခဲ့တဲ့ အသားလုံအရည်ဆိုလားပဲ၊ ဘူးလေးလေ၊ သူ့အကျႌအိတ်ထဲက စမ်းမိတယ်။

"အဲ့ဒါဘာလဲ"

နှင်းဦးနဲ့ လေးမြတ်က မေးတယ်၊

"အလှဆီလို့ ပြောတာပဲ၊ အဲဒါကို လိမ်းရင် အသားရေ ပိုလှပြီး ချောလာမယ်တဲ့၊ ဇေယံ ပေးသွားတာ"

ဟံသာက ပြောပြောဆိုဆို ပုလင်းထဲက အရည်တွေကိုလက်ပေါ်တောက်ထည့်ပြီး ချက်ချင်းမျက်နှာပေါ်တောက်လိမ်းတယ်။ ကျန်တဲ့ သုံးယောက်လည်း ချက်ချင်းအလုအယက် တစ်စတ္တန့်တောင် မဆိုင်းဘဲ ဟံသာနည်းတူ လိုက်လိမ်းတယ်၊

အို - အနံ့ကြီးက ရှူကြည့်တော့ ...

"အင် - ဘာတွေတုံး"

လေးယောက်သား တစ်ပြိုင်နက်တည်း အလန့်တကြား အော်လိုက်တာကတော့ ...

"အား - ကြက်သွန်ဖြူရည်တွေ။ အား -"


(စကားချပ် - သွေးစုပ်ဖုတ်ကောင်တွေ ဟာ ကြက်သွန်ဖြူကို အရမ်းကြောက်တယ်လေ၊ ကြက်သွန်ဖြူက သူတို့ အသားရေကို ပျက်စီးစေတယ်၊ သေစေနိုင်တယ်။ ဇေယံကလည်းအခန့်သင့်စွာ မုန့်နဲ့ တို့စားလို့ရအောင် ကြက်သွန်ဖြူနဲ့ လုပ်ထားတဲ့ အချဉ်ရည်ပုလင်းကို အိတ်ထဲဆောင်လာခဲ့မိတော့၊

ယက္ခဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းညွှန့် (လှည်းကူး)

စွဲလမ်းသောက



ကျော်မင်းညွှန့် (လှည်းကူး)

# စွဲလမ်းသောက

သေခြင်းအကြောင်းတရား (၄)ပါး ရှိပါသည်၊ ၎င်းတို့မှာ ထွန်းညှိထားသော မီးသည်-

(၁) မီးစာကုန်ခန်းခြင်းကြောင့်လည်း ငြိမ်း၏၊

(၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်း၏၊

(၃) မီးစာနှင့်ဆီ နှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်း၏၊

(၄) မီးစာနှင့်ဆီ မကုန်သေးဘဲလျက် ရုတ်တရက် လေပြင်းတိုက်ခတ်သောကြောင့် ငြိမ်း၏၊ ထို့အတူ-

(က) အာယုက္ခယမရဏ - သက်တမ်းကုန်၍သေခြင်း၊

(ခ) ကမ္မက္ခယမရဏ - ကံကုန်၍သေခြင်း၊

(ဂ) ဥဘယက္ခယမရဏ - သက်တမ်းနှင့် ကံနှစ်ပါးကုန်၍သေခြင်း၊

(ဃ) ဥပစ္ဆေဒကမရဏ - သက်တမ်းနှင့် ကံနှစ်ပါးမကုန်သေးဘဲလျက် ဥပသာတက ကံဝင်ဖြတ်၍ (လတ်တလောသေခြင်း)ဟူ၍ သေခြင်းလေးမျိုးရှိ၏၊



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတစ်ဦး သေခါနီးသော အချိန်၌မရဏာသန္နဇောစော၏။ ထိုအခါ စုတေပြီးနောက် အခြားမဲ့သော နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးဖို့ရာ အခွင့်သာသောကုသိုလ်ကံ(သို့မဟုတ်) အကုသိုလ်ကံတစ်ပါးပါးသည်ကံအများ ထဲမှ ရွေးရွေးထွက်ပြူလာသည်ကဲ့သို့ထင် ပေါ်လာတတ်၏။ ထိုကံအာရုံကိုကံနိမိတ်ဟုခေါ်၏။ သို့တည်းမဟုတ်၊ ထိုကံကိုပြုလုပ်စဉ်အခါက ကြုံတွေ့ခဲ့ရသောအာရုံများသည်ကမ္မနိမိတ်အဖြစ် ထင်ပေါ်လာတတ်၏။ သို့တည်းမဟုတ် ထိုကံအကျိုးပေးရာ လားရောက်ရမည့်ဘုံဌာန၏ အာရုံနိမိတ်များသည် ဂတိနိမိတ်အဖြစ် ထင်ပေါ်လာတတ်၏။

ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်
ဒေါက်တာ မင်းတင်မွန်

❋

"ဆရာ ကျော်စိုး နေမကောင်းလို့ ဆေးရုံတင်ထားရတယ်တဲ့"

ပို့ဆောင်ရေးမန်နေဂျာ ဦးဝင်းညွန့် ရုံးရောက်သည်နှင့် ဝန်ထမ်း ဝင်းဖေအောင်က လာ၍သတင်းပို့သည်။ ဦးဝင်းညွန့်မှာ ပို့ဆောင်ရေးမန်နေဂျာရာထူး ရရှိထားသော်လည်း အသက်က (၅၀)သာ ရှိသေးသည်။ ဘာသာခြားတစ်ဦး၏ ကုမ္ပဏီတွင် "မန်နေဂျာ" ရာထူးကိုထမ်းဆောင်နေသူဖြစ်၍ "ဦး" တပ်ခေါ်ခံရခြင်းသာဖြစ်သည်။

"မင်းတို့ ငါတို့အားလုံးဟာ လူမျိုးခြားတစ်ယောက်ရဲ့ကုမ္ပဏီမှာ အလုပ်သမားတွေချည်းပဲ။ ပညာအရည်အချင်း အသက်အရွယ်၊ လုပ်ပိုင်ခွင့်တာဝန်၊ လုပ် သက်၊ အတွေ့အကြုံတွေနဲ့ ခွဲထားပေမယ့် သူ့ဝန်ထမ်းတွေချည်းပဲ။ လူမျိုးခြားလက်အောက်မှာ လာအလုပ်လုပ်နေရတဲ့ တို့လူမျိုးအချင်းချင်း စည်းလုံးနေကြရမယ်။ သာရေး၊ နာရေးကအစ လူမှုရေးအဆုံးအားလုံးဟာ အသိတရားနဲ့ ဝိုင်းဝန်းကူညီကြတာပေါ့"

ဦးဝင်းညွန့်က သည်လိုလူမျိုး။

သူတို့ကုမ္ပဏီက နိုင်ငံရပ်ခြားသို့ ကုန်း၊ ရေ၊ လေကြောင်းဖြင့် ရေထွက်ပစ္စည်းများကို တင်ပို့နေရသောလုပ်ငန်းကို လုပ်ကိုင်သည်။ နိုင်ငံခြားမှ အမှာစာများအရငါးသလောက်၊ ငါးကြင်း၊ ငါးတန်၊ ပုစွန်၊ ကဏန်း စသည်တို့ကို ဈေးကွက်စီးပွားရေးအရ ပေါ်ပေါက်လာကြသော ပုဂ္ဂလိကကုမ္ပဏီများ၊ အအေးခန်းစက်ရုံများ၊ ဖက်စပ်ကုမ္ပဏီများနှင့် ရေလုပ်သားများထံမှဝယ်ယူသိုလှောင်ထားကြသည်။ ကိုယ်ပိုင်ပုစွန်ကန်၊ ငါးကန်၊ ကဏန်းမွေးမြူရေးကန်များလည်း ရှိကြသည်။

နိုင်ငံခြားသို့ Export တင်ပို့တော့မည်ဆိုလျှင် ငါးလုပ်ငန်းဦးစီးဌာနနှင့်ညှိနှိုင်း၍ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူများက သဘော်၊ လေယာဉ်၊ မော်တော်ယာဉ်တင်ပြီးသည့် ကုန်ပစ္စည်းများကို ဥပဒေနှင့် ညီ၊ မညီ လာရောက်စစ်ဆေးကြ၏။ တိကျ၊ သေသပ်၊ မြန်ဆန်၏။

ထိုအခါ ကုမ္ပဏီမှာ မန်နေဂျင်းဒါရိုက်တာ MD နှင့် BOD အဖွဲ့ဝင်များ ကုန်ပစ္စည်းစစ်ဆေးရေးမန်နေဂျာ၊ Export မန်နေဂျာ၊ ဝန်ထမ်းအားလုံး ပူးပေါင်းဆောင်ရွက်ကြ၏။

နိုင်ငံတကာနှင့် ဆက်ဆံ၊ တင်ပို့၊ နိုင်ငံခြားငွေရှာခြင်းဖြစ်၍အမှားအသွင်း၊ ပေါ့လျော့မှု၊ ဘက်လိုက်မှုစသည်မရှိစေရ။ ထုတ်ပြန်ထားသောအမိန့်၊ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ ဆောင်ရွက်ရ၏။

Export တင်သည့်နေရာသို့ ရုံးစောင့်နှင့်လုံခြုံရေးမှတစ်ပါးအားလုံးလာရောက်ကြရ၏။ ထိုကုန်ပစ္စည်းများကို တစ်ညလုံး တင်ကြရ၏။ တစ်ခါတစ်ရံ မိုးလင်းသွားတတ်၏။ ကုမ္ပဏီမှလည်း နောက်တစ်ရက်ကို ဝန်ထမ်းများ အာ လပ်ချိန် OT အဖြစ် သတ်မှတ်ပေး အချိန်ပို လုပ်အားခပေး၍ အစာ အသောက် ကျွေးမွေး၏။

အထူးသဖြင့် တရုတ်နိုင်ငံသို့ မူဆယ်လမ်းကြောင်းမှကားဖြင့်ငါးပုစွ များ တင်ပို့သောအခါ (၁၂)ဘီး၊ (၁၀ ဘီးသေးကြီးများဖြင့်တင်၍ ကားတစ်စီ လျှင်ကုမ္ပဏီမှဝန်ထမ်းတစ်ဦး (အလုည် ကျ)လိုက်ပါသွားရ၏။

ထိုဝန်ထမ်းအတွက် တစ်ပတ်စာ စားသောက်စရိတ်၊ မူဆယ်သို့ရန်ကုန်နှ အရောက်မောင်းပို့နိုင်သောယာဉ်မောင် အတွက် အပိုချီးမြှင့်ငွေ (ဘောက်ဆူး) ထိုစဉ်က တစ်သောင်းကျပ်ပေးရ၏။

ထိုလိုက်ပါမည့်ဝန်ထမ်းနှင့်အတူ ခွင့်ပြုမိန့်၊ စာရွက်စာတမ်းများကို မန္တလေး (ပြည်ကြီးတံခွန်မြို့နယ်) ငါးလုပ် ငန်း ဦးစီးရုံး၏ ထောက်ခံချက်နှင့်အတူ မြင်ဦးလွင် (၂၄)မိုင်၊ သီနီ (ရေမှု)ဂိတ် မူဆယ် (၁၀၅)မိုင် (မိုင်းယု) စသည့်ဂိတ် အသီးသီးတွင် စစ်ဆေးခံပြီးမှ ကြူကုတ် (ပန်ဆိုင်း)မှတစ်ဆင့် တရုတ်နိုင်ငံ ကြယ်ဝေါင်(ရွှေလီ)နှင့် ဝမ်တိမ်မြို့ အအေးခန်းများအထိ ပို့ဆောင်ရ သည်။

www.burmeseclassic.com

ယခုတစ်ခေါက်မော်တော်ယာဉ်နှင့် အလှည့်ကျ လိုက်ပါရမည့် ဝန်ထမ်းက ကျော်စိုး။

ကျော်စိုးမှာ လက်ရှိ ဆေးရုံထက် တွင် ပက်လက်။

ဦးဝင်းညွန့်က "MD မစ္စတာချောင်" နှင့် ညှိရတော့သည်။

"မစ္စတာချောင်" က -

"ကျွန်တော့် သဘောထားပြောရရင် ဒီတစ်ခေါက်အတွက် ဦးဝင်းညွန့်ကို လိုက်ပေးစေချင်တယ်။ ကျွန်တော့်ရဲ့ မပြီးပြတ်သေးတဲ့ နယ်စပ်ကုန်သည်ကြီးများအသင်းဝင်ကတ်ပြားကိစ္စရယ်၊ ပြီးခဲ့တဲ့တစ်ခေါက်အတွက် ငွေနဲ့ကုန်ကွာနေတယ်ဆိုတဲ့ တစ်ဖက်ကုမ္ပဏီနဲ့ ကွာဟချက်ရယ် ဒါတွေကို Fax နဲ့ ဖုန်းနဲ့ ပြောနေမယ့်အစား မန်နေဂျာကြီးသွားရှင်းတာ ပိုကောင်းပါတယ်။ ကွာဟချက်က ဒေါ်လာသုံးသောင်းဆိုတော့ မနည်းဘူး။ လိုအပ်တဲ့ငွေကြေးကို မန်နေဂျာ ဒေါ်စုစုတင်နဲ့ ဒေါ်မေရီစိုးတို့နဲ့ ညှိယူသွားဗျာ။ ဒါ ကျွန်တော် မေတ္တာရပ်ခံတာပါ"

ကမ္ဘာဝါဖတ်နေသည့် "မစ္စတာချောင်"။

ငြင်းပယ်၍မရတော့သည့်အနေ အထား။

အအေးခန်းစက်ရုံမှ ကုမ္ပဏီသို့ ဖုန်းဆက်စီစဉ်၊ ဆေးရုံထက်မှ ကျော်စိုး အတွက် ကရုဏာကြေးကို ဝန်ထမ်းများ ထံမှ ကောက်၊ အဝတ်အစားပင် မ... တော့ပဲ ဆေးရုံကြီးသို့ ပြေးရပြန်သည်။

"ကျော်စိုး - ညီလေး၊ ဘာမှအား မငယ်နဲ့။ မင်းအတွက် MD နဲ့ ဝန်ထမ်း တွေဆီက ထောက်ပံ့ကြေး ငါးသောင်း ရတယ်။ ဖော်ရဲလင်းနဲ့ ငါလွှဲထားခဲ့တယ်။ ကျန်တဲ့ ဝန်ထမ်းတွေဆီက ဖော်ဝင်း ကောက်ပြီး ငါ့ဆီ အပ်လိမ့်မယ်။ ... လောဆယ် ငါ့ဆီက ငါးသောင်းယူထား ကျန်တာတွေ ငါပြန်လာရင် ရှင်းပေးမယ် နော်"

လုပ်သက် အတန်ရနေသော ကျော်စိုး၊ သူ့ကိုတစ်ချက်မော်ကြည့်ပြီး-

"ဆရာ - မှုဆယ်ရုံးခွဲက ဒေါ်မိုး... ကျွန်တော် မေးကြောင်း ပြောပေး... ဆရာ့ ကူညီမှုအတွက် တပည့် မမေ့... ဘူး"

"ညီလေး - မင်း ဘာမှမပူနဲ့။ ... ဝင်းဆီမှာ လက်ရှိနှစ်သောင်းရှိတယ်... ကြားတယ်၊ ငါပြန်လာရင် အားလုံး... ပေးမယ်။ မင်း နေကောင်းအောင်...

ကျွန်းမာရေးဂရုစိုက်။ မင်းအတွက်ရွှေလီ ဘက်ကျင်စင်းစိမ်ထားတဲ့အရက်ဝယ်ခဲ့မယ်။ ဟဲ - ကိုယ် သွားမယ်နော်"

လှမဟာ ကျော်စိုးက သူ့ကို ဆေးရုံ ဓာတ်ရစ်ဒါအထိ လိုက်ပို့သည်။ ကား ထွက်သည်အထိ ကျော်စိုး လက်ပြရင်း ကျန်ရစ်ခဲ့သည်။

ရုံးမှ Van သေးနှင့် ဆောင်ရွက်ဖွယ် များ ဆောင်ရွက်ပြီး ကျောက်မဲမှ စိုင်း ချောက်လွင်၏ (၁၂) ဘီးသေးကြီးဖြင့် မူဆယ်ခရီးစဉ် စတင်ပြီ။

❋

ရွှေလီမြို့တွင်းရှိ တရုတ်ကုမ္ပဏီပိုင် အအေးခန်းတွင် အေးခဲပြီးပုစွန်သေတ္တာ များ (Master-Cartons) များချ နှစ်ဖက် စစ်ဆေး၊ လက်မှတ်ထိုးလက်ခံ၊ ငွေများ ကို စက်ဘုပ္ပဘဏ်မှတစ်ဆင့် ရန်ကုန် ကုမ္ပဏီသို့လွှဲပြီး ရွှေလီမြို့လယ်ရှိ "ကွန် လော့ရုံ" ဟော်တယ်၊ အထပ် (၂၅)၊ ခန်း (၂၇) တွင် တည်းရတော့သည်။

နောက်တစ်နေ့တွင် ထိုဟိုတယ်၏ (Ball-room) တွင်ပင် တစ်ဖက်ကုမ္ပဏီ နှင့် နားလည်မှုလွဲနေသော ဒေါ်လာသုံး သောင်းကိစ္စ ဆွေးနွေးညှိနှိုင်းကြသည်။

ဦးဝင်းညွန့်၏စနစ်တကျတင်ပြနိုင် မှု၊ ခိုင်လုံသောစာချုပ်စာတမ်းများ၊ ခိုင် လုံသော သက်သေခံချက်တို့ကြောင့် တစ်ဖက်ကုမ္ပဏီက အလျှော့ပေးလိုက် လျှောရသည်။



သော့တံကိုကိုင်၍ တကယ့်ကျောက်ရုပ်။ ခန်းဆီးလိုက်ကာမှာ ပြင်ဝမှ လေစိမ်းတိုက်လိုက်သည့်နှယ် လှုပ်ခါသွားပြီး နှင်းမြူထုကြီးက အခန်းတွင်း ဝင်လာသည်။ အားလုံး ငေးကြောင်ကြည့်နေရင်းမှ နှင်းမြူထုကြီးက တစ်စတစ်စ လွင့်ပြယ်သွားပြီး လူတစ်ယောက်သဏ္ဍာန် ရုပ်လုံးပေါ်လာသည် ...

www.burmeseclassic.com

ပြီးသည်နှင့် နောက်ဘဏ္ဍာရေးနှစ်အတွက် နားလည်မှုစာချွန်လွှာ (MOU) အသစ်များ ထပ်မံချုပ်ဆိုကြတော့သည်။

တရုတ်တို့၏ ဓလေ့တစ်ခု ရှိသည်။

နှစ်ဖက်နားလည်မှုစာချွန်လွှာချုပ်ဆိုတိုင်း မပါမဖြစ်သည်က အရက်။

ဦးဝင်းညွှန့် မသောက်မဟုတ်၊ သောက်တတ်သည်။ သို့သော် ညဘက်မှသောက်သည်၊ မနက်၊ နေ့လယ်နှင့် လုပ်ငန်းခွင်တွင်း၌ မသောက်၊

ယခုတော့မရ။

လုပ်ငန်းတာဝန်ပါလေဟု သဘောထား၍ တရုတ်များနှင့် "ကမ်ပေ့" လုပ်ရတော့သည်၊

"ကမ်ပေ့" လုပ်ရသော်လည်း အပြင်း (ရမ်၊ ဝီစကီ) မသောက်ပဲ ဘီယာကိုသာ ရွေး၍ (သတိနှင့်) သောက်ရသည်၊

အရက်ဖြည့်ထားသောခွက်ကိုကိုင်မတ်တတ်ရပ်၊ ခွက်ချင်းတေ့၊ နှုတ်မှ "ကမ်ပေ့" ဟုဆိုကာ အပြတ်မော့၊ ပြန်ထိုင်၊ အရက်ဖြည့်ပြန်ထ "ကမ်ပေ့" လုပ်၊ ကမ်ပေ့များတော့ ဘီယာပင် မူးလာသည်၊

လုပ်ငန်းများ အောင်မြင်၍ MD က တော့နပ်ကာကွမ်မင်(ကူမင်)မှလေယာဉ်နှင့် ပြန်လာရန် စီစဉ်ပေးသည်၊

အမိမြေနှင့်ရွှေတောင်ကြီး(ရွှေတိ… စေတီတော်)ကို လေယာဉ်ပေါ်မှ ဖူးမြေ… လိုက်ရသော အရသာက အံ့တစ်ပါး။

အဆိုတော် ကေတုဝင်းထွန်း… "ရွှေတိဂုံကိုမြင်လျှင်" သီချင်းကို "ဖျ… ခန့်" ကြားလိုက်မိသည့်နှယ်၊

❋

"ဦးဝင်းညွှန့်ရေ - လက်စနဲ့ဆက်… ညီပေးပါဦး။ ရုံးတက်မဲ့နေ့မှာ ရုံးချုပ်… မလာနဲ့တော့။ ဘုရင့်နောင်မွဲ့ရုံတန်… ရုံးကိုတစ်ပတ်တော့ထိန်းပေးပါ။ အဲဒီ… တာဝန်ခံ ဦးအေးဝင်း နုတ်ထွက်သွား… ပါ။ နောက်ပြီး ဗဲမွေ့ရာနဲ့ ပန်းမွေ့ရာ… လာပို့ကြမဲ့အချိန်ဖြစ်နေလို့ပါ ကူညီ… နော်"

ကမ္ဘာဝါဗတ်သည့် တရုတ် MD… ဝိသလှသော ဗမာစကား။

ဘုရင့်နောင်ရုံးကလည်း မသေး…

တာဝန်ခံတစ်ဦး၊ ဝန်ထမ်း(၃)…

အစောင့်(၁)ဦး။

ဂစ္စည်းများကလည်း ခန်းလုံး…

ဓရဲစီမံပုစ္စန်တင်မည့် ယာဉ်…

များအားဘော်ဒီအတွင်းမှပန်းမွေ့…

ဂွမ်းကပ်အဝေးစားများကပ်၊ ပြီး…

ပုစ္စန်ဇာ (ဂျပ်ဘူး)များတင်၊ လေ…

…လေးတန်မှ လေမဝင်စေရန်နှင့် ရေခဲများ အရေမပျော်စေရန် ပန်းမွေ့ရာများ အလုံ…တိ၊ ၎င်းတို့အပေါ်မှ ဗဲမွေ့ရာခေါ် စပါးခွံ…များ ထည့်ထားသည့် မွေ့ရာကြီးများ ထပ်…ချုပ် အပေါ်နှင့်ဘေးမှ မိုးကာဖျင်အုပ်၊ နိုင်…လွန်ကြိုးနှင့်ချုပ် အုပ်ထားသဖြင့် လေ…ဝင်နိုင်၊

လေမဝင်လျှင် ရေခဲအရေမပျော်။

၄ါမြန်မာ့နည်း မြန်မာ့ဟန်ပညာက …ရေခဲအရေမပျော်စေရန် (၁၀) ရက်တော့ …အာမခံသည်၊

၄ါပစ္စည်းများမှာ ဘုရင့်နောင်ရုံးခွဲ…ဂိုဒေါင် ခန်းလုံးပြည့်၊

သည်ရုံးခွဲက Export တတင်မှ…လုပ်ရှိသည်။ Export မတင်လျှင် …လုပ်မရှိ၊

ခရီးပန်းလာသော မိမိကို MD က …နားယူစေချင်၍ တမင်ပေးလိုက်သော …ခွင့်အရေးဟု ရွှေမြန်မာဝီဝီ သဘော…လိုက်သည်၊

တွေ့သည့်သူနှင့် တည့်အောင်ပေါင်း၊ …တတ်သည့်အရပ်မှာ ပျော်အောင် နေ…တတ်သည်မဟုတ်ပါလား။ သူ့ဆန်စားရဲ့ …တော့မည်ပဲလေ၊

သူ့စိတ်ကူးက ရန်ကုန်ပြန်ရောက်လျှင် ခွင့်တစ်ပတ်ယူ၊ ချစ်ရလေသော "နီလာဦး" နှင့် ဘုရားစုံဖူးမည့်စီမံချက်၊

သေချာသည်က နောက်တစ်ပတ် (၁၀) ရက်နှင့် Export မတင်နိုင်သေး။

"နှစ်မြှာအသည်း" ဟု သူတို့အမည်ပေးထားကြသည့် လက်ကိုင်ဖုန်းလေးများဖြင့်သာ အလွမ်းဖြေကြရတော့မည်။

"ဩော် - လွမ်းလိုက်တာ - နီလာရယ်"

❋

အမိ၊ အဘ၊ ညီအစ်ကို၊ မောင်နှမ မရှိသည့် "တစ်ကောင်ကြွက်" ဖြစ်၍ စိတ်ညစ်ဖွယ်မရှိ၊

ဘုရင့်နောင်ရုံးခွဲက ပထမထပ်တွင် ရှိသောကြောင့် အပေးမှ အောက်သို့ လှမ်းမြင်ရသလို ကြောင်လိမ်လှေခါးမှ အပေါ်တက်လာသူကိုလည်း မှန်တံခါးနှင့် ဘာဂျာတံခါးကို ဖြတ်၍ မြင်နေရသည်၊

ရုံးခွဲကုမ္ပဏီဝန်ထမ်းလေးဦး၊ သူနှင့်ပေါင်း ငါးဦးအတွက် ယနေ့ညစာနှင့် ယမကာကို သူ တာဝန်ယူထားသည်၊

ဝန်ထမ်းများ ဝယ်လာကြသော စားသောက်ဖွယ်များက စားပွဲပေါ်တွင် အစီအရီ၊





www.burmeseclassic.com

www.burmeseclassic.com

ဖန်နဝါရီလလယ်ဖြစ်၍ ညဘက်မို့ နှင်းမြူထုက သိပ်သည်းလှသည်။

မြောက်ပြန်လေတစ်ချက်အဝေ့တွင် ခန်းစီးလိုက်ကာ "သိမ့်" ခနဲ တစ်ချက်ဖြစ်သွားပြီး လေနအေးလေးတနင်းမှုန်တို့ကိုသယ်ယူ၍အခန်းတွင်းကြဲပက်လိုက်သည်။

"ညီလေး - စိုးလှိုင်မြင့် - ပြတင်းပေါက် ပိတ်လိုက်ကွာ"

သူ့စကားကြောင့် စိုးလှိုင်မြင့်က ပြတင်းပေါက်ကိုပိတ်ပြီး ပြန်အထိုင်၊ ကြောင်လိမ်လှေခါးအတိုင်း တက်လာသောခြေသံ။

ခြေသံက တစ်ဆက်တည်းမဟုတ်။ ရပ်လိုက်၊ နားလိုက်၊ ပြန်တက်လိုက်သံ၊ "ကရင်" ဟုခေါ်သည့် ဝန်ထမ်းလေးက အရက်ခွက်များဖြည့်ပြီး အားလုံးထိုင်ရာမှထ "ကမ်ပေ့" လုပ်အပြီး -

"ဒေါက် - ဒေါက် - ဒေါက်"

တံခါးခေါက်သံ (၃) ချက် ထွက်ပေါ်လာသည်။

ရုတ်တရက် လျှပ်စစ်မီးကလည်း ပျက်သွားသည်။ အရန်သင့်ဆောင်ထားသော အရေးပေါ် မီးအိမ်ထွန်းသူက ထွန်း။

"ဟာ - ဘယ်သူများပါလိမ့်၊ ရှုံးကတော့ မဖြစ်နိုင်ဘူး"

"ဖုန်းမှမဆက်ပဲ"

ကရင်က -

"ဟာ - ဆရာပဲ - မီးပျက်လို့ ဖုန်းဆက်အရေးပေါ်က လူခေါ်ဆိုလို့ ကျွန်တော် လမ်းထိပ်က အရေးပေါ် မီးရှုံးတိုဆက်ထားတယ်လေ"

"ဒါဆို မီးပြင်သမားနေမှာပေါ့"

"အေး - ဒါဆိုမောင်တူးတံခါးဖွင့်ပေးလိုက်ကွာ၊ သူ့လည်း ဧည့်ခံရတာပေါ့"

သူ့စကားကြောင့် မောင်တူးတအတွင်းမှ မှန်ခံကျွန်းတံခါးချပ်ကြီးအားဖွင့်ကာ ဘာဂျာတံခါးဖွင့်မည်အပြု -

"ဟ - ဘာကြီးလဲဟ"

မောင်တူး၏ အလန့်တကြားအော်သံကြောင့်အကြည့်များကသူ့ထံရောက်သွားသည်။

ဘာဂျာတံခါးသော့အား မောင်တူးမဖွင့်ရသေး၊ မှင်တက်နေသည်ဆိုခြင်းက သည်အဖြစ်မျိုးဖြစ်ပြီမို့မည်။

သော့ တံ ကို ကိုင် ၍ တကယ် ကျောက်ရုပ်။

ခန်းဆီးလိုက်ကာမှာ ပြင်ပမှ လေ စိမ်းတိုက်လိုက်သည့်နယ် လှုပ်ခါသွားပြီး နှင်းမြူထုကြီးက အခန်းတွင်း ဝင်လာသည်။

အားလုံး ငေးကြောင်ကြည့်နေရင်း နှင်းမြူထုကြီးကတစ်စတစ်စလွင့်ပြယ်သွားပြီး လူတစ်ယောက်သဏ္ဌာန် ရုပ်လုံးပေါ်လာသည်။

ဖျော့တော့ဖြူဖွေးပြီး ရေစိုထားသည့် စတ္တူတစ်ရွက်နယ်မျက်နှာဖြူဆုတ်ဆုတ်ဖြင့် ကျော်စိုး။

ကျော်စိုးက ဦးဝင်းညွှန့်အား မဝံ့မရဲကြည့်ပြီး -

"ဆရာ - ဆရာ့ဆီမှာ ကျွန်တော် ဂိုက်ဆံရစရာ ရှိသေးတယ်နော်"

ကျော်စိုး၏အသံကို သူ ကောင်းကောင်းကြားနေရသည်။

"အေး - ငါလဲမင်းဆီလာပေးမလို့ပဲ ညီလေးရယ်၊ အစ်ကို မနေ့ကမှ ရောက်သယ်လေ၊ ငါဖော်ဝင်းဆီက တောင်းပေးမယ်နော်၊ မင်း အခု နေကောင်းသွားပြီလား"

သူ့စကားအဆုံး ကျော်စိုး ချာခနဲလှည့်ဆင်းသွားသည်။ ရပ်လိုက်၊ နားလိုက်၊ သွားလိုက်၊ ရပ်၊ နား၊ သွားတဖြည်းဖြည်းနှင့် ခြေသံပျောက်သွားသည်။

"ဟာ - ဆရာ - ဆရာ - တံခါးဝရပ်သယ်သူနဲ့ စကားပြောနေတာလဲ"

"ကရင့်" ခေါ်သံကြောင့် ဦးဝင်းညွှန့်နှင့် မောင်တူး သတိပြန်ဝင်လာသည်။

"ဆရာက တစ်ယောက်တည်း စကားပြော၊ မောင်တူးကကြက်သေသေနဲ့ အောက်လက်နာတယ် - ဆရာရဲ့"

"ဟင် - အေး - အေး - ဟုတ်လား ကဲ - ထည့် - သောက်ကြဟေ့"

သူမယုံနိုင်ခြင်းများစွာတွေဝေခြင်းများစွာအတွေးများစွာတို့ကိုအဆုံးသတ်၊ ဝှန်းခနဲ ထိုင်ချလိုက်ပြီး ဖန်ခွက်နှစ်လုံးယူ၊ တစ်လုံးလျှင် လက်နှစ်လုံးခန့်ထည့်၊ အနီးရှိ "ဖော်ရဲလင်း" အားတစ်ခွက်ပေး၊ ကျန်တစ်ခွက်ကိုရေမရောပဲမော့ချလိုက်သည်။

သွေးရွှေးပြီး ပုံမှန်ပြန်ဖြစ်လာသည်။

"ဆရာ - ဘာတွေပြောနေတာလဲ၊ ကိုဖော်ဝင်းရော၊ ပိုက်ဆံပေးမယ်ဆိုတာတွေရော၊ ဘာလဲ - ဆရာ မတ်တတ်ရပ် အိပ်ပြီး ယောင်နေတာလား"

ကရင့်စကားကြောင့် သူ ဖြစ်ရပ်သည် အိပ်မက်မဟုတ်ကြောင်း သတိရသွားပြီး ဟန်မပျက်ပင် -

"ခြော် - ဒါထက် ညီလေးတို့ရေ - အစ်ကိုရွှေလီမသွားခင် ဆေးရုံတက်နေတဲ့ကျော်စိုးတစ်ယောက် ဆင်းသွားပြီလားကွ"

www.burmeseclassic.com

"ဟာ - ဆရာကလဲ - ကျော်စိုး ဆုံး သွားပြီလေ၊ ကျွန်တော်တို့တောင် မနက် က သူ့တစ်လပြည့် သပိတ်သွတ် သွားနဲ့ ကြသေးတယ်၊ ဆရာ မသိဘူးလား"

အာသွက်လျှာသွက်ဖြစ်နေသော တရင့်စကားကို သူ မဖွဲ့ခြမိတော့။

သို့ဆိုပါလျှင် ဓာတ်ဓာတက ကျော်စိုး သည် ဘာပဲဖြစ်ဖြစ်၊ နက်ဖြန် ရုံးချုပ်သို့ ဖုန်းဆက်၍ ကျော်စိုးအတွက် ထောက်ပံ့ငွေများအားလုံး ဖော်ဝင်းကို သွားပေး နိုင်းလိုက်မည်။

"ဩော် - အစွဲအလမ်း၊ အစွဲအလမ်း ကျော်စိုးတစ်ယောက် ကောင်းရာမွန်ရာ ဘုံဘဝ ရောက်ရှိပါစေ" ဟု ဆုတောင်း ပေးရုံမှအပ။

တစ်ခါက ကျင်လည်ခဲ့ရသည့် ဘဝ တစ်ခုမှ အတွေ့အကြုံဖြစ်ရပ်။

ကျော်မင်းညွန့်(လှည်းကူး

- ကြွက်များ တစ်ကောင်အမြီးကို တစ်ကောင်က ကိုက်ဆွဲကာ အတွဲ လိုက်ဖြစ်နေသည်ကိုမြင်လျှင် ထီပေါက်တတ်သည်။ နိမိတ် ကောင်း။
- မိမိထံသို့ ကြွက်သားအုပ်မ ပြေးလွှားလာပါက အစိုးတန်ရတနာ များ ရတတ်သည်။
- ကျွဲနှစ်ကောင်ခတ်နေသည်ကို မြင်ပါက ရှိုးရာနတ်များက မကျေ နပ်၍ နှောင့်ယှက်တတ်သည်။ သို့မဟုတ် မိမိကို မကျေနပ်သူက နတ်စုန်းတို့နှင့် တိုက်တတ်သည်။

# မောင်လင်းသစ်



www.burmeseclassic.com

# အထက်လမ်းဆရာတစ်ယောက်နှင့်စုန်းမများ



မောင်လင်းသစ်

ကျွန်တော်သည် အင်မတန်မှပင် တစ္ဆေသရဲကြောက်တတ်သောအမောင် ကြောက်တတ်သော လူတစ်ယောက် ဖြစ်ပါသည်။ ထိုသို့ ကြောက်တတ်သော် လည်း ကြည့်မိသည့် ရုပ်ရှင်ကား၊ ဗီဒီယို ကားများသည် များသောအားဖြင့် တစ္ဆေ သရဲကားများ ဖြစ်နေခြင်း၊ ဖတ်မိသည့် စာအုပ်စာတမ်းများသည် သရဲဝတ္ထုများ ဖြစ်နေခြင်း၊ နောက်ဆုံးပြောရပါလျှင် စကားပြောသောအခါ၌ပင် ဆယ်ခွန်း ပြောပါက ငါးခွန်းခန့်သည် သရဲ၊ တစ္ဆေ စုန်း၊ ဖုတ်၊ မှင်စာများအကြောင်း ဖြစ်နေ ရခြင်းကား မည်သည့်အတွက်ကြောင့် ပင်ဟု မပြောတတ်တော့ပေ။

ငယ်စဉ်ကာလ ကလေးဘဝ၌ သ အကြောင်း၊ စုန်းအကြောင်းပြောသော သူများ၏ ရှေ့၌ မျက်လုံးအပြူးသ ပါးစပ်အဟောင်းသားဖြင့် နားထော တတ်သည်မှာလည်း ကျွန်တော်ပင်ဖြ လေတော့သည်။ ငယ်စဉ်ကာလမှ ထောင်ခဲ့သောသရဲအကြောင်းများသ ယခုကျွန်တော်အရွယ်ရောက်၍လူ ကြောက်လာသည့်အထိ ကျွန်တော့်၏ တ်ညာက်တွင် နေရာယူနေကာ စာရေး သနာပါလာသောအခါ ရေးစရာ ကုန် ကြမ်းများ ဖြစ်လာလေတော့၏။ ယုတ္တိ ာန်သည်၊ မတန်သည် အပထား တစ္ဆေ သရဲလောကသည် စိတ်ဝင်စားစရာ ကောင်းလှသည်။

ကျွန်တော်တို့ ငယ်စဉ်က အိမ်အနီး တွင် ဦးသိန်းထွန်းနှင့် ဒေါ်သန်းမြင့် ဟူ သော အညာသူအညာသား၊ ဘကြီးလင် သားလာရောက်၍ အိမ်ငှားနေထိုင်ကြ လေသည်။ သူတို့သည် ကလေးမရှိသော် ည်း ကလေးချစ်တတ်ကြသဖြင့် ၎င်း တို့အိမ်တွင် ကျွန်တော်တို့ ကလေးတစ် သိုက်သည် ညစဉ်ညတိုင်း အဖွဲ့ကျလေ့ ရှိသည်။

အထူးသဖြင့် ဘကြီးတို့လင်မယား သည် အင်မတန်စကားပြောကောင်းကာ ဆိုဝတ်စများ၊ ဟာသလေးများ ပြောပြ လေ့ရှိသဖြင့် ကလေးတို့သဘာဝ လက် ာသည့်အိမ်တွင် အနေများခဲ့ကြလေ သည်။ ဒေါ်ကြီးသန်းမြင့် ပြောသောအခါ တွင်မဟာဝင်ဗုဒ္ဓဝင်များပြောပြ၍ ဘကြီး ဦးသိန်းထွန်းပြောသည့်အခါတွင် သိုက်၊ ဘ်၊ စုန်း၊ ဖုတ်၊ တစ္ဆေ သူရဲများ အကြောင်း ဇာတ်တော်ပေတဝတ္ထုများ ပြောတတ်လေသဖြင့် ဘကြီးပြောသော ညတွင်အိမ်က မိဘများက လိုက်ခေါ်ကြ ရသည့်အထိ ကလေးများ ကြောက်လန့် ကြလေသည်။

ဘကြီးဦးသိန်းထွန်းသည် စကား ပြောသောအခါတွင် ခြေဟန်လက်ဟန် ဖြင့် ပြောတတ်သဖြင့် ကိုယ်တွေ့ကြုံနေ ရသို့ ခံစားရလေတော့သည်။ ယခု ကျွန် တော် ပြောမည့်အကြောင်းအရာများ သည်လည်း အဘကြီးဦးသိန်းထွန်းပြော ပြခဲ့သည့် အထက်ပညာအရပ်များမှ အကြောင်းအရာများပင် ဖြစ်လေတော့ သည်။

❋

ရွှေဘိုဘက်ရှိ အိမ်ခြေငါးရာကျော် ရှိသော ရွာကြီးတစ်ရွာတွင် ကိုသာဝ သည်မသိသူမရှိသည့် ကာလသားခေါင်း လူပျိုကြီးတစ်ယောက် ဖြစ်လေသည်။ အသက်အရွယ်က (၄၀) ကျော်နေသော် လည်း မည်သည့်အရွယ်နှင့်မဆို အဆင် ပြေအောင် ပေါင်းတတ်သင်းတတ်သဖြင့် လူချစ်လူခင်များသူ တစ်ယောက်လည်း ဖြစ်ပေသည်။ ယနေ့ညဦးပိုင်းအချိန်တွင် ကိုသာဝတစ်ယောက် တောတိုးရန်ရွာ ပြင်သို့ ထွက်လာလေတော့၏။ လက်ထဲ





www.burmeseclassic.com

www.burmeseclassic.com

တွင်လည်း တောတိုးရင်းဖိမ်ယူရန်ဆေး လိပ်တစ်လိပ်နှင့် မီးခြစ်လည်း ပါလာလေတော့၏။

ယနေ့ခေတ်ကာလအခါတွင်ကျေးရွာများ၌ ယင်လုံအိမ်သာများဖြင့် အိမ်အသီးသီး၌ ရှိကြသော်လည်း ရှေးယခင်အခါက ရွာပြင်ထွက်ရန် တောထဲတိုးဝင်ကာ မစင်စွန့်ကြရလေသည်။ ကိုသာဝတစ်ယောက် ရွာအစပ်တွင် တောမတိုးပါဘဲ ရွာဖြင့် ခပ်လှမ်းလှမ်း တောင်ကုန်းလေးခြေရင်းတွင် မစင်စွန့်ရင်း ဆေးလိပ်သောက်ကာ ဖိမ်ယူနေလေတော့သည်။

ထိုအချိန်တွင် တောင်ကုန်းပေါ်မှ မည်းမည်းအလုံးသုံးလုံး လိမ့်ဆင်းလာတော့၏။ လောကီဇဟုသုတ အသင့်အတင့်ရှိသော ကိုသာဝသည် ထိုအလုံးများ သူ၏ မစင်ပုံသို့ ရောက်လာသောအခါအနီးမှာရှိသော ဆီးခက်များဖြင့် ထိုအလုံးများကို ဖုံးအုပ်လိုက်လေတော့၏။ ထိုအလုံးများက အိမ့်တလိမ့်စုန်း ခေါ် ချေးစားစုန်းများ ဖြစ်လေတော့၏။ ဆီးခက်များမှ ဆူးများဖြင့် ငြိမိနေသဖြင့် စုန်းမသုံးယောက်အား ကိုသာဝ မိသွားလေတော့၏။ ချေးစားစုန်းကို ဆီးခက်ဖြင့် ဖမ်းရသည်ဟု ကြားဖူးနားဝရှိထားသည်။

မိန်းမတစ်ယောက်၏ တုန်တုန်ယင်ယင်အသံ ...။

"ကိုကြီးသာ - ကျွန်မတို့ပါ"

"ဟုတ်ပါတယ် - မလုပ်ပါနဲ့ ဆီးခက်တွေ ဖယ်ပေးပါ"

နောက်တစ်ယောက်၏ တုန်တုန်ရှိုက်ရှိုက်အသံ ...

"ကျွန်မတို့ကို ခွင့်လွှတ်ပါ"

ဟုအသံတွေထွက်၍ကိုသာဝအား တောင်းပန်နေလေတော့၏။ ကိုသာဝလည်း ညစ်တစ်တစ်ဖြစ်ချင်လာသဖြင့် ထိုစုန်းမများအား ...

"နင်တို့ ဘယ်သူတွေလဲ"

"ကျွန်မတို့ ဒီရွာထဲကပါပဲ ကိုကြီးရယ်၊ လွှတ်ပေးပါနော်"

စုန်းမတစ်ယောက် ငိုသံဖြင့် ပြောသည်။

"ဒီအတိုင်းတော့ ဘယ်လွှတ်ပေးနိုင်ပါ့မလဲ"

"လွှတ်ပေးပါ။ ကျွန်မတို့သုံးယောက် ကိုသာဝကြီးကို မိုးကြိုးလက်စွပ် တစ်ယောက်တစ်ကွင်းနှုန်း ပေးပါ့မယ်"

ဟုဆိုလေသဖြင့် ကိုသာဝ သဘောကျသွားလေတော့၏။ မိုးကြိုးလက်စွပ်ဆိုသည်မှာ ရွှေနှင့်ကြေး ဆတူရောစပ်ထားသော လက်စွပ်ပင် ဖြစ်လေသည်။ မိုးကြိုးလက်စွပ်သုံးကွင်းကိုယူပြီးနောက် ဆီးခက်များကို ဖယ်ပစ်ရန် စိတ်ကူးမိသော်လည်း အကြံတစ်ခုပေါ်လာကာ ဆူးခက်များအား ချက်ချင်းမဖယ်ပေးသေးဘဲ ညစ်သောအားဖြင့် ...

"ဟဲ့ - နင်တို့ ဘယ်သူတွေလဲဆိုတာ ပြောသွားဦးဟ - ကောင်မတွေရဲ့"

"မပြောပါရစေနဲ့ - ကိုသာဝရယ်"

"ဟုတ်ပါတယ်၊ ကျွန်မတို့ ရှက်လို့ပါတော်"

"ဟေ့ - မပြောရင် နင်တို့ ဒီအတိုင်းနေခဲ့ပေတော့၊ ငါ သွားတော့မယ်"

မိန်းမတစ်ယောက်က ငိုသံပါလာသည်။

"ကောင်မလေးမလုပ်ပါနဲ့။ ကိုသာဝကြီးရယ် မလုပ်ပါနဲ့နော်"

"ငါ့ဘက်ကတော့ မလျော့နိုင်ဘူးတော့"

"ဒါဆိုရင် ကျွန်မတို့ ပြောပြပါ့မယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်"

"ဟုတ်ပါတယ် - အဲဒီကတိပေးရင် ကျွန်မတို့ ပြောပါ့မယ်"

ဟု ကတိကဝတ်တောင်းလေရာ ကိုသာဝကလည်း ပေးလိုက်လေတော့၏။ ထိုအခါ အိမ့်တလိမ့်စုန်းမ သုံးယောက်သည် သူတို့ မည်သူမည်ဝါဖြစ်ကြောင်း ဖွင့်ဟဝန်ခံကာ ပြောပြခဲ့ရလေတော့သည်။

✲

ကျွန်တော်တို့ ကလေးတစ်သိုက်သည် ဘကြီးဦးသိန်းထွန်းအား ဝိုင်းဝတ်၍နေကာ နားထောင်နေရင်းမှ ကျွန်တော်မှ ...

"ဘကြီး - အဲဒီဦးသာဝက ကတိတည်ရဲ့လား"

ဟု မေးလိုက်လေရာ ဘကြီးသည် ပြုံး၍ ...

"မင်းတို့ ဘယ်လိုထင်လဲ"

ဟု ပြန်မေးရာ ကတိတည်မည် မထင်ကြောင်း ပြောလေရာ ရယ်မော၍ ...

"ဟုတ်တယ်ကွ - ကိုသာဝကြီးတစ်ယောက် ရေနွေးအိုးကိုင်ပြီး တစ်အိမ်တက် တစ်အိမ်ဆင်း၊ ညဘက်လျှောက်လည်ပြီးပြောတာ မနက်လင်းတော့ စုန်းမတွေအိမ်နဲ့ သူတို့အမျိုးတွေအိမ်တွေပဲ ကျန်ခဲ့တော့တယ်ကွ၊ တော်တော်ကတိမတည်တဲ့လူကွ"

ဟု ပြောလေတော့၏။ ထိုနောက် သူ ကြားဖူးသော အစွမ်းထက်သည့်





www.burmeseclassic.com

www.burmeseclassic.com

ဆရာများ၊ အောက်လမ်းပညာသည်များ အကြောင်း ပြောပြလေသည်။ စိတ်ဝင်စားစရာ ကောင်းလှတော့သည်။

"ဘယ်လောက်အစွမ်းထက်တဲ့ ဆရာတွေပဲဖြစ်ဖြစ်ကွ တစ်ခါတလေ သတိလစ်သွားတာနဲ့တစ်ဘဝစာခံလိုက်ရတာပဲဟေ့"

ဟုဆိုကာ အညာဒေသမှ အထက်လမ်း ဆရာတစ်ဦးနှင့် ပညာသည်များ အကြောင်း ပြောပြလေတော့၏။

ဤရွာကြီးသို့ဆရာလေးမိုးအောင်နှင့် ဆရာကတော်လေး ဒေါ်သွယ်လေးတို့ လာရောက်အခြေချ နေထိုင်ခဲ့သည်မှာ ရင်းတို့၏ သားလေးတစ်သက်ဖြစ်နေ၍ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာလာခဲ့ပေတော့သည်။ ဆရာလေး ကိုမိုးအောင်၏ ပညာစွမ်းထက်ခြင်း၊ စေတနာကောင်းခြင်း၊ လူနာရှင်များကို ဆင်းရဲချမ်းသာ မရွေး ကူညီတတ်ခြင်းတို့ကြောင့် ဤနယ်ပယ်တစ်ဝိုက်တွင် ဆရာလေးသည် နာမည်ဂုဏ်သတင်း ကျော်ကြားလျက်ရှိပေသည်။ ဆရာလေးကိုမိုးအောင်၏ သား မောင်ကောင်းစစ်သည်ပင်လျှင် ဖခင်နှင့်တွဲကာ ဆေးဝါးကု၍ ဆရာပေါက်စတစ်ဦးဖြစ်၍နေလေတော့သည်။ ဆရာကတော် ဒေါ်သွယ်လေးမှာတော့ ရိုးရိုးအေးအေးနှင့်ဖော်ရွေတတ်သူ တစ်ယောက်ဖြစ်ကာမည်သည့်အထက်လမ်းပညာမျှ မတတ်မြောက်ချေ။ စိတ်မဝင်စားပေ။



သို့သော် နောက်ကျသွားလေပြီ။
အောက်လမ်းပညာသည်လေးယောက်၏
မမြင်ရသော ကြောက်မက်ဖွယ်ကောင်းလှသည့်
ပညာဓားလေးလက်သည် ကိုမိုးအောင်
ရင်ဘတ်သို့ စိုက်သွင်းသွားလေပြီ။
ကိုမိုးအောင် အငိုက်မိသွားခြင်း ဖြစ်သည်။
လာရောက်ပင့်သူ လူနာရှင်က
ထိုအဖြစ်အပျက်ကို မသိလိုက်ပေ။
တပည့်က အတွေ့အကြုံအရ
သိလိုက်လေပြီ ...

ဆရာလေးကိုမိုးအောင်သည် ရွာစဉ်လှည့်၍ ဆေးကုခြင်း၊ တောတောင်တွေထဲသွား၍ဆေးမြစ်များတူးဖော်ခြင်း၊ တစ်ခါတလေ ပညာလာ၍စမ်းသော အောက်လမ်းပညာရှင်များနှင့်ပညာစွမ်းပြိုင်၍ အနိုင်ယူ ဆုံးမရခြင်း၊ ဆေးကုသခြင်းသာဆောင်ရွက်နေရသဖြင့်နေ့အိမ်မှာ သိပ်မနေဖြစ်ပေ။ အိမ်၌လာကုသော ဝေယာဂရှင်များကိုလည်း သားဖြစ်သူနှင့် လွှဲထားနိုင်သဖြင့်စိတ်သွားတိုင်းကိုယ်ပါ၍သာ နေလေတော့၏။ တစ်နေ့တွင် ဆရာလေးတို့ သားအဖနှစ်ယောက်လုံး မရှိချိန်တွင် အောက်လမ်းပညာသည် အမျိုးသမီးလေးဦးသည် ဆရာကတော်နှင့် စကားလာပြောနေလေတော့၏။ ဆရာကတော် ဒေါ်သွယ်လေးမှာတော့ ရန်သူစုန်းမနှင့် စကားပြောနေမှန်းပင် မသိပါချေ။

"အစ်မ – ဆရာလေးကိုမိုးအောင်နဲ့ ဆရာပေါက်စလေး ဘယ်သွားလဲ"

"ဆေးကုသွားကြတာနေမှာပေါ့ကွယ်၊ အစ်မလည်း မသိပါဘူး"

"ဆရာလေးကိုမိုးအောင်က ပညာအရမ်းစွမ်းတာပဲနော်"

"ဟုတ်တယ် – အစ်မရဲ့ ဒါနဲ့ ဆရာလေးက အကြောက်အလန့်လည်း မရှိဘူးနော်"

"ဟုတ်ပါရဲ့ – ဆရာကတော်ရယ် ကျွန်မဆိုရင် သိပ်ကြောက်တာတော့"

ဟုပြောရင် ရယ်မောနေကြတော ၏။ ဤသည်မှာ ဆရာလေးကိုမိုးအော ၏အားနည်းချက်ကိုလာရောက်၍စုံစ နေခြင်း ဖြစ်သည်။ ဆရာကတော်မှ မသိသဖြင့် မိမိယောကျ်ား၏ အားနည် ချက်၊ အားသာချက်များကိုရယ်မောစရ အဖြစ် သဘောထား၏။

"ဟုတ်မယ် – တစ်ခါတော့လမ် နစ်ဖက်က ချုံတွေထဲက ပျံလွှားငှက် ကလေးတွေ ထပျံတော့ လန့်သွာ ကြောင်း ပြောဖူးတယ်"

ဟု ပြောပြလိုက်လေတော့၏။

"ပျံလွှားငှက်တွေကို ဆရာတ ကြောက်တယ်ဟုတ်လား"

"ဟုတ်တယ်ရှင့်"

ထိုအခါ မိန်းမများသည် တစ် ယောက်မျက်နှာတစ်ယောက်အဓိပ္ပာယ် ပါပါကြည့်လိုက်ကြ၏။

ထိုနေ့ ညချမ်းအချိန်တွင် ဆရာ လေး ကိုမိုးအောင်သည် တခြားရွာမှ ဆေးကုလာပင့်သဖြင့် ဆေးလွယ်အိတ် ကိုလွယ်ကာ လာပင့်သူနှင့် လိုက်သွာ လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

တောလမ်းကလေးကား သာယာလှပေသည်။ ကျေးငှက်များ၏ တွန်သံ၊ မြည်သံ၊လေတိုးသံ၊သစ်ရွက်များလှုပ်သံသည် ပို၍တောက်ပြောင်စေသည်။ ဆရာလေး ကိုမိုးအောင်နှင့် တပည့်ဖြစ်သူသည် တောလမ်းအတိုင်း အေးအေးလူလူ လမ်းလျှောက်လာကြသည်။ ဝဲ၊ ယာနစ်ဖက် လမ်းတွင် ချုံပုတ်များက ရှုပ်ထွေးလှသည်၊ ထိုစဉ် ချုံပုတ်တစ်ခုမှ ပျံလွှားငှက်လေးကောင်သည်ရုတ်တရက် ထပျံထွက်သွားသည်။

“ဖလူး …”

“ဝူး”

“ဖလပ် - ဖလပ်”

ဆရာကိုမိုးအောင်သည်ရုတ်တရက် လန့်ဖျပ်ကာ လက်ထဲမှ ဆေးလွယ်အိတ်သည် လွတ်ကျသွားသည်။

“ဘုတ်”

“ဟာ”

“ဟင်”

ကိုမိုးအောင် ကြောင်အအ ငိုက်မိသွားစဉ် ထူးဆန်းသောပျံလွှားငှက်လေးကောင်သည် တစ်ဖန် ပြန်ကွေ့လာပြီး ကိုမိုးအောင်၏ ရင်ဘတ်ကို တွန်းတိုက်သွားကြတော့သည်။

“ဆရာ - သတိထား”

သို့သော် နောက်ကျသွားလေပြီ။ အောက်လမ်းပညာသည် လေးယောက်၏ မမြင်ရသော ကြောက်မက်ဖွယ်ကောင်းလှသည့် ပညာစားလေးလက်သည်ကိုမိုးအောင်ရင်ဘတ်သို့စိုက်သွင်းသွားလေပြီ။ ကိုမိုးအောင် အငိုက်မိသွားခြင်းဖြစ်သည်၊ လာရောက်ပင့်သူ လူနာရှင်ကထိုအဖြစ်အပျက်ကိုမသိလိုက်ပေ။ တပည့်က အတွေ့အကြုံအရ သိလိုက်လေပြီ။

“ဆရာရယ်”

ကိုမိုးအောင် သိလိုက်ပါသည်။ ချက်ချင်း သတိတစ်ချက် လွတ်သွားသဖြင့် တစ်သက်စာပြင်မရသောသင်ခန်းစာရလိုက်လေပြီကော။ ကိုမိုးအောင်သည် ရင်ဘတ်ကို လက်ဖြင့်ဖိရင်း လမ်းဆက်မလျှောက်နိုင်တော့ပေ။ လူနာရှင်အား …

“ကဲ - နောင်ကြီးကျုပ်ဆက်မလိုက်နိုင်တော့ဘူးဗျာ၊ ဒီဆေးတစ်ထုပ်တော့ ယူသွားပါ၊ လူနာကိုတိုက်ပါ၊ ပျောက်မှာပါ”

ဆေးထုပ်ပေးကာ ပြန်လှည့်လိုက်သည်။

✻

ကိုမိုးအောင်သည် တပည့်ဖြစ်သူနှင့်အတူ အိမ်သို့အင်အားချိနဲ့စွာပြန်လာသည်။ အိမ်သို့ရောက်လျှင် ဇနီး၊ သားနှင့် တပည့်များအားခေါ်ယူကာ ကြောင်းကျိုးစုံလင်စွာ ရှင်းပြလိုက်လေသည်။ စကားဆုံးသည်နှင့် ကိုမိုးအောင်သည် မိန်းမောနေလေသည်။

တစ်ဦးတည်းသားအား အနားသို့ခေါ်ကာ …

“သား - အဖေတော့ မနေရတော့ဘူးကွယ်၊ သားကို မှာစရာရှိတာ မှာပါရစေ”

သားငယ်သည် မျက်ရည်လည်ရွဲနှင့် …

“ပြောပါ - အဖေ၊ အဖေမှာတဲ့အတိုင်း သား မဖျက်မကွက် လုပ်ပါ့မယ်”

“သား - အိမ်ရှေ့မှာ သဲဖြူခင်း၊ ရာဇဝတ်ကာ၊ပြီးရင် တံခွန်လေးလုံးစိုက်ထား၊ ပြီးရင် ရွှေထီးလည်းမိုးထားပေးပါ၊ အဖေ့ဆေးတွေက အသုဘအိမ်ဖြစ်သွားရင် စွမ်းတော့ဘူး၊ ဒါကြောင့်တခြားအိမ်ကို ပို့ထားဖို့ လိုလိမ့်မယ်သား၊ တခြားအိမ်ကိုပို့ထားပါ”

သားငယ်သည်နားစိုက်ထောင်ရင်း ငြိတ်လျက်ရှိသည်။

“ပြောပါ - အဖေ”

“အေး - အဖေ - ဆေးလုံးလေးလုံးပေးထားမယ်၊ အဖေ့ အလောင်းကို သုံးရက်ထားပြီး မီးသင်္ဂြိုဟ်ပါ၊ မီးအရှိန်ကောင်းလာရင်ဆေးလေးလုံးကိုမီးပုံထဲကို သေသေချာချာပစ်ထည့်လိုက်ကွယ့်”

ဟု မှာကြားကာ နေရာမှာပင်လဲကျသွားသည်၊ အိမ်သားများက ဆရာမိုးအောင်၏ခန္ဓာကိုယ်ကိုအိပ်ရာပေါ်သို့ရွှေ့ပြောင်းပေးစဉ် ခဏအကြာလျှင် အမောဖောက်လာသည်၊ ချွေးစေးတွေ ပြန်လာသည်။ ထို့နောက် အိပ်ရာခင်းပေါ်သို့ တစောင်းလှဲထိုင်စဉ် သွေးများဝေါခနဲထိုးအန်ကာ သေဆုံးသွားရှာလေသည်။

✻

ဖြစ်ရပ်ကား မြန်ဆန်လှသည်။ ဆရာမိုးအောင်ကား ရုတ်တရက် သေဆုံးသွားသဖြင့်မိသားစုမှာ ဖြေမဆည်နိုင်ပေ၊ သားဖြစ်သူသည် ဖခင်အား သင်္ဂြိုဟ်သည့်နေ့တွင် မှာကြားသည့်အတိုင်း ဖြလုပ်ရန် ပြင်ဆင်ထားပေသည်၊ အဓိကမှာ ဆေးလုံးလေးလုံးကို တစ်သဝေမတိမ်း စီရင်ရန် စိတ်က စောနေသည်။

ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် ရပ်ရွာက အားကိုးရသည့်ဆရာ





www.burmeseclassic.com

www.burmeseclassic.com

မှိ အသုဘကား စည်ကားလှပေသည်၊ သချိုင်းမြေတွင် တစ်ရွာလုံးပြည့်နက်နေသည်၊ အားလုံး၏ မျက်နှာပြင်တွင် ကြေကွဲရိပ်က လွှမ်းမိုးနေသည်၊

မီးသဂြိုဟ်ပေပြီ၊

ထင်းပုံပေါ်တွင် ဆရာမိုးအောင်၏ ရုပ်အလောင်းက ပက်လက်ကလေး စန့်နေသည်၊ မီးတောက်များသည် တစ်စ တစ်စ အရှိန်မြင့်လာသည်၊ အလျှံညီးညီးဖြစ်လာလေသည်၊ မီးလျှံများသည် တဖျစ်ဖျစ်အသံမြည်ကာ လောင်ကျွမ်းနေပြီး မီးခိုးများက ကောင်းကင်သို့ ပျံတက်နေကြလေသည်၊

"သား - မီးပုံထဲကိုဆေးလုံးတွေပစ်ထည့်လိုက်"

ရုတ်တရက် နားထဲမှာအသံတစ်သံကြားလိုက်ရသည်၊ မိမိနားနားသို့ကပ်၍ ပြောလိုက်သလို ပီသထင်ရှားသော အသံဖြစ်သည်၊ အဖေ၏အသံ၊ ဆရာကိုမိုးအောင်၏အသံ၊

သားငယ်သည် လက်ထဲမှာ ကိုင်ထားသော ဆေးလုံးလေးလုံးကို အလျှံညီးညီးတောက်နေသော မီးပုံထဲသို့ ပစ်ထည့်လိုက်လေသည်၊

"ရှဲ"

"ဝုန်း"

သားငယ်သည် ရှဲခနဲလောင်ကျွမ်း သွားသော ဆေးလုံးများကို ငေးကြည့် ရင်း မည်သည့်ထူးခြားချက်များ ဖြစ်ပေါ် လာမည်လဲဟု ရင်တထိတ်ထိတ် စောင့် ကြည့်နေဆဲမှာပင် ရွာထဲမှ အမျိုးသမီး လေးယောက်သည် ထဘီမနိုင်၊ ပဝါမနိုင် ဖြစ်ကာ အူယားဖားယားဖြင့် သုသာန် သို့ ပြေးဝင်လာကြလေသည်၊ လူအား လုံး တအံ့တဩဖြစ်သွားကြပြီး ရှဲသွား ကြ၏၊

မိန်းမလေးယောက်သည် ဒေသွ ဒေသွးတန်း ပြေးဝင်လာကြပြီး လူအုပ် ကို တိုးဝှေ့ကာ မီးပုံရှိရာသို့ ပြေးလာ သည်၊

ထို့နောက် တရှိန်ရှိန်တော လောင်နေသော မီးစွယ်မီးလျှံများ အတွင်း မီးပုံထဲသို့ အလုအယက် ခုန် လိုက်ကြတော့လေသည် တကား။

"ဝုန်း"

"ဝုန်း"

"ဝုန်း"

"ဝုန်း"

"အား"

"အမလေး"

"အားဝူး"

"အူး

တစ်ရွာလုံးရှိ ပရိသတ်သည် ကြောင်အသွားကြသည်၊ အထိတ်တလန့် ဖြစ်သွားကြသည်၊ အာမေဍိတ်သံတွေ ညံစီသွားတော့သည်၊

"ဟင်"

"အမလေး"

"အလိုလေးဗျာ"

"ဟိုက်"

ဆရာမိုးအောင်သည်သူ၏အသက်ကို အကြောင်းမဲ့ လုပ်ကြံရန်ရှာသွားကြသည့် ရွာသူစုန်းမလေးယောက်ကို သူ၏အတူသေမင်းနိုင်ငံသို့သူ၏ပညာဖြင့် ခေါ်ဆောင်သွားခြင်းပေတကား။

ဤသည်မှာကျွန်တော်ငယ်ငယ်က ကြားသိဖူးသော ဇာတ်လမ်းတစ်ခုဖြစ် သည်၊ ယုတ္တိတန်သည် မတန်သည်တော့ အငြင်းမပွားလိုပါ၊ ယုံကြည်ရမည် ဟူ၍လည်း မဆွဲဆောင်လိုပါ၊ ဟယ် ပေါ်တာလို မှော်ကား၊ စုန်းကားများ ကြည့်ရကောင်းသလို ကျွန်တော်တို့ မြန်မာပြည်၌လည်း မှော်စုန်းဇာတ်လမ်း ကောင်းများလည်း ကမ္ဘာနှင့် ရင်ပေါင် တန်းကာ ရှိပါသည်ဟု ပြောကြားလိုခြင်း သာ အဓိက ဖြစ်ပါတော့သည်၊

မောင်လင်း

- ကျွဲနှစ်ကောင်ခတ်နေသည်ကို မြင်ပါက ရှိုးရာနတ်များက မကျေနပ်၍ နှောင့်ယှက်တတ်သည်။ သို့မဟုတ် မိမိကို မကျေနပ်သူက နတ်စုန်းတို့နှင့် တိုက်တတ်သည်။
- ဘဲကို သတ်နေသည်ကိုတွေ့ ပါက ငွေကြေးအလိမ်ခံရတတ်သည်။ သို့မဟုတ် ငွေကြေးဆုံးရှုံးတတ်သည်။
- မြင်းကိုမတွေ့ရဘဲ မြင်းဟီသံကြားရလျှင် အမှုကိစ္စများ အောင်နိုင်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com






တောပန်းရနံ့တို့ဖြင့် မွှေးထုံနေသော လေစီးကြောင်းသည် ညကို မွှေးမြစွာ နှုတ်ဆက်လေသည်။ မြစ်ပြင်ကိုဖြတ်ကာ တိုက်ခတ်နေသောလေသည် ဆောင်းရနံ့မကုန်သေးကြောင်း သိသာ၏။ လဆန်းရက်ဖြစ်သဖြင့် လရောင်နုနုသည် ပြည့်ပြည့်ဝဝ မလင်းပြက်ချင်သေးပေ၊ ကြယ်ရောင်သာ ထွန်းပလျက်ရှိသည်။ လှိုင်းလေငြိမ်သက်နေသဖြင့် လရောင်နုနုမထင်မရှားသာ မြစ်ပြင်ပေါ်တွင် တလက်လက် လှုပ်လှိုမ့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြစ်ရေသည် အနောက်ဘက်သို့ စုန်ရွေ့လျက်ရှိသည်။ မြစ်၏ ဝဲယာနှစ်ဖက် မြစ်ကမ်းပေါ်တွင် တောအုပ်များ၊ ကွမ်းသီးခြံ၊ ငန်းခြံများသည် မှုန်ပျပျ လရောင်အောက်တွင် ငေးငြိမ်လျက်ရှိ၏။ ညသည် တိတ်ဆိတ်လွန်းလှသည်။ တစီစီမြည်နေသော ပိုးပုရွက်ကောင်များ၊ မြေတွင်းအောင်းပုရစ်ကောင်များ၏ အသံသာ အခါမလပ် ရံဖန်ရံခါသာ မြစ်ပြင်ကိုဖြတ်ကာ ညဥ့်ငှက်တွေဖြတ်သန်း ပျံနေကြသည်ကို တွေ့ရတတ်သည်။

မြစ်၏ တံတောင်ဆစ်ချိုးကွေ့တွင် လှေကြီးတစ်စင်း ရုတ်တရက်ပေါ်လာသည်။ လှေကြီးသည် စပါးတစ်ရာခန့် ဆန့်မည့် လှေကြီးဖြစ်ပြီး စက်တပ်ဆင်ထားသော လှေကြီးဖြစ်ပုံရသည်။ လှေသည် မီးမှိတ်ပြီး တိတ်တဆိတ်မျောလာပုံက ထူးခြားသည်ဟု ဆိုရပေမည်။ ရေစုန်ကိုမှီကာ မျောလာခြင်းဖြစ်သည်။

လက်နှိပ်ဓာတ်မီး မီးရောင်လက်လက်သည် မြစ်ကမ်း၏ ဝဲယာကို ပြေးလွှားလျက်ရှိသည်။ မရေးမနှောင်းမှာပင် ပေါင်းမိုးထဲမှ နောက်ထပ်လူနှစ်ယောက် ထပ်ထွက်လာပြန်သည်။ သူတို့နှစ်ယောက်သည် အသက် (၃၀)ခန့် လူလတ်ပိုင်းအရွယ် ဖြစ်သည်။ လက်နှိပ်ဓာတ်မီးကိုင်ထားသူကတော့ အသက်လေးဆယ်ကျော်ငါးဆယ်နီးပါးခန့်ရှိမည် ထင်သည်။

"အောင်မျှင်နဲ့ ဖိုးတုတ်"

"ခင်ဗျာ"

"ဟုတ်ကဲ့ခင်ဗျ - ဦးထွန်းအိမ်"

လူငယ်နှစ်ယောက် ဆီမှ တ[ပြိုင်]တသေ အသံထွက်ပေါ်လာသည်။

"ဒီကို လာကွ - ငါပြောတဲ့ နေရာ ရောက်ပြီ"

အောင်မျှင်နှင့်ဖိုးတုတ်သည်ခေါင်း[...] လာရာဆီသို့အပြေးအလွှားရောက်[...] ကြသည်။ လှေကြီးသည် ပြေးလွှားသည့် အရှိန်ကြောင့် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်[...] လှေဝမ်းဗိုက်ကို လှိုင်းက တဖျပ်ဖျပ်[...] ရိုက်သည်။ လေက တသုန်သုန် တိုး[...] ခတ်လျက်ရှိသည်။

အောင်မျှင်နှင့် ဖိုးတုတ်သည် ထွန်း[...] အိမ်နားတွင် ခပ်ရိုရိုကလေး ရပ်နေကြ[...] မှာ ကျောင်းအုပ်ဆရာကြီးရှေ့မှော[...] သို့ အပြစ်အနာဖြင့် ရောက်လာသော ကျောင်းသားသူငယ်နှစ်ယောက်နှင့် အလွှာနှစ်ယောက်ကျွန် အသွင်တူသည်။ သူတို့နှစ်ယောက် သည် လက်နှစ်ဖက်နောက်ပစ်ရင်း ...

"ဦးထွန်းအိမ် ပြောလေ၊ ကျွန်တော် တို့ နားထောင်နေပါတယ်"

ထွန်းအိမ်သည် မြစ်ကမ်းစပ်ရှိ ခနီ [...]င်များ၊ ခရာဆူးချုံပင်များကို ဓာတ်မီး [...]ဖြင့် ဝေ့ဝဲထိုးရင်း မြစ်ကမ်းအတွင်းပိုင်းရှိ [...]ရာမလက်ခုပ်ပင်ကြီးကို ဓာတ်မီးဖြင့် [...]ှမ်းထိုးလိုက်လေသည်။

"ဒီလက်ခုပ်ပင်ကြီးက လွန်ခဲ့တဲ့နှစ် (၂၀)လောက်က ငါ့တစ်ရပ်ကျော်ကျော် [...]ရှိသေးတယ်။ ခုတော့ အပင်ကြီးဖြစ်နေ [...]ပြီပေါ့ကွာ။ အဲ - ဟောဟို - ထန်းပင် - [...]ကြည့်"

ထွန်းအိမ်က လယ်တစ်ကွက်စာ [...]ကွာအဝေး လက်ခုပ်ပင်နှင့် ခပ်လှမ်း [...]ရှိမြင့်မားသန်မာလှသည့် ထန်းပင် [...]ငိုးတိုင်းကြီးကို ဓာတ်မီးဖြင့် ထိုးပြ [...]

"ဒီထန်းပင်ကလည်း လွန်ခဲ့တဲ့ နှစ် [(၂]၀)လောက်ကဆိုရင် ဝါးတစ်ပြန်စာ [...]ောက်ပဲရှိတာ။ ခုတော့ ကြည့်ကြစမ်း [...]။ ဟော့ကောင်တွေ - ထန်းရည်ချို ထန်းရေခါးတောင် ထွက်နေပြီကွ။ ငါ့ ဦးနှောက်ထဲမှာ ဒီအပင်နှစ်ပင်က အရေးကြီးတယ်။ အောင်မျှင်နဲ့ ဖိုးတုတ် - ဒါ ဒါ ဘယ်တော့မှ မမေ့တဲ့ အမှတ်အသားပဲ။ ဒီအမှတ်အသားနှစ်ခုကို ငါမမှတ်မိတော့ဘူးဆိုရင် တို့ကိစ္စ တို့မျှော်လင့်တဲ့ကိစ္စတာ ရေထဲ အရုပ်ရေးသလိုပဲကွ။ ဘာမှ အရာထင်မှာမဟုတ်ဘူး"

အောင်မျှင်နှင့် ဖိုးတုတ်က မြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။ ထိုစဉ် ခပ်ဝေးဝေး မြစ်ပြင်တစ်နေရာမှ ငါးပွက်သံကြားလိုက်ရသည်။ မြစ်ရေက တတွတ်တွတ် စီးနေဆဲ။

"အဲဒီလက်ခုပ်ပင်နဲ့ ထန်းပင်ကြားမှာ ပြဿနာဖြစ်သွားတာပဲကွ။ ဒီနေရာမှာ လှေမြုပ်သွားတာ။ ပြီးတော့ - ပြီးတော့"

ထွန်းအိမ်သည်စကားကိုမဆက်ဘဲ ခေတ္တရပ်ထားသည်။

"လွန်ခဲ့တဲ့နှစ် (၂၀) ခေတ်ပျက်နေချိန်ပေါ့ကွာ"

သုံးယောက်ကြားမှာ စကားသံ တိတ်ဆိတ်သွားပြန်သည်။ အောင်မျှင်နှင့် ဖိုးတုတ်သည် ထွန်းအိမ်ကိုနား





www.burmeseclassic.com

မလည်ဟန်ဖြင့်လရောင်မှုင်မှုင်အောက် တွင်ငေးကြည့်နေသည်။ ကမ်းပါးစောက်ရှိ သစ်ပင်တွေကပါ ရုတ်တရက် လေမတိုက်ဘဲ လှုပ်ရှားသွားသလို ခံစားသိဖြင့်သိလိုက်ရသလိုရှိသည်။ လွန်ခဲ့သည့်နှစ် ၂၀ ကဆိုလျှင်အောင်မှုင်နှင့်ဖိုးတုတ်တို့သည် နို့နံ့မစင်သေးသည့် ကလေးသာသာမျှသာရှိဦးမည် ထင်သည်။

"မင်းတို့ - ငါ့အကြောင်းကိုတစ်စွန်းတစ်စတော့ သိကြမှာပေါ့ကွာ။ ဟုတ်ဖူးလား၊ အဲဒီကိစ္စကြီးနဲ့ ငါ ထောင်ကျသွားတယ်။ အင်း - သေကံမပါတော့ ကြိုးမိန့်ကလွတ်ပြီးတစ်သက်တစ်ကျွန်းကျသွားတာပေါ့ကွာ။ ငါ ဒီနေရာကို ဘာဖြစ်လို့ ညမှောင်မှ မင်းတို့နှစ်ယောက်ကို တိတ်တဆိတ်ခေါ်လာရသလဲဆိုတော့မင်းတို့နှစ်ယောက် အကူအညီမပါဘဲနဲ့ ငါ့ကိစ္စကြီး မအောင်မြင်နိုင်ဘူးဆိုတာရယ်၊ ပြီးတော့မင်းတို့ကိုငါ့သွေးသားတွေကြောင့်ယုံကြည်စိတ်ချပြီး ဒီနေရာကို ခေါ်လာရတာပဲကွ"

အောင်မှုင်နှင့်ဖိုးတုတ်သည်ခေါင်းတစ်ချက်ညိတ်လိုက်ကြသည်။ အောင်မှုင်သည် ထွန်းအိမ် မိန်းမ၏ အငယ်ဆုံးမောင်တော်စပ်ပေရာ ထွန်းအိမ်၏ ယောက်ဖအငယ်ဆုံးဖြစ်သည်။ ဖိုးတုတ်ကတော့ ထွန်းအိမ်၏ ညီတစ်ဝမ်းကွဲတော်စပ်သူ၏ သားဖြစ်ရာ တူတော်စပ်ပေသည်။ ဘာပဲဖြစ်ဖြစ် သိပ်သည်းလျှို့ဝှက်သောကိစ္စကြီးတစ်ခုကို ပြုလုပ်ဆောင်ရွက်ရတော့မည်ဆိုလျှင် သွေးသားတော်စပ်ခြင်းက စိတ်ချယုံကြည်ရသည်ဟုထွန်းအိမ်တစ်ထစ်ချယုံကြည်ထားသောကြောင့်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က သည်ပေတောကုန်းရွာတွင် ကြီးမား သော ရာဇဝတ်မှုကြီးတစ်ခု ဖြစ်သွား ပေရာ အဓိကတရားခံမှာ ထွန်းအိမ်ဖြ ကြောင်း မည်သူမျှ ငြင်းစရာမလိုေ တစ်နယ်လုံး၊ တစ်ရွာလုံး သိကြသေ မှုခင်းကြီးတစ်ခု ဖြစ်ပေသည်။ အ ကြောင့် ထွန်းအိမ် တစ်ကျွန်းသို့ရော သွားသည်ကအစ သိမီသူများဖြ သည်။ ယခုတော့ ထွန်းအိမ်ဟုဆ နာမည်၏ရှေ့တွင် ကျွန်းပြန်ကြီးဟုဆ ဂုဏ်ပုဒ်က တစ်ရွာလုံး တစ်နယ်လုံး ဖိန့်ဖိန့်တုန် လှုပ်စေသည် ဝိသေ လက္ခဏာဖြစ်ခဲ့ပေပြီကော။ ထို့အ



လည်း ထွန်းအိမ်သည် ဂုဏ်ယူလိုဟန် လက္ခဏာသည် သူ့မျက်နှာပြင်တွင် အထင်းသားပေါ်လွင်နေတတ်သည်။

တစ်ကျွန်းပြန် ထွန်းအိမ် - ထွန်းအိမ် တစ်ကျွန်းပြန်။

ယခုတော့ တစ်ကျွန်းပြန် ထွန်းအိမ်သည်ကျွန်းမှပြန်လွတ်မြောက်လာသည်မှာ တစ်လလောက်ပင် ရှိသေးသည်။ ထွန်းအိမ် ဘယ်သွားသွား၊ အရက်ဆိုင်ပဲ သွားသွား ခနီရည်ဆိုင်ပဲဝင်ဝင် လောကွတ်ပျူငှာသူနှင့် နေရာပေးရသူနှင့် နှုတ်ဆက်ရသူနှင့်ဆိုတော့ ထွန်းအိမ် သွေးနားထင်ရောက်ကာမြောက်ချင်ချင် ဖြစ်သွားမိသည်။ ကျွန်းမကျခင်ကာလက ထွန်းအိမ်ကို ဂရုမစိုက်သော၊ ဘာသိဘာသာ နေတတ်ကြသော လူအချို့ပင် ကျွန်းပြန်ကြီး ထွန်းအိမ်ကို မြင်တော့ ခေါ်ခေါ်ပြောပြော၊ တလေးတစား နှုတ်ဆက်စပြုတတ်လာပြီ။ ဒါမှမဟုတ် ထွန်းအိမ်လို လူသတ်မှုရာဇဝတ်ကောင်နှင့် ပြဿနာမဖြစ်စေလို၍ခင်မင်ရင်းနှီးဟန်လက္ခဏာပြတာလည်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ထွန်းအိမ်၏ ကျွန်းပြန်ဟူသော ဂုဏ်ပုဒ်ကတော့ တစ်ဖက်လူကို ရွံ့စေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ဖိုးတုတ်ကပင် စတင်၍ စကားဆိုလာသည်။

"ကျွန်တော်တို့လည်း ဦးထွန် အကြောင်းကို အဖေတို့ ပြော သိသင့်သလောက်တော့ သိပါ ဦးထွန်းအိမ် လူသတ်မှုနဲ့ သေဒ လွတ်ပြီး တစ်ကျွန်းကျတဲ့အကြေ အဲဒီလောက်ထိပဲ သိပါတယ်"

လေပြည်က တဖြည်းဖြည်း စက်လာသည်။ ကမ်းစပ်ရှိ သစ်ပင် ကို တရှဲရှဲမြည်အောင် တိုက်ခတ် လေသည်။

"တဲ - အောင်မှုင်တော - မင်း ပတ်သက်လို့ ဘာကြားသလဲပြော

အောင်မှုင်သည်တစ်ချက်မှုေ တွေဝေသွားပြီး ...

"ကျွန်တော်လည်း ဖိုးတုတ် ပြ သလောက်ပါပဲ ခင်ဗျ။ ဦးထွန်းအိမ် ဒဏ် ကလွတ်ပြီး တစ်ကျွန်းကျ အကြောင်း၊ နှစ် (၂၀)ကြာမှ လွတ်ငြိ ချမ်းသာခွင့်နဲ့ လွတ်လာတဲ့အကြေ ဒီလောက်ပဲ ကျွန်တော် သိပါတယ်"

ထွန်းအိမ်သည်တစ်ချက်ပြုံးလို သည်။

"တဲ - ဖိုးတုတ် - မီးအိမ်ထွန်းစမ်း ပြော် - ဒီနေရာမှာ ကျောက်ဆ လိုက်၊ မင်းတို့ မသိတာတွေပြောမ

www.burmeseclassic.com

ရှိတယ်၊ ဘာဖြစ်လို့ဒီကိစ္စတွေကိုမင်းတို့နှစ်ယောက်ကို ပြောနေရတယ်၊ ဒီလိုညမှောင်မှောင်ထဲမှာ စပါးလှေကြီးနဲ့ ဒီကိုခေါ်လာရသလဲ ဆိုတာ မင်းတို့ကို ငါယုံကြည်လို့ မင်းတို့နဲ့ အလုပ်တွဲလုပ်ဖို့ မင်းတို့ကလည်း ငါ့ကို သစ္စာရှိရှိ ကတိတည်ပြီး တစ်ကိုယ်ကောင်းမဆန်ဖို့ လိုတယ်ကွာ"

အောင်မျှင်နှင့်ဖိုးတုတ်သည်အသီးသီး ခေါင်းညိတ်လိုက်ကြသည်၊

"ကဲ - ဖိုးတုတ်၊ မီးအိမ်တစ်လုံးထွန်းကွာ၊ အစအဆုံး ငါ ရှင်းပြမယ်၊ မင်းတို့နှုတ်လုံဖို့ လိုတယ်၊ သေသေချာချာ သိရဖို့ လိုတယ်၊ ရရှိလာမယ့် အကျိုးအမြတ်ကိုတော့ ငါ မင်းတို့ကိုပြောပြပြီးလို့ အစ်ကြောင်းထပ်နေပြီ၊ ဖြစ်စဉ်အစအဆုံးကို ငါပြောပြမယ်၊ ငါ ဘာကြောင့် လူသတ်မှုနဲ့ တစ်ကျွန်းကို ရောက်သွားရသလဲ ဆိုတာ ဒီလိုလေ"

❋

ဒုတိယကမ္ဘာစစ်၏စစ်ငွေ့မီးလျှံကတောက်လောင်လုဆဲဆဲ ဖြစ်နေပေ၏၊ တစ်ကမ္ဘာလုံး မငြိမ်မသက်နှင့် စစ်ပြင်ဆင်နေပေပြီကော၊ ကမ္ဘာစစ်၏ မီးတောက်မီးလျှံသည် ဥရောပအာရှနိုင်ငံများကိုသာမက မြန်မာပြည်ကိုပင် ကူးစက်လောင်ကျွမ်းစပြုလာပြီဖြစ်ရာ တစ်တိုင်းပြည်လုံး မငြိမ်မသက်ဖြစ်နေကြလေပြီ၊ ဂျာမဏီ၊ အီတလီ၊ ဂျပန် စသည့် ဖက်ဆစ်၊ နာဇီအုပ်စုက တစ်ဖက်၊ အမေရိကန်၊ အင်္ဂလိပ် စသည့် မဟာမိတ်တိုင်းပြည်များက တစ်ဖက် ကမ္ဘာလုံးကြီးကို မီးရှို့ကြရန် စောင့်နေကြရပေတကား၊ မြို့နေ လူတန်းစားသည်လည်းကောင်း၊ တောနေလူ တန်းစားသည် လည်းကောင်း မိမိတို့၏ အသက်စည်းစိမ်ကလေး မပျက်စီးစေစိမ့် သောငှာ အတွက် နီးစပ်ရာဆွေမျိုးမိတ်သင်္ဂဟများရှိရာ မြို့ရွာများဆီသို့ အသီးသီး ရွှေ့ပြောင်းနေကြလေသည်၊

မြန်မာပြည်တွင် မျိုးချစ်သူရဲကောင်းများ၊ တော်လှန်ရေးရဲဘော်များ တိုင်းရင်းသားများသည် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဘီအိုင်အေတပ်မတော်၏ကွပ်ကဲမှုဖြင့် ဖက်ဆစ်ဂျပန်ကိုမြန်မာပြည်မှ တွန်းလှန်မောင်းထုတ်ရန် နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှားနေကြလေပြီ၊ မြေပေါ်မြေအောက်အဖွဲ့အစည်းများ၏လှုပ်ရှားမှုက စစ်ပြင်ဆင်မှုများ လက်နက်စုဆောင်းမှုများဖြင့် လှုပ်ရှားလျက် ရှိသည်၊

ရှမ်းကွင်းကြီး သူကြီး ဦးအောင်ရသည် ရွာကိုစွန့်ခွာ၍ နီးစပ်ရာမြို့တစ်မြို့ရှိ ဆွေမျိုးသားချင်းများဆီသို့ စစ်ရှောင်ရန် သို့တည်းမဟုတ် အုပ်ချုပ်ရေး လျှော့ရဲသွားသည်နှင့် လူဆိုးသူခိုးများ၏ရန်ကို ရှောင်ရန်နှင့် ဖက်ဆစ်ဂျပန်ကို မြန်မာပြည်မှ တွန်းလှန်မောင်းထုတ်ရန် နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှားနေကြပေပြီ၊ မြန်မာ့မျိုးချစ်သူရဲကောင်းများကလည်း မြေပေါ်မြေအောက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုက ပြင်ဆင်မှုများ လက်နက်စုဆောင်းမှုများဖြင့် လှုပ်ရှားလျက် ရှိကြသည်၊

ရှမ်းကွင်းကြီး သူကြီးဦးအောင်ရသည် ရွာကို စွန့်ခွာ၍ နီးစပ်ရာ မြို့တစ်မြို့ရှိ ဆွေမျိုးသားချင်းများဆီသို့ စစ်ရှောင်ရန် သို့တည်းမဟုတ် အုပ်ချုပ်ရေး လျှော့ရဲသွားသည်နှင့် လူဆိုးသူခိုးများ၏ ရန်မှ တိမ်းရှောင်နိုင်ရန် ဇနီးဖြစ်သူ ဒေါ်စိမ်းနှင့် တိုင်ပင်ပြီးပေပြီ၊ ဒေါ်စိမ်းကလည်း လိုလိုလားလားလက်ခံသည်၊ စစ်ဖြစ်၍ဥပဒေ ချိုးသွားသည်နှင့်၊ အစိုးရ၏ အုပ်ချုပ်ရေး ယန္တရား ပျက်စီးသွားသည်နှင့် သတ်ကြဖြတ်ကြ လုယက်ကြတော့မည်၊ ဓားပြတွေ တစ်စခန်းထကြတော့ ထိုအခါမိမိအသက်ကိုဖက်နှင့်ထုပ် ရမည့်အရေး ဖြစ်ပေရာ မည်သူတ အသက်အိုးအိမ်ကို လုံခြုံပါမည်ဟု ခံမပေးနိုင်ပေ၊ ထို့ကြောင့် နီးစပ် ပေါ်တက်၍ စစ်ရှောင်လူဆိုးဓားပြ ရှောင်တိမ်းရသည်တသာ မှန်ကန် ဆုံးဖြတ်ချက်ဟုယူဆပြီးရွာကိုစွန့် ပြင်ဆင်ကြရခြင်း ဖြစ်သည်၊

သူကြီး ဦးအောင်ရသည် ရွာကို ခွာ၍ မြို့ပေါ်တက်ရန် ဆုံးဖြတ်ချက် ဇနီးမှလွဲ၍မည်သူ့ကိုမျှအသိမပေး အနည်းငယ်မျှပင် မရိပ်မိစေရ၊ ၎င် သည် လွန်မင်းစွာ အရေးကြီးသော တစ်ရပ်ဖြစ်သည်၊ သေရေးရှင်ရေး အရေးကြီးသော မိသားစုအရေး သည်၊ ရွာသူရွာသားများ၏ သူ ဦးအောင်ရသည်တစ်ကိုယ်ကောင်း စွာ ရပ်ရွာကိုစွန့်၍ ထွက်ခွာသွား ဟူသော အမြင်မျိုးကို မမြင်စေရ၊ မ မထင်စေရ၊ နောင်ကြာမှသာ သိလျှင် စေတော့၊ ထင်ချင်သလိုထင်စေတော့

ဦးအောင်ရသည်လုံချည်တို ကာအိမ်အနောက်ဘက်သို့ထွက်လို




www.burmeseclassic.com

www.burmeseclassic.com

သည်။ အုန်းခြံ၊ ကွမ်းသီးခြံတွေအနောက် ဘက်ရှိ ရိုးပြတ်လယ်ကွင်းပြင် တစ်မျှော် တစ်ခေါ်သည် သူပိုင်ဆိုင်သော လယ် ကွက်တွေသာ ဖြစ်သည်။ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်လာသော စည်းစိမ်တွေသာ ဖြစ် သည်။ ရွာထဲတွင် သူ၏ အိမ်သာပျဉ် ထောင်သွပ်မိုးနှင့် အကြီးမားဆုံး ဖြစ် သည်။ ပြီးတော့ ခြံကျယ်ကြီးကလည်း ပေ (၄၀၀) ပတ်လည်ခန့် ရှိသည်။ ပြီး တော့ ခြံဘေးမှကပ်၍ မြစ်ထဲသို့ စီးဝင် နေသော မြစ်လက်တက်ချောင်းအစွယ် လေး ရှိသည်။ ထိုချောင်းသွယ်သေး သေးကလေးကပင် တစ်နှစ် တစ်နှစ်ဆို လျှင် ငါးပိသာချိန် ထောင်နှင့်ချီ၍ ရသည်ဆိုလျှင် မည်သူမျှ မယုံနိုင်မည် ထင်။ ထို့မျှအထိ သူကြီးဦးအောင်ရသည် စီးပွားဖြစ်ခဲ့သည်။ ကျိုကျိုတက် ချမ်းသာ လာရသည့်တောသူဌေးကြီးဟုပင်ဆိုနိုင် သည်။ လယ်မြေဆီမှ စပါး၊ ခြံထဲမှ အုန်း၊ ကွမ်းသီး၊ မာလကာ ရာသီစာ၊ ပန်း စသည့် စသည်ဖြင့် ဝင်ငွေရှင်ခဲ့သော တောသူဌေးသူကြီးတစ်ယောက်ဟု တိတိကျကျ ဆိုနိုင်သည်။

သို့သော် သူကြီးဦးအောင်ရနှင့် သူကြီးကတော် ဒေါ်စိမ်းတွင် သားသမီး မထွန်းကားချေ။ တူ၊ တူမများသာ အဖော် အလျော့အဖြစ် ခေါ်ထားခြင်း ဖြစ်သည်။ သည့်အတွက် သားသမီးမထွန်းကား သည့်အလျောက် သုံးမည့်ဖြုန်းမည့်သူ မရှိပေရာ ပစ္စည်းဥစ္စာရတနာသည် တိုးပွားရင်း တိုးပွားလျက်သာ ရှိပေ သည်။

ဘာပဲဖြစ်ဖြစ် မိမိ၏ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သည်သာမက တစ်ရွာ လုံးကို အုပ်ချုပ်ထိန်းကြပ်ရသည့် အာ ဏာရသူကြီး ဖြစ်ပေရာ သည်လိုဘ အခြေအနေ၊ ဘုရင်တစ်ဆူလိုနေခဲ့ရ သည့် အခြေအနေများကို စွန့်ခွာကာ မြို့ အရပ်သို့ ထွက်ခွာရမည့်အရေးသည် ကြီးစွာသော စွန့်စားမှုကြီးတစ်ရပ်ဟု ဆိုနိုင်သည်။ သည်ကြားထဲမှာ သာယာ ကုန်းသူကြီးကို ဓားပြအုပ်စုက ပြန်ပေး ဆွဲသွားသည့်သတင်းကလည်းထွက်နေ သေးသည်။ ပြီးနောက် ဟိုရွာ သည်ရွာ မှာ ဓားပြတိုက်သည့် သတင်းတွေက လည်း နေ့စဉ်လိုလို ကြားနေရသည်။ ခေတ်ပျက်စပြုနေချိန်တွင် ဓားပြများ တောကြောင်များကလည်း မြေပုရွ



ပင်းမှောင့်၊ ဓားပြများသည် ပစ္စည်းယူ ည်သာမက လူသတ်မုဒိမ်းကျင့်သည် အထိ အတင့်ရဲလာကြလာသည်။

သူကြီးဦးအောင်ရသည် မွေးရပ်မြေ ကို စွန့်ခွာကာ မြို့ပေါ်တက်ရမည့်အရေး ကို ရင်လေးလျက်ရှိသည်။ သို့သော် ခေတ်ကြီးကား ပျက်စပြုနေပြီကော။ ကြာလျှင် မိမိအသက်စည်းစိမ်ကို သိရှိ နေပြီဖြစ်သော လူဆိုးသူခိုး မုဒိမ်းဓားပြ များသည် မိမိတို့ ပါးစပ်ပေါက်နားသို့ ရောက်လာသော ငါးကင်ကို မကိုက်ဘဲ ရှောင်လွှဲကြမည် မဟုတ်ပေတကား။

ဦးအောင်ရသည် တစ်မျှော်တစ် ခေါ်လယ်ကွင်းအုန်းခြံတွေကိုကြည့်ရင်း မိမိ ထွက်ခွာရမည့်ရက်ကို စိတ်ထဲမှ တွက်ချက်လျက် ရှိသည်။ ရပ်ရွာငြိမ်ဝပ် ပြားပြီး အေးချမ်းမည့်အချိန်တွင် ပြန် လာရမည့်ရက်ကိုပါစိတ်ကူးနှင့်တွက်ဆ နေရသေးသည်။ ထိုအေးချမ်းသာယာ မည့် ကာလသည် တစ်နှစ်လား၊ နှစ်နှစ် လား မခန့်မှန်းနိုင် မသိနိုင်။

သူ့အာရုံက ဟိုးဝေးဝေးကွင်းစပ်ရှိ လယ်စောင့်တဲဆီသို့ အာရုံလွင့်နေ သည်။ လယ်စောင့်တဲတွင် ကောက်ရိုးပုံ နှစ်ပုံ ရှိသည်။ တဲ၏ ခေါင်မိုးပေါ်တွင် အညွန့်တလူလူလွင့်ပျံ၍တက်နေသော ဘူးပင်ကို ရွက်စိမ်းတွေ တဖားဖားနှ လှမ်းမြင်နေရ၏။ တဲ၏ နောက်ဖေးတွင် မီးခိုးအူထွက်နေသည်။ လယ်စောင့်ရှ လယ်သူမသည် ထမင်းဟင်းချက်ပြုတ် နေပေလိမ့်မည်။ ခွေးဟောင်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ စိမ်းပြာရောင်ငှက် တစ်ကောင် နိမ့်ချည်မြင့်ချည်ဖြင့် လယ ကွင်း ကို ကန့်လန့်ဖြတ်ကာ အနောက် ဘက် တောအုပ်ဆီသို့ ပျံသန်းသွား သည်။ ခဏကြာလျှင် တရှိန်ရှိန်လေချွန်သံ ပြု၍ ခြေတံရှည် ဝမ်းဘဲနီစစ်စလီငှက် တွေ အုပ်စုဖွဲ့ကာ မြစ်ဘက်သို့ ပျံသွား သည်ကို သူ မော့ကြည့်လိုက်မိသည်။ ခြံ တွင်းရှိ အုန်းပင်တွေကို လေတိုးသဖြင့် တရှဲရှဲမြည်သံ သည် သူ့အတွေးကို ပို၍ နက်စေလေသလော မပြောတတ်ပေ။

ထိုစဉ် အနောက်ဘက်မှ ခြေသံနှင့် အတူ ခေါ်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

"အဘ - အဘ - အဘ"

သူ လှည့်ကြည့်လိုက်သည်။ ထွန်း အိမ် ...

သူ့ရင်းငှား ထွန်းအိမ်၊ အသက် (၂၀)၊ အရွယ်နှင့် မလိုက်ဖက်စွာ ခန္ဓ ကိုယ် တောင့်တင်းခိုင်မာပြီး ကျွဲတစ်



www.burmeseclassic.com

www.burmeseclassic.com

တောင်းနွားတစ်ကောင်လိုခွန်မိုးဆောင်း
ရှောင် အလုပ်ကြမ်းလုပ်နိုင်သည်၊
လယ်ယာကိုင်းကျွန်းခြံမြေလုပ်ငန်းသာ
ကတံငါအလုပ်ပါလုပ်နိုင်သည့်ထောင်
ချကျပြားကျကျလူငယ်ကလေးဖြစ်ရာ
ဦးအောင်ရ၏ အားအကိုးရဆုံးသော
ယ်မွေးခြံပေါက်ဟု ဆိုနိုင်သည်၊

စိတ်ချရသောလူယုံဟုလည်းပြော
နိုင်သေးသည်၊

"အဘ - ကျွန်တော် လေ့ပြင်ထား
ပြီးပြီ"

"ဟုတ်ပြီ - ဟုတ်ပြီ - မင်း - ထမင်း
စားဦးလေ - ထွန်းအိမ်"

"စားပြီးပြီ - အဘ၊ ကျွန်တော် ရွာ
ထိပ်သွားလိုက်ဦးမယ်"

"သွား - သွား - သိပ်လည်းရှည်ရှည်
ဝေးဝေး လျှောက်မသွားနဲ့ဦး။ တို့ မနက်
စောစော ထွက်မယ်ဆိုတာ မင်း သတိ
ချပ်ဦးကွ"

ထွန်းအိမ် ခေါင်းတစ်ချက်ညိတ်
လိုက်သည်၊ ဦးအောင်ရသည် ဆေးပြင်း
လိပ်ကို တစ်ချက်နှစ်ချက် ဖွာသည်၊
ထွန်းအိမ်၏ အကြည့်က ဦးအောင်ရ၏
ဆေးပြင်းလိပ်ညှပ်ထားသော လက်ညှိုး
နှင့် လက်ခလယ်ဆီသို့သာ အကြည့်
ရောက်နေမိသည်၊ ဦးအောင်ရ၏ လက်
ခလယ်တွင်ဝတ်ထားသော ဆီးသီးရေ
ခန့်စိန်လက်စွပ်က နေရောင်တွင်ဖျပ်ခနဲ
လက်သွားသည်ကို မျက်နှာလွှဲလိုက်
သည်၊ သို့သော် မကြည့်ပါဘဲ လျက်
အာရုံထဲမှာ မြင်နေရသည်၊ ဦးအောင်ရ
သည် ထွန်းအိမ်ကို စိတ်မချဟန်ဖြင့် မှာ
ဖြစ်အောင် မှာလိုက် သေးသည်၊

"မင်း - ဒီညဒီမှာအိပ်နော်၊ မင်းအိမ်
မပြန်နဲ့ ကြားလား"

"ဟုတ်ကဲ့ - အဘ - စိတ်ချပါ"

ထွန်းအိမ် လှစ်ခနဲ ပြန်ထွက်သွား
သည်၊

ညသည် မှုန်ရီအေးစက်ပင် ရှိသေး
သည်၊ အရှေ့ဘက် ဆီမှ မိုးသောက်
ရောင်နီပျို့အန်ဖို့ အချိန်လိုပေသေး
သည်၊ မြစ်ကမ်းဆီသို့ လှိုင်းပုတ်သံ
တဝုန်းဝုန်း ကြားနေရသည်၊ ပတ်ဝန်း
ကျင်တွင် တစီစီမြည်နေသော ပိုးကောင်
များ၏ အသံသာကြားနေရသည်၊ ပို၍
တိတ်ဆိတ်မှုကို ချောက်ချားစေသည်၊

လကတော့ ဖြူဖွေးနည်ကျွာ သာ
လျက်ရှိသည်၊ လရောင်ဖွေးဖွေးသည်
နေ့အလင်းပမာ ထွန်းပြတ်လျက်ရှိခြင်း
ဖြစ်ပေရာ မြစ်ပြင်ကိုဖြာဆင်းကျနေ
သောလရောင်ကပင်လျှင်တလက်လက်
တောက်ပနေသည်၊ တစ်ရွာလုံး အိပ်
မောကျလျက် ...

ထိုအချိန်တွင် သက်ဝင်လှုပ်ရှားနေ
ကြသော လူသုံးယောက်ကတော့ ရှိ
သည်၊

"ကဲ - မယ်စိမ်း - တက်ပေ့ - လူ
မြင်လို့ မဖြစ်ဘူးဟဲ့"

"သိပါတယ်တော် - ရှင့်ပစ္စည်းတွေ
ကိုဂရုသာစိုက်ပါတော်"

"စိတ်ချပါတဲ့"

ဦးအောင်ရ အိမ်ရှေ့မြစ်ကမ်းစပ်
တွင် ဆိုက်ကပ်ထားသော ငှက်သဖွန်
ကလေးပေါ်သို့ လင်မယားနှစ်ယောက်
တိုးတိတ်ငြင်သာစွာ တက်လိုက်ကြလေ
သည်၊

"ကို အောင်ရ - အရေးကြီးတဲ့
ပစ္စည်းတွေ စုံစုံလင်လင်ပါရဲ့နော်"

"ပါပါတယ်ကွယ် - နင်ကော"

"ရှင့် ဆီမှာ စုထည့် ထားတာပဲ၊
သြော် - ဒါထက် ထွန်းအိမ် - ငါတို့မရှိရင်
တို့အိမ်ဝိုင်းနဲ့ လယ်၊ ခြံတွေကို ဂရုစိုက်
နော်၊ ကြားလား - ထွန်းအိမ်"



ဦးခေါင်းမဲ့သွားသော ဒေါ်စိမ်း၏
လည်ပင်းငုတ်တိုနှင့် ခန္ဓာကိုယ်ကြီးသည်
အကြောများဆွဲကာ တုန်း၍
သေသည်။ ထိုစဉ် လည်ပင်းပြတ်ကြီးဆီမှ
သွေးစိမ်းများသည် ပေါက်ခနဲ ရှူးခနဲ
ပန်းထွက်နေသည်။ ထို့နောက်
အကြောများဆွဲကာ သမွန်ဝမ်းထဲသို့ ဝုန်းခနဲ
လဲပြိုကျသွားသည်။ ကိုယ်လုံးကြီးသည်
တဆတ်ဆတ်တုန်နေသည်မှာ
စက္ကန့်ပေါင်းများစွာ ကြာနေသေးသည်။





www.burmeseclassic.com

www.burmeseclassic.com

ထွန်းအိမ်က သမ္မန်ခတ်တက်ရှိရာသို့ လျှောက်သွားရာမှ တစ်ချက်လှည့်ကာ…

"ဟုတ်ကဲ့ - စိတ်ချပါ - ကြီးကြီး၊ ဘာမှပြဿနာမဖြစ်စေရပါဘူး၊ ခြောက် - ကျွန်တော် ဟိုဘက်ကမ်းကနေ ကျိုက်လတ်ထိ လိုက်ပို့ပေးမယ်နော်၊ မိုးမလင်းသေးတော့ ဟိုဘက်ကမ်းမှာ လှည်းရှိပါ့မလားပဲ"

ထိုအခါ ဦးအောင်ရက ဝင်၍…

"လှည်းမရတော့ လည်း ကုန်းကြောင်းပေါ့ဟ၊ ထွန်းအိမ်ပါသားပဲ၊ ဟိုကျမှ မော်တော်နဲ့ ရန်ကုန်ထိ ပေါက်တာပဲ၊ နေမထွက်ခင် ဆိုတော့ လမ်းလျှောက်ရတာ အဆင်ပြေပါတယ်"

"ကဲ - အဆင်သင့်ဖြစ်ပြီနော် - အဘ"

"အေး - ထွက်တော့"

ထွန်းအိမ်သည် ငှက်သမ္မန်ကို ကျွိခနဲမြည်အောင် ခတ်လိုက်သည်၊ ငှက်သမ္မန်၏လှော်တက်များသည်ရှည်လျားသည့် အလျောက် အရှိန်မြန်သည်၊ တဖြည်းဖြည်းမြစ်ကမ်းဆီမှ ခွာစပြုလာသည်၊ မြစ်ပြင်တွင် လေပြည်က တဟူးဟူးတိုက်ခတ်နေသည်၊ လကသာလျက်ပင် ရှိလေ၏၊

ဦးအောင်ရသည် ထုံးစံအတိုင်း ဆေးပြင်းလိပ်ကြီးကိုတစ်ဖွာရှိုက်လျက် ရွာဘက်ဆီသို့ ငေးကြည့်နေမိသည်၊ သည်ပေတောကုန်းရွာသည် သူ အုပ်ချုပ်စီမံခဲ့ရာ ရွာဖြစ်သည်၊ မလွှဲသာ၍သာ ခေတ်ပျက်စပြုနေ၍ ခေတ္တရှောင်ထွက်ရခြင်းဖြစ်သော်လည်း ရွာအပေါ်တော့ သံယောဇဉ်ဖြစ်မိသည်၊ သူ၏ လုပ်ရပ်သည် တစ်ကိုယ်ကောင်းဆန်ရာ ကျနေမည်လား၊ တစ်ခါတစ်ရံ သံသယဖြစ်မိသေးသည်၊ သို့သော် မတတ်နိုင်၊ ကမ္ဘာမီးလောင် သားကောင်ရှနင်းပဲ၊ စစ်ဖြစ်လုဆဲဆဲ ခေတ်ပျက်တော့မည့်ကာလကြီးမှာ သူရိုးမားပြတွေကလည်း ပေါ်ဒဘိသနဲ့ လက်နက်တွေနှင့် သတ်ဖို့ဖြတ်ဖို့ ဝန်လေးကြမည်မဟုတ်၊ လူတစ်ယောက် အသက်ကို ပုရွက်ဆိတ်လောက်မျှ တန်ဖိုးမထားတော့ပြီ၊ ဆန်တစ်ပြည်နှင့်လည်း လူသတ်ချင် သတ်နေကြသည့် ခေတ်၊ ဒီတော့ ခေတ်ကာလ ငြိမ်းချမ်းခါမှ ရွာသို့ ပြန်လာမည် စိတ်ကူးသည်၊ ဒီအချိန်မှာ ဇာတိကို သိပ်ခင်တွယ်နေ၍ မဖြစ်လေသေး၊



ငှက်သမ္မန်သည်တကျွိကျွိမြည်ကာ …ဝါးနှင့် တဖြည်းဖြည်း ဝေးလာလေ… မြစ်လယ်နားရောက်ခါနီးလေ လေ …တ်နှုန်းမြန်လာလေဖြစ်သည်၊ သမ္မန် …ဦးပိုင်းကို ဦးအောင်ရက ကြောပေး …င်နေပြီး ဒေါ်စိမ်းက သမ္မန်ခတ်နေ …သော ထွန်းအိမ်ကို နောက်ပိုင်းထား …သည်၊ ဦးအောင်ရနှင့် ဒေါ်စိမ်းက မျက် …ချင်းဆိုင်၊ ဦးအောင်ရသည် လေးလံ …သောသားရေအိတ်ကြီးကိုတင်းကြပ်စွာ …ပွေ့ပိုက်ထားသည်၊ မိမိရရမလွှတ်တမ်း …ပွေ့ဖိုက်ထားခြင်း ဖြစ်သည်၊ ယောင်၍ …ချင် ဘေးဘက်သို့ မချ၊ ထိုသားရေ …အိတ်ကြီးထဲတွင် မည်သည့်ပစ္စည်းတွေ …ပါလာသည်ကို တွေးဆကြည့်သည်နှင့် …င်သိသာလောက်ပေသည်၊ သူတို့လင် …သား၏ ကံကြမ္မာသည် မှန်းဆရခက် …သည်၊ တောရွာမှာ အခြေအနေကောင်း …မှ မကောင်းလျှင် ပြန်လည်အခြေချ …ည့်ပုံမပေါ်၊ ဘာပဲဖြစ်ဖြစ် တစ်သက်လုံး …စုဆောင်းခဲ့သည့် ရွှေငွေအတွင်း …ပစ္စည်းတွေကတော့ ထားခဲ့ပြီးစွန့်ခွာလိမ့် …ည်မဟုတ်၊

ထွန်းအိမ်သည် တံတွေးကို မျိုချ …လိုက်သည်၊ သူသည်ကုန်း၍လှော်တက်ကို တစ်ချက် နှစ်ချက် ခတ်လိုက်လေသည်၊ သမ္မန်ဦးကရေကို ခွဲတာ ဝါးတစ်ပြန်စာ ပြေးသွားသည်၊

"ကျွိ - ကျွိ - ကျွိ"

သမ္မန်သည် မြစ်လယ်သို့ တဖြည်းဖြည်း ချဉ်းကပ်စပြုလာသည်၊ လေတစိမ့်အေးနေကာ ခပ်ကြွမ်းကြွမ်းတိုက်ခတ်နေသည်၊ သို့သော် ထွန်းအိမ်ရင်ထဲမှာ အေးမြလတ်ဆတ်မှု မရှိသည်ကို အလိုလိုခံစားနေမိသည်၊ သူ့စိတ်တူးထဲမှာတော့ အနာဂတ်သည် မှုန်ဝါးဝါး၊ ကြည့်စမ်း - သူတို့ကတော့ ရပ်ရွာကို ဦးဆောင်ကာကွယ်မှုမပြုဘဲ တစ်ကိုယ်ကောင်းဆန်စွာရှောင်ထွက်သွားကြလေပြီ၊ အေးရာအေးကြောင်း စည်းစိမ်ထုပ်ပိုက်ကာ လစ်ထွက်သွားကြပေပြီတော၊ ကိုယ်ကတော့ အန္တရာယ်တွေကြားမှာ သူတို့၏မရွှေ့ပြောင်းနိုင်သော အိမ်ယာမြေ၊ ချောင်း စသည်တို့ကို အသက်နှင့် ရင်းနှီးကာ ကာကွယ်စောင့်ရှောက်ပေးရဦးမည်၊ အို - လောက တရားပါ၏လော၊

ရုတ်တရက် ထွန်းအိမ်၏ အသိအာရုံထဲသို့အသိတရားတစ်ခုသည်ဘာ ကိုမှန်းမသိ သံသယဝင်လာလေသည်၊ သူ၏ နိုင်မာသော လေးထောင့်ကျ…

www.burmeseclassic.com

မေးရိုးကြီးများသည်ပို၍ကားထွက်သွားသယောင် တင်းမာသွားသည်၊ ရင်ထဲမှ တစစ်စစ် နာကျင်လာသည်၊ ဘာမှန်းမသိသော မကျေနပ်မှုတစ်ခုက လှိုင်းတွေကို အရှိန်အဟုန်ဖြင့် လိပ်တက်လာသည်၊ လှေဦးတွင် ထိုင်နေသော ဦးအောင်ရကို ကြည့်လိုက်သည်၊ ညာဘက်လက်ခလယ်တွင် ဝတ်ထားသော စိန်လက်စွပ်ကြီးက သည်နေ့မှ ပို၍ပင် ထူးထူးခြားခြား ပို၍ပို၍ တောက်ပြောင်နေသည် ထင်ရသည်၊ လရောင်ဖြင့် စိန်လက်စွပ်သည်ဖျတ်ခနဲလက်သွားသည်၊ ထွန်းအိမ်၏ မျက်လုံးမှေးမှေးများသည် ပို၍သေးကြုံသွားသည်၊ သူ၏လက်ဖျားနှင့်တကွ တစ်ကိုယ်လုံးသည် အဖျားဝင်သလို တဆတ်ဆတ် တုန်လာသည်၊ အရှေ့သို့ မျှော်နေသော သူ၏ တုတ်ခိုင်သော လည်တိုင်တွင် အကြောတွေ ထောင်ကြွလာသည်၊

ဦးအောင်ရသည် ရင်ခွင်ထဲတွင် သားရေအိတ်ကြီးကို ပွေ့ပိုက်ထားသည် မှာအသက်ဘူးကို မလွှတ်တမ်း ပွေ့ပိုက်ထားသည့် ကမ္ဘာစောင့် စုန်းထီးကြီးနှင့် တူသည်၊ သူသည်တိုက်ပုံအင်္ကျီအစုတ်ကြီးဖြင့် လှေဦးတွင်ထိုင်နေပုံမှာ ရုပ်လုံးအစာသွင်းထားသည့် အရုပ်ကြီးတစ်ရုပ်လို ပြုံးကြောင်ကြောင် မလှုပ်မယှက်၊

သမ္မန်သည် မြစ်လယ်သို့ ရောက်လာလေပြီ၊ လေက ခပ်ကြမ်းကြမ်းတိုက်လာသည်၊ ထွန်းအိမ်သည်လေတစ်ချက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်၊ သူ့အသက်ရှူသံက ဒေါမာန်ထနေသည့် နွားသိုးတစ်ကောင်၏ နှာမှုတ်သံထက်ပင် ကျယ်လောင်မြည်ဟည်းလျက် ရှိလေသည်၊

"ဟိုဘက်ကမ်း ရောက်တော့မယ် အဘ"

ထွန်းအိမ်၏ အသံသည် အစာနင်နေသော ကြွက်ဖကြီးတစ်ကောင်၏အသံတစ်တစ်အသံမျိုးနှင့် တူလာလေသည်၊ ဦးအောင်ရက ဖျပ်ခနဲ လှမ်းကြည့်သည်၊ ထိုအခါ ထွန်းအိမ်နှင့် မျက်လုံးချင်း ဆုံသွားမိကာ နှလုံးသွေးရပ်သလိုလို၊ ခြေနစ်မြုပ်သွားသလိုလို မှန်းကြပ်ဆို့နင်သွားကာ ခြေဖျားလက်ဖျားတွေ အေးစက်လာလေသည်၊

သမ္မန်သည် မြစ်ကို အလျားလိုက် ကန့်လန့်ဖြတ် ရွေ့လျားလျက် ရှိသည်၊ မြစ်တစ်ဖက်ကမ်းရှိ အရာဝတ္ထုများသည် တဖြည်းဖြည်း ရုပ်လုံးကြွ သည်၊ လက်နစ်ဖက်တွင် လက်ခုပ်ပင် ရှိသည်၊ လက်ျာဘက်တွင် ထန်းပင် ထိုနှစ်ပင်ကြားသည် လှေဆိပ်ဖြစ် သည်၊ လှေဆိပ်ဟုဆိုလိုက်သော်လည်း င်ထင်ရှားရှား လှေဆိပ် မဟုတ်၊ ဆင်းအတက်အဆင်ပြေသော နေရာ ဖြစ်သဖြင့် လှေဆိပ်ဟုမည်ကာ မတ္တစေါ် တ်ခြင်းသာ ဖြစ်သည်၊

လေသည်တဟူးဟူး တိုက်လာပြန် သည်၊ မြစ်ရေပြင်ပေါ်တွင် လရောင်တွေ အသီးသီးအလက်လက်ထကာ စုန်ပျံ လိုမ့်နေသည်၊ ထွန်းအိမ်၏ ရင်ထဲမှာ င်ခြင်တုံ တရားသည် အငွေ့ပျံခန်း ခြောက်သွားလေပြီ၊ ဦးအောင်ရ ညာ ဘက်လက်ခလယ်မှ စိန်လက်စွပ်၊ ရင်ခွင် မှ မမျှော်မှန်းနိုင်သည့်အထုပ်၊ တစ် တ်တာ မပူပင် မကြောင့်ကြနိုင်သည့် ငွ့်အရေးတစ်ရပ်၊ ပြီးတော့ သူတို့ မယားသည် ရွာကိုစွန့်ခွာကာ တစ် ပါတစ်ကျေးသို့ရက်အကန့်မရှိကာလ ကန့်အသတ် မသေချာသော နေရာ ခုကို သွားနေကြသူတွေ၊ အခြေ ကိုရှင်းပြပြီး ကျေးရွာကို စွန့်ခွာ ပြီဟု ပြောရုံသာ၊

ထွန်းအိမ်သည် ဦးအောင်ရ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထားသော သားရေအိတ်ကြီးကို နေလှမ်းထားသော အသားတွဲကြီး အောက်ပြုတ်ကျလာနိုးဖြင့် စောင့်မျှော်ရောင်းမြောင်းနေသော ခွေးတစ်ကောင်၏မျက်လုံးမျိုးဖြင့်စိုက်ကြည့်လိုက်သည်၊ ထို့နောက် တံတွေးကို မြိုချလေသည်၊ သမ္မန်ကို တစ်ချက် နှစ်ချက် ခတ်လိုက်သည်၊

"ကျို-ကျို-ကျို"

ဘယ် ခြေရှေ့ထုတ် ညာခြေကို နောက်ထားပြီး ကိုယ်ကို ကုန်း၍ခတ် တက်ဖြင့် ကုန်းခတ်နေသော ထွန်းအိမ်၏ ညာခြေထောက်သည် အရာဝတ္ထု တစ်ခုကို စမ်းမိသွားသည်၊ ဓားနောင့်ရိုးတစ်ခု၊ ငှက်ကြီးတောင်ဓား၏ ဓားနောင့်ရိုး၊ လွန်ခဲ့သည့် နှစ်ရက်ခန့်ကပင် ထက်မြနေအောင် သွေးထားခြင်းဖြစ်သည်၊

"ကျို-ကျို-ကျို"

သမ္မန်သည်ကမ်းနှင့်တဖြည်းဖြည်း နီးကပ်လာသည်၊ လက်ခုပ်ပင်ပျိုနှင့် ထန်းပင်ပေါက်ကို ထင်ထင်ရှားရှား မြင်နေလေပြီ၊ ထွန်းအိမ် ဘာလုပ်မည် နည်း၊

ထွန်းအိမ်သည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချလိုက်လေသည်၊ သူ့





www.burmeseclassic.com

www.burmeseclassic.com

အာရုံထဲတွင် အမြင်အာရုံတစ်ခု ကွယ်ပျောက်သွားသည်၊ ရင်ထဲမှာဗလာဟင်းလင်းဖြစ်သွားခြင်း ဖြစ်သည်၊ သူသည် လှော်တက်ကို ခပ်ဖြည်းဖြည်းခတ်ရင်း ညာခြေမ ခြေညှိုးဖြင့် ငှက်ကြီးတောင်မားအနောင့်ကို အသာဆွဲယူလိုက်သည်၊ သက်မဲ့မားတစ်ချောင်းက အလိုရမ္မက်ကို နှိုးထွပေးလိုက်လေပြီ၊

သူ့နှလုံးခုန်သံသည် စည်းလွတ်သွားသော ဗုံတီးသံလို ရုတ်တရက်မြည်ဟည်းသွားသည်၊ သူ့ညာလက်ထဲသို့ မည်သို့မည်ပုံ ရောက်လာမှန်းမသိရသော ငှက်ကြီးတောင်မားသည် လရောင်ထဲတွင် အဆိပ်ပြင်းမြွေတစ်ကောင်လို ရှန်းပြက်သွားသည်၊ သူသည် ကျောပေး၍ ထိုင်နေသော ဒေါ်စိမ်း၏ လည်ပင်းကို အားရပါးရ လွှဲခုတ်ချလိုက်လေသည်၊ မားသွားနှင့် လည်ပင်းထိ ခတ်သွားသည်၊

သွားပေရော့-ဒေါ့ကို ကျွဲလို၊ နွားလို နိုင်ပြီး ခွေးလိုဝက်လိုမောင်းတတ်သည့် မိန်းမကြီး၊ မသာမကြီး ...၊

"ဒုတ်"

"အောင်မလေး-အူး"

"ရှူး"

ခနိုခိုင် ခနိုလက်များ၊ အုန်းသီးများကို မားထက်ထက်ဖြင့် တစ်ချက်တည်းပြတ်ထွက်အောင် ခုတ်နိုင်သည့် ထွန်းအိမ်၏သန်မာသောလက်ကြီးများသည် မိန်းမကြီးတစ်ယောက်၏ လည်ပင်း... ခုတ်ဖြတ်ရာတွင်လည်း တိကျလှသည်၊ ထိချက်က မှန်ကာပြင်းထန်လှသည်၊

လရောင်အောက်တွင် လက်သွ... သောမားသွားသည်ဒေါ်စိမ်း၏လည်ပင်း... ကိုထိသည်နှင့်ဒုတ်ခနဲမြည်သံနှင့်အ... ထန်းသီးနိုင်ကိုဖြတ်ချလိုက်သလိုခေါ... ကြီးသည်လည်ပင်းမှတိခနဲပြတ်ကျသွ... သည်၊ လည်ပင်းပြတ်ကြီးမှ ရှူးခနဲ ... တွေသွေးတွေပန်းထွက်ကာခေါင်းပြ... ကြီးသည် သမ္ဗန်နံနှင့်ထိကာ ရေထဲ... ပြုတ်ကျသွားသည်၊

မထင်မှတ်သောဖြစ်ရပ်၊ ကြော... မက်ဖွယ်ဖြစ်ရပ်ကြောင့် ဦးအောင်... သည် ရုတ်တရက် လန့်ဖျပ်သွား... နောက် သမ္ဗန်ချည်သည့် လက်မ... သံကြိုးရှည်ကြီးကို ကယောင်က... ကောက်ကိုင်လိုက်လေသည်၊ နှ... ဗလုံးဗထွေးလေသံဖြင့် ...

"ဟေ့-ဘာ-လူယုတ်မာ-... လိုလုပ်"

ဦးခေါင်းမဲ့ သွားသော ဒေါ်စိမ်း၏ လည်ပင်းငုတ်တိုနှင့် ခန္ဓာကိုယ်ကြီးသည် အကြောများဆွဲကာ ကုန်း၍ အသေးသည်၊ ထိုစဉ်လည်ပင်းပြတ်ကြီးဆီမှ သွေးစိမ်းများသည် ဖေါက်ခနဲ ရှူးခနဲ ပန်းထွက်နေသည်၊ ထို့နောက် အကြောများဆွဲကာ သမ္ဗန်ဝမ်းထဲသို့ ငုန်းခနဲ လဲကျသွားသည်၊ ကိုယ်လုံးကြီးသည် တဆတ်ဆတ်တုန်နေသည်မှာ စက္ကန့်ပေါင်းများစွာ ကြာနေသေးသည်၊

ထွန်းအိမ်သည် ဦးအောင်ရကိုပါ မားဖြင့်ပိုင်းရန် ဒေါ်စိမ်း၏ အကြောဆွဲနေသော ခန္ဓာကိုယ်ကြီးကို ခွကျော်ပြီး သမ္ဗန်ဦးပိုင်းသို့ လှအားခနဲ ခုန်ဝင်လိုက်သည်၊ ဦးအောင်ရတစ်ချက် အော်သည်၊

"ခွေး-လူယုတ်မာ"

ထွန်းအိမ်သည် ဦးအောင်ရကို လွှယ်သိုင်း ခုတ်ချလိုက်ပြန်သည်၊ သို့သော် ...

"ချွင်"

မားဦးသည် ဦးအောင်ရကို မထိ၊ သမ္ဗန်ကြိုးကိုထိကာ လက်မလုံးခန့်ရှိ သံကြိုးပြတ်ထွက်သွားသည်၊ မားဦးသည် သမ္ဗန်နံနှင့်ထိကာ ညပ်နေသ... ဆွဲထုတ်သည်မရ၊ ထိုစဉ်ဦးအောင်... ခန္ဓာကိုယ်သည် သံကြိုးနှင့် ရစ်ပတ်... တွေးကာ ရေထဲသို့ ပြုတ်ကျသွား... သမ္ဗန်လည်း စောင်း၍နစ်လေသည်... ဦးအောင်ရသည် ပြန်ပေါ်မလာတော့... ပေ၊ သမ္ဗန်နစ်သည့်နေရာတွင်ဝဲဝသ... တွေ ပွက်ပွက်ထသွားသည်၊

ညကား ကြောက်မက်ဖွယ် ထိ... ဆိတ်လျက် လရောင်က ဖြာကျ... ဆဲ ...

နောက် သုံးရက် ခန့်ကြာသော... အခါ ပေတောကုန်းရွာတွင် ထိတ်လ... ကြောက်ရွံ့ဖွယ် သတင်းဆိုးကြီးက ရွာ... နားပတ်ဝန်းကျင်များသို့ပင် ပျံ့နှံ့ရောက်... သွားသည့် အခြင်းအရာက ဖြစ်ပွားသွ... ခဲ့သည်၊

နံနက်ပိုင်း သံဃာတော်များ ရွာ... သို့ ဆွမ်းခံကြွချိန်တွင် ဒေါ်စိမ်း၏ လည်... ပင်းမပါသည့် ခန္ဓာကိုယ်ကြီးသည် ရွာ... ကျောင်း ရေချိုးဆိပ်သို့ အတူမျောပါလ... ပြီး ရေဆိပ်တံတားနှင့်ငြိကာ သောင်တ... နေသောကိစ္စနှင့်ခေါင်းပြတ်ကြီး ...





www.burmeseclassic.com

www.burmeseclassic.com

နွာကိုယ်နှင့် ဝါးနစ် ပြန်အကွာတွင် တက်ကြပ်မကွာမျောလွင့်လာပြီးနောက် ရေရိုးဆိပ်ကျောက်လှေကားထစ်၌လာ ရောက်ငြိတွယ်နေခြင်းပင် ဖြစ်သည်။ ဖောကြာလျှင်ကမ်းလုံးညွှတ်မျှရှာသား တွေ ရောက်လာ တော့၏။

ထိုဖြစ်ရပ်ဆိုးကြီးသည် တစ်ရွာလုံး သို့တောမီးပြန့်နှံ့သကဲ့သို့ ရုတ်ခြည်းပြန့် နှံ့သွားသည်။

"ဒေါ်စိမ်းရဲ့ခေါင်းပြတ်ကြီးတော့"

"တော်တော်ရက်စက်တာပဲ"

"ဦးအောင်ရကော သူကြီး ဦးအောင်ရ"


တစ်ရွာလုံး ပွက်ပွက်ညံသွားတော့ သည်။ မီးပုံထဲသို့ ထိုးစိုက်လိုက်သည့် မိကျောင်းကွမ်းဖတ်သီးတွေလို အသံ တွေ တဖျောက်ဖျောက် မြည်ဟိန်းကာ ဆူပွက်သွားကြခြင်း ဖြစ်ပေတည်း။

❋

"နောက်ဆုံးတော့ အနီးကပ်ဆုံး အဝင်အထွက်အများဆုံးဖြစ်တဲ့ ငါ့ကို ပုလိပ်က ခေါ်စစ်တော့တာပဲကွ။ ငါက လည်း မင်းတို့သိတဲ့အတိုင်းပဲ လုပ်ရဲရင် ခံရဲရမယ်ဆိုတဲ့ သတ္တိနဲ့ ဝန်ခံချက် ပေး လိုက်တယ်ကွာ"

အောင်မျှင်သည် ယောက်ဖတော် ကြီး ထွန်းအိမ်ကို မဝံ့မရဲကြည့်ရင်း ...

လှေတက်မနှင့်ကပ်လျက် အနောက်ဘက်တွင် လှည်းဘီးအပိုင်းရှိ
ကြောက်မက်ဖွယ် မျက်နှာကြီးကို မြင်လိုက်ရလေတော့သည်။
မျက်နှာကြီးသည် ရှည်လျားသော ဆံပင်ကြီးတွင်
ရေတွေရွှဲစိုနေကာ အကြမ်းပန်းကန်လုံးခန့်
မျက်လုံးကြီးနှစ်လုံးက ပြူးထွက်နေသည်။
အောင်မျှင်၏ လက်ထဲမှ စောင်နှင့် ခေါင်းအုံးသည်
ယောင်ယမ်းကာ လွင့်စဉ်ကျသွားသည်။
မျက်လုံးကြီးနှစ်လုံးသည်
ဗုတ်ခတ် ဗုတ်ခတ်လုပ်ရင်း ...





"ဒီလိုနဲ့ - ဦးထွန်းအိမ် တစ်ကျွန်းကျ သွားတာပေါ့ - ဟုတ်လား"

ထွန်းအိမ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် - အောင်မျှင်၊ ငါ အဲဒီ အမှုနဲ့ ကြိုးဒဏ်က လွတ်သွားတယ်ဆို ပါတော့။ ငါ့အတွက် ကံကောင်းသလား ကံဆိုးသလားဟင်"

ထိုအခါ တစ်ချိန်လုံး ငြိမ်သက်နေ သော ဖိုးတုတ်က ဝင်၍ ...

"ကံကောင်းတာပေါ့ - ဦးထွန်းအိမ်၊ ဦးထွန်းအိမ် အသက်ရှင်နေသေးလို့အဲဒီ တိစ္ဆာကြီးနဲ့ မူလဇာစ်မြစ်ကို ကျွန်တော်တို့ သိကြရတာပဲ မဟုတ်လား ခင်ဗျ"

ထိုအချိန်တွင် အရှေ့ဘက် ဆီမှ အလင်းရောင်မှိန်ပျပျစတင်လက်ပလာ ပြီဖြစ်သည်။ ကျောက်ချထားသဖြင့်လှေ သည်ငြိမ်သက်နေသော်လည်းလှေဝမ်း တို့ လှိုင်းတဖျပ်ဖျပ်လာရိုက်သံကိုတော့ ကြားနေရသေးသည်၊ တစ်ခါတစ်ရံ ငါး ကြီး ပွက်သံထွက်ပေါ်လာတတ်သည်၊

"ဒါပေမဲ့ - ဘယ်သူမှ မသိတဲ့ အချက်တွေ ရှိသေးတယ်၊ ငါ ပြောပြ မယ်။ မင်းတို့ နှုတ်လုံခြုံပစေ"

ဖိုးတုတ်သည် ခေါင်းတစ်ချက် ညိတ်ပြလိုက်မိသည်၊

"ကျွန်တော်တို့ ဦးထွန်းအိမ်ကြီး သစ္စာရှိ ကတိတည်ပါ့မယ်လို့ သစ္စာ ထားပြီပဲဗျာ၊ စိတ်ချလက်ချ ပြော ကျွန်တော်တို့ နှစ်ယောက် အသက် ရင်းပြီး ကူညီပါ့မယ်"

အမှန်တော့ သင်းတို့နှစ်ယောက် ထွန်းအိမ်က မက်လုံးပေးကာ ဖြစ်စဉ် ပြောပြထားပြီးဖြစ်သည်၊ အောင်မျှင် သည် လူငယ်ပီပီ စွန့်စွန့်စားစား လု လိုက်ခြင်းဖြင့် ကြီးမားသော အတ ကျေးဇူးကို ရရှိမည်ဖြစ်ပေရကား စိ ဓာတ်တက်ကြွလျက် ရှိသည်၊

"ဦးအောင်ရက ငါ့ခါးချက်နဲ့ မသေ ခဲ့ပေမဲ့ သူ သေတယ်ဆိုတာ ငါ့ပယော တော့ မကင်းဘူးဟေ့၊ ဒီလိုကွ အသွ ကြီးကို ဓားနဲ့ပိုင်းပြီးတော့ ဦးအောင် ကြီးကို ဆက်ပိုင်းဖို့ ရှေ့ကို ထွက်လို တာပဲ၊ သူ့လက်ထဲမှာ သားရေအိတ် ရှိနေတာကို၊၊ သားရေအိတ် လက် ရောက်လို့ကတော့ တစ်သက် စား တော့ပဲ၊ ပွပေါက်စားကိန်းပဲဟေ့၊ ဒါပေ ကံတရားကကိုယ့်ဘက်မှာမရှိဘူး၊ မျ နှာသာမပေးဘူးလေကွာ၊ သူ့ကိုစလွ သိုင်းပိုင်းခုတ်လိုက်တဲ့ ဓားချက်က ပြီး သမ္ဗန်ကြီးကို သွားထိတယ်၊ သ



www.burmeseclassic.com

www.burmeseclassic.com

ကြီးက လက်မလောက်ရှိတဲ့ သံကွင်းဆက်ကြီးတစ်ခါတည်းတေးရက်အောက်မှာ တိခနဲ ပြတ်သွားတယ်။ ကြိုးက ရှည်တယ်၊ အဲဒီလို ဖြစ်နေတုန်းမှာ ဓားသွားက သမ္ဗန်နံနဲ့ ခုတ်မိပြီး ညပ်သွားတယ် ကွာ၊ ဆွဲထုတ်လို့ မရဘူး၊ အဲဒီအချိန်မှာ သမ္ဗန်က တော်တော်လူးနေပြီ၊ တစ်ခြမ်းစောင်းပြီး မှောက်တော့မယ်၊ ဘယ်လိုမှ ထိန်းလို့ မရတော့ဘူး၊ အဘိုးကြီးက လည်းလက်ထဲက သားရေအိတ်ကြီးကို မလွှတ်ဘူးဟေ့၊ မလွှတ်ဘူး – တကယ့် အသုဘ မသာကြီးကွာ"

ဖိုးတုတ်က မျက်လုံးပြူးရင်း ...

"ဒါဆို သေရောပြီ၊ ဦးထွန်းအိမ် – အဖိုးတန်ရတနာတွေ အိတ်ထဲမှာ ရှိနေပြီ၊ ဟင်း – ဟင်း"

အောင်မျှင်ကပါ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"သူကြီးကတော့ သူဌေးကြီးဗျ၊ ပစ္စည်းတွေ မနည်းကြီးပဲ၊ ဟီး – ဟီး – ဟီး၊ ပွဲပေါက်ပဲဗျို့"

ထွန်းအိမ်သည် စကားကို အနည်းငယ် ရပ်ထားရာမှ ဆက်ပြောသည်။

"အဲဒီအချိန်မှာ ဘယ်လိုက ဘယ်လိုဖြစ်သွားလဲ မသိပါဘူးကွာ၊ မနက်လင်းအားကြီး ရောက်နေပြီလေ၊ ဦးအောင်ရကိုယ်လုံးက သံကြိုးနဲ့ပတ်ပြီး ကြိုးတုပ်သလိုဖြစ်သွားတယ်၊ သားရေအိတ်ကြီးကတော့ ပိုက်လျက်ပဲဟေ့၊ ရေပြည်ထိတောင် ယူသွားမလား မသိဘူး"

"ဟုတ်တယ် – ဟီး – ဟီး – ဟီး"

"ဟား – ဟား – ဟား – တကယ့် လူကြီး"

"အဲဒီအချိန်မှာ သမ္ဗန်စောင်းပြီး ရေတွေဒလဟော ဝင်နေပြီဟေ့၊ နောက်တော့ ဦးအောင်ရကြီး ရေထဲပြုတ်ကျ သွားတော့တာပဲ၊ နောက်တော့ သမ္ဗန် လည်းနစ်တော့ ငါလည်း ကမ်းပေါ်ပြေး ကူး ပြေးရတာပဲဟေ့၊ ဒေါ်စိမ်းကိုယ်လုံး ကြီးနဲ့ ခေါင်းပြတ်ကြီးကတော့ ရေထဲ မျောသွားတယ်၊ ဦးအောင်ရကြီး ကတော့ အစအနကို ပျောက်ရော၊ ခုထိ အလောင်းပျောက်နေတယ်ဆိုပါတော့"

"သူ ပိုက်ထားတဲ့ သားရေအိတ် အလေးကြီးရယ်၊ သမ္ဗန်ကြိုးရဲ့ အလေး ချိန်နဲ့ ကြိုးနဲ့ တုပ်သလိုဖြစ်ပြီး ရေထဲ နစ် သွားတာနေမှာပဲ"

"ဟုတ်တယ် – ဖိုးတုတ်၊ နောက် တစ်ချက် ရှိသေးတယ်၊ သူ ရေနစ်ပြီး

...တော် ရောက်သွားတာတောင် ပုပ်ပြီး ...ပေါ်စရာအကြောင်း မရှိတော့ဘူး၊ ...ည်းအလေးပင်ကြီးရယ်၊ တစ်ကိုယ် ...ကြိုးတုပ်ထားသလိုဖြစ်တာကြောင့် ...ယ်လိုမှ ရေပေါ်ကို ပေါ်လာစရာ ...ကြောင်းမရှိတော့ဘူးဟေ့၊ ခဲဆွဲပြီး ...ိုက်သလိုပဲ"

အောင်မျှင်သည် တဟဲဟဲ ရယ် ...ည်။

"ဟဲ – ဟဲ – ဟဲ – ရေအောက်သချိုင်း ...ရတနာထုပ်ကြီးပိုက်ပြီး ဥစ္စာစောင့် ...ကြီးဖြစ်နေပြီပေါ့၊ ဦးထွန်းအိမ် – ...ီ – ဟီ – ဟီ"

အတန်ကြာစကားစပြတ်သွားကြ ...သည်၊ ထိုအချိန်တွင် ရောင်နီပျိုလာ ...ပြီ၊ မြစ်ပြင်ကို ဖြတ်ကာ ရေဘဲတွေ၊ ...းတွေ ဖြတ်ပျံနေကြသည်၊ ဦးခေါင်း ...တ်ကောင်းကင်ပေါ်မှာ စွန်တစ်ကောင် ...နေသည်။

"ဒါ – ဓားနဲ့ခုတ်ရလိုက်ပြီးလို့ သမ္ဗန် ...သွားတာ ဒီနေရာပဲကွ"

ထွန်းအိမ်သည် အလင်းရောင်ပျပျ ...အောက်ဆီမှ မြစ်ကမ်းပါးထိပ်ရှိ လက် ...ပင်ကြီးနှင့် ထန်းပင်ကို ကြည့်ကာ ...ပြောလိုက်သည်၊ မြစ်ကမ်းနှင့် ပေ်နှစ်ရာ

ခန့် ဝေးသေးသည်၊ ရေသည် သွင်သွင် စီးဆင်းလျက်ရှိ၏။

"ဒီနေရာက ရေအနက် ဆုံးပဲ၊ ဦးထွန်းအိမ် – ဝါးတစ်ပြန်ကျော်မယ်၊ ဒါ ရေစစ်ချိန် ရေတက်ချိန်ဆို ဝါးနှစ်ပြန်နီး ပါးပဲ ခင်ဗျ၊ ဒီမြစ်အကြောင်း ကျွန်တော် တို့ ကောင်းကောင်းသိတယ်"

"ဦးထွန်းအိမ်"

"ပြော – အောင်မျှင်"

"ကျွန်တော်တို့ ရေကျချိန် ဆင်းငုပ် မှဗျ၊ ပစ္စည်းတွေ့ဖို့ လိုတယ်ဗျို့"

"ဒါပေါ့ကွ – ရေကျချိန်၊ ရေကြည် ချိန်မြစ်ရေက ဒီရာသီပဲ ကြည်ကြည်လင် လင်ဖြစ်မှာ မိုးတွင်းဆို မြစ်ရေနောက်ပြီး မြစ်ကြမ်းပြင်လည်း လှိုင်းထပြီး အနယ် မှုန့်တွေနဲ့ ဘာမှ သဲသဲကွဲကွဲ မြင်ရမှာ မဟုတ်ဘူး၊ ဒီရာသီမှာ ရေအောက်ဆင်း ရမှာ အကောင်းဆုံးပဲကွ"

"ဟုတ်တယ် – ဦးထွန်းအိမ်"

လွန်ခဲ့သည့် တစ်ပတ်ခန့်ကပင် ထွန်းအိမ်နှင့် ဖိုးတုတ်သည် ရန်ကုန်မြို့ သို့ တက်ကာ ပစ္စည်းကိရိယာအချို့ စုဆောင်းဝယ်ယူလာခဲ့ပြီးဖြစ်သည်၊ ရေ အောက်ဆင်းရန် ကြိုး၊ နိုင်လွန်ကြိုးနှင့် ရေအောက်ဆင်းမျက်နှာဖုံး၊ ရေအောက်





www.burmeseclassic.com

www.burmeseclassic.com

သုံးလက်နှိပ်ဓာတ်မီးတို့ကို ဆူးလေဘုရားလမ်းဂလုတ်ရပ်ရှင်ရုံ(ဂုက်ရုပ်ရှင်ရုံ)အောက်တွင်ရှားရှားပါးပါးရှာဖွေဝယ်ယူခဲ့ပြီးပြီ၊ ကြိုးခွေနှင့် သံချိတ်တွေကိုတော့လမ်းမတော်သံဈေးမှဝယ်လာခဲ့ပြီးလုပ်ငန်းစဖို့ပဲ လိုတော့သည်၊

ယခုစပါးတစ်ရာဆန့် လှေပေါ်တွင်ပစ္စည်းပစ္စယတွေစုံလင်စွာဖြင့် လုပ်ငန်းစရန် အသင့်ဖြစ်နေပေပြီ၊

"ကျွန်တော်တို့ရေအောက်အနက်ဘယ်လောက်ရှိတယ်ဆိုတာ ရေကျချိန်ကျရင် နိုင်လွန်ကြိုးချကြည့်မယ်"

ထွန်းအိမ် ခေါင်းတစ်ချက် ညိတ်လိုက်သည်၊

"ဒါပေါ့ - တို့လှေကိုတော့ ဒီမှာပဲ ကျောက်ချရပ်ထားမယ်၊ အနီးနားပတ်ဝန်းကျင်ကမေးရင်ရှမ်းကွင်းကြီးကစပါးလာသယ်တာပြော၊ စပါးမရသေးလို့ ဒီမှာစောင့်နေတာလို့သာ ပြော"

"ဟုတ်ကဲ့ပါ - ဦးထွန်းအိမ်"

သူတို့သည် ရေထဲတွင် ငါးတမျှကျွမ်းကျင်သူများဖြစ်ကြသည်၊ အားလုံးကြုံရာကျပန်း လုပ်ကိုင်လာကြရာ ရေငုပ်ကျွမ်းကျင်သူများ၊ ဖောင်သမား၊ လှေသမား၊ တံငါသည်များဖြစ်သည်ကိုပြောစရာ မလိုတော့ပေ၊

အရှေ့ဘက်ဆီတွင် လင်းအရုဏ်စိမ့်ယိုကျလာပေပြီ၊ မြစ်ပြင်ပေါ်မှာတော့ မြူတွေ ဝေ့ဝဲနေသေးသည်၊ ထို့နောက် သဘော်အင်ဂျင်စက်သံသဲ့သဲ့ကြားရပြီး မြူတွေကို ခွဲကာ လှော်ချင်းသဘော်ကလေးတစ်စင်း မြစ်လယ်မှ အနောက်ဘက်သို့ ခုတ်မောင်းလာသည်၊ ထို့နောက် စက်သံတဖြည်းဖြည်း ပျောက်ကွယ်သွားသည်၊

✻

ရေကျချိန်တွင် သူတို့ ရေအောက်ဆင်းကြမည့်အတိမ်အနက်ကိုတိုင်းထွာကြသည်၊ အလေးတုံးတစ်တုံးကို နိုင်လွန်ကြိုးတွင်ချိကာ ရေအောက်သို့ ချသည်၊ ရေအနက်သည် ရေကျချိန်တွင် ပင် ဝါးတစ်ပြန်ကျော်သည်၊ ဆင်းချိန်ရက်အချိန်ကိုသတ်မှတ်လိုက်ကြသည်၊ နောက်နှစ်ရက် ရေအကျဆုံးအချိန်ကို လုပ်ငန်းစရန် ဆုံးဖြတ်လိုက်ကြသည်၊ ရေအောက်သို့ သုံးဦးစလုံးတစ်ယောက်တစ်လှည့် ဆင်းကြမည်၊

သုံးယောက်သားသည် စိတ်လှုပ်ရှားမှုနှင့် ဖဲရိုက်ကာ အိပ်မက်တွေ မက်လျက်ကြသည်၊ ရေအောက်ဆင်း၍ တန်ဖိုးကြီး ရတနာပစ္စည်းရပါက တစ်ဝက်ကိုထွန်းအိမ်ရမည်၊ ကျန်တစ်ဝက်ကို အောင်မျှင်နှင့်ဖိုးတုတ် တစ်ဝက်စီ၊ အားလုံးကျေနပ်ကြသည်၊

နောက်တစ်နေ့ အလင်းရောင်အများဆုံးရနိုင်သည့် နေ့လယ်မှာ ရေအောက်သို့ တစ်ယောက်တစ်လှည့်စီဆင်းကြမည်၊

"မင်းတို့နှစ်ယောက်စလုံးသစ္စာရှိဖို့လိုသယ်၊ တလိမ်ကကျစ်ကျဖို့တော့ စိတ်တောင်ကြံနဲ့ဟေ့၊ သစ္စာဖောက်တဲ့ကောင်ဒီမှာကြည့်"

ထွန်းအိမ်ကဖြဲခြောက်သည်၊ လှေနံတွင်ကပ်၍ထောင်ထားသော ငှက်ကြီးတောင်လေးကို မေးငေါ့ပြသည်၊

"စိတ်ချပါ - ကျွန်တော်တို့ သစ္စာဖောက်ပါဘူး၊ ကတိသာ တည်ပါစေ"

"အကျိုးတူ လက်ခံထားတော့ သစ္စာဖောက်ဖို့ စိတ်တောင် မကူးဘူးခင်ဗျ"

"အေး - အပြောနဲ့အဟော ညီပါစေ၊ ဟောဒီရင်ဖက်ပြတ်ဖို့ပြင်၊ သိတယ်နော် တစ်ကျွန်းပြန်ထွန်းအိမ် - ထွန်းအိမ်တဲ့၊ ကျွန်းက ပြန်လာတာ တစ်လလောက်ပဲ ရှိသေးတယ်"

✻

ဆန်းစလရောင်ကြယ်ရောင်မြင့်သာ ညသည် ငြိမ်သက်သော အသွင်သဏ္ဍာန်ဖြင့် ရွေ့လျားနေလေသည်၊ လသာရက်မဟုတ်သည့်တိုင် လဆန်းရက်ဖြင့် တမ်းနစ်ဖတ်၌ရှိသော အရာဝတ္ထုများကို မှုန်ပျပျတော့မြင်နေရသေးသည်၊ နေ့လယ်နေ့ခင်း အလင်းရောင်ရှိစဉ်က ကမ်းပါးပေါ်ရှိ တိုင်းပင်များ၊ ချုံပင်များ၊ ရှောင်းဖွယ်ရှိညောင်လန်းပင်၏ မှတ်ဆိတ်များ၊ ညောင်ခြေထောက်များသည် ယခုလို ညအချိန်တွင်တော့ ဖိုးရိုးဖားရားနှင့် ကြောက်မက်ဖွယ်အဆင်းသဏ္ဍာန်ကို ဆောင်နေပေပြီ၊ တစ္ဆေတစ်ကောင်ရှောင်းထိပ်မှာ ထိုင်နေသကဲ့သို့ထင်ယောင်ထင်မှားဖြစ်နေစေလေပြီ၊

လေတစ်ချက်သွေးလိုက်သည်နှင့် မြစ်ကမ်းစပ်ကကျူပင်များသည်တဖျောဖျောမြည်ကာ တစ်ပင်နှင့်တစ်ပင် ကိုင်းရှင်းရိုက်သံက တီးတိုးစကားပြောသံလိုလို၊ ရယ်မောသံလိုလို၊

ဟိုးခပ်ဝေးဝေး ကမ်းပါးမြင့်ဆီမှ စီးလာသော ရေစီးကြောင်းသေးသေး





www.burmeseclassic.com

www.burmeseclassic.com

လေးက မြစ်ထဲသို့ စီးဝင်ရင်း တဖွတ်ဖွတ်မြည်သံက ရွှေရင်သိမ်းသစ်၊ အမျိုးကလေးတစ်ယောက်၏ ခိုးခိုးခစ်ခစ်ရယ်သံနှင့် တူသည်။ သို့သော် ညယံထဲတွင် ထိုရယ်သံက ချောက်ချားသံတစ်မျိုး အဖြစ် နိုးဆွနေခဲ့သည်။

ထွန်းအိမ်သည် လှေဝေါင်းမိုးထဲတွင် ဝင်ရောက်၍ အိပ်မောကျနေပြီ။ အောင်မျှင်နှင့်ဖိုးတုတ်က ထွန်းအိမ်အနီးတွင်ထိုင်ကာ စကားကောင်းနေဆဲ။ ဖိုးတုတ်က ဆေးလိပ်သောက်မပျက်။ မြစ်လေသည်တဟောဟောမြည်ကာတိုက်ခတ်နေသည်။ မြစ်လေထဲတွင် ထူးခြားသော ရနံ့တစ်မျိုး ပါလာသည်။ အောင်မျှင်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ ဖြစ်သွားသည်။

"ဖိုးတုတ် - ပုပ်စော်နံတယ်ကွ၊ ရှူးရှူးဝါးဝါးကို နံနေတာဟေ့"

ဖိုးတုတ်သည်ဆေးလိပ်အသောက်ကို ရပ်လိုက်သည်။ အနံ့ခံကြည့်သည်။

"ရေထဲမျောလာတဲ့အသေကောင်ပုပ်တွေက နံမှာပေါ့ကွ"

"မှတ်ဖူးကွ - ရှူးရှူးဝါးဝါးကိုနံနေတာနော်"

ဖိုးတုတ်သည် သောက်လက်စ ဆေးလိပ်ကို အသာချလိုက်သည်။ သူ့အကြည့်က လှေဦးသို့ ရောက်သွား...သည်။ လှေသည်ပေသုံးဆယ်ခန့်ရှည်...လှေဦးသည်အမှောင်ပျပျထဲတွင်န...ဝင်နေသည်။ လှေဦးသည် အမှော...ရောက်နေသည်။ ဖိုးတုတ်၏ အကြ...သည် လှေဦးကို ရောက်နေသည်။

သူ မြင်လိုက်ရသည်က မည်း...သဏ္ဌာန်နှစ်ခု၊ လှေဦးတွင် သူတို့...ယောက်ကိုကျောပေးကာထိုင်နေ...လူနှစ်ယောက်သဏ္ဌာန် ဖြစ်သည်...ဖိုင့်ဖိုင့်ယောကျ်ားကြီးတစ်ယောက်...မိန်းမကြီးတစ်ယောက်၏ပုံရိပ်သဏ္ဌာ...သို့သော် မှုန်ဝါးဝါး...

"ဟို - ဟို - ဟိုမှာ"

ဖိုးတုတ်၏သဏ္ဌာန်မှာ အံ့ဩ...စွာဖြင့် အထိတ်တလန့်ဖြစ်ပြီး နာ...စွာ အော်လိုက်သလို ဖြစ်သွားကာ...ဦးသို့ လက်ညှိုးထိုးပြသည်။ အောင်မျ...သည် ဖိုးတုတ် ညွှန်ပြရာသို့ လှမ်း...လိုက်သည်။ ဘာမှမတွေ့ရ။ လှေဦး...ဘာမှမရှိ။

"ဘာလဲကွ - ဘာမှလည်း မမြ...လား"

ဖိုးတုတ်သည် ညနေက အ...အလွန်အကျွံသောက်ထားသည့်...မကုန်သေး။ အောင်မျှင်သည် ...

...ပေါ်ဖြစ်ကာကျွတ်ခနဲမြည်အောင်စုတ်...သပ်လိုက်သည်။

"မင်းကတော့ကွာ - ဖိုးတုတ်ရာ၊ ...အရက်တွေ နင်းကန်သောက်ထားပြီး ...ကြောင်တောင်တောင်ဖြစ်နေပါပြီကွာ၊ ...လှေပေါ်မှာ တို့သုံးယောက်ပဲရှိတာ။ မင်း ...သိဘူးလား"

ဖိုးတုတ်သည် ခေါင်းကို တွင်တွင် ...သမ်းခါသည်။

"ဟေ့ကောင် - ငါ မူးပေမယ့် အဲဒီ ...လောက် သတိလက်လွှတ်ဖြစ်ပြီး ...ကြောင်ဘူးကွ"

"ပြောစမ်း - ဘာမြင်လို့လဲ"

"မိန်းမကြီးတစ်ယောက်နဲ့ ...ယောကျ်ားကြီးတစ်ယောက် ကျောပေး ...ထိုင်နေတာကွာ။ ငါ မျက်စိမမှားပါဘူး။ ...အောင်မျှင်ရာ - တကယ်တွေ့တာပါ။ ...သရဲခြောက်ပြီထင်တယ်"

"အေး - ငါတော့ မတွေ့ဘူး ဟေ့...ကောင် - ဘယ်မှာလဲ"

"ချက်ချင်းပျောက်သွားတာပဲ။ သရဲ ...ခြောက်တာ သေချာတယ် - သရဲကွ"

အောင်မျှင်သည်ခေါင်းကိုတွင်တွင် ...သမ်းခါနေသည်။ အမှောင်ထဲသို့ကြည့် ...နေဆဲ။

"ငါတော့ မယုံဘူးကွာ၊ မြစ်ထဲမှာ ဘယ်က သရဲလဲ။ မင်း အမူးလွန်သ...လား"

"ဟေ့ကောင် - မဆဲနဲ့"

"မင်းကိုဆဲတာမဟုတ်ဘူး။ သရဲကို... ဆဲတာ"

အောင်မျှင်နှင့် ဖိုးတုတ် အချီအချ... အော်ကြီးဟစ်ကျယ် ပြောဆိုနေသည်... တိုင်အောင် ထွန်းအိမ်သည် တုတ်တုတ်... မျှပင် မလှုပ်တော့ပေ။ အရက်နှစ်လုံး... လောက်ကို တစ်ယောက်တည်း မချိ... မဆန့်သောက်မျိုထားပေရာ သတိလက်... လွှတ် အိပ်ပျော်နေခြင်းပင်တည်း။ အော... နင်နေသော မြွေတစ်ကောင်လို မလှုပ်... သည်လိုနှင့် စကားစပြတ်သွားသည်။

ညဥ့်ကား တစ်စတစ်စ နက်ရှိုင်း... ပြုလာသည်။ လေက တဟူးဟူးတိုက်... ခတ်လျက်။

"ကဲ - တို့နှစ်ယောက် အိပ်ကြစို့... မနက်စောစော လုပ်ငန်းစတော့မယ်... မှတ်လား"

ဖိုးတုတ်သည် လှေဝမ်းထဲသို့ ခု... ဆင်းလိုက်သည်။ အောင်မျှင်သည် လှေ... ဝမ်းထဲအိပ်ရန် ဖျာနှင့် စောင်၊ ခေါင်းအုံး... တို့ကို ဖိုးတုတ်ကိုပေးရန် လက်လှမ်း... လိုက်စဉ်မှာပင် ...

"ဟိုက် - ဘာကြီးလဲ"





www.burmeseclassic.com

www.burmeseclassic.com

လှေ တက် မနှင့် ကပ် လျက် အနောက်ဘက်တွင် လှည်းဘီးအဝိုင်း ခန့်ရှိ ကြောက်မက်ဖွယ် မျက်နှာကြီးကို မြင်လိုက်ရလေတော့သည်။ မျက်နှာကြီး သည်ရှည်လျားသော ဆံပင်ကြီးတွင် ရေ တွေ့ရွှဲစိုနေကာ အကြမ်းပန်းကန်လုံးခန့် မျက်လုံးကြီးနှစ်လုံးက ပြူးထွက်နေ သည်။

အောင်မျှင်၏ လက်ထဲမှ စောင်နှင့် ခေါင်းအုံးသည်ယောင်ယမ်းကာလွှင့်စဉ် ကျသွားသည်။ မျက်လုံးကြီးနှစ်လုံးသည် တ်ခတ် ပုတ်ခတ်လုပ်ရင်း အောင်မျှင် ကို စိုက်ကြည့်နေရာမှ ပါးစပ်ကြီးကို ဖြဲပြ ဘာ ရောမသွားကြီးတွေကို လရောင် အောက်တွင် မြင်လိုက်လေသည်။

"အောင်မယ်ရီး ဗျ - သရဲ - သရဲ - သရဲမကြီး ဗျ"

အောင်မျှင်သည် လှေဝမ်းထဲသို့ န်းခနဲ ခုန်ချလိုက်လေသည်။ သူ၏ မြင် ကွင်းထဲသို့ တည့်တည့်တိုးဝင်လာသော ရာမမျက်နှာကြီးက ကြောက်မက်ဖွယ် အဆင်းနှင့်ဖြစ်ပေရာ သူ့တစ်ကိုယ်လုံး သွေးလည်ပတ်မှုများ ရပ်ဆိုင်းသွား လို ဖြစ်သွားရလေသည်။ သူသည် တ်တရက်လေဖြတ်သူလိုဖြစ်သွားကာ

စကားဆက်မပြောနိုင်တော့ပေ။ ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ဖိုး တုတ်ကို ဖက်ထားသည်။ လှေ၏ ပဲ့ပိုင်း ဆီသို့ လက်ညှိုးထိုးပြသည်။

"ဟေ့ကောင် - ဘာဖြစ်တာလဲ"

"သ - သ - သရဲ"

"ဘယ်မှာလဲ - သရဲ"

အောင်မျှင်သည် တက်မဘက်သို့ လက်ညှိုးထိုးပြသည်။

"တက် မ နောက် မှာ - တက် နောက်မှာ - မျက်နှာကြီး လှည်းဘီး လောက် ရှိတယ်။ အဟီး - ဟီး - ဟီး - သွားကြီးတွေက ငှက်ပျောဖူးလောက် ရှိတယ် အီး - ဟီး"

အောင်မျှင်သည် အလန့်တကြား ဖြစ်ကာ ရယ်မလို၊ ငိုမလို ဖြစ်လာသည်။ ဖိုးတုတ်က အောင်မျှင်ညွှန်ပြရာသို့ လှမ်း ကြည့်သည်။ ဘာမှမတွေ့၊ အမှောင် ကောင်းကင်သာ ရှိသည်။ လက်ျာဘက် တွင် လေတိုက်သဖြင့် တရှဲရှဲမြည်နေကြ သော သစ်ပင်တွေသာ အမှောင်အောက် တွင် လှုပ်ရှားနေကြ၏။

"ငါ မတွေ့ပါလား - ဘယ်မှာလဲ"

"ငါတွေ့တယ် - ဖိုးတုတ်။ သရဲမကြီး ပါကွာ - ဟီး - ဟီး - ဟီး"

"ခွေးမသား - ရှုးကြောင်ကြောင်နဲ့ …မှုမြင်ရာတွေ လျှောက်မပြောနဲ့"

"သရဲမှ သရဲအစစ်ပါကွာ။ ငါ သေ …ချာချာကို မြင်လိုက်တာပါ"

ဖိုးတုတ်သည် အောင်မျှင်ကို ပေ …စေ့စောင်းကြည့်သည်။

"…ခင်းပြောတော့ မြစ်ထဲမှာ ဘယ်က …ရဲလဲဆို စောစောက မျက်နှာကြီးက …ကြီးတော်ကြီးလား၊ မြစ်ထဲမှာ သရဲ …ဆို - ခုတော့ သရဲရှိပြီလား"

အောင်မျှင်သည် အကြောက်မပြေ …ချေ။

"…ိုတို့ မခနဲ့ပါနဲ့ကွာ။ ဆံပင်တွေ …နေတဲ့ ရောမအဘွားကြီး မျက်နှာနဲ့ …

"…င်း သရဲခြောက်တယ်ဆိုတာ …တောတ်လား"

အောင်မျှင်သည်ကြောက်ကြောက် …နဲ့နှင့် ခေါင်းညိတ်ပြသည်။ လေ …သရှိရှိမြည်ကြွေးကာ လေချွန်သံ …တိုက်ခတ်လျက်ရှိသည်။ မြစ်၏ …တမ်းတွင် မှုန်ပျပျ လရောင် …တွင်စီတန်းနေသော တဲစုစုအိမ် …တွေကိုမြင်နေရသည်။ ပေတော …င် ဖြစ်သည်။ တချို့တဲကလေး

တွေဆီမှ မီးရောင်လက်လက် မြင်ရ၏။

"အောင်မျှင် - ဦးထွန်းအိမ်ကြီး ကတော့ အိပ်နေတာ၊ သိုးနေတာပဲပေ့ အခြောက်နဲ့ထုတာတောင်နိုးမှာမဟုတ် ဘူး"

"ဖိုးတုတ်"

"ပြော"

"တို့တစ်တွေ - သရဲအခြောက်ခံ ရတာ ဦးထွန်းအိမ်ကြီးကိုတော့ မပြော နဲ့တော့ကွာ"

ဖိုးတုတ်ခေါင်းတစ်ချက် ညိတ် သည်။

"ငါလည်း မင်းလို စိတ်ကူးရှိတာပဲ ကွ။ ဘယ်သူ့ကိုမှ မပြောတော့ပါဘူး"

မွန်းတည့်နေ၏ အလင်းရောင်တား စူးရှလှသည်။ မြစ်ရေကား အနည်းဆုံး အချိန်အထိ ကျရောက်သွားပြီဖြစ်သည်။ ဟိုးဝေးဝေး မြစ်ကမ်းပါးရှိ လှေ၏အပေါ် သို့ ရောက်နေပေပြီ။

"ကဲ - လုပ်ငန်းစလိုက်ကြစို့"

ကိုယ်အထက်ပိုင်း အကျီဗလာနှင့် ထွန်းအိမ်သည် ရေအောက်သို့ဆင်းရန် လက်ညှိုးလုံးခန့် နိုင်လွန်ကြိုးစကိုကိုင်





www.burmeseclassic.com

www.burmeseclassic.com

ကာ စိတ်အားထက်သန်စွာ ပြောနေပေသည်၊ အောင်မျှင်နှင့် ဖိုးတုတ်သည် နူးဖုံးဘောင်းဘီကိုယ်စီဝတ်ကာ ရေအောက်သို့ဆင်းရန် ပြင်ဆင်နေပြီ ဖြစ်သည်၊ သူတို့သည် ကြံ့ရာကျပန်း လုပ်ကိုင်ကြသော ရွာသားများပီပီ ရေငုပ်လည်း ကျွမ်းကျင်လှသည်၊ ရေအောက်တွင် မိနစ်ပေါင်းများစွာ အသက်မရှူဘဲနေနိုင်ကြသည်၊ ထွန်းအိမ်လည်း ထိုနည်းတူပင်၊

"အောင်မျှင်ရေ - ငါ အရင်ဆင်းကြည့်ချင်တယ်"

ဖိုးတုတ်၏ စိတ်အားထက်သန်လှသော အသံ၊

"မင်း ဆင်းမယ်ဆိုရင် မျက်နှာဖုံးစွပ် ယူသွား"

ဖိုးတုတ်သည် အပြုံးတစ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ပြုံးပြလိုက်သည်၊

"ဦးထွန်းအိမ် - ကျွန်တော်က တစ်သက်လုံး ရေငုပ်ကိုရိယာ၊ မျက်နှာစွပ်မပါဘဲနဲ့ ရေငုပ်လာတာပါ၊ ဆယ့်ငါးမိနစ်လောက် ငုပ်နိုင်ပါတယ်၊ ရာသီဥတုလည်း သာယာတယ်၊ လင်းလဲ့လင်းနေပြီ၊ ကဲ - သွားပြီခင်ဗျ"

ဖိုးတုတ်သည် မည်သည့်အကူပစ္စည်းမှမပါဘဲ ရေထဲသို့ ဒိုင်ဗင်ထိုး၍ ဆင်းသွားလေသည်၊ ရေပြင်တွင် လှိုင်းဂယက်များထ၍ ကျန်ရစ်သွားသည်၊

ထွန်းအိမ်သည် တစ်ချက်ပြုံးလိုက်သည်၊

စက္ကန့်ပေါင်းများစွာ ကြာသွားသည်၊ ထို့နောက် တစ်မိနစ်၊

ရေပြင်သည် ငြိမ်သက်တိတ်ဆိတ်မြဲ၊

ငါးမိနစ် ...

ကမ္ဘာတည်သလောက်အချိန် ကြာနေသည်ဟု ထွန်းအိမ် ခံစားရသည်၊

ဆယ်မိနစ် ...

ရေပြင်သည် ငြိမ်သက်မြဲ ...

ဆယ့်ငါးမိနစ် ...

အောင်မျှင်သည် ဖိုးတုတ်ကို မရှုသည့်အလား တစ်စုံတစ်ခု ဖြစ် အကူအညီပေးနိုင်ရန် အစစအ ပြင်ဆင်ထားသည်၊ သူသည် တစောင်းထိုင်ရင်း ရေပြင်၏ လှုပ် ကို ရင်တထိတ်ထိတ်စောင့်ကြည့် ခြင်း ဖြစ်သည်၊

"အောင်မျှင် - ဆယ့်ငါးမိ သွားပြီ"

ထိုစဉ် ရေပြင်တွင် ပလုံစီ၍ လေပူဖောင်းတွေတက်လာပြီး ဖိုးတုတ် မျက်နှာကြီးပေါ်လာသည်၊ အောင်မျှင်သည် ဖိုးတုတ်ကို လှေပေါ်ဆွဲတင်သည်၊ လှေ ပေါ်ရောက်ရောက်ချင်း ထွန်းအိမ်၏စိတ် အားထက်သန်စွာ မေးလိုက်သည့်အသံ ထွက်ပေါ်လာသည်၊

"ဖိုးတုတ် - ဘယ်လိုလဲ - ပြောစမ်း ရေအောက်က အခြေအနေ"

ဖိုးတုတ် လှေနံရံကိုမှီကာ ရုတ် အရက် စကားမဆိုနိုင်၊ လွန်မင်းစွာ မော ဟိုက်နေသည်၊ ထွန်းအိမ်၏ မျက်လုံးညို ကြီးများ စူးစိုက်ပြူးထွက်လာပြန်ကာ အားမလိုအားမရဖြစ်လာသည်၊

"ဟေ့ကောင် - ပြောလေကွာ၊ အောက်မှာ ဘာတွေမြင်ခဲ့သလဲ"

ဖိုးတုတ်သည် အသက်ကို ဝဝရှူ လိုက်သည်၊ ဖိုးတုတ် အမူအရာသည် ရှုပ်ထွေး၍ပင်ပန်းသည်ထက် တစ်စုံတစ်ခု ကြောင့် ကြောက်လန့်နေသည့် လက္ခဏာက ပေါ်လွင်သိသာနေသည်၊

"ပြော - ပြော - ပြောပါ့မယ်"

အောင်မျှင်က ဖိုးတုတ်ကို စိုးရိမ် သောင်း လှမ်းကြည့်သည်၊ ထွန်းအိမ်၏ မျက်နှာသည် ရုတ်ခြည်းမာကျောခက် ထန်သည့်အနေအထားသို့ ပြောင်း သွားသည်၊ သူ၏ မျက်လုံးသေးကြုံ များသည် ဒေါသ၊ အလိုရမ္မက်တို့ ပေါင်းစပ်ကာ တောက်ပြောင်လာ သည်၊ တောက်ပရှုလက်သောနေရော ခြည်က ထွန်းအိမ်၏ ရမ္မက်မျက်နှာ အရောင်တင်ပေးသကဲ့သို့ ရှိသည်၊

"ရေအောက်မှာ ကျွန်တော် ပထ ဦးဆုံး ခြေထောက်နဲ့ စမ်းမိတာက ငှ သမ္ဘန် အပျက်တစ်စီးပါ ဦးထွန်းအိမ် အဲဒီမှာက တခြားမျောလာတဲ့ သစ် သစ်စတွေလည်း စမ်းမိတယ်"

"ဘာမှမမြင်ရဘူးလား - ပြောစမ်း မှန်မှန်ပြော - သားရေအိတ်ကော"

"မြင်ရပါတယ် - ငှက်သမ္ဘန် မှောက်ခုံကြီး မြုပ်နေတာပါ၊ အပေါ်မှာ နစ်တွေ၊ ရေညှိတွေတောင် တော်တော် ဖုံးနေတယ်၊ ဦးထွန်းအိမ် သားရေအိ တော့ မစမ်းမိဘူး"

ထွန်းအိမ်က အံတစ်ချက် ကြိ လိုက်သည်၊ ဖိုးတုတ်ကို မယုံကြည် တော့၊

ဖိုးတုတ်၏မျက်နှာသည် ရုတ်ခြည် ပျက်ယွင်းသွားသည်၊ တစ်ခုခုကို ကြောက်ရွံ့နေတာ၊ ဟန်မဆောင်နိ





www.burmeseclassic.com

www.burmeseclassic.com

ာတ်အောင် ပျက်ယွင်းနေခြင်း ဖြစ် ည်။

"သမ္ဘန်နားမှာ လူအရိုးစုကြီးတစ်ခု ွ့ခဲ့တယ်။ အရိုးစုချည်းသက်သက်ပဲ။ ပမဲ့ သံကြိုးရှည်ရှည်ကြီးက သူ့တစ် ယ်လုံးကို တုပ်နှောင်ထားသလို ဖြစ် တယ်၊ မြစ်ကြမ်းပြင်အောက်မှာ သီး န့်ရေစီးကြောင်းတစ်ခုရှိတယ်ဦးထွန်း န်"

"လျှာတော်တော်ရှည်တဲ့ကောင်ပဲ၊ ိုရင်းပြောကွာ - ကြာတယ်"

ထွန်းအိမ်၏အသံကတဖြည်းဖြည်း ဝကျောခက်ထန်လာကာ အသက်ရှူ ်တာပင် နှားသိုးတစ်ကောင်၏ နှာမှုတ် ်လိုကျယ်လောင်မြည်ဟည်းလာလေ ၏။ သူသည် ဖိုးတုတ်ကို သံသယအပြည့် ်တ်ဖြင့် စိုက်ကြည့်နေလေသည်။

"အရိုးစုက အသားတွေ၊ ကိုယ်ပေါ် ာ အဝတ်အစားတွေကအစ မရှိတော့ ဘူး။ အရိုးစုသက်သက်ကြီးပဲဗျ"

"သူ့လက်ထဲမှာကော"

"ဘာမှမရှိဘူး။ ဘာကိုမှ ဖက်တွယ် ထားဘူး။ ဦးထွန်းအိမ်"

"ဘာကွ"

ထွန်းအိမ်၏အသံသည် ဗွိုင်လာအိုး ကြီး ပေါက်ကွဲသည့် အင်အားနှင့် ညီမျှ သောအသံ ဖြစ်ကောင်းဖြစ်နိုင်သည်။

"ဦးထွန်းအိမ် - နှစ်တွေကြာလာတဲ့ အခါ အသားတွေကို ငါးတွေက ကိုက် မယ်။ အဝတ်အစားတွေလည်း ရေ အောက်မှာ ဆွေးမြည့်ပြတ်ထွက်ကုန် ပြီပေါ့ ခင်ဗျာ။ လက်ထဲမှာ ကိုင်ထားတဲ့ ပစ္စည်းဆိုတာလည်း ကြာတော့ပြုတ်ကျ သွားမှာပေါ့"

ထွန်းအိမ်သည် အံတစ်ချက်ကြိတ် လိုက်သည်။ အသံမာမာဖြင့် ...

"ပြုတ်ကျရင်လည်း အနီးအနားမှာ ပဲ ရှိရမယ်ကွ။ ပေါ့ပါးတဲ့ ပစ္စည်း မဟုတ် ဘူး"

"ကျွန်တော် အနားကိုသိပ်မကပ် ဘူး။ ရေအောက်ရေစီးကြောင်းကြောင် လား မပြောတတ်ဘူး။ ကျွန်တော် အနား ကပ်လိုက်တော့ အရိုးစုကြီးက တလှုပ် လှုပ်နဲ့ဗျာ၊ အသက်ဝင်နေသလိုပဲ အရိုးခေါင်းကြီးက မျက်လုံးပေါက် ကြီးနဲ့လက်ကားရေးခြေကားရားကြီး ပြီးတော့ ခေါင်းခွံ မျက်လုံးပေါက်ထဲ ငါးရှဉ့်တစ်ကောင် ထွက်လာတယ် ကြောက်စရာကြီး။ တကယ့်ကိုအသ ဝင်နေသလိုပဲ"



"တကယ့်ကို သွေးကြောင်တဲ့ ကောင်နဲ့မှလာတိုးနေတာကိုး။ ကဲ - မင်း ခကာနေဦး။ အောင်မျိုး၊ လာ - ငါ ဆင်း ခယ်၊ ငါတို့ သူဌေးဖြစ်ဖို့ လက်တစ်ကမ်း ဲ လိုတော့တယ်ဟေ့။ မင်းလည်း တစ် ာတ်လုံးလယ်ထဲ၊ မြစ်ထဲမှာ နွားလိုရုန်း ချင်စိတ်ကို ဖျောက်တော့၊ ငါ ဆင်းမယ်၊ ဒါကို စောင့်ကြည့်ကြ၊ ကြိုးနဲ့ ဆင်းမယ်၊ ာတ်မီးပါ ယူသွားမှာ၊ ကိစ္စပေါ်ရင် ကြိုး ကို လှုပ်လိုက်မယ်၊ အဲဒီအခါကျရင် ဆွဲ ာင်ကြ၊ ကြားလား - လက်မနေးကြနဲ့ တော့"

ထွန်းအိမ်သည် ဘောင်းဘီရှည်၊ ာကျီဖလား၊ ရေအောက်သုံးမျက်မှန်ကို ်ဆင်ကာ ခါးကြိုးတန်းလန်းနှင့် ရေ ာက်သို့ဆင်းသွားလေသည်၊ ထွန်း မ် မြင်ကွင်းထဲမှ ပျောက်ကွယ်သွား သောအခါ ...

"မင်း - ပြောတာတွေ အမှန်ပဲလား ာတ်"

"အမှန်ပဲ - အောင်မျိုး၊ မြစ်အောက် ်ပြင်မှာ ရေကို ကြည့်နေပြီ။ ရေက ်ပြန်လောက်ပဲ နက်နေတာလေ ဦးအောင်ရကြီးရဲ့အရိုးစုပဲနေမှာပါ။ ကြောင်းမှာ သူ့အရိုးစု လက်ကြီး ာအသက်ဝင်နေသလိုလှုပ်ရှား ွာ၊ ကြောက်စရာကြီး"

အောင်မျိုးသည် နိုင်လွန်ကြိုးကို ကိုင်ကာ ပေးနေသည်။

ကောင်းကင်တွင် နေရောင်ခြည် ကား ရှူးရဲလှသည်။ စိမ်းမြကြည်လင် သောမြစ်ရေသည် ဣန္ဒြေရရစီးဆင်းနေ ဆဲဖြစ်သည်။

ထွန်းအိမ် ရေအောက်ဆင်းသွား သည်မှာ ဆယ်မိနစ်ခန့် ရှိသွားပြီ၊ မြစ် ရေသည် ငြိမ်သက်နေမြဲ၊ နိုင်လွန်ကြိုး ကိုဂရုတစိုက်ကြည့်နေသော အောင်မျိုး မျက်နှာတွင် တွေးတွေးဆဆ အရိပ် အယောင်ပေါ်လာသည်၊ ဖိုးတုတ်က ရေ ပြင်ကို စိုက်ကြည့်နေမိသည်။

ဆယ့်သုံးမိနစ် ...

နိုင်လွန်းကြိုးသည် မည်သည့်ထူး ခြားမှုမှ မပြသေး ...။

ဆယ့်ငါးမိနစ်၊ သူတို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ သည်၊ ထိုစဉ် ရေမျက်နှာပြင်ပေါ်သို့ လေ ပူဖောင်းတွေပလုံစီကာ တက်လာသည်။ နိုင်လွန်ကြိုးသည် မဆိုစလောက် လှုပ် သွားသည်၊ အောင်မျိုးသည် ကြိုးကို ဆွဲ လိုက်သည်၊

"ဟာ"

ကြိုးသည် ပေါ့ပါးစွာ ပါလာသည်၊ သွားပြီ - ကြိုးပြတ်ကျသွားပြီ၊ ကြိုးစ ပြတ်နေပြီ ...။



www.burmeseclassic.com

www.burmeseclassic.com

"ဘုရား - ဘုရား - တစ်ခုခုဖြစ်ပြီ၊
တွေ ပလုံစီတက်လာပြီ - အောင်

သူတို့နှစ်ယောက်စလုံး တစ်
တက်မျက်နှာတစ်ယောက်ကြည့်ရင်း
ဝ်နာပျက်သွားကြလေပြီ၊ အံ့ဩတုန်
ဝ်စိတ်ဖြင့် နှစ်ယောက်စလုံး မျက်
တင်ခတ်ရန်ပင် မေ့လျော့သွားပြီး
စပ်အပေါင်းသားနှင့် အသံပင်
ထွက်နိုင်ကြတော့ပေ၊ အောင်မျှင်
ည်ကြီးဆုံးသည်ထိဆွဲတင်ရင်းထိတ်
န့်ချောက်ချားမှုကြောင့် လေဖြတ်သူ
ကြောင်တောင်တောင်ဖြစ်နေသည်၊
"တဲ - ရွာထဲကလူတွေသွားခေါ်ကြ
အောင်၊ မဖြစ်ဘူး - တို့နှစ်ယောက်ထဲ
မဖြစ်ဘူး - အောက်မှာ ဘာဖြစ်နေ
လဲ ခန့်မှန်းလို့မရဘူး ဖိုးတုတ်"
"မြန်မြန်လုပ် - ရေအောက်မှာဒုက္
တွေ့ရောက်ပြီ"

✲

ပေတောကုန်းရွာမှ အားကောင်း
မောင်းသန် ရေငုပ်ကျွမ်းကျင်သော ရွာ
သား ဆယ်ယောက်ခန့် ရောက်လာကြ
သည်၊ သူတို့သည် ချက်ချင်းပင် ဆိုင်းတွ
မနေဘဲ ရေအောက်သို့ လူသုံးယောက်
ဆင်းလိုက်သွားကြသည်၊ ဖျံတွေလို
ကျွမ်းကျင်စွာ ငုပ်ဆင်းသွားကြခြင်း ဖြစ်
သည်၊

လူသုံးယောက် ရေအောက်ဆင်း
သွားသည်မှာ ဆယ်မိနစ်ပင်မကြာလိုက်
ချေ၊ တစ်ယောက်ပေါ်လာသည်၊ ထိုတစ်
ယောက်က လေ့ပေါ်ကို လှမ်းအော်ပြော
သည်၊

"ရပြီဗျို့ - ရပြီ - ရေအောက်မှာ
ကြောက်စရာကြီးဗျာ"

လူနှစ်ယောက် ပေါ်လာသည်၊
နှစ်ယောက်ကြားတွင် ထွန်းအိမ်၏ ခန္ဓာ
ကိုယ်သည် ပျော့ခွေ၍ ပါလာခြင်း ဖြစ်
သည်၊ သမ္ဗန်ပေါ်မှနေကာ ထွန်းအိမ်အ
အဝင် လူသုံးယောက်ကို ဆွဲတင်ကြ
သည်၊ ထွန်းအိမ်၏ ပျော့ခွေနေသော
ခန္ဓာကိုယ် ကို သမ္ဗန်ကြမ်းပြင်ပေါ်
ညင်သာစွာ ချလိုက်သည်၊

ထွန်းအိမ်သည် မျက်ဖြူလန်
အသက်မရှုတော့၊ ဖိုးတုတ်သည် ရ
တောင်ကို အလျင်အမြန် ပုတ်ခတ်
ခတ်လုပ်သည်၊ မျှော်လင့်ချက်တွေ
စီးကုန်ပြီလော၊

အားလုံးက ထွန်းအိမ်၏ သက်မဲ့
ခန္ဓာကိုယ်နားမှာ ဝိုင်းထားလိုက်ကြ
သည်၊ ရေအောက်မှ နောက်ဆုံးတက်
လာသောလူ၏အသံက ကြည်လင်ပြတ်
သားစွာ ထွက်ပေါ်လာလေသည်၊ ထိုသူ
သည် ကြောက်မက်ဖွယ်မြင်ကွင်းကို
မြင်လာလေရကား တုန်ယင်နေသည်၊
"ရေအောက်မှာ အရိုးစုကြီးဗျို့
ကြောက်စရာကောင်းလိုက်တာဗျာ၊
ဒီအရိုးစုကြီးရဲ့ လက်နှစ်ဖက်က
ထွန်းအိမ်ရဲ့လည်ပင်းကိုမလွှတ်တမ်း
ညှစ်ထားတာဗျ၊ အရိုးစုကြီးရဲ့ခန္ဓာကိုယ်
ညြိုး သံကြိုးတွေနဲ့ ရှုပ်နေတယ်၊
အဲဒါ အရိုးခေါင်းကြီးရဲ့ ပါးစပ်ထဲမှာ
လွန်ကြိုးစကြီး ပြုတ်ပါနေတယ်၊
ထွန်းအိမ်ခါးမှာ ချည်ထားတဲ့ ကြိုးစ
ပြီး အရိုးခေါင်းကြီး ပါးစပ်ထဲရောက်
ပေ၊ ကိုထွန်းအိမ် အလောင်းကို
ဆွဲထုတ်ရတယ်ဗျို့၊ အံ့ဩစရာ
ကောင်းလိုက်တာ၊ မယုံနိုင်စရာပဲပေါ့၊
အရိုးစုကြီးက အပေါ်ကနေခွပြီး ဝိုင်ဝိုင်
နိုင်နိုင် ညှစ်နေတာဗျာ"

အောင်မျှင်နှင့် ဖိုးတုတ်သည် တစ်
ယောက်မျက်နှာတစ်ယောက် ကြည့်
လိုက်ရ၏၊

"အလောင်းနဲ့ အရိုးစုကြီးက လုံး
ထွေးနေတာ၊ လည်ပင်းကို ညှစ်ထား
တာကို မနည်းဆွဲဖြေရတာ၊ အရိုးစုရဲ့
လက်တစ်ဖက်က လက်ချောင်းမှာပေါ
ဒီလက်စွပ်ကို ဝတ်ထားတယ်"

ရေငုပ်သူသည် မောသွားဟန်ဖြင့်
စကားပြောကိုရပ်လိုက်သည်၊ ထို့နောက်
သူ၏ လက်ထဲတွင်ပါလာသော အညို
တက်နေသည့်လက်စွပ်တစ်ကွင်းကို
ကြမ်းပြင်ပေါ်သို့ အသာချလိုက်၏၊

"အဲ - အဲဒါ - သူကြီး ဦးအောင်ရဲ့
စိန်လက်စွပ် - စိန် - စိန် - လက် - စွပ်"

ဖိုးတုတ်၏အသံမှာ ထိတ်လန့်မှု
ဖြင့် အက်ကွဲတုန်ရီနေပေသည်၊

မင်းဘုန်းသိခ်သူ



www.burmeseclassic.com